# ရေခဲကိုဆစ်ထုတဲ့ပန်းပုလေးတွေ

ဝတ္ထုတိုများ

## ဆွမ်း

(စက်မှုတက္ကသိုလ်)



# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်၊ ၂၀၁၆၊ ဩဂုတ်လ

**ထုတ်ဝေသူ**

ဦးမောင်မောင်(ချိုးဖြူစာပေ) (၀၀၆၀၇)

၁၉၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးစိုင်းဆုမြတ် (မြတ်ဇမ္ဗူကျော်ပုံနှိပ်တိုက်) (၀၁၂၂၀)

၃၀ G-A. သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်။

**မျက်နှာဖုံး**

ပန်းချီဝင်းမြင့်

**မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်း**

ပြည့်ပြည့်ထွန်း

အုပ်ရေ ၇၀၀

**တန်ဖိုး ၂၀၀၀**

**ထုတ်ဝေသည့် စာအုပ်ကက်တလောက်အညွှန်း** CIP

၈၉၅.၈၃

ထွန်း(စက်မှုတက္ကသိုလ်)

ရေခဲကိုဆစ်ထုတဲ့ ပန်းပုလေးတွေ (ဝတ္ထုတိုများ)

ပ ကြိမ်၊ ချိုးဖြူစာပေ ၂၀၁၆၊

စာ ၂၁၂၊ ၁၃ × ၂၁ စင်တီ

(၁) ရေခဲကိုဆစ်ထုတဲ့ ပန်းပုလေးတွေ

# ရေခဲကိုဆစ်ထုတဲ့ပန်းပုလေးတွေ

ဝတ္ထုတိုများ

## ခွန်း

(စက်မှုတက္ကသိုလ်)



# မာတိကာ


- ဖျားတဲ့နှင်းဆီဖြစ်တဲ့ည မောင်ကျော်သာ(ပဲခူး) ၉
- ရေခဲပန်းပုထုဆစ်ခြင်း လင်းဇော်ဦး ၁၅

| | | |
|---|---|---|
| ၁။ | ရေခဲကို ဆစ်ထုတဲ့ ပန်းပုလေးတွေ | ၂၃ |
| ၂။ | အဆုံးသတ်တစ်ခုရဲ့အရွေ့များ | ၃၇ |
| ၃။ | အနမ်းတစ်ပွင့်ရဲ့ရာဇဝင် | ၅၁ |
| ၄။ | မေတ္တာမြို့သားများ | ၆၃ |
| ၅။ | ဆန်ရေစီးသံ | ၇၅ |
| ၆။ | မြေသင်းခဲစားပြီး မွေးခဲ့သူများ | ၈၇ |
| ၇။ | လှောင်အိမ်ထဲက ငှက် | ၁၀၁ |
| ၈။ | ပွဲသိမ်းစက္ကန့်များ | ၁၁၃ |
| ၉။ | စကားလေမှာ လျှော့တော့သည် | ၁၂၇ |
| ၁၀။ | ရေငတ်သူများ | ၁၃၉ |
| ၁၁။ | သေဖော်ရှင်ဖက် | ၁၅၃ |
| ၁၂။ | အခမ္မရပ်ကွက်သားများ | ၁၆၇ |
| ၁၃။ | ပွင့်လင်းလရိပ်အောက်မှာ | ၁၇၉ |
| ၁၄။ | နေနိုင်ရက်စွာ | ၁၉၃ |

မရေရာ...မသေချာ...

နေသာရုံနဲ့ ယှင်းပျက်တွေ

ကြော်...

ရေခဲကိုဆစ်ပါတဲ့ ပန်းပုလေးတွေ

ဆွန်း(စက်မှုတက္ကသိုလ်)

# ရေခဲကို ဆစ်တူတဲ့ ဝန်းရှလေးတွေ

ဝတ္ထုတိုများ

# ဖျားတဲ့နှင်းဆီဖြစ်တဲ့ည

**မောင်ကျော်သာ(ပဲခူး)**

စင်ကာပူမှာ အလုပ်သွားလုပ်စဉ်က အာမေးနီးယန်းလမ်း၊ Substation ပန်းချီပြခန်းမှာ ပြုလုပ်သွားသော ပန်းချီဆရာ Chin ၏ Little Art Exhibition ပန်းချီပြပွဲလေးကို ကျွန်တော် အမှတ်ရနေသည်။ ထိုပြပွဲမှာ ပန်းချီပုံတွေက ၁ ပေခွဲ ၂ ပေသာသာလောက်သာရှိသော ပုံငါးပုံလောက်ပါပြီး၊ ပုံတွေကလည်း ကမ်းခြေ၊ မျက်နှာ၊ အင်္ကျီ စသည့် အမည်တွေပေးထားသောပုံတွေဖြစ်သည်။ ပုံတွေက Expression ဆန်ဆန် ပန်းချီကားတွေဖြစ်သည်။ တချို့ကားတွေကျ တော့လည်း ကတ်ပြား၊ စာရွက်ဖြူဖြူပေါ်မှာ အနက်ရောင်ပင်နှင့် ရေးထား သော လှေပုံ၊ ဖွန်းပုံ၊ ခက်ရင်းပုံ၊ လက်ပုံတွေဖြစ်သည်။ ထိုစာရွက်တွေကိုတော့ နံရံပေါ်မှာ နှစ်လက်မ သံချောင်းတွေနှင့် ထောင့်လေးထောင့်၌ ရိုက်ထားခဲ့ သည်။ အကြီးဆုံးပန်းချီကားတွေက လေးပေ၊ ငါးပေ ကင်းဗတ်ပေါ်မှာ အပြာ၊ အနက်၊ အဖြူ၊ ပန်းရောင်တို့ဖြင့် ရေးထားသော Abstract ပန်းချီကားနှစ်ကား ဖြစ်သည်။ ထိုကားနှစ်ကားက ဘောင်မပါဘဲ ပိတ်ချည်းသက်သက်ဖြစ်ကာ ထောင့်လေးထောင့်၌ သုံးလက်မသံတွေနှင့် ရိုက်ချိတ်ထားသည်။ သည်ထဲ မှာ တစ်ကားက သုံးပုံနှစ်ပုံလောက် အထက်နှင့်အောက် ပြဲနေပြန်သည်။

နောက်ပြီး အပေါက်တစ်ခုကနေ ကုန်းဝင်သွားရသည့် တစ်ဖက် အခန်းမှာ၊ ထိုအပေါက်၏ တံခါးချပ်ကို သစ်သားထောက်တစ်ခုနှင့် ထောက် ထားပြန်သည်။ ထို တံခါးချပ်ပေါ်မှာတော့ အနက်ရောင် ဦးထုပ်တစ်လုံး တင်ထားပြီး နံရံပေါ်မှာ ဖွန်းနှင့် ခက်ရင်းပုံကို Marker Pen အနက်နှင့် ရေး

ထားခဲ့သည်။ ပန်းချီကားနာမည်နှင့် အရွယ်အစားကို ပန်းချီကားဘေးနံရံပေါ်မှာ ခဲတံနှင့်သာ ရေးထားခဲ့သည်။ ပြခန်းအဝင်ဝမှာ သစ်သားခုံခပ်စုတ်စုတ်တစ်လုံးကိုချထားပြီး၊ ဖွင့်ပွဲမှာ လာပေးသည့်ပန်းစည်းကလည်း ငယ်ငယ်က မင်္ဂလာဆောင်တွေမှာ သုံးသည့် Parrotစက္ကူအပေါင်း အရောင်လွင့်လွင့်ပန်းရောင်ပန်းစည်းဖြစ်သည်။ ခုံပေါ်မှာ မှတ်တမ်းရေးရန် စာအုပ်ကလည်း လှန်လျှင်ပင် ပြဲသွား၊ စုတ်သွားနိုင်သည့် ဝါကျင့်ကျင့်လေးကြောင်းမျဉ်းစာအုပ်တစ်အုပ်။ ရေးရမည့်ပစ္စည်းကလည်း သုံးလက်မသာသာ ခဲတံတိုတစ်ချောင်း။

စာအုပ်ထဲမှာတော့ ထိုခဲတံနှင့်ပင် ရေးထားသော အင်္ဂလိပ်စာတချို့ရှိသည်။ 'ချင်…မင်းက ငယ်ငယ်ကလိုပဲ မင်းလုပ်ချင်တာလုပ်တယ်။ ဒီပြပွဲက ငါတို့အတွက် Great Exhibition ပါပဲ' ဟူ၍ဖြစ်ပါသည်။ ခက်တာက ထိုပြပွဲမှာ ပန်းချီဆရာကမရှိ။ နောက်နေ့ရောက်သွားတော့လည်း ပန်းချီဆရာကိုမတွေ့။ ဘာလုပ်တာလဲ။ ပန်းချီဆရာမရှိသည့်အပြင် ပြပွဲမှာ အစောင့်လည်းမရှိ။ ဒါဟာ လောကကြီးကို လှောင်ချင်တာလား။ ဒါမှမဟုတ် အနုပညာနှင့် ခံစားသူကြားမှာ ဖန်တီးသူရှိနေဖို့မလိုဟု ပြောချင်တာလား။ ပန်းချီပြပွဲကြော်ငြာကပင် Black Board ခပ်ဟောင်းဟောင်းပေါ်မှာ မြေဖြူအဝါနှင့် အဖြူကိုသုံးပြီး လက်ရေးခပ်ညံ့ညံ့နှင့် ရေးထားပြန်ပါသည်။ ကျွန်တော်ဟာ ထိုပန်းချီပြပွဲကိုကြည့်ပြီး ဟိတ်ကြီးဟန်ကြီး ပန်းချီပြပွဲတွေကို သွားကြည့်ရတာ အရသာမရှိသလိုဖြစ်သွားခဲ့သည်။

ထိုအချိန်ကတည်းက ပန်းချီကားနှင့် ကြည့်သူကြားမှာ၊ ဒါမှမဟုတ် အနုပညာနှင့် ခံစားသူကြားမှာ အနုပညာရှင်ကိုမသိလည်း မရဘူးလား ဟူသည့် မေးခွန်းက ကျွန်တော့်ခေါင်းထဲ ဝင်လာခဲ့သည်။ အခုလည်းပဲ ဆရာဝင်းသူရက ဆွန်း(စက်မှုတက္ကသိုလ်)၏ ဝတ္ထုတိုတွေကို အမှာစာရေးပေးဖို့ ပြောလာသည့်အခါ၊ ထိုကိစ္စလေးက ခေါင်းထဲပြန်ပေါ်လာခဲ့သည်။

ဆွန်း(စက်မှုတက္ကသိုလ်) ကို ကျွန်တော်မမြင်ဖူးပါ။ သူ့ဝတ္ထုတွေကို မဟေသီ၌ တွေ့မိပေမယ့် **မေတ္တာမြို့သားများ**တစ်ပုဒ်သာ ဖတ်ဖူးမည်ထင်ပါသည်။ ဒါကလည်း အခုပြန်ဖတ်ကြည့်သည့်အခါ၊ ကားစပယ်ယာတွေ ဗိုလ်ကျတာကို နေ့စဉ်ခံနေရသည့်လူတွေ၊ အုပ်စုလိုက် အရက်မူးပြီး ကားပေါ်

ရောက်သွားသည့်အခါ၊ ဒီတစ်ခါ စော်ကားလို့ကတော့ ချပစ်မည်ဟု အားလုံး စိတ်ထဲရှိနေပုံကို ပြန်မှတ်မိနေသောကြောင့်ဖြစ်သည်။ ထိုဝတ္ထုတိုလေးကို ဖတ်မိတုန်းက ငါသာဆိုလည်း ဒီလိုပဲဖြစ်နေမှာပဲဟု တွေးမိရင်း၊ ကိုယ်ပါ အရက်မူးနေသလို၊ ဒီတစ်ခါပြောရင် ငါလည်း ချပစ်မယ်၊ ဒီတစ်ခါတော့ ငါတို့ နိုင်သွားပြီဟူသည့် ခံစားချက်ဖြင့် ပျော်သလိုဖြစ်နေခဲ့မိပါသည်။

ဘာပဲဖြစ်ဖြစ် သူ့ရဲ့ဝတ္ထုတွေ အားလုံးကိုဖတ်ပြီးချိန်မှာတော့ Chin ရဲ့ ပန်းချီပြပွဲကို ကြည့်ရတုန်းကလိုပဲ မတူညီသည့် အကြောင်းအရာတွေကို တစ်ပြိုင်နက်ကြည့်လိုက်ရသလို ခံစားလိုက်ရသည်။ အဖေတစ်ယောက်ဖြစ်သည့် မိမိအဖို့ **ရေငတ်သူများ** ဝတ္ထုကို ဖတ်ရသည့်အခါ၊ ငါ့လိုပဲလားဟု ခံစားလာရသည်။ သူ့ဝတ္ထုထဲကလို မဟုတ်တောင် သည်ခေတ်မှာ ဖေ့စ်ဘွတ်ခ်ယဉ်ကျေးမှုကြီး နက်ရှိုင်းလာသည်နှင့်အမျှ မိဘနှင့်သားသမီးတွေကြား စိတ်ဝင်စားမှုတွေ လျော့ပါးသွားတာ လက်တွေ့ပဲဖြစ်သည်။ အလုပ်ကပြန်လာသည်နှင့် ဖေ့စ်ဘွတ်ခ်နှင့် ရည်းစားဆီကဖုန်းကလွဲပြီး မိဘတွေကို စိတ်ဝင်စားမှု မရှိတော့သည့် သားသမီးတွေကို ခေတ်ကြီးက မွေးဖွားပေးလိုက်တာ မည်မျှ ဝမ်းနည်းဖို့ကောင်းလိုက်ပါသလဲ။

**အဆုံးသတ်တစ်ခုရဲ့အရွေ့များ** ကို ဖတ်ရချိန်မှာတော့ တော်လ်စတွိုင်းရဲ့ အိုင်ဗင်ရဲ့ နိဂုံးဝတ္ထုကို သတိရမိ၏။ အိုင်ဗင်ရဲ့နိဂုံးထဲမှာ အိုင်ဗင်က နာတာရှည်ရောဂါသည်ဖြစ်ပြီး ကြာလာတော့ မိန်းမနှင့်ကလေးများပင် သူ့နားကို မကပ်ကြတော့ဘဲ သေခြင်းတရားကို လက်ခံနိုင်အောင် ကြိုးစားသွားသူ၊ သူ့နားမှာ သူ့ကို ပြုစုနေသည့် သူ့အိမ်ဖော်သာရှိသူ၊ ကျန်းမာစဉ်က မိသားစုအတွက် ကုန်းရုန်းရှာဖွေပေးခဲ့တာတွေကို အမေ့ခံလိုက်ရသူဖြစ်သည်။ ဆွန်းဝတ္ထုထဲမှာတော့ နာတာရှည်အစ်မကြီးကို ဝိုင်းဝန်းပြုစုပြီး ကြာတော့ ငွေပေးနေသူတွေကော၊ ပြုစုနေသူမောင်နှမအားလုံးကြားမှာ စိတ်ဝမ်းကွဲလာကြပုံကို ရေးထားသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုလိုပဲ **ဆန်ရေစီးသံ** ဝတ္ထုကလည်း ရင်နာစရာဝတ္ထုဖြစ်၏။

မိဘတွေရှိစဉ်ကသာ မိဘပိုက်ဆံဟာ သားသမီးပိုက်ဆံဖြစ်ပေမယ့် သားသမီးတွေအရွယ်ရောက်ပြီး အဆင်ပြေလာတော့ သူတို့ပိုက်ဆံက မိဘပိုက်ဆံမဟုတ်တော့။ သည်ထဲမှာ မပြေလည်သည့် သမီးနှင့် နေနေသော

မေ့ကို ပြေလည်သည့်သမီးက ရွှေကြယ်သီး၊ ရွှေဘီးတွေလာလုပ်ပေးထား ပမယ့်၊ တူဖြစ်သူ ကျောင်းထားဖို့ငွေလိုသည့်အခါ သူပေးထားသော ပစ္စည်း ဘာ သူ့ပစ္စည်းသာဖြစ်သဖြင့် အမေမဝတ်လျှင် ပြန်ပေးဖို့၊ တူဖြစ်သူအတွက် တော့ ရောင်းမပေးဖို့လာပြောသော ဝတ္ထုလေးဖြစ်သည်။ နောက်ဆုံး သမီးပေး ထားသည့် ပစ္စည်းတွေကို ဝတ်ပြီး ထွက်ထွက်လည်နေသည့် အမေဟာ အပြင် ကိုပင်မထွက်တော့ဘဲ အိမ်တွင်းအောင်းပြီး သေသွားခဲ့သည့်ဝတ္ထုလေးဖြစ် သည်။ သေခါနီးမှာ သမီးပေးထားသော ရွှေတွေကို လက်ကိုင်ပဝါဖြင့် ထုပ် ပြီး သမီးကိုပြန်ပေးလိုက်ပါသည်။

သူ့ဝတ္ထုတွေက လူ့ဘဝမှာတကယ်ရှိနေသော အဖြစ်အပျက်တွေကို ကောက်ရေးထားသော ပန်းချီကားတွေနှင့် တူ၏။ လင်မယားချင်းကွဲ၊ သား သမီးတွေကို ရှန်းကန်ကျွေးမွေးရင်း၊ နိုင်ငံခြားတွေပင် ပို့နိုင်ခဲ့ပေမယ့် အမေ သေတော့ သမီးတွေ မလာနိုင်ခဲ့ကြပါ။ နောက်ဆုံး မီးသင်္ဂြိုဟ်စက်ထဲမထည့် မီ၊ ကွဲနေသည့် ယောကျ်ားက သုသာန်မှာ အလောင်းကို လာနမ်းသွားခဲ့သည်။ ဒါကလည်း သမီးတွေဆီပို့မည့်ဈာပန ဗွီဒီယိုမှတ်တမ်းမှာ ဗွီဒီယိုရိုက်သူတွေ နှင့် စည်းဝါးရိုက်ထားသော သရုပ်ဆောင်မှုသာဖြစ်နေပြန်သည်။ ဒါကပင် **အနမ်းတစ်ပွင့်ရဲ့ရာဇဝင်** ဖြစ်သည်။ ရုပ်ရှင်ဆိုလျှင်တော့ အတော်ပဲကြည့်လို့ ကောင်းမှာဖြစ်၏။

သူ့ဝတ္ထုတွေဖတ်ရတာ ရောင်စုံပွင့်နေသော ပန်းတောကြီးထဲ လျှောက်သွားနေရတာနှင့်လည်း တူ၏။ သုသာန်ဘေးနားက ကျူးကျော်ရပ် ကွက်ကြီး၊ အရေးအခင်းတုန်းက တက်ကြွစွာထွက်လာသည့် ထိုရပ်ကွက်ကလူ တွေ၊ လိုချင်သည့်စရိုက်မျိုးစုံ သူ့မှာအကုန်ရှိသော ထိုရပ်ကွက်။ အရေးအခင်း နောက်ပိုင်း၊ မီးတွေ ကွန်ကရစ်လမ်းတွေ၊ သွပ်မိုးပျဉ်ထောင်တွေနှင့် ဖြစ်လာ ပြီးမှ နောက်ဆုံး ဘူဒိုဇာတွေနှင့် အဖျက်ခံလိုက်ရပါသည်။ နောက်တော့ သွပ် တွေနှင့်ကာပြီး ခြံခတ်လိုက်၏။ မျိုးဆက်သုံးဆက်လောက် ဖြတ်သန်းခဲ့ရပြီး ရွှံ့တော၊ နွံတော၊ ခရာတောမှ မွေးဖွားလာသောရပ်ကွက်ကြီးဟာ အခုတော့ လည်း သွပ်ပြားတွေနှင့် ခြံခတ်ထားသောလူကသာ ပိုင်ဆိုင်သွားပါသည်။ ထိုလူတွေကတော့ အိမ်နီးနားချင်းတစ်ဖက်နိုင်ငံက စီနတိုင်းသားတွေ။ ဝတ္ထု နာမည်ကိုက **အခမ္မရပ်ကွက်သားများ** ဖြစ်၏။

ယခင်ကသာ သယံဇာတမိုင်းတွေကို စနစ်တကျလုပ်ခဲ့ပေမယ့် မိုးကျရွှေကိုယ်တွေ၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေလက်ထက်မှာ ရဖို့သာကြည့်ပြီး အန္တရာယ်ကိုမကြည့်သည့်ကိစ္စတွေ မြန်မာပြည်အရပ်ရပ်မှာ ရှိနေခဲ့သည်။ ထို့ကြောင့်လည်း မိုင်းတွေထဲမှာ မိုင်းပြိုမှုတွေ၊ မိုင်းပြိုမှု မိုးကျရွှေကိုယ်တွေ ရောက်လာပြီး အထက်စီးလေသံတွေနှင့် ပစ်ပေါက်မှုတွေ ရှိနေခဲ့သည်။ မိုင်းပြိုချိန် မိုင်းသမားတွေ၏ဘဝဟာ အသက်ကို သေသူလိုသဘောထားပြီး Survive လုပ်ခဲ့ရတာတွေရှိသည်။ သူ့အတွေ့အကြုံတွေလားမသိပါ။ ဆွန်းက မိုင်းသမားတွေ၏ဘဝတွေကို **သေဖော်ရှင်ဖက် နှင့် မြေသင်းခဲစားပြီး မွေးဖွားခဲ့သူများ** ဝတ္ထုတွေနှင့် ရေးခြစ်ခဲ့ပြန်သည်။

သူ့ဝတ္ထုတွေကို တစ်တန်းတည်းထင်ခဲ့မိပေမယ့် ဝတ္ထုတွေက အကွေ့အချိုးတွေများသဖြင့် ထိုအကွေ့အချိုးတွေအတိုင်း ကျွန်တော် လျှောက်လိုက်နေရသည်။ ကျွန်တော့်ကိုယ်ကျွန်တော် အချစ်ဝတ္ထုတွေမှာ ရင်မခုန်တော့ဘူးဟု ယူဆခဲ့ပေမယ့်လည်း ဆွန်းရဲ့ **စကားလေးမှာလျှော့တော့သည်** နှင့် **နေနိုင်ရက်စွာ** ဝတ္ထုတွေကိုဖတ်ပြီးချိန်မှာ၊ တစ်ခါတုန်းက တက္ကသိုလ်တွေဆီပြန်ရောက်ပြီး၊ ကျွန်တော်ကိုယ်တိုင် ငူငူကြီးဖြစ်နေမိပြန်သည်။ ချစ်သူအတွက် စာမေးပွဲအကျခံသည့် သူရဲကောင်းတွေ၊ ကျောင်းမပြီးမီ ချစ်သူနှင့် လက်ထပ်စာချုပ်လုပ်ပေးခဲ့သည့် မိန်းကလေးတွေ၊ နောက်တော့လည်း တစ်ဘဝလုံး ပြန်မတွေ့ကြတော့သည့်အဖြစ်တွေဟာ တက္ကသိုလ်တွေမှာရှိဖူးသည့် အဖြစ်တွေပဲဖြစ်သည်။

**နေနိုင်ရက်စွာ**ကတော့ မဂ္ဂဇင်းဝတ္ထုရှည်ဖြစ်မည်ထင်၏။ ကျောင်းမှာ မိန်းမပွေသည့်ကောင်လေးနှင့် ထိုကောင်လေး၏ အကောင်းဆုံးမိတ်ဆွေကောင်မလေးတို့ကြား ပြိုကျသွားသည့် ရင်ထဲခံစားချက်တွေဟာ နှစ်ပေါင်းကြာရှည်စွာ သန္ဓေတည်ခဲ့သည့် အချစ်တွေပဲဖြစ်နေခဲ့သည်။ ကောင်လေးက အံ့ထွက်လာတော့ ကောင်မလေးက "အသည်းခွဲရမယ့်သူ ဒီလောက်ရှားလို့လား" ဟု မေးပြီး၊ ဝီလျံဘလိတ်ရဲ့ "**ဖျားတဲ့နှင်းဆီ**" ကဗျာလေးကိုရွတ်ပြသည်။ ပြီးတော့ "ငါ ဖျားတဲ့နှင်းဆီမဖြစ်ချင်ဘူး ကျော်စွာရယ်" ဟု ဆိုခဲ့ပါသည်။ သူမအား ဖွင့်ပြောပြီးနှစ်ရက်မှာပဲ သူ့ဓာတ်ရုပ်ကြီးကို သူသယ်ပိုးရင်း ကျော်စွာက မိန်းကလေးတစ်ယောက်ကို လက်ထပ်လိုက်ရ၏။ ကောင်မလေး

က ထိုအချိန်ကစပြီး ကျောင်းကနေ ပျောက်သွားခဲ့သည်။ ကျွန်တော်ကတော့ ဆရာငြိမ်းကျော်၏ တက္ကသိုလ်နောက်ခံဝတ္ထုတွေဖတ်ရတုန်းကလို ဆွန်းဝတ္ထု ကိုဖတ်ပြီး ငူငူကြီးနှင့် ကျန်ရစ်ခဲ့သည်။ ထိုညက ကျွန်တော်ကိုယ်တိုင် ဖျားတဲ့ နှင်းဆီဖြစ်ပြီး အတော်နှင့်အိပ်မပျော်နိုင်ခဲ့ပါ။

**မောင်ကျော်သာ(ပဲခူး)**
**၁၇.၆.၂၀၁၆**
**ည ၂း၄၇ နာရီ။**

# ရေခဲပန်းပုထုဆစ်ခြင်း

**လင်းဇော်ဦး**

ရန်ကုန်မြို့ သမိုင်းလမ်းဆုံရှိ စီးတီးမတ်ကုန်တိုက်ထဲမှ ဆီးဆန်းလက်ဖက်ရည်ဆိုင်ထဲတွင် ကျွန်တော် ချွေးပြန်နေမိသည်။

ကျွန်တော်နှင့်အတူ လက်ဖက်ရည်ထိုင်သောက်နေသူက စာရေးဆရာဆွန်း(စက်မှုတက္ကသိုလ်)။ ကျွန်တော်က မြစ်ကြီးနားမှ လာသောသူ။ သူက ရန်ကုန်မြို့တွင် နေသောသူ။ အခါအားလျော်စွာ ရန်ကုန်သို့ရောက်တိုင်း သူနှင့်ကျွန်တော် အခုလို ချိန်း၍ ဆုံတွေ့တတ်ကြစမြဲ။ နှစ်ယောက်စလုံးက စာပေချစ်သူများပီပီ၊ စာရေးကြသူများပီပီ စာကြောင်းပေကြောင်း၊ စာရေးဆရာလောကအကြောင်း ဆွေးနွေးတတ်ကြပါသည်။ စာရေးဆရာ ဆိုတာမျိုးကလည်း စာပေအကြောင်းပြောရလျှင် ထမင်းမေ့ ဟင်းမေ့။

ခုတစ်ခေါက်တော့ စာပေအကြောင်း ပြောရုံတင်မက၊ သူ့စာအုပ်ကိုယ့်စာအုပ် အပြန်အလှန် လက်ဆောင်ပေးမိကြသည်။ သူက ရသစာတမ်းပေါင်းချုပ်တစ်အုပ် ထုတ်ထားသည်မှာ မကြာသေး။ ကျွန်တော်ကလည်း ဆောင်းပါးပေါင်းချုပ်တစ်အုပ် ထုတ်ထားသည်မကြာသေး။ ကျွန်တော်တို့နှစ်ဦးသားအတွက် ကိုယ်စီပီတိအဟုန်များ။ သူက သူ့စာအုပ်ကို ကျွန်တော့်အတွက်တင်မက မြစ်ကြီးနားစာရေးဆရာများအတွက်ပါ တစ်ထပ်ကြီး လက်ဆောင်ပေးလိုက်သေးသည်။

ထို့နောက် ဆရာဆွန်း ကျွန်တော့်ဆီကို ထပ်မံထိုးပေးလာတာက ကွန်ပျူတာရိုက်ပြီးသား အေဖိုးဆိုက် စာအုပ်ကြီးတစ်အုပ်။ ဒါက ဘာလဲဟု

ကျွန်တော်ကမေးတော့ ဆရာဆွန်းက ပြုံးရင်းပြောသည်။ သူထပ်ထုတ်မယ့် ဝတ္ထုတိုစာမူကြမ်းတွေတဲ့။ ကျွန်တော် တော်တော်ဝမ်းသာသွားမိသည်။ ဆရာဆွန်းရေးခဲ့တဲ့ ဝတ္ထုကောင်းတွေကို စာအုပ်အဖြစ်ပါ မှတ်တိုင်စိုက်ထူနိုင်တော့မယ်မဟုတ်လား။

သို့သော် ဆရာဆွန်း ဆက်ပြောလာသောစကားက ကျွန်တော့်အတွက် အံ့ဩမှင်တက်မိရင်း ချွေးပြန်သွားစေသည်။ "ဒီစာအုပ်အတွက် ဆရာက အမှာစာရေးပေးပါ"တဲ့။ ကျွန်တော် အကြောက်အကန်ငြင်းမိသည်။ အမှာစာဆိုတာ ကိုယ့်ထက် စာရေးသက်ရင့်သည့်၊ ကိုယ့်ထက် နာမည်ပိုရထားသည့် စာရေးဆရာကြီးများကိုသာ ရေးခိုင်းသင့်သည်ဟုလည်း အကြံပေးပါသည်။

ဒါပေမဲ့ ဆရာဆွန်းကတော့ ဆုံးဖြတ်ပြီးသားဟန်ဖြင့် ကျွန်တော့်စကားကို လုံးဝလက်မခံပါ။ "ဆရာပဲရေးပေးပါ။ ကျွန်တော်တို့နှစ်ယောက်အတွက် အမှတ်တရဖြစ်ရအောင်ပေါ့"ဟု ဖွင့်အတင်း ပြောပါတော့သည်။ ပြီးတော့ သူအကြောင်းပြသည့်အထဲတွင် "ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းဆင်းအချင်းချင်း၊ အင်ဂျင်နီယာ စာရေးဆရာအချင်းချင်း" စတဲ့ စကားလုံးများလည်း ပါသေးသည်။

ကျွန်တော် ဘယ်လိုမှမငြင်းသာတော့။ သို့ပေမယ့် အမှာစာသဘောမျိုးရေးခြင်းမဟုတ်ဘဲ အမှတ်တရစာသဘောမျိုးသာ ရေးလိုက်ပါမည်ဟု ဝန်ခံကတိပေးလိုက်ရသည်။

×××

ဟုတ်တော့လည်းဟုတ်သည်။ ဆရာဆွန်းနှင့် ကျွန်တော်တို့က ရန်ကုန်စက်မှုတက္ကသိုလ်(အာအိုင်တီ)ထွက်တွေ။ သို့ပေမယ့် တက္ကသိုလ်တုန်းက မဆုံတွေ့ မရင်းနှီးလိုက်ရ။ ဆရာဆွန်းက ကျွန်တော့်ထက် အတန်းလေးတန်းခန့်ကြီးသည်။ ထိုစဉ်ကတည်းက ဆရာဆွန်း စာတွေစရေးနေပြီ။ သူ့စာတွေက ဟိုမှာပါ ဒီမှာပါ။ ကျွန်တော်လည်း အနည်းအကျဉ်း ဖတ်ဖူးသည်။ သူ နာမည်ရစပြုနေပြီဖြစ်သည်။

ကျွန်တော်ကတော့ ဆရာဆွန်းလို မဟုတ်။ စာရေးဖြစ်ဖို့ အဝေးကြီးလိုသေးသည့်အပြင် စက်မှုတက္ကသိုလ်၌ စစ်တုရင်လက်ရွေးစင် လုပ်ကောင်း

တုန်း။ တူညီချက်ကို ရှာကြံပြောရလျှင် ဆရာဆွန်းက စာပေဂုဏ်ဆောင်၊ ကျွန်တော်က အားကစားဂုဏ်ဆောင်။ အမိတက္ကသိုလ်ကြီးအတွက် အုတ်ချပ်တွေ သဲပွင့်တွေ ကိုယ်စီကိုယ်စီ။ ဘဝအတွက် အမှတ်တရအဖြစ်ရဆုံးကာလများ။

၂၀၁၃ ခုနှစ်ကျမှ ကျွန်တော် စာစရေးဖြစ်သည်။ ဆရာဆွန်းလည်း စာတွေပြန်ရေးနေပြီ။ ကြားကာလများတွင် ဘဝအရေးအခင်းများကြောင့် ဆရာဆွန်း စာပေနှင့်အဆက်အသွယ်ပြတ်သွားခဲ့သည်ဟု နောက်မှသိရသည်။ ကျွန်တော်တို့နှစ်ယောက်၏စာများ မဟေသီမဂ္ဂဇင်းထဲတွင် မကြာခဏဆိုသလို ဆုံသည်။ တစ်ခေါက်၊ တစ်ရက်သောအခါ ရန်ကုန်ရောက်ခိုက် မဟေသီတိုက်သွားရင်း သူ့စာမူတစ်ပုဒ်မှ ဖုန်းနံပါတ်ရသည်။ ကျွန်တော် ဖုန်းဆက်ပြီးမိတ်ဖွဲ့တော့ ဆရာဆွန်းနှင့် ရင်းနှီးခင်မင်ခွင့်ရသည်။ သို့သော် လူချင်းကတော့ မဆုံဖြစ်ကြသေး။ ကျွန်တော်က ရန်ကုန်၌ ကျောချွေးအောင်ထိပင် မနေနိုင်။

နောက်တစ်ခေါက် ရန်ကုန်ရောက်တော့ အင်းစိန်ပေါက်တောရှိ ဆရာမခင်သန္တာအိမ်သို့ ကျွန်တော် အလည်သွားသည်။ ဆရာမ ခင်သန္တာဆိုတာက ကျွန်တော်တို့ မြစ်ကြီးနားစာပေအုပ်စုနှင့် မောင်နှမများပမာ လွန်စွာရင်းနှီးသူ။ ဆရာမ မြစ်ကြီးနားသို့ စာပေဟောပြောပွဲလာစဉ် ကျွန်တော်တို့ အုပ်စုနှင့် အလည်အပတ်ခရီးများ တရန်းရန်း။

ဆရာခင်သန္တာ၏ အိမ်၌ထိုင်ရင်း ကျွန်တော် ဆရာဆွန်းထံသို့ ဖုန်းဆက်မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာဆွန်း၏ အိမ်ကလည်း အင်းစိန်ပေါက်တော၌ဖြစ်ပြီး ဆရာမခင်န္တာအိမ်နှင့် အနီးကလေး။ ဆရာဆွန်းရောက်လာတော့ စာရေးဆရာမောင်နှမ ၃ ယောက် စာပေအကြောင်းတွေ အများကြီးပြောဖြစ်ခဲ့ကြသည်။ ထို့နောက် ဆရာဆွန်းနှင့်ကျွန်တော် ရွှေပြည်သာရှိ ဆရာထွန်းတောက်ထွဋ်(သချ်ာ)ဆီသို့ ချီတက်သွားတော့ ဆရာထွန်းတောက်ထွဋ်(သချ်ာ)နှင့် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့သည်။ နောက်တော့ လက်ဖက်ရည်ဆိုင်၌ သုံးယောက်သား အာရိုက်ကြပြန်သည်မှာ နေ့တစ်ပိုင်းအထိပင်။ ဆရာဆွန်းနှင့် ကျွန်တော်တို့အတွက် ပျော်စရာကောင်းသော၊ ကြည်နူးစရာကောင်းသော အမှတ်တရနေ့လေးတစ်နေ့ဖြစ်ခဲ့ပါသည်။

×××

အမှတ်တရတွေ ပြောနေမိတာနှင့်ပဲ အကြောင်းအရာတွေက ဟိုရောက်ဒီရောက်။ ဒါပေမဲ့ ဆရာဆွန်း၏ ဝတ္ထုများအကြောင်းကိုလည်း ပြောရပါဦးမည်။

သူ့စာအုပ်တွင် ပါဝင်သည်က ဝတ္ထု ၁၄ ပုဒ်တိတိ။ မြစ်ကြီးနား၌ အချိန်ပေး၍ ကျွန်တော် စိမ်ပြေနပြေဖတ်သည်။ ပြီးတော့ ဆရာဆွန်း လေးလေးနက်နက်မှာလိုက်တာက 'သေချာဖတ်ပြီး အားနည်းချက် ချို့ယွင်းချက်များကို အားမနာတမ်း ဝေဖန်ထောက်ပြပေးပါ'တဲ့။ ထို့ကြောင့် ကျွန်တော် ဝေဖန်ရေးသမားပမာ ကိုယ့်ကိုယ်ကိုယ်သဘောထားပြီး စူးစိုက်၍ဖတ်သည်။ ပြူးပြဲ၍အမှားရှာသည်။

သို့သော် ရသစာပေ၏ အစွမ်းသတ္တိကား ကြီးမားလှပါ၏။ အမှားရှာတွေ့ဖို့နေနေသာသာ ဘယ်လိုဘယ်နည်းဖြင့် ရေးဖွဲ့သွားသည်ကိုပင် ကောင်းကောင်းသတိမထားမိလိုက်နိုင်။ သူ့ဇာတ်လမ်းတွေထဲတွင် ကျွန်တော် လူးလိမ့်မျောပါသွားသည်။ ဆရာဆွန်းပေးသည့် ရသများကို ရင်ခုန်လှိုက်မောစွာခံစားရင်း ကျွန်တော် တစ်ပုဒ်ပြီးတစ်ပုဒ်။ သောက်လေသောက်လေ ငတ်မပြေသည့် ဆားငန်ရည်ချိုချိုလေးတွေ တစ်ခွက်ပြီးတစ်ခွက်။

ဒီလိုနှင့် ၁၄ ပုဒ်လုံးပြီးသွားသည်။ ဝေဖန်ထောက်ပြဖို့ အချက်တစ်ချက်မှ ကျွန်တော်မရခဲ့။ သြော် စာရေးဆရာဆိုတာကလည်း ခံစားတတ်တာပဲမဟုတ်လား။

ထို့ကြောင့် ဒုတိယတစ်ခေါက် ကျွန်တော် ထပ်ဖတ်ရပြန်သည်။ စိတ်ထဲကလည်း ဇာတ်ကြောင်းထဲ နစ်ဝင်မသွားစေရန် ဒီတစ်ခါ သတိထားမည်ဟု မောင်းတင်လျက်။ သို့ပေမယ့် အစပိုင်းလောက်တွင်သာ ထိန်းထားနိုင်ပြီး နောက်ပိုင်းတွင် ခံစားမှုနောက်ကို ကောက်ကောက်ပါအောင် လိုက်မိပြန်တော့သည်။

မဖြစ်တော့ဘူး မဖြစ်တော့ဘူး။ ကျွန်တော် ခိုတစ်ကောင်လို ညည်းညူရင်း ဆရာဆွန်းကို တစ်ခုခုပြောပြနိုင်ရေးအတွက် တတိယအကြိမ်မြောက်။ သို့သော် ထိုနည်းလည်းကောင်းဟုသာ ပြောရပါတော့မည်။ ဆရာဆွန်း၏ ဇာတ်လမ်းဇာတ်ကွက်များနှင့် ရသများက ဖမ်းစားနိုင်လွန်းသည်။

နောက်ဆုံး၌ ကျွန်တော် ကျေကျေနပ်နပ်ကြီး လက်လျှော့လိုက်ရပါ

ပြီ။ တကယ်တော့ ကျွန်တော်က ဝေဖန်ရေးသမားလုပ်လို့မရ။ ခံစားသူသက်သက်သာ လုပ်နိုင်သောသူဖြစ်သည်။ ရသများကို ခံစားနေလျှင် ကျေနပ်နေတတ်သူသာဖြစ်သည်။

ရသဆိုတာကို 'ဘာသာအမြင်၊ စာပေအမြင်' စာအုပ်ထဲ၌ ဆရာမောင်ခင်မင်(ဓနုဖြူ)က ဤသို့ဆိုခဲ့သည်။

'စာဖတ်သူစိတ်ထဲ၌ ခံစားရသော သာယာနှစ်သက်မှုသည် ရသပင်ဖြစ်သည်'

ရသစုစုပေါင်း ၉ မျိုးရှိသည်။ စာရှည်မှာစိုးသဖြင့် ဤနေရာတွင် မရေးတော့ပါ။ သာယာခြင်းဟူသည် ခဏာတာဖြစ်ပေါ်လာပြီးလျှင် ပြန်ပျောက်သွားတတ်သည်။ သို့သော် နှစ်သက်ခြင်း၏ ဂယက်အာနိသင်က စွဲကျန်ရစ်သော သဘော။ ရှေ့စိတ်အစဉ်တန်းတွင် လက်ဆင့်ကမ်းသယ်ဆောင်လာသည့် သဘော။ ထိုအာနိသင်ကပင် ကျွန်တော်တို့ လူသားများအတွက် နှလုံးသားခွန်အားများ။ ဘဝအတွက် နေပျော်စေမည့် ရသဆေးစွမ်းကောင်းများ။

ဆရာဆွန်းအား ရသစာရေးဆရာ ပီသနိုင်လွန်းသည်ဟု ဆိုရပါတော့မည်။ သူ့ဝတ္ထုများထဲတွင် ရသ ၉ မျိုးလုံး မဟုတ်လျှင်တောင် ၇ မျိုး ၈ မျိုးထိတော့ ပါဝင်သည်။ လူ့ဘောင်လောကကြီးထဲမှ ဘဝမျိုးစုံအဖုံဖုံကို ရှုထောင့်အစုံစုံမှ ရေးဖွဲ့ခံစားထားခြင်း။ ဇာတ်လမ်းဇာတ်ကွက် အချိတ်အဆက် မိမိ။ ဇာတ်ကောင်စရိုက်တွေက ပီပီပြင်ပြင်။

နိဂုံးချုပ်ဆိုရသော်- ရသဝတ္ထုကောင်းများကို မျှော်လင့်တောင့်တနေကြသော စာဖတ်ပရိသတ်အတွက်တော့ ဆရာဆွန်း၏ ဝတ္ထုများက ကျေနပ်နှစ်သက်စေပါလိမ့်မည်ဟု ယုံကြည်မိပါတော့သည်။

ဆရာဆွန်း(စက်မှုတက္ကသိုလ်)တစ်ယောက် ရသဝတ္ထုကောင်းများ ပို၍ပို၍ ရေးဖွဲ့နိုင်ပါစေ။ ။

**လင်းဇော်ဦး**

...တကယ်တော့

ဖခင်တစ်ယောက်သည်

အရွယ်ရောက်လာသည့်

သမီးတစ်ယောက်ကို

မျက်ရှုရတနာတစ်ပါးလို

ချစ်သောမျက်စိဖြင့်

ဘယ်လိုပဲ အချိန်တကြည့်ကြည့်

ကြည့်နေစေကာမူ

မမြင်မတွေ့နိုင်တာ များစွာရှိပါသည်။

"သမီးကို သိနားလည်သည်" ...ဟု

ထင်မိခြင်းမှာ

သမီးကို လုံးလုံးလျားလျား

နားမလည်ခြင်းသာဖြစ်သည်...



## ရေခဲကိုဆစ်ထုတဲ့ပန်းပုလေးတွေ

ကျွန်တော့်ကို တူးတူးခါးခါး စူးစူးဝါးဝါး စိုက်ကြည့်နေသော သမီး ရဲ့မျက်ဝန်းအစုံမှာ နာကြည်းမုန်းတီးမှုများ လျှံကျနေသည်။ ဒေါသ-မီးများ ဖြင့် ရဲရဲတောက်နေသည်။ ချောင်ပိတ်နေသော တောရိုင်းသတ္တဝါလို လွတ်ရာ လွတ်ကြောင်းအတွက် အရိုးကြေကြေ အရည်ခန်းခန်း တုံ့ပြန်တိုက်ခိုက်ရန် အသင့်…။

ဩော် … ကျွန်တော် ရင်သိမ့်တုန်အောင် ချစ်ခဲ့ရပါသော သမီး လေး…။ အမြဲတမ်း အရိပ်တကြည့်ကြည့်လုပ်ကာ ပန်းလေးတစ်ပွင့်လို မြတ်နိုးယုယခဲ့ရသော သမီးလေး…။ အသည်းအသက်လို တန်ဖိုးထားကာ ပြုစုစောင့်ရှောက်ခဲ့ရပါသော သမီးလေး…။

ယခင်က သမီးသည် ကျွန်တော့်ကိုမြင်တိုင်း မျက်ဝန်းအစုံတွင် မေတ္တာရေကြည်များ လဲ့ရွှန်းတောက်ပလာစမြဲ…။ မျက်နှာထက်မှာ လှပလန်းဆန်းသော အပြုံးပန်းပွင့်တို့ ပွင့်အာလာစမြဲ…။ စမ်းရေစီးသံလို ညိုးညင်းသံသာဖြင့် ရယ်မောတတ်စမြဲ …။ ချစ်စဖွယ် ကယုကယင် လှုပ် ရှားပြုမူတတ်စမြဲ…။ သမီးသည် ကျွန်တော့်ကို ချစ်သောမျက်စိဖြင့်သာ အစဉ်ကြည့်ခဲ့ပါသည်။ နှလုံးစိတ်ဝမ်း အေးချမ်းစေမည့် အပြုံးဖြင့်သာ အမြဲ တမ်းပြုံးခဲ့ပါသည်။

ယခုတော့ ဆန့်ကျင်ဘက်…။

စစ်မြေပြင်မှာတွေ့သည့် ရန်သူတစ်ယောက်ကို ကြည့်သည့်အကြည့်

မျိုးဖြင့် ကျွန်တော့်ကို သမီးက ကြည့်နေသည်။ မာရ်နတ်မိစ္ဆာတစ်ကောင်ကို ကြည့်သည့်အကြည့်မျိုးဖြင့် ကျွန်တော့်ကို သမီးက ကြည့်နေသည်။ တစ်ဖက်သားကို ပြာကျစေနိုင်သည့်အကြည့်။ ရန်လိုသည့်အကြည့်။ မာကျောခက်ထန်သည့် သမီးရဲ့အကြည့်မှာ ကျွန်တော့်ကို မကျေနပ်ခြင်းမှ ဖြစ်ပေါ်လာသော ဒေါသများ၊ နာကြည်းမှုများ၊ မုန်းတီးမှုများကို အထင်အရှားတွေ့နေရသည်။ အခုချိန်မှာ သူတို့ချစ်ခြင်းကို ဆန့်ကျင်သူမှန်သမျှ သူ့ရဲ့ရန်သူ…။ သူတို့အချစ်ကို ဖြိုခွင်းရန် ကြံစည်သူမှန်သမျှ သူ့အတွက် နတ်ဆိုးမိစ္ဆာ…။

အမုန်းသည်းထန် လောင်မြိုက်နေသည့် သမီးရဲ့အကြည့်များ…။

သမီးရင်ထဲမှ ခံစားချက်များကို ကျွန်တော်မသိ၍ မဟုတ်ပါ။ သိပါသည်။ မျက်စိတစ်ကြည့်၊ နှုတ်ခမ်းတစ်လှုပ်၊ လက်တစ်ဝေ့ကိုမြင်ကာမျှဖြင့် သမီးဘာဖြစ်ချင်သည်၊ ဘာလုပ်ချင်သည်၊ ဘာပြောချင်သည်ဆိုတာ ကျွန်တော် ကောင်းကောင်းသိပါသည်။ သို့သော် သိ–သိကြီးနှင့် သမီးရဲ့ခံစားချက်ကို ဆန့်ကျင်ကာ ကျွန်တော်ပြောနေရသည်။ သမီးရဲ့ဆန္ဒကို မသိကျိုးကျွန်ပြုကာ ကျွန်တော်လုပ်နေရသည်။

'မဖြစ်နိုင်လို့ပါ အစ်မကြီးရယ်။ သမီးဟာ အရွယ်ရောက်ပြီဆိုပေမယ့် 'ဆွံ့အနားမကြား' တဲ့ ဒုက္ခသည်လေးပါ။ သာယာတဲ့ အိမ်ထောင်တစ်ခုကို ရေရှည်မှာ ဘယ်လိုမှမဖန်တီးနိုင်ဘူးဆိုတာ ကျွန်တော်သိသလို အစ်မကြီးလည်း သိပါတယ်။ ကြာရင် မရှုနိုင်မကယ်နိုင်နဲ့ အားလုံးပိုပြီး စိတ်ဆင်းရဲကြရမှာမို့ အနူးအညွတ် တောင်းပန်နေရတာပါခင်ဗျာ'

ကျွန်တော်က အကျိုးန္ဓံဆုံး ဟန်ပန်၊ အခယဆုံးလေသံဖြင့် ပြောလက်စ စကားကို ဆက်ရသည်။ မျက်နှာအောက်ချကာ တုန်ယင်တိုးဖွစွာ ပန်ကြားနေမိသည်။ ကျွန်တော့် ဟန်ပန်နှင့်လေသံသည် တောင်းပန်သည့်အဆင့်ကို ကျော်ပြီး အသနားခံသည့်အဆင့်သို့ ရောက်နေပြီဆိုတာ သိသည်။ ရက်သွေးများဖြင့် မျက်နှာတစ်ပြင်လုံး ထူပူရှိန်းဖိန်းနေသည်။

သူတို့မိသားစု ကျွန်တော်တို့အိမ်အနီးသို့ ပြောင်းလာသည်မှာ မကြာသေးပါ။ သို့သော်လည်း အိမ်နီးချင်းကောင်းတို့၏ ဝတ္တရားနှင့်အညီ သူတို့မိသားစုကို ကူညီနိုင်တာ ကူညီခဲ့သည်။ ကူညီသင့်သည်ထက် ပိုမိုကူညီခဲ့သည်။ ပြောရမည်ဆိုလျှင် ကျွန်တော့်ကျေးဇူးများစွာ သူတို့မိသားစုအပေါ်မှာ

ရှိသည်။ အခုတော့ ကိုယ်က အခါမလပ် ကူညီထောက်ပံ့ခဲ့ရသူထံမှာ ရိုကျိုးခယစွာ တောင်းပန်နေရသည်။

'တစ်ဆိတ် ကူညီပါ အစ်မကြီးရယ်။ လူငယ်တွေဆိုတာ ရှေ့ရေးနောက်ရေး မျှော်မျှော်တွေးတွေး မရှိဘူးပေါ့။ မမှားသင့်တာ မှားပြီးခဲ့ကြပေမယ့် ပျက်အစဉ်ပြင်ခဏပါဗျာ။ အမှားနွံမှာ ဆက်မနစ်ဖို့ အစ်မကြီးကလည်း ဝိုင်းဝန်းဖျောင်းဖျ နားချပေးပါခင်ဗျာ'

ကျွန်တော့်စကားအဆုံးမှာ ဒေါ်အေးမူက မဲ့ကာရွဲ့ကာဖြင့် မျက်နှာကို တစ်ဖက်သို့လှည့်လိုက်သည်။ ပြီးမှ ဝေဟင်မှလာသော လေသံဖြင့် စီးစီးပိုးပိုးပြောသည်။

'ဒီမှာ ကိုအေးကျော်။ ကျွန်မက လူကြီးတွေကို အားနာလို့ သည်းခံနားထောင်နေတာ။ ဒီကိစ္စအတွက် ကျွန်မက သိပ်ဝမ်းသာနေတယ်၊ သိပ်စိတ်ချမ်းသာနေတယ်များ ထင်နေသလား။ မေးလိုက်စမ်းပါတော်၊ တစ်ရပ်ကွက်လုံးကို။ ဒီလိုအခြေအနေမှာ ဘယ် 'သားရှင်' ပျော်နိုင်သလဲ…လို့။ ပြောလို့မရလို့သာ ကြည့်နေရတာ။ ကျွန်မနှာမြောတာက ရှင့်ထက် ဆယ်ဆ။ ဒီကောင်မက ရင်မနာဘူး၊ ယူကျုံးမရ မဖြစ်ဘူးလို့များ ထင်နေလို့လား'

သမီးကို ချွေးမတော်ရတာ သူတို့နစ်နာပါသည်…လို့ ဆိုလိုချင်ပုံရသည်။

ဒေါ်အေးမူ၏ အပြောအဆိုအပြုအမူမှာ ကျွန်တော့်အသည်းကို 'ဓားမွှန်းပြီးဆားဖြူး' သလို ဖြစ်နေသည်။

သမီးနှင့် အကြည့်ချင်းဆုံအောင် အတော်ကြိုးစားပြီးမှ သမီးနားလည်သည့် ဘာသာစကားဖြင့် ခြေလှုပ်၊ လက်လှုပ်၊ ပါးစပ်လှုပ်ကာ အိမ်ပြန်လိုက်ခဲ့ဖို့ ကျွန်တော်ပြောသည်။ သမီးက ခေါင်းကို တွင်တွင်ခါယမ်း ငြင်းဆန်သည်။ မျက်နှာတစ်ပြင်လုံး ရဲရဲနီကာ ပါးစပ်မှ ဝူးဝူးဝါးဝါး အသံများထွက်ပေါ်နေသည်။

အရွယ်ရောက်ပြီးသည့် အခြား ဆွံ့အနားမကြားသော မိန်းမပျိုလေးများလိုပင် သမီးသည်လည်း သူ့အားနည်းချက်ကို လူမသိအောင် အတတ်နိုင်ဆုံး ကြိုးစားဖုံးဖိတတ်သည်။ သူစိမ်းတစ်ရံဆံ ရှေ့မှာ အသံမထွက်အောင် အထူးသတိထားကာ နေတတ်သည်။ သို့ရာတွင် အလွန်အကြူး စိတ်လှုပ်ရှား

သည့်အခါ သမီးနှုတ်ဖျားမှ အသံများ ပွင့်အန်လွင့်ထွက်လာတတ်သည်။ ယခု ထွက်နေသည့် အသံကတော့ ဒေါသသည်းထန်မှ ထွက်လေ့ရှိသည့် အသံ။

ကျွန်တော်သည် 'ပြစ်မျိုးမဲ့မထင်' အောင် ထူးခြားထင်ရှားသည့် အလှတရားများစွာကို လောကကြီးထံမှ 'လျော်ကြေး' ပြန်ရထားသော ပျိုမျစ် နုနယ် လှသွေးကြွယ်လွန်းသည့် သမီးမျက်နှာလေးကို ကြေကွဲဝမ်းနည်းစွာ ငေးရင်း မျက်ရည်ဝဲလာသည်။ သမီး နားလည်သဘောပေါက်အောင်လည်း လက်ဟန်ခြေဟန်မျှသာမက စကားသံများဖြင့်ပါ ရှင်းပြခေါ်င်နေမိသည်။

'မဖြစ်ဘူးနော် သမီး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဖြစ်နိုင်မယ်ဆို ဖေဖေကိုယ်တိုင် ဝမ်းမြောက်ဝမ်းသာ လက်ထပ်ပေးမှာပေါ့။ တကယ်မဖြစ် နိုင်လို့ပါ သမီးရယ်။ အိမ်ပြန်လိုက်ခဲ့ကွယ်…နော်'

'ကျွန်တော်တို့ ရုံးမှာ တရားဝင် လက်ထပ်ထားကြတယ်'

အာကာလွင်က လေသံခပ်မာမာဖြင့် ဝင်ပြောသည်။ မကြားသော် လည်း နှုတ်ခမ်းလှုပ်ရှားပုံကိုကြည့်ကာ ဘာပြောသည်ဆိုတာ သမီးကောင်းစွာ နားလည်သည်။ သမီးက အာကာလွင်ကို အားကိုးတကြီးကြည့်သည်။ အာကာ လွင့်ထံ ပိုမိုတိုးကပ်သည်။ အာကာလွင့် လက်မောင်းရင်းကို ခပ်တင်းတင်း ဆုပ်ကိုင်သည်။ 'ဘယ်သူခွဲခွဲ တို့မကွဲ' …ဟုဆိုသည့်နှယ်…။

သိလိုက်သည်။ အရာအားလုံး ဆုံးရှုံးသွားပြီ။ ပွဲလည်း ပြီးသွားပြီ။

× × ×

သမီးကို လက်လွှတ်ဆုံးရှုံးပြီးသောအခါ ကျွန်တော့်ဘဝ အဓိပ္ပာယ် မဲ့သွားသည်။

မိဘတိုင်း သားသမီးကို ချစ်တာ ကျွန်တော်သိပါသည်။ သို့သော် အခြားသူများထက် ကျွန်တော်က (သဘာဝကျစွာ) နည်းနည်းပိုသာသည်ဟု ထင်သည်။ တစ်ဦးတည်းသောသမီးမို့ အသည်းနှင့်အောင် ချစ်သည်။ မိတဆိုး သမီးလေးမို့ ရင်ပွင့်အောင် ချစ်သည်။ လူစဉ်မမီသူလေးမို့လည်း မေတ္တာနှင့် ကရုဏာပေါင်းကာ နှလုံးသည်းပွတ် ပေါက်ထွက်မတတ် ချစ်သည်။ သမီး လေးသာ ကျွန်တော့်ဘဝ၊ ကျွန်တော့်ကမ္ဘာ၊ ကျွန်တော့်အတွက် အရာရာ…။ မှည့်ထားသည့် 'မြသက်နှင်း'…ဆိုသည့် အမည်ကပင် သမီးအပေါ်ထားသည့် ကျွန်တော့်မေတ္တာကို ဖော်ကျူးနေသည်လေ။

ကျွန်တော့်ဘဝမှာ နှလုံးသွေးပျက်လုအောင် ချောက်ချားတုန်လှုပ်ရတာ နှစ်ကြိမ်ရှိပါသည်။

ပထမတစ်ကြိမ်မှာ သမီးငယ်စဉ်က ဖြစ်ပါသည်။ သမီးနှင့်သက်တူရွယ်တူ တခြားကောင်မလေးများ စကားကို သွက်သွက်လက်လက် ချောက်ချောက်ချားချား ပြောနေချိန်မှာ ကျွန်တော့်သမီးက "ပူးပူးဝါးဝါး" အဆင့်မှ မတက်ခဲ့။ စကားကို ဘယ်လိုမှ သင်လို့မရသည့်အခါ စိုးရိမ်ပူပန်လာသည်။ မွေးကင်းစကပင် သမီးသည် အသံကိုတုံ့ပြန်မှုအား အလွန်နည်းခဲ့တာကို ပြန်လည်သတိရသည်။ ကံကြမ္မာဆိုးတစ်ခု ကျွန်တော်တို့ထံ လာနေပြီ…ဟု ခံစားရသည်။

စမ်းသပ်စစ်ဆေးမှုများ အကြိမ်ကြိမ်အထပ်ထပ် လုပ်ပြီးသောအခါ အသည်းကွဲစရာ သတင်းဆိုးကို နားနှင့်လည်ချောင်းအထူးကု ဆရာဝန်ကြီးထံမှ ကြားခဲ့ရသည်။ ဘယ်လိုမှ ပျောက်ကင်းအောင် ကုသလို့မရနိုင်သည့် သန္ဓေပါ "ဆွံ့အနားမကြား ဝေဒနာသည်" ဘဝဖြင့် သမီးတစ်သက်လုံး နေရတော့မည်…တဲ့။ နှလုံးသွေးပျက်လုအောင် ချောက်ချားတုန်လှုပ်ရတဲ့ ပထမစကား…။ ကျွန်တော့်ဘဝ၊ ကျွန်တော့်ကမ္ဘာ ပြိုပျက်သွားပြီ ထင်မိသည်။

သူ့ကိုယ်သူ မသိရှာဘဲ၊ သိလည်းမသိနိုင်ဘဲ ပျော်ပျော်ပါးပါး ပြေးပြေးလွှားလွှား ကစားမြူးထူးနေသော သမီးကိုမြင်တိုင်း ကျွန်တော် မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ရသည်။ နောင် နှစ်တော်တော်လေးကြာမှသာ ကြိုးစားဖြေသိမ့်နိုင်ကာ တဖြည်းဖြည်း နေသားကျလာခဲ့သည်။ တမြေ့မြေ့နာကျင်သည့် ဝေဒနာတစ်မျိုးကိုတော့ ရင်ထဲမှာ အခါမလပ် ခံစားနေရသည်။

သမီးရဲ့ကံကြမ္မာဆိုးကို ကြားသိပြီးနောက်ပိုင်းမှတော့ သမီးသည် ကျွန်တော့် "မျက်ရှု" ဖြစ်ခဲ့သည်။

သမီးလေးကို အရိပ်တကြည့်ကြည့်လုပ်၍သာ နေမိခဲ့ပါသည်။ ကျွန်တော်၏ ကိုယ်ပိုင်အချိန်အားလုံးကို သမီးက ပိုင်စိုးသည်။ သမီးဘာလိုသလဲ…ကျွန်တော်ဖြည့်ဆည်းသည်။ သမီးဘာဖြစ်ချင်သလဲ…ကျွန်တော် လုပ်ပေးသည်။ ကျွန်တော် အသက်ရှင်ရသည့် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ သမီးဘဝလိုအပ်ချက်များကို ဖြည့်ဆည်းရန်သက်သက်။

ထို့ကြောင့်လား မသိပါ။ ကျွန်တော်သည် သမီးရဲ့အမေကိုပါ မမျှော်

လင့်ဘဲ ထပ်မံဆုံးရှုံးခဲ့ရသည်။ (ကျွန်တော်တို့ သားအဖကို စွန့်ပြေးသည်… ဟု တချို့က စွပ်စွဲသည်။)

တော်တော်လေးတော့ ထူးဆန်းသည်။ သမီးရဲ့အမေကို အကြောင်းမဲ့ ဆုံးရှုံးခဲ့ရသော်လည်း ကျွန်တော် ထူးထူးကဲကဲ ကြေကွဲဝမ်းနည်းခြင်း မဖြစ်မိ။ လုံးလုံးလျားလျား ဝမ်းမနည်းတာလည်း မဟုတ်။ ထိုက်သင့်သည့် ပမာဏအတိုင်းအတာအထိတော့ ကျွန်တော် ကြေကွဲဝမ်းနည်းခဲ့ပါသည်။ ထိုကြေကွဲဝမ်းနည်းမှုများ ဖြစ်ရသည့် အဓိကအကြောင်းရင်းက တစ်ခုတည်း…။ လောကတွင် အခက်အခဲများစွာဖြင့် ရင်ဆိုင်ရမည့် သမီးအတွက် အစစအရာရာ ကူညီဖေးမရန် အဓိကလိုအပ်သည့် အရေးကြီးသည့် မိခင်အရင်းကို ဆုံးရှုံးရသောကြောင့်သာ ဖြစ်ပါသည်။

မတတ်သာသည့်အဆုံးမှာ ကျွန်တော်သည် မိဘမောင်နှမများ၏ အကူညီဖြင့် သမီးကို အရွယ်ရောက်အောင် ကိုယ်တိုင် ခက်ခဲပင်ပန်းစွာ မွေးမြူခဲ့ရပါသည်။

အလုပ်ချိန်မှအပ ကျွန်တော့်အချိန်ဟူသမျှသည် သမီး၏ ဝေယျာဝစ္စများဖြင့်သာ ကုန်ဆုံးခဲ့ရသည်။ ဆွံ့အ နားမကြားကျောင်းသို့ ကျွန်တော်ကိုယ်တိုင် အကြိုအပို့လုပ်သည်။ သမီးနှင့်သက်ဆိုင်သမျှ သင်တန်းများအားလုံးသို့ ကျွန်တော်ကိုယ်တိုင် တက်တက်ကြွကြွလိုက်ပို့သည်။ ထိုမျှမကပါ။ သမီးသွားလိုရာ နေရာမှန်သမျှကို မရောက်မရှိရအောင်၊ လုပ်ချင်တာမှန်သမျှကို မလုပ်ရမဖြစ်ရအောင် ကျွန်တော်ကိုယ်တိုင် ပျော်ရွှင်စွာလိုက်ပါဖြည့်ဆည်းပေးခဲ့ပါသည်။

အရွယ်ရောက်လေ လှသွေးကြွယ်လေဖြစ်သည့် သမီးကို စိုးရိမ်စိတ်တစ်ဝက်၊ ဂုဏ်ယူစိတ်တစ်ဝက်ဖြင့် အရိပ်တကြည့်ကြည့်လုပ်ကာ သတိကြီးစွာဖြင့် ရင်အုပ်မကွာစောင့်ရှောက်ခဲ့ပါသည်။

သို့သော်…

× × ×

'သမီးယောကျ်ားနောက် လိုက်ပြေးသည်' …ဆိုသည့် သတင်းငှက်ဆိုးထိုးသံကို ကြားစက ဦးခေါင်းရှစ်စိတ်ကွဲသည့်နှယ် ခံစားရသည်။ နှလုံးသွေးပျက်လုအောင် ချောက်ချားတုန်လှုပ်ရတဲ့ ဒုတိယစကား…။

ထုံးစံအတိုင်း ဘယ်သူနဲ့လဲ…၊ ဘယ်တုန်းကလဲ…ဆိုသည့် မေးရိုးမေးစဉ်များပင် မမေးမိ။ ရင်မီးတောက်ပြီး ဦးနှောက်ပွက်ပွက်ဆူနေသည်။ ကျွန်တော့်ဘဝမှ နုတ်ဖယ်မေ့ဖျောက်ထားနိုင်ခဲ့တာ ကြာပြီဖြစ်သော သမီးရဲ့မိခင်ကိုလည်း ထူးထူးခြားခြား သွားသတိရမိသည်။ သူသာ သမီးနှင့်အတူရှိခဲ့လျှင် ယခုလို ဖြစ်မည်မထင်။

တကယ်တော့ ဖခင်တစ်ယောက်သည် အရွယ်ရောက်လာသည့် သမီးတစ်ယောက်ကို မျက်ရှုရတနာတစ်ပါးလို ချစ်သောမျက်စိဖြင့် ဘယ်လိုပဲ အရိပ်တကြည့်ကြည့် ကြည့်စေကာမူ မမြင်မတွေ့နိုင်တာ များစွာရှိပါသည်။ 'သမီးကို သိနားလည်သည်'…ဟု ထင်မိခြင်းမှာ သမီးကို လုံးလုံးလျားလျားနားမလည်ခြင်းသာ ဖြစ်သည်ဆိုတာ အခုတော့သိပြီ။

ကြိမ်မီးအုံးသောအသည်းနှလုံးဖြင့် သမီးကို ကျွန်တော်ရှာသည်။ သိပ်ခက်ခက်ခဲခဲပင် မရှာလိုက်ရ။ သတင်းအစအနကို ချက်ချင်းရသည်။ ရတော့လည်း မယုံချင်စရာ။ သမီးလိုက်ပြေးသည့်သူငယ်မှာ ဒေါ်အေးမူရဲ့သား အာကာလွင်လို့ဆိုပါလား။

'ဖြစ်မှ ဖြစ်ရလေ သမီးရယ်'

ကျွန်တော့်ရင်မှာ နာကျင်ဆို့နင့်ရပြန်သည်။

သမီးဘဝကို တကယ်စာနာနားလည်မှု ပေးနိုင်မည့် စစ်မှန်သည့် မေတ္တာရှင်များဖြစ်လေမလား…ဟု ဝိုးတဝါး မျှော်လင့်ချက်များမှာ 'အာကာလွင်' ဆိုသည့် အမည်ကြောင့် 'နေလာနှင်းပျောက်'ဖြစ်ရသည်။ အာကာလွင်ဆိုတာ ပညာမတတ်၊ လက်ကြောမတင်းသည့် ရပ်ရွာက အော့နှလုံးနာအောင် သော့သွမ်းဟော့ရမ်းသည့် 'ဝေလေလေ' တစ်ယောက်။ အိုကြီးအိုမ မိခင်မုဆိုးမကိုပင် ဒုက္ခတွင်းမှ တက်မရအောင် ပြုမူနေတဲ့သူ။ မိန်းမတွေယူခဲ့တာလည်း သောက်သောက်လဲ။ အိမ်ထောင်ရေးကို ထမင်းစားရေသောက်မျှသာ သဘောထားတတ်တဲ့သူ။ ဘယ်တစ်ယောက်ကိုမှ စွဲစွဲမြဲမြဲ ပေါင်းသင်းသည်လည်း မဟုတ်။ 'စလယ်ဝင် ဖင်မမည်း' မီမှာပဲ ကွဲတတ်ကွာတတ်စမြဲ။

အာကာလွင့်အကြောင်းကို အရပ်ထဲက အခြားမိန်းမပျိုလေးများ သိသည့်နည်းတူ သမီးလည်းသိသည်။ အာကာလွင်ကို အရပ်ထဲက အခြားမိန်းကလေးများ ခါးသီးမုန်းတီးသည့်နည်းတူ သမီးကလည်း မုန်းတီးသည်။ (အဲ

…မုန်းတီးသည်ဟု ထင်မိခဲ့သည်။) ကျွန်တော်သည် သမီးကို အာကာလွင်နှင့် ပတ်သက်ဆက်စပ်လာလိမ့်မည်ဟု အနည်းငယ်မျှပင် သံသယမဝင်မိခဲ့။ အဝေးမှ အန္တရာယ်များကိုသာ တွေးတောပူပန်ခဲ့သည်။ အနီးက တကယ့် အန္တရာယ်ကို မမြင်မိခဲ့။

လောကကြီးသည် ကျွန်တော်တွေးထင်ထားသည်ထက်ပင် ပိုမိုဆန်းပြားနေသလား…။ ကျွန်တော်ကပဲ လောကသဘာဝ၊ လူ့အလေ့အထများကို တင်ကြိုမသိမမြင်နိုင်လောက်အောင် အသိဉာဏ် ဆွန့်ရှားနည်းပါးသူလား…။

အခုတော့ သမီးကို ကျွန်တော် လက်လွှတ်ဆုံးရှုံးခဲ့ရပြီ။ ဘယ်လောက်ပဲ မြတ်နိုးတွယ်တာသည်ဖြစ်စေ၊ ဘယ်လောက်ပဲ နမြောတသ ယူကျုံးမရသည်ဖြစ်စေ၊ သမီးကို ကျွန်တော် လက်လွှတ်ဆုံးရှုံးခဲ့ရပြီ။

ချို့ယွင်းချက် ရှိသော်လည်း ကျန်းမာသန်စွမ်းပြီး သွေးသားဆူဖြိုးသော သမီးသည် သဘာဝအတိုင်း သူ့လမ်းသူလျှောက်လှမ်းသွားပြီ…။ အန္တရာယ်နင်းကြမ်းဖြင့် ဆူးပြွမ်းသည့်လမ်း ဖြစ်စေကာမူ အချစ်သွေးဆူကာ ရဲဝံ့တက်ကြွနေသော သမီးက မမှုပါ။ သူ့လမ်းကိုသူ စိတ်ကြိုက်ရွေးချယ်ကာ ပြတ်ပြတ်သားသား လျှောက်လှမ်းသွားခဲ့ပါပြီ…။

× × ×

တွေးထင်ထားသည့်အတိုင်းပင် သမီးတို့ အိမ်ထောင်ရေးမှာ မသာယာခဲ့ပါ။

အဦးအစနေ့ရက်များမှာတော့ သမီးပျော်ခဲ့ပုံရသည်။ ရဲရင့်ပြတ်သားသော အချစ်သူရဲကောင်းမလေး ဟန်မျိုးဖြင့် မြူးမြူးထူးထူးရှိခဲ့သည်။ လောကကို ထီမထင်၊ သောကဆို မြူမမြင်ဘဲ တိမ်ညွန့်စားသည့် နတ်မြင်းပျံ အလား ကြွားကြွားရွားရွား ပပလွှားလွှား။ ပတ်ဝန်းကျင်က မေးငေါ့တာလည်း အမှုမထား။ အနေအစားဆင်းရဲတာလည်း ဂရုမထား။

နောက်ပိုင်းမှာတော့ သမီးအမူအရာ ညှိုးနွမ်းလာသည်။ နဂိုကမှ စားဝတ်နေရေး ချို့တဲ့ကျပ်တည်းသော မိသားစုမှာ ပါးစပ်တစ်ပေါက် ထပ်တိုးရတာဆိုတော့ သမီးအတွက် အစစအရာရာ ခက်ခဲပါလိမ့်မည်။ အာကာလွင်ကလည်း သမီးကို တစ်ခဏသာဂရုစိုက်သည်။ နောက်တော့ သူ့ပင်ကို

ဗီဇစရိုက်အတိုင်း သောက်သောက်စားစား ပေါးလားဝါးလားနေမြဲနေကာ သမီးကို ပစ်ထားသည်။ ဆင်းရဲပင်ပန်းစွာ ရပ်တည်နေရသည့် ယောက္ခမအိမ် ထက်မှာ ချွေးမ မျက်နှာငယ်ရသည်။

အားနည်းချက်ရှိသည့် မိတဆိုးလေးမို့ တစ်ဆွေလုံးတစ်မျိုးလုံးက 'ရွှေလိုဥ' ထားခြင်း ခံခဲ့ရသော သမီးသည် 'ပိုးထိုးလောက်ကိုက် အချစ် သစ်သီး' ကို ကြိုးစားကိုက်မြည်းရှာသည်။ ဆွဲ့အနှားမကြားကျောင်းမှ တတ် ကျွမ်းလာခဲ့သည့် အပ်ချုပ်ပညာဖြင့် နေ့မအားညမနား ပြေးပြေးလွှားလွှား ဖွေရှာကာ ယောက္ခမနှင့်ယောကျ်ားကို ထောက်ပံ့ရသည်။

သမီးဖွေရှာပေးသောငွေဖြင့် အာကာလွင်က အရပ်တကာလှည့်ကာ 'သောက်သောက်စားစား လူမင်းသား' လုပ်နေသည်။ သူ့စိတ်အခန့်မသင့် လျှင် သမီးကို ရိုက်မောင်းပုတ်မောင်းပြုတတ်သည်။ အိမ်နီးချင်းများမို့ မကြည့်သော်လည်း မြင်နေရသည်။ မစွင့်သော်လည်း ကြားနေရသည်။ မြင် တိုင်းကြားတိုင်းလည်း စိတ်အဆင်းရဲကြီး ဆင်းရဲရသည်။

ဆိုင်သာဆိုင် မပိုင်သည့်ဘဝမို့ သမီးရဲ့ မနိုင်ရင်ကန် လောကဓံများ ကို မြင်တိုင်းကြားတိုင်းမှာ နှလုံးသည်းပွတ်ကို ပြုတ်တူဖြင့် ဖျစ်ညှစ်ခံရသလို ကျွန်တော့်ရင်မှာ နာကျင်ခံစားရပါသည်။

အမိုက်မကတော့ သူ့မိုက်ကြွေးမိုက်ပြစ်ကို အံတင်းကာ ရင်စည်းခံ သည်။ နွမ်းနွမ်းပါးပါး ညှိုးညှိုးငယ်ငယ်ဖြစ်နေရှာသည့် သမီးကို မကြည့် ရက်နိုင်သည့် ကျွန်တော်တို့မိသားစုသည် (အဆိပ်ပင် ရေလောင်းတာမှန်း သိသည့်တိုင်) နည်းမျိုးစုံဖြင့် သမီးကို ကူညီထောက်ပံ့ရန် ကြိုးစားခဲ့သည်။ သို့သော် မာနခဲသမီးက ကျွန်တော်တို့၏ အကူအညီ အထောက်အပံ့များကို လုံးဝလက်မခံပါ။ သိလျှင်သိချင်း ပြန်ပေးတတ်သည်။ ကျွန်တော်တို့၏ အပေး အကမ်း အထောက်အပံ့ကို သမီးငြင်းဆန်တတ်တာကို အာကာလွင်တို့ သိသွား သောအခါ သမီးကို အငြိုးအတေးထားကာ ပိုမိုညှဉ်းပန်းတတ်ကြောင်းလည်း အရပ်ထဲမှ ပြန်ကြားရသည်။

သမီးနှင့်ပတ်သက်သည့် စိတ်မချမ်းသာစရာများကို နေ့စဉ် မြင်နေ ကြားနေရသောအခါ ကျွန်တော်တို့ ဆက်လက်မခံစားနိုင်တော့ပါ။ မမြင်ကွယ် ရာ၊ မကြားဝေးရာ အရပ်မှာ မျက်စိမှိတ်၊ နားပိတ်ကာ နေချင်ပါသည်။ အများ

နှင့်မတူသည့် သမီးမို့ နောက်ဆံတင်းနေမိသော်လည်း 'သတ္တဝါတစ်ခု၊ ကံတစ်ခု' ဟု ဖြေသိမ့်ရသည်။ ကံဆိုးလွန်းသူလေးမို့ မျက်ကွယ်မှာ စိတ်မချသော်လည်း 'ကိုယ်မချိ၊ အမိသော်လည်း၊ သားတော်ခဲ' ဟု နှလုံးသွင်းရသည်။

နောက်ဆုံးမှာ ကျွန်တော်တို့သည် နှစ်ပေါင်းများစွာ နေလာသည့် နေရာကို စွန့်ခွာပြောင်းရွှေ့ခဲ့ကြပါသည်။

× × ×

အနေဝေး၍ မမြင်ရမကြားရလျှင် စိတ်သက်သာမည် ထင်ခဲ့သော်လည်း လက်တွေ့မှာ မဟုတ်ပါ။

အနေဝေးသော်လည်း သမီးရဲ့သတင်းများကို အဆက်မပြတ် ကြားနေသည်။ (မကြား-ကြားအောင်လည်း နားစွင့်ထားမိသည်လေ။) ကြားသမျှကလည်း စိတ်ချမ်းသာစရာ တစ်ကွက်မှမရှိပါ။ အိမ်ထောင်ရေးဟူသည် သံတိုင်အိမ်ပင်ဖြစ်စေကာမူ အခန့်မသင့်လျှင် ကျိုးတတ်သည့် သဘာဝရှိပေရာ သမီးတို့လို သဲသောင်ခုံပေါ်မှာ တည်ဆောက်မိတဲ့ တိုက်အိမ်ကတော့ အချိန်မရွေး လဲပြိုသွားနိုင်တာ ကောင်းစွာ ခန့်မှန်းတွက်ဆနိုင်ပါသည်။

စောစီးစွာ မလဲမပြိုခဲ့ခြင်းမှာ အံ့မခန်းအောင် သည်းခံနိုင်စွမ်းအားကြီးမားသည့် သမီးကြောင့်သာဖြစ်သည်။

သို့ရာတွင် မကြာမီလဲပြိုတော့မှာ သေချာသည်။ စဉ်ဆက်မပြတ်ရနေသည့် သမီးတို့ရဲ့သတင်းများထဲမှာ သူတို့အိမထောင်ရေး အက်ကွဲသံကိုကြားသည်။ အိမ်ပြန်ရန်ပြင်ဆင်နေသည့် သမီးရဲ့ခြေသံကို ကြားသည်။

အာကာလွင်သည် သူ့မူလအကျင့်စရိုက်အတိုင်း နောက်ကောင်မလေးတစ်ယောက်နှင့် ရပ်သိရွာသိရှုပ်နေသည်။ အလွန်တိုတောင်းသည့် ကာလလေးအတွင်းမှာပဲ သမီးကို ငြီးငွေ့သွားပုံရသည်။ တုပြိုင်ဖက်ကင်းသည့် အလှပိုင်ရှင်ဖြစ်စေကာမူ ပီယဝါစာ စကားမဆိုနိုင်သော သမီးကို ကြာရှည်သည်းခံနိုင်ပုံမရ။ ထို့ပြင် ကြွယ်ပိုးကြွယ်ဝ ကျွန်တော်တို့မိသားစုထံမှ အကူအပံ့ကို နည်းနည်းလေးမှ မယူသည့်သမီးကို မြန်မြန်ထက်ထက် စိတ်ပျက်ခဲ့သည်ထင်သည်။

နောက်ဆုံးမှာတော့ သမီး ကျွန်တော့်ထံ ပြန်ရောက်ခဲ့သည်။

× × ×

အိမ်ထောင်ပျက်ပြီး ပြန်လာသူကို မိသားတစ်စုလုံးက လှိုက်လှဲဝမ်းသာ ကြိုဆိုကြသည်ဆိုသည်မှာ လူကြားလို့တော့ မကောင်းပါ။ သို့သော် ကျွန်တော်တို့တစ်မိသားစုလုံးသည် သမီးကို ထိုအတိုင်း ကြိုဆိုခဲ့သည်။

အပျော်ဆုံးသူကတော့ ကျွန်တော်ပဲပေါ့။

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော် ပြည့်ပြည့်ဝဝမပျော်ရဲပါ။ 'ခဲမှန်ဖူးတဲ့ စာသငယ်'လို စိုးစိုးထိတ်ထိတ် ရွံ့ရွံ့ကြောက်ကြောက်နှင့် မဝံ့မရဲရှိလှသည်။ အချိန်မရွေး နောက်ကြောင်းပြန်လှည့်သွားမှာ ပူပန်နေမိသည်။

သမီးမျက်နှာကိုကြည့်၍ သမီးနှလုံးသားကို ကျွန်တော် စာဖတ်နိုင်ပါ့မလား...။ သမီး နေပုံထိုင်ပုံ လှုပ်ရှားပြုမူပုံကို အကဲခတ်၍ သမီးဦးနှောက်ကို ကျွန်တော် ဘာသာပြန်နိုင်ပါ့မလား...။ အရွယ်ရောက်ပြီးသော သမီးကို ဖခင်က အကြွင်းမဲ့ သိနားလည်ဖို့မလွယ်မှန်း အလွန်ခါးသီးသည့် ဘဝအတွေ့အကြုံအရ သိခဲ့ပြီ။ ချို့ယွင်းအားနည်းချက် အနည်းငယ်ရှိသည့်တိုင် အရွယ်ရောက်ပြီးသော သမီးကို ဖခင်က အကြွင်းမဲ့ သိနားလည်ဖို့ဆိုတာ အင်မတန်ခက်ခဲပါသည်။

ပြီးတော့ အချစ်ဆိုတာကလည်း 'ရေခဲရုပ်'လား...။ 'ကျောက်ဆစ်ရုပ်'လား...။ ဝေဝါးထွေပြား လှပါဘိ။

× × ×

နှစ်ပတ်လည်အောင် အိမ်တွင်းအောင်းနေသောသမီးက ဘုရားသွားချင်သည်ဟု ပူဆာသောအခါ ကျွန်တော် ကျေနပ်ပျော်ရွှင်စွာ လိုက်ပို့ပေးခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် ဘုရားရင်ပြင်တော်ပေါ်မှာ အာကာလွင်ကို ကောင်မလေးတစ်ယောက်နှင့် လက်ချင်းတွဲလျက်တွေ့သည်။ သမီးမြင်လျှင် စိတ်အနှောင့်အယှက်ဖြစ်မည်ထင်၍ မြင်ကွင်းကွယ်ရန် သမီးရှေ့မှာ ကျွန်တော် ပိတ်ရပ်လိုက်သည်။

မျက်စိလျှင်သောသမီးက မြင်ပြီးဖြစ်နေသည်။ ကျွန်တော်မမြင်မီကပင် တင်ကြိုမြင်ခဲ့ပုံရသည်။ သူစိမ်းတစ်ရံဆံကို ကြည့်သည့် ခံစားချက်မဲ့ အကြည့်ဖြင့်သာ အမှုမဲ့အမှတ်မဲ့ တစ်ချက်ကြည့်သည်။

သို့ရာတွင် စိုးရိမ်သောကဖြင့် ဗျာများသွားသော ကျွန်တော့်ကို ကြည့်

၍ သမီးကပြုံးသည်။

သမီးရဲ့ တည်ငြိမ်သောအကြည့်နှင့် အေးဆေးသောအပြုံးကို မြင်ရသောအခါ ကျွန်တော် ရင်အေးသွားသည်။ ကာလများစွာ ပျောက်ဆုံးခဲ့သော သမီးရဲ့အကြည့်နှင့်အပြုံး…။ တစ်လောကလုံးမှာ ဖခင်မှတစ်ပါး အခြားမရှိသည့် သမီးရဲ့အကြည့်နှင့်အပြုံး…။ လိုလားတောင့်တစွာ ကြာရှည်ကြာမျှော မျှော်လင့်စောင့်စားခဲ့ရတဲ့ သမီးရဲ့ အကြည့်နှင့်အပြုံး…။

နှလုံးစိတ်ဝမ်း အေးချမ်းစေသည့် သမီးရဲ့အကြည့်နှင့်အပြုံးကို ဟိုတုန်းကလိုပဲ ကျွန်တော် ပြန်ရပြီ။

အရွှန်းမြဆုံး၊ အတောက်ပဆုံးအပြုံးဖြင့် သမီးကို ကျွန်တော် ကျေနပ်စွာ တုံ့ပြန်ပြုံးပြလိုက်ပါသည်။ ။

'ကလျာ'မဂ္ဂဇင်း
အမှတ် ၃၄၃၊ အောက်တိုဘာလ၊ ၂၀၁၃ ခုနှစ်။
နှစ် ၁၀၀ ပြည့်အကြို
မှတ်မှတ်ရရ မြန်မာဝတ္ထုတိုများ (၂)
စိတ်ကူးချိုချိုစာပေတိုက်
စက်တင်ဘာလ၊ ၂၀၁၅ ခုနှစ်။

...လူတစ်ယောက်

နောက်ဆုံးထွက်သက် ရှိုက်ပတ်ချိန်ထိ

သူ့အနီးအနားမှာ တခြားဘယ်သူမှ

ရှိမနေဘူးဆိုတာ အလွန်ပင်

ဆိုးရွားလှပါသည်။

အခင်မတန်လည်း ကြေကွဲဝမ်းနည်းစရာ


ကောင်းလှပါသည်။ သို့ရာတွင်

ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကို

ဂဃနဏ သေသေချာချာသိမည်ဆိုပါက

ဘယ်သူဘယ်သူမှ

ကဲ့ရဲ့ရှုတ်ချစရာ မရှိပြန်ပါ...



## အဆုံးသတ်တစ်ခုရဲ့အရွေ့များ

နောက်ဆုံးတော့ 'မကြီး' ဆုံးပြီ။

ကာလရှည်ကြာ အိပ်ရာထဲ လဲနေပြီးတဲ့နောက်မှာ မကြီးတစ်ယောက် ကွယ်လွန်တိမ်းပါး သွားခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် မကြီးအနီးအပါးမှာ ဘယ်သူမှ မရှိကြ။

လူတစ်ယောက် နောက်ဆုံးထွက်သက် ရှိုက်ထုတ်ချိန်၌ သူ့အနီးအနားမှာ အခြားဘယ်သူမှ ရှိမနေဘူးဆိုတာ အလွန်ပင် ဆိုးရွားလှပါသည်။ အင်မတန်လည်း ကြေကွဲဝမ်းနည်းစရာကောင်းလှပါသည်။ သို့ရာတွင် ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကို ဂဃနဏ သေသေချာချာ သိမည်ဆိုပါက ဘယ်သူ့ဘယ်သူမှ ကဲ့ရဲ့ရှုတ်ချစရာ မရှိပါ။

သေခြင်းသည် ရံဖန်ရံခါ အလွန်လျင်မြန်၏။ တစ်ခါတလေတော့လည်း မယုံနိုင်စရာ ဖင့်လေးနှေးကွေး၏။

ကျွန်တော်တို့သည် သေခြင်း၏ မြန်ဆန်မှုကို 'ကံဆိုးခြင်း' ဟု သတ်မှတ်ကာ ဝမ်းနည်းစိတ်မကောင်း ဖြစ်တတ်ကြသည်။ သေခြင်း၏ ဖင့်နှေးမှုကိုတော့ 'ကံကောင်းခြင်း' ဟု မှတ်ထင်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်သည်။

သေခြင်း၏ ဖင့်နှေးခြင်းသည် ဝမ်းသာစရာဟု ယေဘုယျဆိုနိုင်သော်လည်း အခါခပ်သိမ်းတော့မဟုတ်ပါ။ အသက်ရှင်နေသူတစ်ယောက် (သို့မဟုတ်) အသက်ရှင်ရန် မျှော်လင့်နိုင်သေးသည့် သေကောင်ပေါင်းလဲ ဖြစ်နေ

သူတစ်ယောက်ထံ သေခြင်းသည် ဖြည်းဖြည်းဆေးဆေးသာ လာမည်ဆိုပါက အင်မတန် ဝမ်းသာစရာကောင်းပါမည်။ မထင်မှတ်နိုင်သော အပြောင်းအလဲ တစ်ခုက အချိန်မရွေးဖြစ်ပေါ်လာနိုင်သည်။ ကံကောင်းလျှင် အသက်ဆက် လက်ရှင်သန်ဖို့ အခွင့်အလမ်းပေါ်လာနိုင်သည်။ သို့သော် အသက်ဆက်ရှင် ရန် အနည်းငယ်မျှပင် မျှော်လင့်ချက်မထားနိုင်သူ တစ်ယောက်အတွက်တော့ သေခြင်း၏ ဖင့်နွေးမှုသည် ဝန်ထုပ်ဝန်ပိုး တစ်ခုသာဖြစ်ပါသည်။ ဝေဒနာကို အရှည်အကြာခံစားခိုင်းသလို ဖြစ်နေသည်။

မကြီးသည် ဒုတိယအမျိုးအစားမှာပါသည်။

သက်ဆိုင်ရာဆရာဝန်များက 'ပျောက်ကင်းအောင် ကုသလို့မရတော့' …ဟု သတ်မှတ်အပြီးမှာ မကြီးကို စာနာသနားစိတ်များဖြင့် အားလုံးက လို လေးသေးမရှိအောင် ဝိုင်းဝန်းပြုစု စောင့်ရှောက်ကြ၏။ ဆရာဝန်မှတ်ချက်ကို မကြီးမသိအောင် အထူးလျှို့ဝှက်ထားကြသည်။ ဒါပေမဲ့ ကျွန်တော်တို့မျက်နှာ များထက်မှာ အစွန်းအစများ ပေါ်ထွက်နေမည်။ သည်းသည်းလှုပ်ကာ ပျာယာ ခတ်နေသည့် မူဟန်များက အဖြစ်မှန်ကို ဖော်ပြနေမည်။ အင်မတန် အကင်းပါး သည့် မကြီးက ခပ်လွယ်လွယ်ပဲ ရိပ်စားမိမည်။ ဝေဒနာကို လက်တွေ့ခံစား နေရသူမို့လည်း ပကတိအခြေအနေကို အသိဆုံး ဖြစ်နေပါလိမ့်မည်။ သို့ရာ တွင် မကြီးက ဘာမှမသိဟန်ဆောင်ကာ နေရှာသည်။ လိုအပ်သည်ထက် ပိုမိုသည့် ပြုစုယုယမှုများ၊ စာနာထောက်ထားမှုများ၊ သနားကြင်နာမှုများကို ယုံ့ယုံ့အပြုံးဖြင့် ငြိမ်သက်စွာခံယူသည်။

မကြီးနံဘေးက မောင်နှမသားချင်းများ၊ ဆွေမျိုးမိတ်ဆွေများ၊ သူငယ်ချင်းအပေါင်းအသင်းများ စုံလင်စွာ ဝိုင်းအုံနေကြသည်။ လူတိုင်း၏ အာရုံစိုက်ခြင်းကို ခံယူနေရသည်။ အထူးအခွင့်အရေးများလည်း ရရှိနေသည်။ မကြီး ဘာလုပ်ချင်သလဲ၊ အသင့်…။ မကြီးဘာဖြစ်ချင်သလဲ၊ အသင့်…။ လိုအင်ဟူသမျှကို သူ့ထက်ငါ ဦးအောင် ဖြည့်ဆည်းပေးချင်သူများ ဝိုင်းဝိုင်း လည်နေသည်။ အချို့ဆိုလျှင် မျက်စိနောက်ချင်စရာကောင်းအောင် ပျာပျာ သလဲ အဖြစ်သည်းနေကြပါသေးသည်။

လူမမာတစ်ယောက်အတွက်တော့ ထိုသို့ အာရုံစူးစိုက်ခံရခြင်း၊ အထူးအခွင့်ရေးရရှိခြင်းနှင့် ကြင်နာစွာ ပြုစုစောင့်ရှောက်ခံရခြင်းတို့မှာ

တကယ် လိုအပ်ပါသည်။ အထူးသဖြင့် အနိုက်အတန့်မျှသာ အသက်ရှင်တော့မည်ဟု သတ်မှတ်ခံထားရသည့် မကြီးလို 'သေချင်ပတ်ကျိ' ဖြစ်နေသူတစ်ယောက်အတွက်ပေါ့ . . .။

× × ×

မကြီးအတွက် သေခြင်း၏ အရွေ့သည် အလွန် ဖင့်နွှေးလေးနေးကွေးသည်။

မကြီး၏ သေဆုံးမှုသည် 'မျက်စိတစ်မှိတ် လျှပ်တစ်ပြက်' လည်း မဖြစ်ခဲ့။ 'ဆန့်သောလက် မကွေးမီ၊ ကွေးသောလက်မဆန့်မီ' လည်း မဖြစ်ခဲ့။ 'နေမြင်ညပျောက်' လည်း မဖြစ်ခဲ့။ 'ကြာကြာမခံ' . . .ဟု တွေးထင်ထားကြသော်လည်း မကြီးက လူအများ ဩချရလောက်အောင်ပင် အသက်ရှင်နေပြခဲ့သည်။ ရောဂါများ သက်သာပျောက်ကင်းလို့တော့ မဟုတ်ပါ။ ရောဂါစုံနာတာရှည်လူမမာဘဝဖြင့် အိပ်ရာထက်မှာ ဝေဒနာကို ကာလရှည်ကြာ ခုခံစစ်ဆင်နွဲကာ ရှင်သန်ခဲ့ခြင်းသာဖြစ်ပါသည်။

သေခြင်း၏ လျင်မြန်မှုသည် ကြောက်စရာကောင်း၏။ ထိုထက်သာလွန်၍ သေခြင်း၏ ဖင့်နွှေးမှုက ပိုမိုကြောက်စရာကောင်း၏။

အိပ်ရာထက်က မကြီး၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်းချင်းသာ ယိုယွင်းဆုတ်ယုတ် ပျက်စီးနေသည်။ ဦးစွာ ခန္ဓာကိုယ်မှ အရည်ဓာတ်များ လွင့်ပျံခန်းခြောက်သည်။ ဝင်းဝင်းပပ စိုစိုပြည်ပြည်ရှိခဲ့သော အသားအရေမှာ ကြည့်နေရင်းမှာပင် တစ်စတစ်စ သွေ့ခြောက်လာသည်။ အရောင်အဆင်း မှိန်ဖျော့လာသည်။ ရုပ်ရည်များလည်း မျက်စိရှေ့မှာပဲ ကျဆင်းအိုမင်းသွားသည်။ ဘက်ပေါင်းစုံက သိသာစွာ ယိုယွင်းပျက်စီး လာနေသော်လည်း လူက ဟန်ဟန်ပန်ပန်ရှိသေးသည်။ စိတ်ဓာတ်က မာမာထန်ထန်ရှိသေးသည်။ မရဏာမင်းကို ခုခံတိုက်ခိုက်ရန် အင်အားတချို့ ကျန်ရှိနေသေးသည်။

သည်အချိန်အထိလည်း မကြီးအနားမှာ လူအများ ဝိုင်းဝိုင်းလည်နေသေးသည်။ မကြီး၏ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်ခွန်အားနှင့် အားမာန်ကို ချီးကျူးဩဘာပေးနေကြသေးသည်။ နေ့ရောညပါ မကြီးအနားမှာ သတင်းမေးသူများ စုအုံခဲနေသည်။ လူမမာသတင်းမေးလာရသည်မှာ ပျော်စရာတစ်မျိုးဖြစ်နေသည်။ ဝေယျာဝစ္စ အသေးအမွှားများကိုလည်း ပေါ့ပေါ့ပါးပါး ဖြည့်

ဆည်းဆောင်ရွက်ပေးသွားကြသည်။

နောက်တော့ မကြီးခန္ဓာကိုယ်မှ အဆီအသားများ လျော့ပါးလာသည်။ ထို့နောက် ကွယ်ပျောက်သည်။ ခပ်ဖိုင့်ဖိုင့်မကြီးကို 'အခုမှ ကိုယ်ရည်စစ်ပြီး ကြည့်ကောင်းလာတယ်'…ဟု ကျွန်တော် မဆင်မခြင်ပြောမိသည့်အခါ မကြီးက 'သေပန်းပွင့်တာ'…ဟု ခပ်တိုးတိုးလေး ပြန်ပြောပြီး မချိပြုံး ပြုံးလျက် မျက်ရည်လည်နေရှာသည်။

တံတောင်နှစ်ဖက်ထောက်ကာ၊ ဟိုဆွဲသည်ဆွဲပြုလုပ်ကာ အိပ်ရာထက်မှ ထနိုင်၊ ထိုင်နိုင်သော်လည်း နောက်ဖေးနောက်ဖီ သွားချင်သောအခါ လူတွဲဖြင့်သာ သွားနိုင်၊ လာနိုင်တော့သည်။ ကိုယ်လက်သန့်စင်တာ၊ မျက်နှာသစ်တာကအစ တစ်ပါးသူအကူအညီယူရသည်။ တစ်သက်လုံး စိတ်မြန်လက်မြန်ဖြင့် ကိုယ့်လက်ကိုယ့်ခြေ ပြုမူလာခဲ့သူတစ်ဦးသည် စိတ်သွားတိုင်းကိုယ်မပါနိုင်သောအခါ 'နှုတ်ပူလက်ကြမ်း' ဖြစ်လာသည်။ နဂိုအေးဆေးသိမ်မွေ့ခဲ့သော်လည်း ယခုအခါမှာ မာကျောခက်ထန်လာသည်။ တစ်ချိန်လုံး အော်လိုက်၊ ဟစ်လိုက်၊ ဟိန်းလိုက်၊ ဟောက်လိုက်နှင့် ပွဲကြမ်းနေတတ်သည်။ ပြုစုစောင့်ရှောက်ပေးနေသူတို့၏ စေတနာများသည် ဝေဒနာဖြစ်ရသည်။

နိစ္စဓူဝ အဆိုအပြော ခံရဖန်များလာသောအခါ မကြီးအပါးမှာ ဝိုင်းဝိုင်းလည်နေသူတို့ ကျဲပါးသွားသည်။ မသိမသာ ပျောက်ကွယ်သွားသူများမှာ မိတ်ဆွေအပေါင်းအသင်းအချို့က ပထမ။ ဆွေမျိုးနီးစပ်များက ဒုတိယ။ သွေးသားရင်းများမဟုတ်သူများက တတိယ။ မောင်းရင်းနှမများကသာ မကြီးကို ဝတ္တရားမပျက် ဆက်လက်ပြုစုစောင့်ရှောက်နေကြသည်။

ကျွန်တော်တို့သည် အိပ်ရာထက်မှာ မကြီးလဲနေသော်လည်း အသံမာမာ၊ ဒေါမာန်ပါပါဖြင့် အော်နိုင်၊ ဟစ်နိုင်၊ ဆူနိုင်၊ ငေါက်နိုင်သေးတာကို 'ဝမ်းသာစရာ'…လို့ ထိုစဉ်က မတွေးမိပါ။ နောင်အခါ မကြီးကို မအော်နိုင်၊ မဟစ်နိုင်၊ မဆူနိုင်၊ မငေါက်နိုင်သည့် ရင်နှင့်ကျောကပ်နေသော 'သက်ရှိအလောင်းကောင်' ဘဝဖြင့် မြင်တွေ့ရသောအခါမှသာ နောင်တရမိကြသည်။ အခိုက်အတန့် ကာလတိုလေးကို သည်းမခံနိုင်ဘဲ 'နားပူနားဆာ' လုပ်လွန်းသည်လို့ ထင်မိခဲ့ကြသည်လေ…။

အခိုက်အတန့်ဆိုတဲ့ ကာလသည် လပေါင်းများစွာ ရှည်ကြာလာခဲ့

သည်။

ဝေဒနာက မကြီးကို တရစပ် ထိုးနှက်တိုက်ခိုက်နေသည်။ ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။ နည်းနည်းလေး လှုပ်လိုက်လျှင်ပင် ပြားချပ်နေသည့်ရင်မှာ 'ဖားဖို'လို ဖောင်းလိုက်ပိန်လိုက်ဖြစ်လာ၏။ တရှီးရှီးတရှဲရှဲနှင့် ခက်ခက်ခဲခဲအသက်ရှူကာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေ၏။ 'တစ်ကိုယ်လုံးညောင်းညာကိုက်ခဲသည်'…ဟုဆိုပြီး တစ်ချိန်လုံး နှိပ်ခိုင်း၊ နင်းခိုင်း၏။ နင်းစရာ၊ နှိပ်စရာ အသားကမရှိ။ အရိုးပေါ်မှာ ကပ်နေသည့် အရေပြားက အကြောပြိုင်းပြိုင်းထနေ၏။ ဆံပင်တိုတို ညှပ်ထား၏။ 'အိပ်ရာနာ' များကလည်း ကျောပြင်မှာ၊ လက်မောင်းမှာ၊ တင်ပါးမှာ၊ ပေါင်မှာ၊ ခြေသလုံးမှာ တစ်လုံးပြီးတစ်လုံး စေ့အောင်ပေါက်လာ၏။ ဟက်တက်ပြဲနေသည့် အိုင်းအနာများကိုမြင်လျှင် ကျောချမ်းကာ စိတ်မသက်မသာ…။ အနံ့အသက်များကလည်း အော်ဂလီဆန်ကာ ပျို့ချင်အန်ချင်စရာ…။

ဝေဒနာသည်းထန်သောအခါ လူးကာလိမ့်ကာဖြင့် သေလုမြောပါးခံစားရသည်။ ဆီးကင်းလောက်ကြီးသည့် ချွေးသီးချွေးပေါက်များ ဒီးဒီးကျသည်။ တစ်ကိုယ်လုံး ချွေးစေးဖြင့် ရွဲနစ်သည်။ ဝေဒနာ ကျဲပါးသောအခါ စိတ်အလိုမပြည့်မှုများဖြင့် ပူပြင်းလောင်မြိုက် နေပြန်သည်။ အလိုလိုနေရင်း စိတ်တိုနေသည်။ ဒေါသထွက်နေသည်။ ဘဝင်မကျ ဖြစ်နေသည်။

မကြီး၏ သည်းညည်းကို ခံနိုင်သူများ အတော်ရှားပါးသွားသည်။ မကြီးကလည်း နည်းနည်းလေးမှ မလျှော့…။ မောလို့ အသက်ထွက်ခါမှ ထွက်စေ။ သူ့ကို ပြုစုနေသူများကို မအော်ဘဲ၊ မဟစ်ဘဲ ခဏလေးမှပင် မနေ။ ဟိုဟာဆိုလည်း စိတ်တိုင်းမကျ၊ သည်ဟာဆိုလည်း စိတ်တိုင်းမကျ။ စေတနာဖြင့် လုပ်ပေးကိုင်ပေးသမျှဟာ အပြစ်ဆိုစရာချည်းသာ ဖြစ်လို့နေပါသည်။ အအော်ခံစရာ၊ အငေါက်ခံစရာချည်းသာ ဖြစ်လို့နေပါသည်။

ဝေဒနာကြောင့်သာ အခုလိုဖြစ်နေတာဆိုပြီး ငြိုငြင်စိတ်ကို အတင်းချိုးနှိမ်ရသည်။ စိတ်ထဲက ဘဝင်မကျလှ။ 'မျက်နှာမရ ခြေကျောက်ရ' ခဏခဏဖြစ်လာသောအခါ စေတနာက မကြည်လင်ချင်။ မောင်နှမများအတွက် သူ့ဘဝကို ရင်းနှီးမြှုပ်နှံကာ လုပ်ကျွေးစောင့်ရှောက်လာခဲ့သည့် မကြီး၏ ကျေးဇူးများကို မေ့ပစ်တာတော့ မဟုတ်ပါ။ သို့သော် ကျွန်တော်တို့သည်

သတိထားနေသည့်ကြားမှ 'မကြည်မဖြူ' ဖြစ်လာသည်။ ထို့နောက် 'ငြိုငြို ငြင်ငြင်' ဖြစ်လာသည်။ မကြီးကို ဝတ်ကြီးဝတ်ငယ် ဖြည့်ဆည်းစောင့်ရှောက် ပြုစုလာခဲ့ရသည့် ကာလမှာ အတော်ကြာမြင့်ခဲ့ပြီမဟုတ်လား…။ လူတွေ လည်း အလွန်အမင်း ပင်ပန်းလာခဲ့ပြီ မဟုတ်လား…။ ကိုယ်ဆင်းရဲ၊ စိတ် ဆင်းရဲဖြင့် ဖတ်ဖတ်မောနေပြီမဟုတ်လား…။

လပေါင်းများစွာ ကိုယ်ဖိရင်ဖိ ပြုစုနေပါသော်လည်း လူနာက တိုး တက်မှု အလျှင်းမရှိ။ အခြေအနေမှာ ပို၍ပို၍သာ ဆိုးရွားနေပါသည်။ ပြုစု စောင့်ရှောက်နေသူများက စိတ်ဓာတ်ယိုယွင်း ပြိုဆင်းလာသည်။

'မကြီး ဝေဒနာခံစားနေရတာ မမြင်ရက်တော့ဘူး။ စိတ်ဆင်းရဲတယ်။ ဝဋ်ကြီးလိုက်တာနော်'

ဝဋ်ဆိုတာ မကြီးလား…၊ ပြုစုနေရတဲ့သူတွေလား…။ ဝဋ်ကျွတ် အောင် ဘာဖြစ်စေချင်ကြတာလဲ…။

အလွန်ပင်ပန်းလာသောအခါ တစ်ယောက်ကိုတစ်ယောက် တွက် ကတ်လာကြသည်။ တာဝန်များကို သိသိသာသာ ခေါင်းရှောင်လာကြသည်။ အကြောင်းမရှိ အကြောင်းရှာပြီး မကြီးနှင့်ဝေးရာမှာ ဟိုလိုလို၊ သည်လိုလို လုပ်ကာ အချိန်ဖြုန်းနေတတ်ကြသည်။ ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်လာ သည့်အခါ 'သူခိုးသေဖော်ညှိ' သည့် စိတ်ထားဖြင့် အခြားသူများကို ငဲ့စောင်း ကြည့်ကာ အကဲခတ်မိသည်။ အို…သူတို့လည်း ကိုယ့်လိုပါပဲလား…။ ဘယ်သူမှ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်းမရှိကြတော့ပါလား…။ အလွန် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကြီးကို မလွှဲသာမရှောင်သာ မနိုင်ရင်ကန် ထမ်း ရွက်နေရသည်ဟု သဘောထားနေကြပါလား…။ ကြည်ကြည်သာသာ မရှိ သည့် မှုန်ကုပ်ကုပ် မျက်နှာထိမျက်နှာထား ကိုယ်စီဖြင့်ပါလား…။

မျှမျှတတ တွေးမည်ဆိုက မည်သူ့ကိုမှ အပြစ်ဆိုစရာမရှိ။ လူမမာ က တစ်ယောက်တည်းဟု ဆိုသော်လည်း ထိုတစ်ယောက်တည်း၏ ဗာဟီရ ကိစ္စက အလွန်များပြားသည်။ လူငှားလည်း ရှာမရ။ ရတဲ့သူကျတော့လည်း စိတ်တိုင်းမကျ…။ စိတ်တိုင်းကျပြန်တော့လည်း ငွေက မနိုင်…။ ချေးသေး ကအစ မထိန်းနိုင်မသိမ်းနိုင်ဖြစ်လာသောအခါ ဇယ်ဆက်သလို လုပ်နေကိုင်နေ သည့်ကြားမှပင် 'လူမမာ့ဝတ်'များက မကုန်စင်ချင်။ သည်ကြားထဲ လူမမာ

ကလည်း 'နားပူသံကျပ်' ...။

ချောင်းတဟွတ်ဟွတ်ဖြစ်ကာ နံစော်နေသည့် လူမမာအနားမှာ မည်သူမျှ ကြာကြာမနေချင်ကြ။ နားမသက်သာ၊ နှာခေါင်းမသက်သာ၊ မျက်စိမသက်သာ၊ ခန္ဓာကိုယ်မသက်သာ။ ပြီးတော့...စိတ်လည်းမသက်သာ။

ဘယ်လောက်ပင် သန့်စင်အောင်ကြိုးစားသော်လည်း မကြီးအခန်းမှာ အနံ့ဆိုးများ ခြောင်းခြောင်းထနေ၏။ လေသန့်ပစ္စည်းကိရိယာများကလည်း အစွမ်းမပြနိုင်။ အနံ့ပြင်းသည့် ပိုးသတ်ဆေးရည်များ ပက်ဖျန်းရသည်။ ဆေးနံ့၊ အညစ်အကြေးနံ့နှင့် အခြားအနံ့အသက်ပေါင်းစုံကြောင့် မကြီးအခန်းထဲဝင်လျှင် တော်ရုံလူ မူးလဲနိုင်သည်။ အခန်းမှ ထွက်လာပြန်တော့လည်း အဝတ်အစားမှာ အနံ့အသက်များက စွဲပြီးပါလာသည်။ ထိုအနံ့များကြောင့် အစားအသောက်ပင် ပျက်ရသည်။

မကြီးရဲ့စရိုက်ကလည်း ထောင်းလှပြီ။ တစ်နေ့တစ်ခါ လာကြည့်ပေးသည့် ဆရာဝန်လေးရဲ့ ခြေကြွခကပင် မနည်းလှ။ ပြီးတော့ ဆေးဖိုးဝါးခများ...။ နောက် ဗာဟီရနှင့်အထွေထွေ ကုန်ကျစရိတ်များ...။

အစကတော့ သည်စရိတ်လောက်ကို ခေါင်းထဲပင် မထည့်မိကြပါ။ မောင်နှမများက တစ်ယောက်တစ်လက် ခပ်သွက်သွက်ထည့်ဝင်ကာ မကြီး၏ စရိတ်စကများကို ပြေလည်စေခဲ့ပါသည်။ မကြီး၏ကျေးဇူးများကို မောင်နှမအားလုံးက အခွင့်ကြုံခိုက်မှာ တုံ့ပြန်ဆပ်ချင်သည်။ စေတနာမှန်လည်း ရှိကြသည်။ သို့ရာတွင် မမာသည့်အချိန်က ရက်မှသည်လသို့ ချဉ်းလာသောအခါ ...၊ လမှသည် နှစ်ပေါက်လုအောင် ရှည်ကြာလာသည့်အခါ...စိတ်သဘောထားများ ပြောင်းသွားသည်။

သွက်သောလက်များ နှေးသွားသည်။ နှေးသောလက်များ ပျောက်သွားသည်။

ဘယ်လိုမှ မတတ်သာတော့သည့်အဆုံးမှာ မကြီး၏ ကုန်ကျစရိတ်များအတွက် မောင်နှမများ ခေါင်းချင်းဆိုင် တိုင်ပင်ညှိနှိုင်းရသည်။ ထိုအချိန်မှာ ဝမ်းနည်းစိတ်မကောင်းစရာများ ဖြစ်လာသည်။

× × ×

'စဉ်းစဉ်းစားစားလည်း ပြောကြပါဟယ်။ တစ်လတစ်သိန်းတောင်

ဆေးဖိုးထည့်ရမယ်ဆိုတာကတော့…'

မလတ်က ရင်ဘတ်ကို လက်ဖြင့်ဖိကာ ဘုရားတသည်။

'တစ်ယောက်တစ်သိန်းထည့်မှ တစ်လ လေးသိန်းရမှာလေ။ မကြီး စရိတ်က တစ်လ လေးသိန်းမှမကတာ'

ကျွန်တော်က အကြမ်းဖျင်းတွက်ပြတော့မငယ်က သက်ပြင်းချကာ မပွင့်တပွင့်မေးသည်။

'ဟဲ့ အဲဒီလောက်တောင်မှ ကုန်သတဲ့လား။ အိမ်မှာနေပြီး ကုတာလေ။ ပြီးတော့ မကြီးအတွင်းပစ္စည်းတွေရော'

'သံသယစကားမပြောနဲ့ မငယ်။ နင်တို့ လာ လာကဲ့လို့ မကြီးမှာ ခြူးတစ်ပြားတောင် ကျန်တော့လို့လား'

အငယ်ဆုံးဖြစ်ပေမယ့် စိတ်ဆတ်တဲ့ ထွေးထွေးက အစ်မကို ခံပက်သည်။ ဟုတ်တာဆိုတော့ ဆတ်ဆတ်ခါနာကြသည်။ တစ်လတစ်သိန်းထည့်နိုင်းသဖြင့် စိတ်တိုနေသော မလတ်က ထွေးထွေးကို မျက်စောင်းခဲကာ ဝင်ပြောသည်။

'မဦးမချွတ်ဟယ်။ မကြီးနဲ့ဘယ်သူကင်းလဲ။ နင်တို့ဆို အခုချိန်ထိ မကြီးရဲ့ထဘီနားကို ခိုနေကြတာလေ'

'တော်ကြာစမ်းဟာ။ လူကြားမကောင်းအောင် ဒီအချိန်၊ ဒီအရွယ်မှ ရန်မဖြစ်ချင်ကြနဲ့'

ကျွန်တော်က ဝင်ဟန့်ရသည်။ အင်မတန်ချစ်ခင်ကြပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့သော ကျွန်တော်တို့မောင်နှမများမှာ တစ်ယောက်ကိုတစ်ယောက် မကြည်မသာဖြစ်စပြုလာပြီ။ အမုန်းတရားက ချင်းနင်းဝင်ရောက်စပြုလာပြီ။ သံသယ မျက်လုံးများဖြင့် ကြည့်စမြင်စ ပြုလာပြီ။ မကြာမီ ကွဲပြိုတော့မည့် အရိပ်အယောင်တို့ကို မြင်နေရပြီ။

'အို…မတော်နိုင်ပါဘူး။ ဝေယျာဝစ္စလည်း မလုပ်ချင်၊ ငွေလည်း မထည့်ချင်ဆိုတော့ မောင်နှမမှ ဟုတ်ရဲ့လား။ နေ့တိုင်း ချေးသေးကအစ ဒိုင်ခံပြုစုနေရပြီး ဆေးဖိုးကျတော့လည်း ကိုယ်ပဲ ဖတ်သီဖတ်သီနဲ့ ရှာရတာမျိုးဆိုရင် အခက်'

တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်မျှပင် နှုတ်လုံမထိုးခဲ့ဖူးသော ညီမ

ထွေးထံမှ နင့်နင့်သီးသီး စကားများကို ကြားရသောအခါ အစ်မနှစ်ယောက် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်နေကြသည်။ ဘယ်အချိန်ကတည်းက အောင့်အည်းမျိုသိပ်ထားသည် မသိ။ ရုတ်တရက် ပွင့်အန်ပေါက်ကွဲသည်။ ထွေးထွေးပေါက်ကွဲမည်ဆိုလည်း ပေါက်ကွဲသင့်သည်။ မကြီး၏ဒုက္ခကို တစ်အိမ်တည်းအတူနေသည့် ထွေးထွေးကသာ ရင်စည်းပြီး အများဆုံးခံခဲ့ရသည်။

'နင် ဒီလောက်ထိ မဏ္ဍာပ်တိုင်တက်ပြမနေနဲ့ ထွေးထွေး။ နင်သက်သာအောင် ငါတို့ အချိန်လုပြီး မကြီးကို လာ လာပြုစုပေးနေတာ တစ်ရက်ပျက်ခဲ့ဖူးလို့လား။ ပြောစမ်း။ တစ်အိမ်တည်းမှာ အတူနေရင်တော့ နည်းနည်းပိုလုပ်ပေးရမှာပေါ့။ ဒီလောက်လေးမှ လုပ်မပေးနိုင်ရင် နင်တို့ သူ့အိမ်မှာ ကပ်ရပ်မနေကြနဲ့'

မလတ်ရဲ့ စကားအနှောင့်အသွားက ကျွန်တော့်ကိုပါ ထိပါးသည်။ ကျွန်တော်နှင့်ထွေးထွေးက မကြီးအိမ်မှာနေကြသည်။ ဟိုတုန်းကမူ 'နင်တို့နေပေးတော့ မကြီးအဖော်ရတာပေါ့။ ကောင်းတယ်ကောင်းတယ်' ...ဟုဆိုကာ ကြည်ဖြူခဲ့ကြသည်။

'တစ်လတစ်သိန်း သတ်သတ်မှတ်မှတ် မဖြစ်မနေထည့်ဖို့တော့ ငါလည်း ကတိမပေးနိုင်ဘူး။ အတတ်နိုင်ဆုံးထည့်မယ်။ မတွက်မကတ်ထည့်မယ်။ အရင်ကလည်း ထည့်ခဲ့တယ်။ ခုလည်း ဆက်ထည့်မယ်။ အဲဒါမှ မကျေနပ်ဘူးဆိုရင် နင်တို့ အခု နေနေတဲ့ မကြီးပိုင်တဲ့အိမ်ကို ရောင်း'

မငယ်စကားအဆုံးမှာ မလတ်ကပါ ဒေါနှင့်မောနှင့် ဆောင့်အောင့်ကာ အိမ်ပေါ်မှ ဆင်းချသွားကြ၏။

× × ×

ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးကြောင့် ပိုလေးခဲ့ရပြီ။

ထိုနေ့က စကားအခြေအတင် ဖြစ်ပြီးသည့်နောက်မှာ မလတ်ရော မငယ်ပါ ကျွန်တော်တို့အိမ်သို့ အဝင်အထွက် အလွန်ပဲကျဲပါးသွားသည်။ သာမန်အားဖြင့်ကြည့်မည်ဆိုလျှင် မောင်နှမတွေကြားမှာ ထိုမျှလောက် စကားအခြေအတင်ဖြစ်တာလောက်ကို စာဖွဲ့စရာပင် လိုမည်မထင်။ သို့ရာတွင် မှတ်မိသည့် အရွယ်မှစ၍ တစ်ယောက်နှင့်တစ်ယောက် 'နင်ပဲငဆ' မပြောဖူးခဲ့

သော ကျွန်တော်တို့ မောင်နှမများကြားမှာတော့ ထိုအဖြစ်အပျက်သည် အလွန်ပဲ စိတ်မချမ်းသာစရာဖြစ်ခဲ့ပါသည်။

မကျေနိုင်မချမ်းနိုင်ဖြစ်နေသော ထွေးထွေးက 'အိပ်ရာထဲမှာ ရက်ကြာလာတော့ သိပ်မလာချင်ကြတော့ဘူး။ မကောင်းတတ်လို့သာ ဝင်ထွက်နေကြတာ။ လာတော့လည်း နှမ်းဖြူး။ အခုတော့ ရှောင်လွှဲဖို့ အကြောင်းပြချက်ရသွားတာပေါ့'...ဟု ယိုးစွပ်သည်။ ထိုစကား တစ်ဖက်နားပေါက်သွားသည်ထင်သည်။ မလတ်တို့က ကျွန်တော်နှင့်ထွေးထွေးသည် 'ကြွက်သေတစ်ခု အရင်းပြုနေကြသည်'...ဟု ရင့်ရင့်သီးသီး နှုတ်တုံ့ပြန်သည်။ အဲသည်စကားကို အရပ်ထဲမှ ထွေးထွေးပြန်ကြားရတော့ ဒေါသူပုန်ထကာ ဆွေ့ဆွေ့ခုန်နေပါတော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း လက်သီးကို ကျစ်ကျစ်မာအောင် ဆုပ်မိသည်။

သည်နောက်ပိုင်းမှာတော့ ကျွန်တော်တို့မောင်နှမများသည် အုပ်စုနှစ်စုကွဲကာ သိသိသာသာ အနေတန်းသွားကြပါသည်။ မကြီးကြောင့်သာ ဝင်ဝင်ထွက်ထွက် သွားသွားလာလာ လုပ်နေကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ခပ်စောင်စောင် ဖြစ်နေကြသည်။ ယခင်က အလွန်လိုက်လှဲနွေးထွေးခဲ့သော မောင်နှမဆက်ဆံရေးမှာ အခုတော့ မာကျောအေးခဲကာ တင်းမာနေပါတော့သည်။ တစ်အူထုံ့ဆင်း မောင်ရင်းနှမရင်းများ မခေါ်ချင်၊ မပြောချင်၊ မတွေ့ချင်၊ မမြင်ချင်လောက်အောင် 'ငြိုးသူရန်ဘက်' များပမာ ဖြစ်နေရတာ အလွန်ဝမ်းနည်းစရာကောင်းပါသည်။

ကျွန်တော်စဉ်းစားမိသည်။ အကယ်၍ သေခြင်းသည် ပုံမှန်အရွေ့ဖြင့်သာ ရွေ့ခဲ့မည်ဆိုပါက ကျွန်တော်တို့ မောင်နှမများကြားမှာ ယခုလို စိတ်ဆင်းရဲစရာ သွေးကွဲမှုများ ဖြစ်လာခဲ့မည်မဟုတ်ပါ။ တစ်ယောက်တစ်လက် တစ်တပ်တစ်အားဖြင့် ဝိုင်းဝန်းဖေးမကူညီခဲ့ကာ တက်ညီလက်ညီ ရှိမြဲရှိနေကြပါမည်။ ညီညီညွတ်ညွတ် ရှိမြဲရှိနေကြပါမည်။ ချစ်ချစ်ခင်ခင်လည်း ရှိမြဲရှိနေကြပါလိမ့်မည်။

အခုတော့ သေခြင်း၏ အရွေ့သည် အလွန်ပင် နှေးကွေးလွန်းခဲ့သည်လေ...။

ထိုအတွေးသည် 'အကုသိုလ်အတွေး' မျိုးဆိုတာ ကျွန်တော်သိပါ

သည်။ လူတစ်ယောက်၏ အသက်ရှင်မှုကို မတွန့်တိုကောင်းမှန်းလည်း ကျွန်တော်သိပါသည်။ သို့သော် ထိုအတွေးကို ကျွန်တော်မတွေးဘဲ မနေနိုင် ...။

နောက်ပိုင်းမှာ မကြီး၏အခြေအနေ ပိုမိုဆိုးရွားလာသည်။ ယခင်က ဖြည်းဖြည်းချင်းသာ ယိုယွင်းပျက်စီးနေသော ခန္ဓာကိုယ်မှာ ယခုအခါ ခပ်မြန်မြန်ပဲ ယိုယွင်းပျက်စီးလာသည်။ မကြီးကိုယ်တိုင်ကလည်း စိတ်ကိုလျှော့လိုက်ပုံရသည်။ ဆူဆူပူပူ မလုပ်တော့...။ အိပ်ရာထက်မှာ မလှုပ်မယှက် တိတ်ဆိတ်ငြိမ်သက်နေ၏။ မျက်နှာကြက်ကိုသာ မျက်လုံးကြောင်များဖြင့် ငေးကြည့်နေ၏။ စကားမေးလည်း မရ။ အစာကျွေးလည်း မရ။

တစ်နေ့တော့ မကြီးသည် တစ်ခွန်းသောစကားကို ဆိုသည်။

'မခံစားနိုင်တော့ဘူး'

ကာယကံရှင်ကိုယ်တိုင်က သေခြင်းကို တမ်းတလာသောအခါ ကျွန်တော်တို့မှာ မချိတင်ကဲဖြစ်ရသည်။ မတတ်နိုင်ပါ။ သေခြင်းက အလွန်ဖင့်လေးနှေးကွေးသော အရွေ့ဖြင့်သာ ရွေ့မြဲရွေ့နေပါသည်။

ကျွန်တော်တို့လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့...။ လူမမာတစ်ယောက်ကို နှစ်ပေါက်လုအောင် နေ့ရောညပါ ပြုစုရသောအခါ ကျွန်တော်တို့ခန္ဓာကိုယ်မှာ အရိုးနှင့်ပြိုင်းပြိုင်းဖြစ်လာသည်။ မကြီးပိန်သလို ကျွန်တော်တို့လည်း ပိန်လာသည်။ မကြီးမျက်တွင်းဟောက်ပက်ဖြစ်သလို ကျွန်တော်တို့လည်း မျက်တွင်းဟောက်ပက်ဖြစ်လာသည်။

ဝန်ခံရလျှင် ကျွန်တော်တို့သည် နောက်ပိုင်း၌ မကြီးအပေါ်မှာ တာဝန်များ သိသိသာသာ ပျက်ကွက်ခဲ့သည်။ မကြီးကို ချေးအလူးလူး၊ သေးအလူးလူးဖြင့် အချိန်အတော်ကြာအောင် ပစ်ထားမိတတ်သည်။ မသိလို့ ပစ်ထားသည်လည်း ရှိသည်။ သိသိကြီးနှင့် ပစ်ထားမိခဲ့သည်လည်း ရှိသည်။ ဝေဒနာသည်းထန်နေသော မကြီးကတော့ ဘာမှမပြောနိုင်ရှာ...။

နောက်ဆုံးတွင် 'မကြီး' ဆုံးသွားပါသည်။ ကွယ်လွန်ချိန်၌ မကြီးအနီးအပါးမှာ ဘယ်သူမှ မရှိကြ။

× × ×

အိမ်ပေါ်သို့ ငိုကြီးချက်မဖြင့် ရင်ဘတ်စည်တီးကာ ဦးစွာတက်လာသူ

မှာ မလတ်…။ သူ့နောက်မှ ငိုချင်းကို ခုနစ်သံချိုဟစ်ကာ လိုက်ပါလာသူက မငယ်…။ သူတို့နှစ်ယောက်သည် မကြီး၏ အလောင်းစင်နံဘေးမှာ တက်မတတ် ချက်မတတ် လူးလိမ့်ငိုယိုကာ 'အရှုံးမီးဝိုင်း' ဖြစ်နေကြပါသည်။ စီကာပတ်ကုံးပြောကာဆိုတာ အော်ဟစ်ငိုယိုနေကြပါသည်။

ကျွန်တော်သည် မကြီးဆုံးပါးစဉ်က 'ဝဋ်ကျွတ်သွားတာပေါ့လေ'… ဟု တွေးကာ စိတ်ပေါ့ပါးနေမိသည်။ ပခုံးထက်မှာ ကာလရှည်ကြာ ထမ်းပိုးထားရသည့် မနိုင်ဝန်ကို ဖယ်ရှားလိုက်ရသလို ဖြစ်နေသည်။ လူသူမသိအောင် တိတ်တခိုးကျိတ်ပြီးပင် ဝမ်းသာနေမိပါသေးသည်။

သို့ရာတွင် မလတ်တို့ရဲ့ငိုသံများကို ကြားရသောအခါ ကျွန်တော့်ရင်မှာ 'လှိုက်ခနဲ' ဖြစ်ကာ ဝမ်းနည်းကြေကွဲလာသည်။ သောကဗျာပါဒများ ဝှန်တက်လာသည်။ စိတ်ကိုထိန်းနေရင်းမှ မျက်ရည်စို့လာသည်။ မလတ်တို့ ဟန်ဆောင်ငိုနေကြတာမဟုတ်မှန်း ကျွန်တော်သိသည်။ မလတ်တို့ရဲ့ ရင်ထဲ အသည်းထဲမှာ အမှန်တကယ်ပဲ ဆို့နင့်ကြေကွဲနေလို့သာ သည်မျှ အူလှိုက်သည်းလှိုက် ငိုကြွေးနေကြခြင်းဖြစ်သည်။

'အောင်မလေး…မကြီးရဲ့။ ဝအောင်တောင် မပြုစုလိုက်ရပါလား'

မငယ်ရဲ့ မချိတင်ကဲ တမ်းတငိုမြည်သံကို ကြားသောအခါ ထွေးထွေးကို ကျွန်တော် ငဲ့ကြည့်သည်။ မကြီးဆုံးစဉ်က ထွေးထွေးလည်း ကျွန်တော့်လိုပဲ မငိုကြွေးခဲ့။ စိတ်ကြီးသော ထွေးထွေးသည် သေမှလာအဖြစ်သည်းနေသူတွေကို မဲ့ကာရွဲ့ကာ လှောင်ပြောင်သရော်ရှုတ်ချနေမည်လား…။

ထွေးထွေးမျက်နှာထက်မှာ လှောင်ပြောင်သရော် ရှုတ်ချလိုသည့် အမူအရာကို တစ်စွန်းတစ်စမျှပင် မတွေ့ရပါ။ မငယ်တို့ကို စာနာ နားလည်စိတ်ဖြင့် ကရုဏာသက်စွာ ငေးကြည့်နေသည်။ ထိုမျှမကပါ။ မငယ်တို့ရင်ထဲမှာ တောက်လောင်နေသည့် အပူမီးများသည် ထွေးထွေးထံသို့ စီးကူးသွားသည်။ 'ငိုချင်လျက်လက်တို့' ဖြစ်ကာ ငိုဖော်များနှင့်အတူ လိုက်ငိုသည်။

'အသေစောလို့ နှမြောလှချည့် မကြီးရဲ့'

'ကလျာ' မဂ္ဂဇင်း
အမှတ် ၃၄၇၊ ဖေဖော်ဝါရီလ၊ ၂၀၁၄ ခုနှစ်။
မြန်မာ့ဝတ္ထုတို (၂၄)
စိတ်ကူးချိုချိုစာပေတိုက်
ဇန်နဝါရီလ၊ ၂၀၁၅ ခုနှစ်။

. . . ရွှေအောင်က မေသူ့ကို

နမ်းလိုက်သော နောက်ဆုံးအနမ်းသည်


“ငယ်ချစ်ဦး” တို့၏ကြီးမားနက်ရှိုင်းသည့်

ချစ်ခြင်းမေတ္တာကို ဖော်ညွှန်းနေသည်လား . . .။

သို့တည်းမဟုတ် “ငယ်လင်ငယ်မယား” တို့၏

သိမ်မွေ့နက်ရှိုင်းသည့် သံယောဇဉ်ကိုပင်

ကိုယ်စားပြုနေသည်လား . . .။



# အနမ်းတစ်ပွင့်ရဲ့ရာဇဝင်

နှင်းဆီပွင့်တို့အလယ်မှာ မနိုးသောအိပ်ခြင်းဖြင့် အိပ်စက်နေသည့် မေသူ့ကို ကျွန်တော် ငေးကြည့်နေမိသည်။ အသက် ငါးဆယ့်လေးနှစ်တွင် လူ့လောကမှ ထွက်ခွာရရှာသူ၏ နောက်ဆုံးခရီးကို ကျန်ရစ်သူများက အကောင်းဆုံး၊ အလှဆုံးဖြစ်အောင် စီမံနေကြသည်။ မိတ်ဆွေများက ပေးပို့ထားသည့် 'ပန်းခွေများ'၊ 'ပန်းခြင်းများ' က မေသူ့ပတ်လည်မှာ စီကာရီကာ ဝိုင်းဝိုင်းလည်နေပါသည်။ ခန်းမတစ်ခုလုံးလည်း ပန်းရနံ့များ၊ အမွှေးတိုင်နံ့များဖြင့် ထုံအီနေသည်။

'ပန်းတွေနှင့်ဝေ' နေသော မေသူ၏ သက်မဲ့ခန္ဓာသည် ထူးထူးခြားခြား လှပလွန်းနေသည်။

ရှာပနအခမ်းအနားသို့ လာကြသူများက မေသူ့ ရုပ်ကလာပ်ကို ကြည့်ကာ ကရုဏာသက်နေကြသည်။ မေသူ့ဘဝကို လှပသည်လို့တော့ မဆိုနိုင်ပါ။ ဘဝအစိတ်အပိုင်း အချို့သည် ခက်ခဲကြမ်းတမ်းမှုများစွာဖြင့် အလှပျက်ခဲ့သည်။ ဝမ်းနည်းကြေကွဲစရာများစွာဖြင့် အကျည်းတန်ခဲ့သည်။ စိတ်ဆင်းရဲဖွယ်များစွာဖြင့် အရုပ်ဆိုးခဲ့ရသည်။

အများနည်းတူပင် ကျွန်တော်လည်း သူငယ်ချင်းမအတွက် စိတ်မကောင်းဖြစ်နေမိသည်။ ကြည့်လေ . . . မီး သင်္ဂြိုဟ်ခါနီး နောက်ဆုံးမိနစ်တိုင်အောင် မေသူ့အနားမှာ 'ခင်ပွန်းသည်' မရှိ၊ 'သမီးများ' မရှိ။ ပကတိအထီးကျန် ဆန်လွန်း၏။

ဘဝဟာ သည်မျှထိတော့ အဓိပ္ပာယ်မဲ့ဖို့ မကောင်းပါ။

× × ×

'မေသူဆုံးပြီ' ဆိုသည့် သတင်းကိုကြားတော့ ကျွန်တော် ချောက်ချားတုန်လှုပ်သွားသည်။ 'ဘာဖြစ်လို့လဲ၊ ဘာရောဂါနဲ့လဲ' ဟု ဗလုံး ဗထွေး မေးလိုက်မိသည်။

'နှလုံးရောဂါ'

မြတ်စွာဘုရား။ မေသူတစ်ယောက် နှလုံးရောဂါဖြင့် တိမ်းပါးခဲ့ပြီ ဆိုပါလား။ မဖြစ်နိုင်ပါ။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ မေသူကဲ့သို့ သန်မာဖျတ် လတ်ပြီး 'ဒေါင်းတလူ၊ မောင်းတလူ' လှုပ်ရှားသွားလာနေသူထံတွင် နှလုံး ရောဂါရှိနေသည် ဆိုသည်မှာ ယုံကြည်လက်ခံနိုင်ဖွယ်ရာမရှိပါ။

သို့သော် စိတ်အေးအေးထားပြီး သေသေချာချာ ပြန်စဉ်းစားကြည့် သောအခါ မေသူမှ နှလုံးရောဂါမဖြစ်ဘူးဆိုလျှင် အခြားမည်သူမှ နှလုံးရောဂါ ဖြစ်ကြတော့မည်မဟုတ်ဟု ထင်မိသည်။

မှန်သည်။ မေသူ့ဘဝမှာ နှလုံးသွေးပျက်ဖွယ်ရာ ဖြစ်ရပ်များစွာ ဖြစ်ခဲ့သည်။

ထိုဖြစ်ရပ်များအားလုံး၏ အဓိကလက်သည်တရားခံမှာ မေသူ့ခင်ပွန်း 'ဆွေအောင်' ပင် ဖြစ်ပါသည်။

× × ×

ဆွေအောင့်ကိုမြင်လျှင် တစ်ဖက်သားကို ဒုက္ခပေးမည့်သူတစ်ယောက် လို့ မည်သူမျှ ထင်ကြမည်မဟုတ်။ အထူးသဖြင့် 'သူ၏ ငယ်ချစ်ဦးဇနီး မယားကို နှလုံးရောဂါဖြင့် ကွယ်လွန်စေသည်ထိ ဟော့ရမ်းဆိုးသွမ်းသူ တစ်ယောက်'ဟု ယိုးစွပ်လျှင် ဆွေအောင့်ကို သိသူအားလုံးကပင် တညီ တညွတ်လည်း ငြင်းဆန်ကြမှာ သေချာသည်။

ဆွေအောင်သည် လူပုံပန်း အလွန်အေးဆေး သိမ်မွေ့သည်။ အပြော အဆို ရည်မွန်ချိုသာသည်။ အပြုအမူ ယဉ်ကျေးပျူငှာသည်။ မျက်နှာပြုံး ပြုံး၊ စကားချိုချိုနှင့် အင်မတန် နှစ်လိုဖွယ်ကောင်းသည်။ တစ်ပါးသူကို အနစ်နာခံ၍ ယိုင်းပင်းကူညီရန် ဘယ်သောအခါမှ ဝန်မလေး။ မာန်မာန ကင်းပြီး လူတိုင်းကို အောက်ကျို့ဆက်ဆံတတ်သည်။ သူ့သတင်းကြားပြီး

သူ့ကို မုန်းတီးပါသည်ဟုဆိုသူများပင် သူ့ကို တွေ့မြင်သည့်အခါ မုန်းတီးခဲ့မိတာကို နောင်တရတတ်ကြသည်။

ဆွေအောင်သည် ထိုမျှ 'မြင်သူချစ်အောင်' နေတတ်သည်။

'နင်တို့က ဆွေအောင်ကြောင့် ငါဘယ်လောက် စိတ်ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ သိကြမှာမဟုတ်ဘူး။ နှစ်ပေါင်းများစွာ သူ့အဆိုးအမျိုးမျိုးကို တစ်ယောက်တည်း ကြိတ်မှိတ်သည်းခံခဲ့ရတာ။ လူသိမှာစိုးလို့။ ရှက်လည်းရှက်လွန်းလို့ အောင့်အည်းမျိုသိပ်နေခဲ့ရတာများပြီ။ ကလေးတွေသိရင် အားငယ်စိတ်ဆင်းရဲမယ်လေဆိုပြီး မပူရပ်နဲ့ ဟန်လုပ်နေခဲ့ရတာ ကြာပြီ။ အခုတော့ ဘယ်လိုမှ ဆက်ပြီးလက်တွဲဖို့ မဖြစ်နိုင်တော့လို့ လမ်းခွဲလိုက်ရတယ်'

မေသူက နာနာကြည်းကြည်း ပြောသည်။

ငယ်သူငယ်ချင်းမို့ မေသူ့စိတ်ကို ကျွန်တော် ကောင်းကောင်းသိသည်။ မေသူသည် 'ချစ်လုံးလုံး၊ မုန်းလျှားလျှား' ဆိုသည့် မိန်းမမျိုး။ အလွယ်တကူ မဆုံးဖြတ်တတ်သလို ဆုံးဖြတ်ပြီးပါကလည်း ဘယ်တော့မှ ပြန်ပြင်လေ့မရှိ။

ဆွေအောင်လည်း ငယ်သူငယ်ချင်းပဲမို့ အတွင်းသိ၊ အစဉ်းသိ။ စင်စစ် ဆွေအောင်သည် ကျွန်တော်တို့အနီးဝန်းကျင်မှာ မကြာခဏ တွေ့မြင်ရလေ့ရှိသော ထူးလျက်မဆန်းသည့် လူတစ်မျိုးသာ ဖြစ်ပါသည်။ ထိုသူတို့သည် ပတ်ဝန်းကျင်အပေါ် အင်မတန်ကောင်းသလောက် မိသားစုကိုတော့ အလွန်အမင်းဆိုးသွမ်းတတ်သည်။ လူမှုဆက်ဆံရေးမှာ အားကောင်းချက်များစွာ ရှိသော်လည်း ပုဂ္ဂိုလ်ရေး၌မူ အားနည်းချက်များ ပြည့်နှက်နေသည်။

ဥပမာ ဆွေအောင့်ကိုပဲ ကြည့်ပါ။ ခပ်အေးအေးနေတတ်ပြီး ဘာကိုမှ အလေးအနက် မရှိ။ ဘဝကို လွယ်ကူသက်သာစွာ ဖြတ်သန်း၏။ သူလုပ်ချင်ပြီဆိုလျှင် ဘယ်သူ့မျက်နှာကိုမှ ပြန်မကြည့်တတ်။ 'တစူးစား' လုပ်တတ်သည်။ အရက်ကြိုက်သည်။ မိန်းမလိုက်သည်။ အပျော်အပါးမက်သည်။ အလောင်းအစားဖက်သည်။ လုပ်လိုက်လျှင်လည်း အလွန်အကျွံ။ ဇနီးနှင့် သမီးများမှာ သူ့ဘဝရဲ့ ဟိုး...အဝေးမှာ။

ဆွေအောင့် မကောင်းသတင်းပေါင်းများစွာကို မကြာမကြာ ကြားရတတ်သည်။ မကောင်းသည်မှ တော်တော့်ကို မကောင်းသည့်သတင်းဆိုး

များ။ ထိုသတင်းများကို မေသူ ဘာလို့မကြားတာလဲ။ မဆီမဆိုင် ဒေါသဖြစ်ခဲ့ရသည်။

ခက်သည်က ဘယ်လောက်ဆိုးရွားသည့် သတင်းမျိုးကို ကြားသိခဲ့သည်ဖြစ်စေ ဆွေအောင့်ကို မြင်သည်နှင့် ထိုသတင်းဆိုးများအားလုံးကို မေ့လျော့သွားတတ်သည်။ ဆွေအောင်နှင့် စကားတစ်ခွန်း၊ နှစ်ခွန်း ပြောဆိုပြီးသောအခါ ဆွေအောင့်ကို နားလည်ခွင့်လွှတ်လိုက်ကြသည်။ 'ရေရာသေချာမှုမရှိတဲ့ လောကကြီးမှာ ဘယ်အရာကိုမှ အရေးတကြီး အလေးအနက်ထားစရာအကြောင်းမှမရှိပါ' ဟု ဆွေအောင်တွေးသလို လိုက်တွေးတတ်ကြသည်။ 'အရာရာကို ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး သဘောထားနေထိုင်လိုက်ခြင်းကသာ အကောင်းဆုံး' လို့ ဆွေအောင်ယူဆသလို လိုက်ယူဆတတ်ကြသည်။

ဤနည်းဖြင့် ဆွေအောင်သည် အပြစ်မဲ့သူပမာ ရပ်တည်ရှင်သန်နေပါသည်။

'ကလေးတွေနဲ့ ရှေ့ခရီးကို ဘယ်လိုဆက်မလဲ'

မေသူ့ကို ကျွန်တော်က ရင်မောစွာ မေးခဲ့မိသည်။

'ဘယ်လိုဆက်ရမလဲဟ။ ဒီလိုပဲ ဆက်ရမှာပေါ့။ အခုရော သူ့ဆီက ဘယ်လောက်အကူအပံ့ ရနေလို့လဲ။ ရှိတာလေး ထုခွဲစားနေရတာ။ ငါ့သမီးတွေအတွက် ငါအလုပ်ထွက်လုပ်ပြီး အစွမ်းကုန်ကြိုးစားရှာဖွေ ရတော့မှာပေါ့'

မေသူက 'မျက်ရည်တစ်စက်၊ အပြုံးတစ်ဝက်' ဖြင့် အေးစက်စက်ပြောသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်လောက်တုန်းက ဖြစ်ပါသည်။

× × ×

မိန်းမသားတစ်ဦး၏ 'ဘဝအားမာန်' 'ဖွဲ့သတ္တိ' နှင့် 'ကိုယ်ရည်ကိုယ်သွေး' များကို မေသူက အချိန်တိုလေးအတွင်းမှာပင် ပေါ်လွင်ထင်ရှားအောင် ပြသနိုင်ခဲ့သည်။ သာမန် အိမ်ထောင်ရှင်မတစ်ယောက်အဖြစ်မှ အလွန်အောင်မြင်ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အဖြစ်သို့ နှစ်အနည်းငယ်အတွင်းမှာပင် မယုံချင်စရာ ကူးပြောင်းလှမ်းတက်သွားနိုင်ခဲ့

ပါသည်။

'အောင်မြင်မှု' ဟူသော စကားလုံးလေးမှာ အလွန်သာယာပြီး နားပျော်နှစ်လိုဖွယ်ရာ ချိုချိုအေးအေးရှိသလောက် ထိုအောင်မြင်မှုဆီသို့ လျှောက်လှမ်းရသည့် ခရီးလမ်းမှာ ခါးသီးခက်ထန် ဆိုးသွမ်းကြမ်းတမ်း လွန်းလှပါသည်။ အထူးသဖြင့် တစ်ကိုယ်ရေတစ်ကာယ မိန်းမသား တစ်ယောက်အတွက်ပေါ့။ အခက်အခဲ၊ အနှောင့်အယှက်၊ အဆီးအတား အမျိုးမျိုးကြားမှ 'ဉာဏ်ကိုယုံလိုက်၊ ကံကို ပုံလိုက်' ဖြင့် ခဲယဉ်းပင်ပန်းစွာ အပြင်းအထန် စွန့်စားကြိုးစား ရုန်းကန်လှုပ်ရှားခဲ့ရသည်။ အလဲလဲ၊ အပြိုပြို၊ အကွဲကွဲ၊ အရှုရှုနှင့် အောင်မြင်မှု ပန်းတိုင်ဆီသို့ သွေးသံရဲရဲ ဒဏ်ရာများဖြင့် ဒယိမ်းဒယိုင် ရောက်ခဲ့ရသည်။

အောင်မြင်ပြီဆိုပြန်တော့လည်း အောင်ပန်းပွင့်တို့က 'ရေတာက်ဒီလှိုင်း များပမာ' ဆင့်ကဲဆင့်ကဲဖြင့် တားမနိုင်ဆီးမရ လှိမ့်၍လှိမ့်ကာ ဝင်ရောက်လာ ပါတော့သည်။

အောင်မြင်မှုလေဟုန်စီးရသည့် ဘဝသည် မက်မောခုံမင် ကျေနပ် ပျော်ရွှင်စရာ ဖြစ်နေပြန်ပါသည်။ လက်ညှိုးညွှန်ရာ ရေဖြစ်သည်။ အရာရာ ဖန်တီးနိုင်သည့် စေတစ်လုံးပိုင်ရှင် ဖြစ်သည်။

သမီးနှစ်ယောက်ကိုလည်း နိုင်ငံခြားသို့ပို့ကာ ကမ္ဘာ့အဆင့်မီ ပညာရှင် များ ဖြစ်စေနိုင်ခဲ့သည်။ တစ်ဦးက အင်္ဂလန်မှာ၊ နောက်တစ်ဦးက အမေရိကန် မှာ။ အကြီးမလေးဆို ဟိုမှာပဲ အိမ်ထောင်ကျကာ ကလေးပင်ရနေပြီဆို၏။ အငယ်မလေးကတော့ ပါရဂူဘွဲ့အတွက် သုတေသနပြုနေသည်တဲ့။

မေသူကမူ ရန်ကုန်မှာပဲ အခြေချနေထိုင်ကာ သူ့စီးပွားရေးအင်ပါယာ ကို ဆက်လက်ဖြန့်ကြက်နေ၏။ ဆွေအောင်နှင့်တော့ ပြန်မပေါင်း။ တရားဝင် ကွာရှင်းပြတ်စဲခြင်းလည်း မပြု။ တစ်ယောက်ကိုတစ်ယောက် မရှိသလို၊ မသိ သလို ဘာသိဘာသာနေကာ ကိုယ့်လမ်းကိုယ်လျှောက်နေကြသည်။ နောက် အိမ်ထောင်လည်း ထပ်မပြု။

ဆွေအောင်ကလည်း သူ့ဗီဇအကျင့်အတိုင်း လူတကာချစ်အောင် နေထိုင်ရင်း အရက်သောက်လိုက်၊ မိန်းမရှုပ်လိုက်၊ ရင်ခုန်လှိုက်မောဖွယ် စွန့်စားခန်းများ ဖန်တီးလိုက်နှင့် အသက်အရွယ်နှင့် ဂုဏ်သိက္ခာကို မေ့လျော့

ထားသော 'အဲဗားရျော်လီ၊ နဲဗားဆောရီ' လုပ်နေပါသည်။

သူလည်း နောက်ထပ် တစ်အိုးတစ်အိမ်ကို တရားဝင်တော့ မထူထောင်ပါ။

× × ×

မေသူ့နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်မည့်သူများ ခန်းမအတွင်းသို့ဝင်လာသည်။ 'ဝတ်အသင်းသူလေးများ' က မေသူ့နံဘေးမှာ ဝန်းရံကာ သံဝေဂမွေလင်္ကာများကို သံပြိုင်ရွတ်ဆိုနေကြသည်။

အမွှေးတိုင်နံ့၊ ပန်းရနံ့တို့ ကြိုင်သင်းနေသော်လည်း၊ ဓမ္မတေးသံများ လွင့်ပျံ့နေသော်လည်း၊ အသုဘရှုသူများဖြင့် စည်ကားနေသော်လည်း၊ ပြုရိုးပြုစဉ် ဓလေ့ထုံးတမ်းများနှင့် လျော်ညီပြည့်စုံသော်လည်း၊ အဓိက မိသားစုဝင်တစ်ယောက်မှမရှိသော မေသူ့ရျာပနအခမ်းအနားမှာ သွေ့ခြောက်ခြောက်ဖြစ်နေသည်။ တစ်စုံတစ်ရာ လစ်ဟာနေသလို ခံစားရသည်။ ဆွေအောင်ကတော့ ထားပါတော့။ သမီးနှစ်ယောက်က ဘာ့ကြောင့် ရောက်မလာရတာလဲ။ မနေနိုင်၊ မထိုင်နိုင် စပ်စုမိသည်။

မေသူဆုံးဆုံးချင်း၊ ကျန်ရစ်သူ ဆွေမျိုးများက မိခင်ဖြစ်သူကို အချိန်မီပြန်လာပြီး သင်္ဂြိုဟ်နိုင်ရန်အတွက် သမီးနှစ်ယောက်ထံ ချက်ချင်း အကြောင်းကြားခဲ့ကြသည်။ သမီးအငယ်က သုတေသနကိစ္စ အင်မတန် အရေးကြီးနေသောကြောင့် မျက်နှာလွှဲပြီး ခဏလေးပင် ထားရစ်ခဲ့ရန် မဖြစ်နိုင်ပါတဲ့။ ထို့အတူ သမီးကြီးကလည်း မီးဖွားပြီးတာ သိပ်မကြာသေးသည့် သွေးနုသားနုနှင့်မို့ မိခင်၏ နောက်ဆုံးခရီးအတွက် လေယာဉ်ခရီးရှည်စီးပြီး ပြန်လာပို့ဖို့ရာ မဖြစ်နိုင်ပါ…တဲ့။

ထိုအကြောင်းများကို ကြားရသောအခါ ကျွန်တော် ရင်နာရပြန်သည်။ အကယ်၍ သမီးတစ်ယောက်ယောက်သာ တစ်စုံတစ်ခု ဖြစ်သည်ဆိုသည့် သတင်းသဲ့သဲ့ကို မေသူ နားစွန်နားဖျားကြားပါက ကမ္ဘာတစ်ခြမ်းမကလို့ စကြဝဠာ တစ်ဖက်ဖျားတိုင်စေ 'ဓားတောင်ကျော်ပြီး၊ မီးပင်လယ်ဖြတ်ကာ' သမီးများထံ မရောက်ရောက်အောင် အပြေးသွားမှာသေချာသည်။ အခုတော့ မိခင်ရဲ့ရျာပနအတွက်ပင် အချိန်မပေးနိုင်ကြတဲ့ တစ်ပြည်သူများ။

ပြောတော့ပြောကြသည်။ သူတို့မိခင်၏ ရျာပနကို အကောင်းဆုံး၊

အခမ်းအနားဆုံးဖြစ်အောင် ဝိုင်းဝန်းစီမံဆောင်ရွက်ပေးကြပါ . . .တဲ့။ ငွေဘယ်လောက်ကုန်ကုန် ကုန်ကျပါစေတဲ့။ လိုသလောက်ငွေကို သူတို့ပို့ပေးလိုက်မည်တဲ့။

ဩော် . . .မေသူလိုနေတာက ငွေမှမဟုတ်တာ။ ငွေကတော့ မေသူမှာလည်း မကုန်မခန်းနိုင်အောင် အလျှံပယ်ရှိနေတာပဲ။ မေသူ တကယ်လိုအပ်နေတာက . . .

ဗွီဒီယိုအဖွဲ့က မေသူ့ရှာပနအခမ်းအနားကို အသေးစိတ် မှတ်တမ်းတင်နေကြသည်။ ပြန်မလာနိုင်သည့် ဝေးမြေရပ်ခြားမှ သမီးများအတွက် ဖြစ်ပါလိမ့်မည်။

အခုတော့ ရှာပနအခမ်းအနားမှာ ငိုရှိုက်သံကင်းမဲ့နေသည်။

ခေါင်းသွင်းမည်ဆိုသောအခါ ဗွီဒီယိုအဖွဲ့က အနီးကပ်ပြီး အနုစိတ်ရိုက်ကူးသည်။

ထိုအချိန်တွင် မမျှော်လင့်ဘဲ မေသူ့အနီးသို့ ဆွေအောင် ရုတ်တရက်ရောက်လာသည်။ ဝန်းရံနေသူများ အံ့အားသင့်ကာ ဘေးသို့ ရှဲဖယ်ပေးကြသည်။ ခန်းမတစ်ခုလုံးလည်း အပ်ကျသံကြားရလောက်အောင်ပင် ငြိမ်သက်သွားသည်။ လူတိုင်း၏ မျက်လုံးများက ဆွေအောင်နှင့် မေသူ့အပေါ်၌သာ စူးစိုက်ကျရောက်နေသည်။ ရှာပနအခမ်းအနားသို့ တက်ရောက်လာသူအားလုံးလိုလိုပင် ဆွေအောင်နှင့် မေသူတို့၏ ဇာတ်လမ်းကို အနည်းနှင့်အများ သိထားကြသူများသာ ဖြစ်ပါသည်။

အနက်ရောင်ဝတ်စုံပြည့်ကို ဝတ်ဆင်ထားသည့် ဆွေအောင်က အလွန်ဝမ်းနည်းကြေကွဲဟန်ဖြင့် မေသူ့ကို အတန်ကြာအောင် ဆွေးဆွေးမြည့်မြည့်လေး ငေးကြည့်နေသည်။ မျက်နှာက ပြုံတော့မည့် မိုးလို မှိုင်းညို့နေသည်။ မျက်လုံးအစုံမှာ မျက်ရည်ကြည်များ ရစ်ဝိုင်းနေသည်။ ဖြေမဆည်နိုင်အောင် ဖြစ်နေပုံလည်းရသည်။

ထို့နောက် ဆွေအောင်က မေသူ့မျက်နှာထက်မှာ လွှမ်းထားသည့် ပန်းနုရောင် ဇာပဝါကို အသားဖယ်မလျက် မေသူ့နဖူးပြင်ကို မြတ်နိုးကြင်နာယုယစွာ နမ်းရှိုက်လိုက်ပါသည်။

အာမေဋိတ်အသံများနှင့်အတူ လူအများ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ယခုမှပင် ဈာပနအခမ်းအနားသည် အသက်ဝင်လာသည်။

ကျွန်တော်လည်း စိတ်လှုပ်ရှားစရာ မြင်ကွင်းကိုငေးကာ အံ့သြမှင်တက်နေမိသည်။

× × ×

အခုတော့ ခန်းမအတွင်းမှာ လူရှင်းသွားပါပြီ။ မေသူ့ရုပ်ကလာပ်ကိုလည်း မီးသင်္ဂြိုဟ်ရန် သယ်ဆောင်သွားကြပြီ။ ဈာပနလာသူများက နောက်ဆုံးခရီးတစ်ခုကို အဆုံးသတ်ပေးရန် မေသူ့ရုပ်ကလာပ်နောက်မှ လိုက်ပါသွားကြပြီ။

ကျွန်တော်တစ်ယောက်တည်းသာ ခန်းမအတွင်းက မူလထိုင်ခုံထက်မှာငူငူငေါင်ငေါင် ထိုင်လျက်ကျစ်ရစ်ခဲ့သည်။ မျက်စိထဲမှာလည်း မေသူ့ကိုနမ်းလိုက်သည့် ဆွေအောင်ရဲ့အနမ်းကိုချည်း မြင်ယောင်နေမိသည်။ ထိုအနမ်း၏ အဓိပ္ပာယ်ကိုသိချင်သည်။ မိသမျှဉာဏ်ဖြင့် တွေးချင့်နေမိသည်။

လူတစ်ဦးချင်းစီတွင် သီးခြားဖြစ်တည်နေသော မတူကွဲပြားခြားနားသည့် မူလဗီဇ ခလေ့စရိုက်များ။ အသိဉာဏ်၊ ဆင်ခြင်တုံတရား၊ ပညာအဆင့်အတန်း၊ ဂုဏ်သိက္ခာ စသည်တို့ဖြင့် ချုပ်ထိန်းဖျောက်ဖျက်ပါသော်လည်း မပျောက်ပျက်နိုင်အောင် အရိုးစွဲနေသော မွေးရာပါ ပင်ကိုအကျင့်ဆိုးများ။ ဆန့်ကျင်ဘက် အမူအကျင့်နှင့် ဗီဇစရိုက်များကြားမှာ ချစ်ခြင်းမေတ္တာသည် ထွားဖွံ့စည်ပင်နိုင်ပါရဲ့လား။ ကာလတစ်ခုထိသာ လွှန့်လူးရှင်သန်နိုင်ပြီးကြာမြင့်သည့်အခါ တဖြည်းဖြည်း သိမ်လှီညှိုးရော်ကာ ချုပ်ငြိမ်းကွယ်ပျောက်သွားတတ်ပါသလား။ သို့တည်းမဟုတ် မသိနိုင်မမြင်နိုင်သော တစ်ရပ်တစ်ပါးမှာ မတွေးမထင်နိုင်သော အသွင်သဏ္ဍာန်တစ်မျိုးဖြင့် သိမ်မွေ့ ထူးဆန်းစွာပြောင်းလဲဖြစ်တည်နေတတ်သည်လား။

အမှန်တော့ ဆွေအောင်နှင့် မေသူတို့တွင် လုံးဝဆန့်ကျင် ကွဲပြားမတူခြားနားသည့် ခလေ့ဗီဇနှင့် အကျင့်စရိုက်များ ကိုယ်စီရှိကြ၏။ သို့ရာတွင် သူတို့နှစ်ယောက်ကြားမှာ ကြီးမားနက်ရှိုင်းသည့် ချစ်ခြင်းမေတ္တာနှင့်သိမ်မွေ့နက်နဲသော သံယောဇဉ်တို့ မုချဆတ်ဆတ်ရှိခဲ့ကြမှာ သေချာပါသည်။

'ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ' 'ငယ်ကပေါင်း အနှစ်တစ်သောင်း

မမေ့ကောင်း' ဆိုသော ရှေးစကားဆိုရိုးများသည် အခြေအမြစ်မဲ့စွာ ဖြစ်တည်ရှင်သန်နေသည်တော့မဟုတ်တန်ရာ။

ဆွေအောင်က မေသူ့ကို နမ်းလိုက်သော နောက်ဆုံးအနမ်းသည် 'ငယ်ချစ်ဦး' တို့၏ ကြီးမားနက်ရှိုင်းသည့် ချစ်ခြင်းမေတ္တာကို ဖော်ညွှန်းနေသည်လား။ သို့တည်းမဟုတ် 'ငယ်လင်ငယ်မယား' တို့၏ သိမ်မွေ့နက်ရှိုင်းသည့် သံယောဇဉ်ကိုပင် ကိုယ်စားပြုနေသည်လား။

'အနမ်းတစ်ပွင့်ရဲ့ ရာဇဝင်' ကို သိချင်လှပါဘိ။

× × ×

နောက်ဆုံး၌ ကျွန်တော်လည်း အိမ်ပြန်ရန် ခန်းမအတွင်းမှ ထွက်လာခဲ့သည်။ ခန်းမအပြင်တွင် ဆွေအောင်သည် ဗွီဒီယိုရိုက်သူနှင့် စကားပြောနေသည်။

ဝမ်းနည်းစကားပြောရန်အတွက် ဆွေအောင့်ထံသို့ ကျွန်တော် လျှောက်သွားသည်။ ကျောခိုင်းထားသဖြင့် ဆွေအောင်က ကျွန်တော်ကို မမြင်၊ ပြောလက်စ စကားကိုသာ ဆက်ပြောနေသည်။

'မင်း ငါနမ်းတဲ့ပုံကို မိမိရရ ရိုက်လိုက်လား။ ထင်ထင်ရှားရှား၊ ပြတ်ပြတ်သားသားရော ရရဲ့လား'

'ရပါတယ် ဆရာရယ်။ သေသေချာချာပြောပြီးရိုက်နိုင်းထားတာပဲ။ အကောင်းဆုံးပုံကို ရလိုက်ပါတယ်။ ဂရိတ်ရှိမန့်စ်ပါ။ မြင်သူတိုင်း ကြွေသွားစေရမယ်'

'သိုင်းကျူး။ အဲဒီပုံက သိပ်အရေးကြီးတယ်။ နိုင်ငံခြားက ငါ့သမီးတွေဆီကို သူတို့ပို့မှာကွ'

'မဟေသီ' ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၇၄၊ ဖေဖော်ဝါရီလ၊ ၂၀၁၆ ခုနှစ်။

...သည်မနက်လည်း

ဗျူနီစက်သည် အစော်ကားခံရမှုအတွက်

လိုင်းကားတစ်စီးပေါ်သို့


တိုးဝှေ့တက်ခဲ့သည်။

ထုံးစံအတိုင်းပါပဲ။ ယဉ်အကျဆိုသူများ၏

“သဟောက်သဟက်” သံများကို

ကားပေါ်မရောက်မီကတည်းက

ကြားနေရသည်...



# မေတ္တာမြို့သားများ

သည်မနက်လည်း ကျွန်တော်သည် အစော်ကားခံရန်အတွက် လိုင်းကားတစ်စီးပေါ်သို့ တိုးဝှေ့တက်ခဲ့သည်။ ထုံးစံအတိုင်းပါပဲ။ ယာဉ်အကူဆိုသူများ၏ 'သဟောက်သဟက်' သံများကို ကားပေါ်မရောက်မီကတည်းက ကြားနေရသည်။

'ရှစ်ယောက်တက်တယ်၊ ကိုးယောက်တက်တယ်...။ နောက်ကိုတိုးပါ။ အလုပ်တက်အလုပ်ဆင်းချိန် ကားကျပ်တယ်ဆိုတာ မသိကြဘူးလား။ နေ့တိုင်းပဲ ပြောနေရတာပဲ'

ကျွန်တော့်ရှေ့မှ ကောင်မလေး၏ လက်မောင်းရင်းကို ယာဉ်အကူက ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ကာ ကားပေါ်သို့ဆွဲတင်သည်။ ကားပေါ်ရောက်တော့လည်း ကျောပြင်ကို ပွတ်သပ်လိုက်သေးသည်။ 'ရာဇဝတ်သင့်သော လက်ရောက်မှု'...။ လိုင်းကားပေါ်မှာတော့ ပြစ်မှုမမြောက်။ မော်တော်ယာဉ်စီးခရီးသည် အမျိုးကောင်းသမီးများမှာ ထိုလက်ရောက်ကျူးလွန်စော်ကားမှုကို ဘာမှမဖြစ်သလို မသိကျိုးကျွန်ပြုကာ လိုရာခရီးရောက်ရေးကိုသာ ကြိုးစားနေရရှာသည်။

'ဟိုဦးလေးကြီး နောက်ကို နည်းနည်းထပ်တိုးပါ။ လုပ်ပါ လုပ်ပါ။ အားလုံးလိုက်နိုင်အောင်၊ ကိုယ်ချင်းစာပါ'

ဘုရားရေ...။ ရှေ့မှာရပ်နေတာ မိန်းမသားမို့ အားနာစိတ်နဲ့ နည်းနည်းလေးခွာပြီး ရပ်နေမိတာကိုပဲ 'ကိုယ်ချင်းစာတရား ခေါင်းပါးသည်' ဟု

ဆိုနေပါလား…။ မတတ်နိုင်ဘူး သမီးရေ၊ အန်ကယ်ကြီးကို ခွင့်လွှတ်ပါ။ စိတ်ထဲကတောင်းပန်ရင်း အနည်းငယ်တိုးပေးလိုက်သည်။ သမီးအရွယ်၊ မြေးအရွယ်လေးမို့ အနေခက်လှသည်။

အမှန်တော့ ခရီးသည်တင်ကားများ၌ ထိုင်ခုံနှစ်ဖက်ကြားမှာ လူနှစ်ယောက်ရှောင်၍ လွတ်ရုံမျှသာ ကျယ်ပါသည်။ သို့ရာတွင် ခရီးသည်ပိုဆံ့အောင် မူလထိုင်ခုံများကို ပြုပြင်ကြသည်။ ‘နှစ်ယောက်ထိုင်’ ကို ‘သုံးယောက်ထိုင်’ လုပ်သည်။ ခုံတန်းတစ်ခုနှင့်တစ်ခုကို စေ့ကပ်သည်။ ထိုအခါ ထိုင်ရသည်မှလည်း မသက်သာ၊ ဒူးနှင့်ခုံ တိုက်နေသည်။ ရပ်ရသည်မှာလည်း မလွယ်ကူ၊ ကျပ်ညပ်နေသည်။ ဒါတောင် ယာဉ်အကူများက ခရီးသည်များကို ဟိုဘက်သည်ဘက်လှည့်ကာ ‘ဖင်ချင်းပေါက်’ ရပ်စေချင်ကြသည်။ ထိုသို့မရပ်နိုင်အောင် အနည်းငယ်ဆူဖြိုးသူများဆို မကြည်ဖြူချင်။ မခံချိမခံသာ ပြောတတ်ကြ၏။

‘အားမနာတမ်း ဝနေတော့တာပဲ။ သူ့တစ်ယောက်တည်းနဲ့ ကားတစ်စီးလုံး ပြည့်နေပြီ’

ဝသူများလိုပါပဲ၊ အသက်ကြီးသူများကိုလည်း အတက်အဆင်းနှေးသည်ဆိုကာ ကားပေါ်သိပ်မတင်ချင်ကြ။

‘လေးဘီးလုံး ရပ်ထားဆရာ…။ သက်ကြီးပိုင်းတစ်ယောက်ဆင်းမယ်။ သွက်သွက်လေး။ လက်လွှတ်ဆင်း’

ကူညီသလိုလိုနှင့် တွန်းချသည်။

မြို့ပြ၏ ‘လိုင်းကားယဉ်ကျေးမှု’သည် ဝသူများ၊ အသက်ကြီးသူများနှင့် အံမဝင်။

ကားပေါ်မှာတော့ ရေးထားလိုက်သည့် ဆောင်ပုဒ်တွေ၊ အဓိဋ္ဌာန်တွေ…။ ဖတ်ကြည့်က ကမ္ဘာမှာ အကောင်းဆုံးဝန်ဆောင်မှုပေးနေသည့် မော်တော်ယာဉ်လိုင်းဟု ထင်မှားလောက်သည်။ ကျေနပ်မှုမရှိလျှင် တိုင်ကြားရန်ဆိုသည့် လက်ခံနားထောင်သူမဲ့ ဖုန်းနံပါတ်များကလည်း အစီအရီ…။

‘ဟိုအဒေါ်ကြီး နောက်ကိုတိုးစီးပါ။ အပေါက်ဝနားမှာပဲ ပေတေရပ်နေတော့တာပဲ။ လူလိုပြောရင် နားလည်ပါ’

ခက်ပဲခက်ရချည်ရဲ့ကွယ်။ လိုင်းကားလေးတိုးစီးဖို့ ကိုယ့်ကိုယ်ကိုယ်

'လူလော'…၊ 'နတ်လော'…၊ 'ဗြဟ္မာလော'… ပြန်လည်ဆန်းစစ်ကြည့်ရဦးမည်ထင်သည်။ သို့မှ ဆက်သွယ်ရေးလမ်းကြောင်းက ဖြောင့်စင်းအဆင်ပြေမည်။

'ယာဉ်စီးခတွေ လှမ်းကြပါ။ တစ်ယောက်ရပြီ…၊ နှစ်ယောက်ရပြီ…။ ဟိုရှေ့က ဆက်လှမ်းလိုက်ပါ။ လက်တို့ပြီး မတောင်းရစေနဲ့။ သုံးယောက်ရပြီ…၊ လေးယောက်ရပြီ…။ ဆက်လှမ်းပါ၊ ဆက်လှမ်းပါ'

ကျွန်တော်လည်း ယာဉ်အကူ၏ စော်ကားမှုကို ဆက်လက်ခံရန်အတွက် ယာဉ်စီးခကို အလျင်အမြန်လက်ဆင့်ကမ်းလိုက်ပါသည်။

အမှန်တော့ ကျွန်တော်၏ လိုင်းကားစီးသက်က 'ရင့်'လှပြီ…။ တွက်ကြည့်လျှင် နှစ်ပေါင်းသုံးဆယ်ပင်ကျော်မည်ထင်သည်။ 'ဗိုက်ပူ'၊ 'ဟီးနိုး'၊ 'သဘော်သား'၊ 'မီနီ'၊ 'အထူး'…စသည့် ကားမျိုးပေါင်းစုံကိုလည်း ပြောင်းစီးခဲ့ဖူးပြီး၊ မပြောင်းလဲသည်က မော်တော်ယာဉ်အမှုထမ်းများ၏ ဝသီစရိုက်နှင့် အမူအကျင့်များ…။ ခရီးသည်များအပေါ် မဖွယ်မရာဆက်ဆံမှုများ…။

ဟိုတုန်းကတော့ တော်တော်လေး ရေးကြပြောကြသည်။ ဘာမှလည်း မပြောင်းလဲခဲ့။ ကြာတော့ ရေးကြ ပြောကြသူများ လက်ပန်းကျသွားပုံရသည်။ ရေးကြပြောကြတာ မတွေ့ရတော့။ ရေးပြန်ပြောပြန်လျှင်လည်း 'ဖန်တစ်ရာတေနေသော အဟောင်းအနွမ်း'ဟု ယူဆကာ အရေးတယူ မဖော်ပြကြတော့

ပြောင်းလဲသင့်သော အကြောင်းအရာတစ်ရပ် ပြောင်းလဲရေးအတွက် ဝိုင်းဝန်းပြောဆိုရေးသားဖော်ပြရန် လူတိုင်းမှာ တာဝန်ရှိပါသည်။ ဟောင်းမြင်းရိသွေးနေသော အကြောင်းရာမို့ မရေးကြ၊ မပြောကြ၊ မဖော်ပြကြခြင်းသည် 'လုပ်ချင်တိုင်းသာ လုပ်နေကြပါတော့' ဟု သဘောတူခွင့်ပြုသလို ဖြစ်နေသည်။ ပိုမိုဆိုးရွား အတင့်ရဲလာအောင် အားပေးသလိုဖြစ်နေသည်။

ဟိုတုန်းက 'နှုတ်' အားဖြင့်သာ မယဉ်ကျေးသူများမှာ ယခုအခါ 'လက်' ပါလာသည်။ ကားပေါ်သို့ ဆွဲတင်ခြင်း၊ ကားပေါ်မှ တွန်းချခြင်း၊ အမျိုးသမီးများကို လက်ဆွဲခြင်း၊ ကျောပွတ်ခြင်း…စသည်။ ရံဖန်ရံခါ လူမိုက်ဆန်ဆန်ပင် ပြောဆိုဆက်ဆံတတ်ကြသည်။

'လိုင်းကားစီးနေတာ။ ကိုယ်ပိုင်ကားစီးနေတယ် မထင်ကြနဲ့။ သက်သောင့်သက်သာ သွားချင်ကြရင် တက္ကစီငှားစီး'

ယာဉ်အကူက ကားပေါ်ရှိ ခရီးသည်များအားလုံးကို ဝါးလုံးရှည်ဖြင့် သိမ်းယမ်းနေသည်။

ယဉ်ကျေးသိမ်မွေ့သည့် ကျွန်တော်တို့ 'မေတ္တာမြို့သား' ခရီးသွားများက ယဉ်စီးခ တန်ရာတန်ကြေးပေးပြီး အပိုဝန်ဆောင်မှုအဖြစ် ယာဉ်အကူတို့၏ စိတ်တိုင်းကျ ပြောဆိုစော်ကားနေတာကို ငြိမ်သက်စွာခံနေကြသည်။ ကိုယ်နှင့်မဆိုင်သလို ဥပေက္ခာပြုနေကြသည်။ ကိုယ့်ပြောတာမဟုတ်သလို ဟိုငေးသည်ငေး လုပ်နေသည်။

ကျွန်တော်လည်း တစ်နာရီနီးပါးမျှ ယာဉ်အမှုထမ်းများ၏ စော်ကားပြောဆိုမှုများကို တဝကြီးခံယူပြီးနောက် လိုင်းကားပေါ်မှ အောင်မြင်စွာ ဆင်းခဲ့ပါသည်။

× × ×

ထုံးစံအတိုင်းပါပဲ။ အလုပ်ခွင်ထဲရောက်တော့ ပြဿနာက ဆီးကြိုနေသည်။

'ရုံးက ကွန်ပလိန်းလာတယ်။ လယ်ဘာယ်သရီးက ဒဗလျူစီတွေ မင်းတို့ကပ်ထားတာ လက်ရာအရမ်းညံ့တယ်တဲ့။ လျော်ရင်တောင် လျော်ရဦးမယ်တဲ့။ ဘယ်မလဲ၊ ပြစမ်း။ အဲဒီအခန်းတွေကို'

ကန်ထရိုက်တာက စောစောစီးစီး စိုက်ထဲလာပြီး ပွဲကြမ်းသည်။ ညနေ အလုပ်သမားခရှင်းပေးချိန်မှသာ ဟိုရှောင်သည်လှည့် လုပ်တတ်သော်လည်း ဆူစရာပူစရာ၊ အပြစ်ဖို့စရာ ရှိပြီဆိုလျှင်တော့ ယခုလိုပဲ ဝီရိယကောင်းတတ်သည်။

ကျွန်တော်က တတိယထပ်ရှိ ကြွေပြားကျောက်ပြားကပ်ထားသော အခန်းများကို လိုက်ပြရသည်။ လက်ရာစိတ်ကျေနပ်သော အခန်းများကို ဦးစွာပြပြီး သံသယရှိသည့်အခန်းကို နောက်ဆုံးမှပြလိုက်သည်။ ထင်သည့်အတိုင်းပါပဲ။ အခန်းမှာကပ်ထားသည့် လက်ရာကို မြင်ကာမျှနှင့် ကန်ထရိုက်တာက ပေါက်ကွဲသည်။ 'ကြက်နင်း' ဖြစ်နေသော ကျောက်ပြားနှစ်ချပ်ကို လက်

ညှိုးထိုးပြီး တက်ခေါက်သည်။

'ဘယ်ကောင်ကပ်တာလဲကွ။ ဒီလောက် ပရမ်းပတာ' မတတ်သာတော့ပါ။ ဖွင့်ပြောရသည်။

'ဘတိုး ကပ်တာ ဆရာ'

'ဘယ်မလဲ အဲဒီကောင်၊ ခေါ်စမ်း'

'ဘတိုး သည်စိုက်မှာမရှိတော့ဘူး။ ဆရာပဲ တစ်နေ့က သူ့ကို လာခေါ်သွားတာလေ'

ထိုအခါ ပေါက်ကွဲစရာ အနီးအပါးမှာ ကျွန်တော်သာ ကျန်ရစ်သည်။

'ခေါင်းဆောင်လုပ်ပြီး မင်း မပြောဘူးလား။ ဒီလို ဖြစ်ကတတ်ဆန်း ကပ်တာကို'

'ကျွန်တော်က ဟိုဘက်အခန်းမှာ ကျောက်ပြားကပ်နေတာ ဆရာ။ ညနေ လိုက်စစ်မှ တွေ့တာ။ ပြန်ပြင်ပေးမယ်လို့ စိုက်အင်ဂျင်နီယာကို ပြောပြီးသား'

ချက်ချင်းပြန်မပြင်ပေးမိတာတော့ ကျွန်တော့်အမှား…။ အသေးအဖွဲ့ ဖို့ နေ့ရွှေ့ညရွှေ့လုပ်ခဲ့မိသည်။

ဒါကို ကုမ္ပဏီစစ်ဆေးရေးများက တွေ့သွားသည်။ ထိုအခါ ပြဿနာက မီးခိုးကြွက်လျှောက်လိုက်ကာ မိုးမီးလောင်ပါတော့သည်။

အမှန်တော့ ကုမ္ပဏီစစ်ဆေးရေးများက စိုက်ထဲနေ့တိုင်းလာ စစ်ဆေးရမည်။ သို့သော် မလာကြ။ စိတ်လိုလက်ရရှိမှသာ ရောက်လာတတ်သည်။ သူတို့၏ပျက်ကွက်မှုကို ကုမ္ပဏီက မသိစေချင်တော့ စိုက်ထဲလာသည့်အခါ တွေ့သမျှ ပြဿနာအသေးအဖွဲလေးများကို ကုမ္ပဏီသို့ ယူဆောင်တင်ပြကြသည်။ သူတို့ သည်လောက်အလုပ်လုပ်သည်ပေါ့။

ထောက်ကွက်ရပြီဆိုတော့ ထုံးစံအတိုင်း ကုမ္ပဏီက ကန်ထရိုက်တာကို ခေါ်၍ကြိမ်းမောင်းပါလိမ့်မည်။ 'သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် မလုပ်နိုင်ဘူးလား'…။ 'ကုမ္ပဏီကို နာမည်ပျက်အောင်လုပ်နေသလား'…။ 'အခုသွားပြီး ပြဿနာကို ဖြေရှင်းပါ'…စသဖြင့် အပြစ်ဆို ညွှန်ကြားပါလိမ့်မည်။

ထိုအခါ ကုမ္ပဏီ၏ ဆပ်ကန်ထရိုက်မျှသာ ဖြစ်သော ကျွန်တော်တို့ ကန်ထရိုက်တာက စိုက်ထဲ အူယားဖားယား အပြေးလာကာ ကျွန်တော့်ကို အထက်ပါအတိုင်း စိတ်ရှိလက်ရှိ ဆူပူကြိမ်းမောင်းနေခြင်းဖြစ်သည်။

အမေက ငါ့ကို နိုင်၊ ငါက ကြက်မကြီးကို နိုင်...။

အနီးအနားမှာ အလုပ်လုပ်နေသည့် အခြားအလုပ်သမားများက လှည့်ကြည့်ကြသည်။ ရှက်စိတ်ဖြင့် ကျွန်တော့်မျက်နှာတစ်ပြင်လုံး ရှိန်းဖိန်းထူပူလာသည်။ တုံ့ပြန်ရန် စကားလုံးများစွာ လည်ချောင်းအတွင်းသို့ အစီအရီ ပြေးတက်လာသည်။

'ဘတိုးလည်း ဝါရင့်ပန်းရန်ဆရာပဲ။ သူလုပ်တာ ဟုတ်မဟုတ် တစ်ချိန်လုံး ထိုင်ပြီးစောင့်ကြည့်နေရမှာလား။ ကိုယ့်အလုပ် ကိုယ်မလုပ်ရ တော့ဘူးလား။ အခုဖြစ်တာလည်း ဘာမှ ကြီးမားတဲ့အမှားမဟုတ်။ ဖြစ်လေ့ ဖြစ်ထရှိတာမျိုးပါ။ ပြင်လိုက်ရင် ပြီးသွားမယ့်ကိစ္စ။ သက်သက်မဲ့ လာရစ်နေ တယ်'

သို့ရာတွင် ထိုစကားလုံးများက အပြင်သို့ ထွက်မလာကြ။ လည် ချောင်းမှာပဲ တစ်ဆို့နေသည်။ အပြင်သို့ ပွင့်ထွက်မလာအောင်လည်း နှုတ်ဖျား ကို တင်းတင်းစေ့ပိတ်ထားရသည်။

'သည်အလုပ်မှ နုတ်ထွက်နိုင်ပါသလား'...ဟု ကိုယ့်ကိုယ်ကိုယ် အကြိမ်တစ်ရာ့နှစ်ဆယ်မြောက် မေးမိသည်။ ဆင်းရဲချို့တဲ့သည့် မိသားစုဝင် တို့၏ မျက်နှာများကို မြင်ယောင်သည်။ စိတ်လိုက်မာန်ပါ အလုပ်ထွက်ဖို့ရာ မဖြစ်နိုင်သေးပါ။ နောက်အလုပ်တစ်ခု မရခင်စပ်ကြားမှာ ဘာနှင့်စားရမည် နည်း။ အကြွေးပေါ် အကြွေးဆင့်၍ မဖြစ်။ ယခုပင် နစ်လှပြီ။

နောက်တွေ့ရမည့် ကန်ထရိုက်တာကရော ဘယ်လောက်ပိုကောင်းမှာ မို့လဲ။ သူတို့အားလုံးသည် တစ်ယောက်နှင့်တစ်ယောက် ဘာမှ ထူးမခြားနား ကြ။ ကုလားကြီးနှင့် ဘာဘူကြီးပါပဲ။

ဘာမှမတတ်နိုင်တဲ့အခြေအနေမှာ အလုပ်ရှင်ရဲ့ တစ်ဖက်စောင်းနင်း နင်ပဲငဆစော်ကားပြောဆို ကြိမ်းမောင်းတာကို ခေါင်းငုံ့ခံခြင်းသည်သာ အကောင်းဆုံးဆိုတာ များစွာသော အတွေ့အကြုံအရသိသည်။ ခွေးဆိုလျှင်တော့ ချောင်ပိတ်အရိုက်ခံရလျှင် ပြန်ကိုက်မည်။ ကျွန်တော်တို့ကတော့...။

'ဟိုအကောင်၊ အလုပ်လုပ်နေတာ ဘာလို့ရယ်နေတာလဲ။ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်စမ်း'

အလုံးစုံသော စိတ်ကျေနပ်မှုများကို ကျွန်တော်နိုင်စားချင်တိုင်း နိုင်စား၍ရသည့် အောက်လက်ငယ်သားများထံ ပစ်ပေါက်ဖောက်ခွဲလိုက်သည်။ အနည်းငယ် နေသာထိုင်သာရှိသွားသည်။

× × ×

ကားမှတ်တိုင်မှာ လူများအုံခဲနေ၏။ လာသမျှကားများမှာ ခရီးသည်များ ကျပ်ညပ်နေသည်။ လူတစ်ကိုယ် ကားပေါ်ရောက်ရေးပင် မလွယ်ချင်။ မစာနာ အတင်းတိုးကာဖွေ့ကာ တက်ပါမှ ကားပေါ်ရောက်မည်။

ကားပေါ်ရောက်လျှင်လည်း ပူလောင်အိုက်စပ် မွန်းကျပ်ကာ ဒုက္ခမျိုးစုံ ဆက်ခံရဦးမည်။ ယာဉ်အကူ၏ အော်ဟစ်ကြိမ်းမောင်း ဆူပူသံများကို နားနှင့်မဆံ့အောင် ကြားရဦးမည်။ ညနေ၊ ညဦးဆို ကားလမ်းများကလည်း ပိတ်တတ်ဆို့တတ်ပါပေ့။ လမ်းဆုံတိုင်းမှာ၊ မီးပွိုင့်တိုင်းမှာ တမေ့တမော စောင့်ဆိုင်းရဦးမည်။

လုပ်ငန်းခွင်ထဲတွင် တစ်နေကုန် ပြဿနာပေါင်းစုံနှင့် လူပန်းစိတ်ပန်း ဖြစ်ခဲ့ရသော ကျွန်တော့်မှာ ကားပေါ်တက်ရန် တွေဝေတွန့်ဆုတ်နေမိသည်။ ငယ်စဉ်ကတော့ ကားကျပ်တာလောက်ကို ထီမထင်ခဲ့။ အရွယ်ထောက်လာတော့ လိုင်းကားတွင်း၌ 'ငါးပိသိပ်ငါးချဉ်သိပ်' လိုက်ပါစီးနင်းရမှာ စိတ်ပျက်လာသည်။ လူပိုဆံ့အောင် ရည်ရွယ်၍ ယာဉ်မောင်း၏ မလိုအပ်ဘဲ ဆောင့်ဆောင့်နင်းသည့် ဘရိတ်ဒဏ်ကြောင့် ကားပေါ်မှာ လူးကာလိမ့်ကာ ဟိုယိမ်းသည်ယိုင်စီးရမှာလည်း စိတ်ကုန်သည်။ သို့ရာတွင် ကျွန်တော်တို့မှာ ရွေးချယ်စရာမရှိပါ။ နေ့စဉ် လုပ်ငန်းခွင်သို့ အသွားအပြန်ခရီးစဉ်ကို သည်လိုင်းကားများဖြင့်ပင် 'စခန်းသွား' နေရသည်။

လုပ်ငန်းခွင်သို့ ကြိုပို့ယာဉ်များဖြင့် အေးဆေးသက်သာ သွားနိုင်၊ ပြန်နိုင်သူများကို မြင်တွေ့ရသည့်အခါတိုင်း 'ကုသိုလ်ထူးပါပေ့' ဟု တွေးကာ ငေးမောအားကျမိသည်။ လုပ်ငန်းခွင်ပင် ပုံသေမရှိသည့် ကျွန်တော်တို့လို 'ပျံကျ' နေ့စားလုပ်သားများအဖို့ လုပ်ငန်းခွင် ကြိုပို့ယာဉ်ဆိုတာ မဖြစ်နိုင်သည့်

အိပ်မက်တစ်ခုမျှသာ။

'နွမ်းလျအိမ်ပြန်' ညနေခရီးအတွက် သက်ပြင်းချမိသည်။

ယခုအချိန်သည် အလုပ်ဆင်းချိန်မို့ လိုင်းကားတိုင်းက ကျပ်လို့ ကောင်းနေသည်။ နောက်တစ်နာရီခွဲ၊ နှစ်နာရီလောက်ဆိုလျှင် ခရီးသည်များ နည်းပါးသွားမည်မို့ ကားများ အနည်းငယ်ချောင်ချိမည်။ ည ခုနစ်နာရီခွဲ၊ ရှစ်နာရီနောက်ပိုင်းဆိုပါတော့…။

ထိုအချိန်ရောက်အောင် စောင့်ရမည်လား…။

ခပ်လှမ်းလှမ်းမှာတော့ 'ရွှေတိဂုံစေတီတော်မြတ်' ကို မီးဆလိုက်များဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ဘုရားရင်ပြင်တော်ပေါ်တက်၍ အေးအေးလူလူ ဘုရားဖူးကာ ကားချောင်ချိမည့်အချိန်ကို စောင့်ရမည်လား …။ အသက်အရွယ်အရ ထိုသို့ အမှန်ပင် လုပ်ချင်ပါသည်။ သို့ရာတွင် ရွှေတိဂုံစေတီတော်မြတ်မှာ ကျွန်တော်ရပ်နေသည့် ကားမှတ်တိုင်မှ တော်တော်လေးအလှမ်းဝေးသည်။ လျှောက်သွားဖို့ဆိုသည်မှာ ဘယ်လိုမှ မဖြစ်နိုင်ပါ။

ကျွန်တော်ရပ်နေသည့် ကားမှတ်တိုင် အနီးအပါးမှာ ရှိနေသည်က လမ်းဘေးဈေးဆိုင်များ၊ စတိုးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များ…။ မှတ်တိုင်နှင့် မနီးမဝေးမှာရှိသည့် စားသောက်ဆိုင်ငယ်အချို့မှာ ကျွန်တော်တို့နှင့် ဘဝတူများ ထိုင်နေကြပါသည်။ သူတို့သည် တစ်နေ့တာ နွမ်းနယ်ပင်ပန်းသမျှကို သူတို့တတ်နိုင်သည့် ယမကာလေးများကို ဝယ်ယူသောက်သုံးမှီဝဲကာ အပန်းဖြေနေကြပါသည်။

ကျွန်တော့်ရှေ့သို့ လိုင်းကားများ တစ်စီးပြီးတစ်စီး ထိုးရပ်သည်။ ကျွန်တော်တို့မြို့သစ်သို့ လမ်းကြောင်းသင့်သည့်ကား ဆိုက်တိုင်း ကားပေါ်တက်ရန် ကျွန်တော်ကြိုးပမ်းသည်။ ကျွန်တော်လို 'ဒုတိယအရွယ်လွန်' တစ်ယောက်အတွက် သည်အချိန်မှာ လိုင်းကားပေါ်ရောက်ရေးဆိုတာ တော်တော်လေးခက်ခဲပါသည်။ အင်နှင့်အားနှင့် တိုးတိုးတိုက်တိုက်လုပ်ကာ အတင်းတက်မှ ကားပေါ်ရောက်မည်။

ထိုသို့လည်း မတက်ချင်။ ပြီးတော့…အိမ်သို့ အလျင်စလိုလည်း ပြန်မရောက်ချင်။ အိမ်မှာ အသင့်စောင့်ကြိုနေမည့် စိတ်မချမ်းသာစရာများနှင့်လည်း ရင်မဆိုင်ချင်။

လူပဒေသာသီးနေသည့် လိုင်းကားများ တစ်စီးပြီးတစ်စီး ကျွန်တော့်ရှေ့မှ ထွက်ခွာသွားသည်ကို စိတ်ညစ်ညူးစွာ ငေးကြည့်နေမိသည်။ ဘယ်လောက်ကြာအောင် ငေးမောကြည့်နေမိသည်မသိပါ။ ခြေထောက်များညောင်းညာကိုက်ခဲလာမှ ကျွန်တော်သည် ရည်ရွယ်ချက်မဲ့စွာ ကားမှတ်တိုင်အနီးက စားသောက်ဆိုင်လေးထံ လျှောက်သွားမိသည်။

'ဘီအီးတစ်ပိုင်း၊ အဘိုးကြီးသုပ်တစ်ပွဲ'

ဆိုင်ထဲရောက်သောအခါ နီးရာစားပွဲမှာ ဝင်ထိုင်ပြီး အရက်နှင့်အမြည်း မှာလိုက်သည်။

သိပ်မကြာလှပါ။ ကျွန်တော်ထိုင်နေသည့် စားပွဲသို့ ကျွန်တော်နှင့်ရင်းနှီးခင်မင်သည့် ဘဝတူ ကျွန်တော်တို့မြို့သစ်သားများ လာရောက်စုစည်းဝိုင်းဖွဲ့ကြသောအခါ ပျော်စရာကမ္ဘာငယ်လေးတစ်ခု ဖြစ်သွားသည်။

× × ×

အရက်ကိုးမောင်းသောက်ထားသည့် နာဋ္ဌာဂီရိဆင်ပြောင်ကြီးများသဖွယ် ကျွန်တော်တို့လူသိုက် ကားပေါ်တက်လိုက်ကြသည်။ ကျွန်တော်တို့ထံမှ အရက်နံ့များက တစ်ကားလုံးကို လွှမ်းသွားသည်။ အပေါက်ဝတွင် ဗိတ်ဆို့ရပ်နေသည့် ယာဉ်အကူကို တမင်ဝင်တိုက်လိုက်သည်။ 'ဘာဖြစ်ချင်သလဲ' ဆိုသည့် သဘောဖြင့်လည်း လှမ်းကြည့်လိုက်သည်။ မျက်ထောင့်နီများအောက်မှာ ကျွန်တော်တို့၏ သဘောထားကို ယာဉ်အကူက နားလည်သဘောပေါက်သွားသည်။

'ကွိုင်ပဲ' …ဟု မပွင့်တပွင့်ညည်းတွားသည်။

'ဘာပြောတာလဲကွ'

နားအလွန်ပါးလှသည့် တာတေက လှမ်းမေးသည်။ ကျွန်တော်တို့အားလုံးသည် အသင့်အနေအထားပြင်လိုက်ကြသည်။ သည်အချိန်မှာတော့ဖြစ်ချင်ရာဖြစ် မောင်ဘချစ်…။

ယာဉ်အကူက မကြားချင်ယောင်ဆောင်သည်။ ပြီးတော့…ယဉ်ကျေးပျူငှာ ချိုသာစွာပြောသည်။

'နောက်ဆုံးတန်းမှာ ခုံလွတ်တွေရှိတယ် ဦး'

ထိုင်ခုံမှာ သက်သောင့်သက်သာ ဝင်ထိုင်ရင်း မနက်တုန်းက ယာဉ်စီးခပေးပြီး ယာဉ်အကူ၏ စော်ကားသမျှကို ကျွန်တော်တို့ 'မေတ္တာမြို့သားများ' သည် စည်းလုံးညီညွတ်စွာဖြင့် မသိဟန်ဆောင်ကာ ကြိတ်မှိတ်ခံခဲ့ကြသည်ကို အမှတ်ရနေမိပါသည်။ ။

'မဟေသီ' ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၄၂၊ ဇွန်လ၊ ၂၀၁၃ ခုနှစ်။
မြန်မာဝတ္ထုတို (၂၀၁၃)
စိတ်ကူးချိုချိုစာပေတိုက်။
ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ်။

...ရွှေထည်လက်ဝတ်လက်စားများကို

ဝတ်ဆင်ရသဖြင့်

မိမိနှင့် မလိုက်ဖက်ဟုထင်သည့်

မိန်းမသားမရှိ။

မကြိုက်မနှစ်သက်သည့် မိန်းမသားမရှိ။

ပြီးတော့...


ရွှေထည်လက်ဝတ်လက်စား

အများအပြားကို ကိုယ်လုံးညွတ်အောင်

ဆင်မြန်းထားရသဖြင့်

လေးလံဖိစီးလှသည်ဟု ထင်တတ်သည့်

မိန်းမသားလည်းမရှိ...။



## ဆန်ရေစီးသံ

'ကိုယ်ရောင်ကိုယ်ဝါတောက်ပပြီး လှလို့ပလို့ပါလားအမေ။ ဘယ်သွားမလို့လဲ'

သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းပြီး ကျော့ကျော့မော့မော့လေး ဝတ်စားပြင်ဆင်လျက် အပြင်သွားရန် အိပ်ခန်းအတွင်းမှ ထွက်လာသည့် ဒေါ်ထားမေကို သမီးဖြစ်သူဝေဝေက မီးဖိုထဲမှ လှမ်းမြင်ကာ မေးလိုက်သည်။

'တောင်ပိုင်းက မိညိုတို့အိမ်ပါအေ။ သူ့မြေး ရက်တစ်ရာပြည့်ပွဲတဲ့'

ဒေါ်ထားမေရဲ့ စကားအဆုံးမှာ ဝေဝေက မသိမသာမဲ့လိုက်သည်။

'မြန်မာတွေလည်း ကိုရီးယားဇာတ်လမ်းတွဲတွေကြည့်ပြီး ကိုရီးယားရူး ရူးနေကြပြီ။ ကလေးမွေးပြီးရင် ရက်တစ်ရာပြည့်ပွဲ လုပ်ရတာနဲ့ ဘာနဲ့။ ဒါနဲ့ နေပါဦး။ အမေ အရင်တုန်းက ဒေါ်ဒေါ်ညိုတို့အိမ်ကို သွားလေ့သွားထမရှိပါဘူး။ မောက်မာစီးပိုးလို့ဆို။ ခုမှ ကောက်ကာငင်ကာ ဆွေတွေမျိုးတွေကို ခင်လို့မင်လို့ပါလား'

ဝေဝေက ဒေါ်ထားမေ ဆင်မြန်းထားသည့် လက်ဝတ်လက်စားများကို ကြည့်ကာ ပြုံးထေ့ထေ့နှင့် မေးလိုက်သည်။ ဝေဝေအကြည့်၊ ဝေ့ဝေ့အပြောမှာ ဒေါ်ထားမေ ရှက်သလိုလို ဖြစ်သွားသည်။

'ဒါကတော့ အေ။ ဆွေမျိုးအရင်းအချာကြီးတွေပဲ။ မနက်က ဈေးထဲ

မှာတွေ့တော့ မိညိုကိုယ်တိုင်က သူ့မြေးရက်တစ်ရာပြည့်ပွဲကို ဆက်ဆက်လာခဲ့ဖို့ တဖွဖွပြောလွန်းလို့ သွားရမှာ။ ငါ့အလိုဆန္ဒကတော့ ဘယ်ပွဲ၊ ဘယ်လမ်းမှ သွားလိုစိတ် မရှိတော့ပါဘူး။ မကောင်းတတ်လို့သာ'

မကောင်းတတ်၍ သွားရသည်…ဟု ဖြေရှင်းချက်ကို မလုံမလဲပေးနေသော ဒေါ်ထားမေကိုကြည့်ကာ ဝေဝေက သဘောကျစွာ ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။

'ဩော်…တို့အမေတို့များ မကောင်းတတ်လို့ သွားရတဲ့ပွဲပေမို့လားမသိဘူး။ စိတ်မပါ၊ လက်မပါ ရှိလိုက်တာ။ ရေမိုးချိုး ဖြီးလိမ်းဝတ်စားပြင်ဆင်နေတာကိုက တစ်ညနေလုံး။ အခု ပွဲထွက်လာတော့လည်း အပျံစား။ ခတ်ရှင်မင်းသမီးကြည်ကြည်ဌေးက အစ်မ၊ အစ်မလို့ ခေါ်ရလောက်ပေတယ်'

'အိုအေ…ဒါကတော့ ပွဲနေပွဲထိုင်သွားတာပဲ။ အိမ်ဝတ်အိမ်စားနဲ့ထသွားလို့ တော်မလားအေ'

ဒေါ်ထားမေက ကျေနပ်စွာ ဆင်ခြင်ပေးသည်။

'အင်း…အမေ့ကိုတော့ မနိုင်ဘူး။ တစ်နေ့တစ်နေ့ သွားလိုက်ရတဲ့အလှူမင်္ဂလာပွဲတွေ။ မြို့မှာလုပ်သမျှ ပွဲတွေအားလုံး တစ်ခုမှ အလွတ်မပေးဘူး။ ဘာပွဲမှ မရှိရင်လည်း ဆွေတွေ၊ မျိုးတွေ၊ မိတ်ဆွေ၊ သူငယ်ချင်းတွေအိမ်တွေကို လှည့်ပတ်သွားလည်နေတော့တာပဲ။ အရင်ကဆို အိမ်ထဲကနေ အိမ်အပြင်ထွက်ဖို့ အင်မတန်ဝန်လေးတတ်တဲ့ တို့အမေလေ'

ဝေဝေရဲ့ သည်အပြောကိုတော့ ဒေါ်ထားမေ ကျွဲမြီးနည်းနည်း တိုသွားသည်။ ထို့ကြောင့် မျက်နှာထားတည်တည်၊ လေသံတင်းတင်းနှင့် မေးလိုက်သည်။

'ငါက တစ်နေကုန် အိမ်တွင်းအောင်းပြီး ညည်းတို့မိသားစုရဲ့ ဝေယျာဝစ္စကို အိုကြီးအိုမနဲ့ ခေါ်မဖော်စတမ်း လုပ်ပေးနေစေချင်သေးလို့လား'

သည်တစ်ခါ မျက်နှာပျက်သွားသူက ဝေဝေဖြစ်သည်။ မကျေနပ်ချက်မြားဦးက သူ့ထံ ဦးတည်လာနေပြီ။ ရှောင်မှ ရှားမှဖြစ်တော့မည်။

ချက်ကောင်းထိသဖြင့် ငြိမ်ကျသွားသည့် ဝေဝေ့ကို ဒေါ်ထားမေက မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပြီးနောက် အိမ်ပေါ်မှ ဘောက်ဆတ်ဆတ်

ဖြင့် ဆင်းသွားသည်။

× × ×

ဝေဝေပြောမယ်ဆိုလည်း ပြောစရာပင်။ အခုနောက်ပိုင်း နှစ်များမှာ ဒေါ်ထားမေသည် ဟိုသွားသည်လာ သည်ဝင်ဟိုထွက်ဖြင့် အိမ်ကပ်လှသည် မရှိဘဲ အကြောင်းမရှိအကြောင်းရှာကာ အိမ်အပြင်မှာချည်း အချိန်ကုန်နေတတ်သည်။

အမှန်စင်စစ် ဒေါ်ထားမေသည် အိမ်တွင်းအောင်း ကုလားမများလို အချိန်ရှိသရွေ့ အိမ်ထဲမှာချည်း ကုပ်ကုပ်ရုပ်ရုပ် နေတတ်သူတော့မဟုတ်။ သို့သော် ယခုကဲ့သို့ ဟိုနားစပ်စပ်၊ သည်နားစပ်စပ်ဖြင့် နေရာတကာမှာ မြင်နေတွေ့နေရသည်အထိ လမ်းများတတ်သူလည်း မဟုတ်ခဲ့။ စည်းစနစ်ကြီးသော ရှေးရိုးဆန်သည့် မိဘအသိုင်းအဝိုင်းမှာ မွေးဖွားကြီးပြင်းလာခဲ့ရသူပီပီ ဗိုင်းကောင်းကျောက်ဖိ အနေအထိုင်မျိုးသာ ရှိခဲ့ပါသည်။ တော်ရုံတန်ရုံအရေးကိစ္စလောက်ဖြင့် အိမ်ထဲကနေ အိမ်အပြင်သို့ ထွက်လေ့ထွက်ထ မရှိတတ်။

ယခုမှသာ ဟိုနေရာမှာလည်း ဒေါ်ထားမေ၊ သည်နေရာမှာလည်း ဒေါ်ထားမေဟု ဆိုရလောက်အောင်ပင် နေရာတကာမှာ ဒေါ်ထားမေကို မြင်နေတွေ့နေရပါတော့သည်။ တွေ့ရသည့်အခါတိုင်းလည်း ကျော့ကျော့မော့မော့ ပြင်ဆင်ဖြီးလိမ်းကာ လက်ဝတ်လက်စား အပြည့်အစုံကို ဆင်မြန်းထားတတ်သည်ချည်း။

နောက်တစ်ခုထူးခြားလာသည်က နဂိုနေ စကားအလွန်နည်းခဲ့သော ဒေါ်ထားမေမှာ ယခုနောက်ပိုင်းမှာ စကားကို အတော်များများ ပြောလာတတ်ခြင်းပင်။ ပြောလိုက်သမျှ စကားတွေထဲမှာလည်း သူ့သမီးအငယ် ဆွေဆွေ့အကြောင်းကတော့ အမြဲတစေ ပါတတ်လေသည်။ ဒါကလည်း သဘာဝကျသည်။ မိဘကို သိတတ်သော သားသမီးများကို မိဘများကလည်း ကျေနပ်ပီတိလျှံဝေစွာဖြင့် အခါအခွင့်သင့်တိုင်း ချီးမွမ်းချင်ကြသည်လေ…။ ထိုသို့ ချီးမွမ်းနိုင်ခွင့် ရရေးအတွက်လည်း ကြံစည်အားထုတ်တတ်ကြသည်လေ..။

ယခုကဲ့သို့ ဒေါ်ထားမေ လမ်းများနေရခြင်း၊ နေရာတကာမှာ တွေ့သည့်လူများနှင့် စကားရောဖောရော လုပ်နေတတ်ခြင်း၏ အရင်းခံအကြောင်းတရားမှာ ဒေါ်ထားမေ၏ သမီးအငယ် ဆွေဆွေ့ကြောင့်သာ ဖြစ်ပါသည်။

ပို၍တိတိကျကျဆိုရပါမူ ဆွေဆွေက ဒေါ်ထားမေအတွက် ရွှေကြယ်သီးတစ်စုံနှင့် ရွှေဘီးတစ်ချောင်းကို လုပ်ပေးပြီးသည့်နောက်ပိုင်းမှာ ဒေါ်ထားမေ၏ ဘဝနေထိုင်မှုပုံစံသည် ယခုကဲ့သို့ ပြောင်းလဲသွားခဲ့ခြင်းဖြစ်ပါသည်။

× × ×

အမှန်တော့ ဒေါ်ထားမေသည် ဘဝတစ်လျှောက်လုံးကို မရှိမရှားအနေအထားဖြင့် ငြိမ်းငြိမ်းအေးအေးဖြတ်သန်းခဲ့သူဖြစ်သည်။ ရိုးသားကြိုးစားသော ခင်ပွန်းသည်၊ အတန်အသင့်လိမ်မာရေးခြားရှိသော သားသမီးများ၊ သင့်တင့်လျောက်ပတ်သည့် နေဥစ္စာ၊ ပိုင်းတတ်ဝန်းတတ်သည့် ဆွေမျိုးအသိုင်းအဝိုင်း၊ ခင်မင်နှစ်လိုဖွယ်ကောင်းလှသည့် မိတ်ဆွေသူငယ်ချင်းများ…စသည်ဖြင့် မကြွယ်ဝသော်လည်း မချို့ငဲ့သည့်ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။

ခင်ပွန်းသည် ကွယ်လွန်ခဲ့ပါသော်လည်း၊ သားသမီးများ အိမ်ခွဲသွားခဲ့သော်လည်း ဒေါ်ထားမေမှာ ကြောင့်ကြပူပင်စရာ လုံးဝမရှိခဲ့ပါ။ ကိုယ်ပိုင်အိမ်နှင့်ဝန်းနှင့်၊ ဆိုင်နှင့်ကနားနှင့်၊ ရွှေနှင့်ငွေနှင့် တင့်တောင့်တင့်တယ် ကျန်ရစ်ခဲ့ပါသည်။ သိပ်ပြီးကြီးမားထင်ရှားခြင်းမရှိလှသည့် သူတို့၏ သာမန်နယ်မြို့လေးမှာတော့ ဒေါ်ထားမေသည် ကိုယ့်ဂုဏ်ကိုယ့်ဒြပ်နှင့် ထိပ်တန်းမကျတကျမှာ နေနိုင်ခဲ့ပါသည်။

'ဒီနှစ် အလုပ်အကိုင်တွေကောင်းလို့ အမေ့ကို သမီး ဟောဒီကြယ်သီးနဲ့ဘီး ကန်တော့ပါရစေ။ အားလုံးပေါင်း လေးကျပ်သားကျော်ကျော်ရှိတယ်'

ဒေါ်ထားမေလက်ထဲသို့ ကြယ်သီးနဲ့ဘီးကို ဆွေဆွေက ရိုရိုသေသေထည့်သည်။

'ဒါတွေ မလိုတော့ပါဘူး သမီးရယ်။ အမေ အသက်ကြီးပါပြီ။ ပြီးတော့ အမေက ဘယ်မှ သွားလေ့သွားထရှိသူမှ မဟုတ်တာကွယ်'

လက်ထဲမှ ဝင်းလက်တောက်ပနေသော ရွှေကြယ်သီးနဲ့ ရွှေဘီးကိုကြည့်ကာ ဒေါ်ထားမေက တိုးတိုးဖွဖွငြင်းဆိုသည်။ သို့ရာတွင် ဒေါ်ထားမေ၏ မျက်လုံးအစုံကတော့ သူ့လက်ထဲမှ ရွှေထည်များနည်းတူ ဝင်းလက်တောက်ပနေသည်။

'အမေ့မှာ နားကပ်ရော၊ ဆွဲကြိုးရော၊ လက်စွပ်ရော၊ လက်ကောက်ရော ရှိတယ်လေ။ ကြယ်သီးနဲ့ဘီးပဲ မရှိတာ။ တစ်ဆင်စာစုံသွားအောင် လုပ်ပေးချင်နေတာ ကြာပြီအမေရဲ့။ အခုမှပဲ ဆန္ဒပြည့်ဝတော့တယ်'

ဆွေဆွေက ခပ်ချွဲချွဲလေး ပြောလိုက်သောအခါ ဒေါ်ထားမေ၏ မျက်နှာမှာ လပြည့်ဝန်းကြီးပမာ ဝင်းပကြည်လင်အေးမြ နေပါတော့သည်။

'ကြိုက်ရဲ့လား အမေ။ ဝတ်ကြည့်စမ်းပါဦး။ လိုက်မလိုက် ကြည့်ရအောင်။ သမီးကတော့ အမေနဲ့လိုက်မယ့်အဆင်ကို သေသေချာချာစဉ်းစားပြီးမှ စိတ်တိုင်းကျ အော်ဒါပေးလုပ်လာခဲ့တာ အမေရဲ့'

'ရွှေပဲအေ။ လူနဲ့ မလိုက်မရှိပါဘူး။ မကြိုက်တဲ့သူလည်း မရှိပါဘူး'

မှန်သည်။ ရွှေထည်လက်ဝတ်လက်စားများကို ဝတ်ဆင်ရသဖြင့် မိမိနှင့် မလိုက်ဖက်ဟုထင်သည့် မိန်းမသားမရှိ။ မကြိုက်မနှစ်သက်သည့် မိန်းမသားမရှိ။ ပြီးတော့ ရွှေထည်လက်ဝတ်လက်စား အများအပြားကို ကိုယ်လုံးညွတ်အောင် ဆင်မြန်းထားရသဖြင့် လေးလံဖိစီးလှသည်ဟု ထင်တတ်သည့် မိန်းမသားလည်းမရှိ…။

× × ×

'အမေ့ကို ပြောစရာရှိလို့ အမေရယ်။ ဒီအသက်အရွယ်အထိ တစ်မျိုးပြီးတစ်မျိုး ဒုက္ခပေးနေတယ်လို့လည်း မထင်ပါနဲ့။ ဝေဝေဘယ်လိုမှ မတတ်နိုင်တော့လို့သာ ပြောရမှာပါ'

မျက်လွှာလေးချပြီး မျက်နှာငယ်လေးဖြင့် ရှိရှိကျိုးကျိုး ချဉ်းကပ်လာပြီး မဝံ့မရဲနှင့် စကားတိုးတိုးဖွဖွဆိုလာသော ဝေဝေ့ကိုကြည့်ပြီး ဒေါ်ထားမေ စိတ်ညစ်သွားသည်။ စောစောက အိမ်တကာလှည့်ပြီး ပလွှားမော်ကြွားခဲ့ရသည့် အရသာလေးကို စားမြုံ့ပြန်ကာ ကြည်နူးနေရသည့်စိတ်တို့ လွင့်ပျံပျောက်ရှသွား၏။

ဝေဝေတို့မိသားစု စီးပွားပျက်ပြီး ကိုယ့်မြို့ကိုယ့်ရွာပြန်လာတော့ နေစရာမဲ့၊ စားစရာမဲ့ဖြစ်နေသည်ကို မကြည့်ရက်နိုင်သည့် ဒေါ်ထားမေက အိမ်ပေါ်ခေါ်တင်ကာ ကျွေးမွေးထားခဲ့ပါသည်။ အစကတော့ 'ခဏတစ်ဖြုတ်' ဟုသာ ရည်ရွယ်ထားသည်။ ဒေါ်ထားမေ မွေးထားတာက ဝေဝေတစ်ယောက်

တည်းမှ မဟုတ်တာ။ မွေးချင်းလေးယောက်တောင်ရှိသည်။ တစ်ယောက် တည်းကွက်၍ မျက်နှာလိုက်လို့မဖြစ်။ ရေရှည်မှာ မောင်နှမများအချင်းချင်း ပြိုင်ပြင်ကာ စိတ်ဝမ်းကွဲပြားနိုင်သည်လေ။

မသိကျိုးကျွန်ပြုကာ လျစ်လျူရှုထားဖို့ဆိုတာကလည်း မိခင်အရင်း ခေါက်ခေါက်မို့ ဘယ်လိုမှ မပြုရက်နိုင်ပါ။ သူများမြို့ရွာမှာ အဆင်မပြေဖြစ် ခဲ့သော်လည်း ကိုယ့်မြို့ကိုယ့်ရွာမှာတော့ ဖွေရှာစားသောက်တတ်တာ စီးပွား ရေးနာလန်ပြန်ထလာလိမ့်မည်ဟု ထင်ထားခဲ့သည်။ သို့သော် ထင်ထားသလို ဖြစ်မလာခဲ့ပါ။

ဝေဝေတို့မိသားစုကို အိမ်ပေါ်ခေါ်တင် ကျွေးမွေးစောင့်ရှောက်ထား ခြင်းကို ဒေါ်ထားမေ၏ သားသမီးများက သိပ်ပြီး မကြိုက်မနှစ်သက်ခဲ့ကြ။ ဝေဝေ့အပေါ် မေတ္တာပျက်ကာ မသဒ္ဓါလို့တော့ မဟုတ်။ အလုပ်တစ်ခုကို ဖြစ်မြောက်အောင် လက်ကြောတင်းတင်းနှင့် လုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ သောက်ကာစားကာ တာဝန်မဲ့နေထိုင်တတ်ပြီး၊ လောင်းကစားကို အင်မတန် ဝါသနာထုံသည့် ဝေဝေ့ခင်ပွန်းကြောင့်သာဖြစ်ပါသည်။

ကိုယ့်ဘဝနှင့်ကိုယ် အေးငြိမ်းသာယာနေသော ဒေါ်ထားမေထံသို့ ဝေဝေတို့မိသားစု၏ အပူကူးစက်မှာကို စိုးရိမ်ပူပန်ကြသည်။ မိခင်အိုကြီး၏ အိုစာမင်းစာတို့ အရက်ဖိုးနှင့် လောင်းကစားကြေးများ ဖြစ်သွားမှာကို မလို လားကြ။

"အမေ့မြေး ကျော်ဇောဝေ တောင်ငူဂျီတီစီရတာ ဒီလဆယ်ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းအပ်ရမယ်တဲ့ အမေ။ အခု ငါးရက်ရှိနေပြီ။ သူ့ ကျောင်းစရိတ်ကို သမီး ဘယ်ကမှ လှည့်လို့ပတ်လို့ မရဘူးဖြစ်နေတယ်။ အဲဒါ..."

ဝေဝေ စကားမဆက်နိုင်ဘဲ မျက်ရည်များသာ ပိုးပိုးပေါက်ပေါက် ကျဆင်းလာသည်။ မျက်ရည်စက်လက်ဖြစ်နေသော သမီးဖြစ်သူကို မမြင်ရက် သည့် ဒေါ်ထားမေက အဝေးသို့ ငေးကြည့်နေသည်။

စီးပွားရေးအဆင်မပြေသော ဝေဝေတို့မိသားစုကို အိမ်ပေါ်ခေါ်တင် ထားရုံမျှမက လုပ်ကိုင်စားသောက်ရန် ဈေးထဲကဆိုင်ကိုပါ ပေးခဲ့သည်။ ဖြစ် မြောက်အောင် မလုပ်နိုင်ခဲ့။ မုဆိုးမဒေါ်ထားမေ ဦးစီးခဲ့စဉ်က စိုစိုပြည်ပြည်

ရှိခဲ့သော ဆိုင်ကလေးမှာ ဝေဝေတို့လင်မယားလက်ထဲရောက်သောအခါ တစ်စတစ်စ ကျဆင်းယိုယွင်းလာခဲ့သည်။ အခုတော့ ကျီးနှင့်ဖုတ်ဖုတ်ဟု ဆိုရလောက်အောင်ပင် အခြေအနေက ဆိုးရွားနေပါသည်။ ဆိုးရွာပေမပေါ့ …။ အရက်သမား၊ ဖဲသမားတစ်ယောက်ကို လင်သားအဖြစ် အိမ်ဦးခန်းတင်ကာ အလုပ်အကျွေးပြုနေရမှုတော့ ဝေဝေ ဘယ်လောက်ပဲကြိုးစားပမ်းစားနှင့် ရှာဖွေလုပ်ကိုင်ပါသော်လည်း အိတ်ပေါက်နှင့်ဖားကောက်သလို ရသမျှအဖတ်မတင်ဖြစ်ကာ အကြွေးနွံနစ်နေတော့မှာပေါ့ …။

ပြောလက်စ စကားကို ရှေ့မဆက်ဝံ့ဘဲ မျက်ရည်များသာ တွေတွေကျနေသည့် သမီးဖြစ်သူကြောင့် ဒေါ်ထားမေ ရင်ထဲမှာ ပူလောင်လာသည်။ မိခင်ဆိုတော့လည်း သမီး၏အပူသည် သူ့အပူဖြစ်လာရသည်လေ။

'ကဲပါအေ။ ညည်းငိုနေလို့လည်း ကိစ္စပြီးမှာ မဟုတ်ပါဘူး။ ပြော။ ငါ ဘာလုပ်ပေးရမလဲ'

× × ×

ဒေါ်ထားမေက သူ့လက်ဝတ်လက်စားအချို့ကို ပေါင်နှံ၍ မြေးဖြစ်သူ ကျော်ဇေဝေကို ကျောင်းထားပေးသည်ဆိုသည့်သတင်း မြို့လေးမှာ ပျံ့နှံ့ပြီး မကြာမီမှာပဲ ဆွေဆွေတစ်ယောက် ဒေါ်ထားမေထံသို့ မျက်နှာထိမျက်နှာထားနှင့် ရောက်လာသည်။

ရောက်လျှင်ရောက်ချင်း ဒေါ်ထားမေကို ခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်သည်။ သူဆင်ထားသော ရွှေကြယ်သီးနှင့်ဘီးကို မြင်မှ ဘဝင်ကျသွားသည်။ မျက်နှာထားအနည်းငယ် ပြေလျှော့သွားသော်လည်း ကြည်ကြည်လင်လင်တော့ မဖြစ်သေး။ စကားပြောတော့လည်း လေသံက အနည်းငယ်မာထန်နေသည်။

'ဆွေဆွေဆင်ထားတဲ့ ကြယ်သီးနဲ့ဘီးကို အမေ့တစ်သက် စိတ်တိုင်းကျ ဝတ်ပါဆင်ပါ။ အမေလှူချင်တန်းချင်လို့ ထုခွဲမယ်ဆိုရင်လည်း အမေ့သဘောပါ။ ဒါပေမဲ့ အမေ မဝတ်ဆင်ချင်တော့တဲ့အခါ၊ မဝတ်ဆင်နိုင်တော့တဲ့အခါ ဆွေဆွေပစ္စည်းတွေ ဆွေဆွေ့ကိုပြန်ပေးပါ'

ဆွေဆွေ့စကားအဆုံးမှာ ဒေါ်ထားမေနှလုံးသားမှာ စူးခနဲ ကျင်တက်သွားသည်။ မျက်ဝန်းအစုံမှာလည်း မျက်ရည်ကြည်များ ရစ်ဝိုင်းလာသည်။

ရင်ထဲမှာ ပူလောင်ဆို့နစ်နေသောကြောင့် စကားလည်း မပြောနိုင်။ ခံပေါ်မှာ ထိုင်နေသော်လည်း ခန္ဓာကိုယ်မှာ ယိမ်းချင်ယိုင်ချင်လာသည်။ အင်အားဟူသမျှ ရုတ်ခြည်းကုန်ခန်းသွားသလို ခံစားရသည်။ မျက်လုံးများ ပြာဝေနေသည်။ နားမှ လေတဟူးဟူး ထွက်နေသည်။

ရက်ရှည်လများ မိမိနှစ်သက် ဂုဏ်ယူဝင့်ကြွားစွာ ဆင်မြန်းလာခဲ့သည့်၊ တစ်မြို့လုံးကိုလည်း လည်ပတ်ဝါကြွားထားပြီးဖြစ်သည့် ရွှေကြယ်သီးနှင့် ရွှေဘီးများ စင်စစ် မိမိကိုယ်ပိုင် မဟုတ်ခဲ့ပါကလား။ တစ်ပါးသူက ခေတ္တခဏ ငှားရမ်းဆင်မြန်းထားခြင်းကို မိမိကိုယ်ပိုင် ဥစ္စာပစ္စည်းဟု မှတ်ထင်ယုံကြည်ကာ မာန်တက်မိခဲ့သည်တကား။ ဒေါ်ထားမေတစ်ကိုယ်လုံး ရှက်သွေးများဖြင့် ရှိန်းဖိန်းနေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း တစ်ပါးသူတစ်ယောက်ရဲ့ ခြေဖဝါးအောက်က မြူမှုန်ကလေးတစ်ပွင့်နှယ် ထင်မှတ်မိသည်။ အလွန်အမင်း သိမ်ငယ်သေးမွှားသွားသည်ဟု ခံစားလိုက်ရသည်။

'ဘာဖြစ်လို့လဲ သမီးရယ်'

ဒေါ်ထားမေက ကြေကွဲဝမ်းနည်းစွာ မချိတင်ကဲနှင့် တိုးတိုးလေး မေးလိုက်သည်။

'အဲဒီပစ္စည်းတွေရဖို့ သမီးနဖူးကချွေး အဝီစိကျအောင် စိတ်အားလူအားနဲ့ရင်းနှီးပြီး ရှာခဲ့ဖွေခဲ့ရတာ အမေ။ အမေ့ကိုပဲ ကြည်ဖြူနိုင်မယ်။ အမေ့အဆွယ်အပွားတွေအတွက်တော့ မသဒ္ဒါနိုင်ပါဘူး။ ကိုယ့်သားသမီးတာဝန်ကိုယ်ယူကြပစေ'

ဆွေဆွေက စိတ်လိုက်မာန်ပါ ပြောချလိုက်သည်။

ဒေါ်ထားမေကမူ မျက်နှာငယ်လေးနှင့် ဆွေဆွေကို ငေးကြည့်နေသည်။

× × ×

ဆွေဆွေပြန်သွားပြီးသည့်နောက် ဒေါ်ထားမေတစ်ယောက် အိမ်တွင်းမှ အိမ်ပြင်မထွက်တော့ပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမှလည်း စကားဟဟ ပြောလေ့ပြောထမပြုတော့ပါ။ အချိန်နှင့်အမျှ သူ့အခန်းလေးအတွင်းမှာသာ တစ်ယောက်တည်း အထီးကျန်စွာ ငြိမ်သက်တိတ်ဆိတ်နေပါသည်။

ဖြိုးလိမ်းပြင်ဆင် ဝတ်စားခဲ့စဉ်က ကြည့်ပျော်ရှုပျော်ဖြင့် အရွယ်အလွန်တင်သည်ဟု ထင်ခဲ့ရသော ဒေါ်ထားမေသည် မဆင်မပြင်နှင့် ဖြစ်သလိုနေထိုင်လိုက်သောအခါ ရက်အနည်းငယ်အတွင်းမှာပင် ချုံးချုံးကျသွားသည်။ ပင်ကိုရုပ်ခံမှာ မွန်းမံခြယ်မှုန်းမှုများဖြင့် ခံ့ထည်ခဲ့သော ဒေါ်ထားမေသည် အလွန်တိုတောင်းသော ကာလငယ်လေးအတွင်းမှာပင် ဝိဘိအဘွားအိုတစ်ဦးသဖွယ် မတင့်မတယ်ဖြစ်သွားပါတော့သည်။

ထိုအဘွားအိုကြီးမှာ ကျန်းမာရေးလည်း မကောင်းတော့ပါ။ ယခင်က မရှိခဲ့၊ မသိခဲ့သည့် အနာရောဂါမျိုးစုံတို့၏ ဖိစီးတိုက်ခိုက်ခြင်းကို ခံနေရ၏။ ဒေါ်ထားမေသည် သူခံစားနေရသော ဝေဒနာရောဂါများကို မည်သူမျှမသိအောင် ကွယ်ဝှက်ဖုံးကွယ်ကာ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရသည်။ အထူးသဖြင့် သူ၏သမီးငယ် ဆွေဆွေ မသိရှိ၊ မရိပ်စားမိအောင် ကြိုးစားသည်။ တစ်အိမ်တည်းနေ သမီးဖြစ်သူဝေဝေကတော့ သူ့မိသားစုအရေးကိစ္စများနှင့်သူ လုံးချာလိုက်နေသဖြင့် မိခင်ကြီး၏ ပကတိအခြေအနေကို စိုးစဉ်းမျှ မရိပ်မိ၊ မသိရှိ။

တစ်နေ့မှာတော့ ဒေါ်ထားမေက ဆွေဆွေ့ကို ခေါ်ခိုင်းသည်။ ဆွေဆွေရောက်သောအခါ သူ့ခေါင်းအုံးအောက်က အထုပ်ကလေးကို ထုတ်ပေးသည်။

လက်ကိုင်ပဝါလေးနှင့် သေသေသပ်သပ်ထုပ်ထားသော အထုပ်လေးကို ဆွေဆွေက ခပ်ဖြည်းဖြည်းဖြေကြည့်သည်။ ထင်သည့်အတိုင်းပါပဲ။ အထုပ်အတွင်းမှာ ဆွေဆွေက ဒေါ်ထားမေကို ပေးခဲ့ဖူးသည့် ရွှေကြယ်သီးနှင့် ရွှေဘီး…။

ဆွေဆွေ့ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားကာ မျက်ဝန်းအစုံမှ မျက်ရည်များ ရစ်သိုင်းလာသည်။ ယူကျုံးမရသည့်စိတ်၊ နောင်တရသည့်စိတ်၊ ဖြေမဆည်နိုင်သည့်စိတ်တို့ဖြင့် မိခင်ကို လှမ်းကြည့်သည်။

သို့ရာတွင် အရာရာနောက်ကျသွားခဲ့ပါပြီ။

ဆွေဆွေ့အကြည့်မရောက်မီမှာပင် ဒေါ်ထားမေကတော့ မယုံကြည်နိုင်ဖွယ်ကောင်းသည့် ညင်သာမှုမျိုးဖြင့် တမလွန်ခရီးကို တိတ်တဆိတ်ထွက်ခွာသွားနှင့်ခဲ့ပါပြီ။ ။

'ကလျာ' မဂ္ဂဇင်း
အမှတ် ၃၇၃၊ ဧပြီလ၊ ၂၀၁၆ ခုနှစ်။

...သူ့စိတ်ထဲက
တောက်ခေါက်လိုက်သည်။
အဆင့်အတန်းမီသည့်
လုပ်ငန်းသုံးပစ္စည်းများကို
ပြည့်ပြည့်စုံစုံ
လုံလုံလောက်လောက်
အချိန်ကိုက်ရရှိက
အရည်အချင်းပြည့်ဝသည့်
ကျွမ်းကျင်လုပ်သားများကိုလည်း
လိုသလောက်
အသုံးပြုခွင့်ရရှိပါက
အလွှရောယှ် လုံးဝမဖြစ်စေရဘဲ
“အပိဗိက သဗ္ဗူဂိုက်” ကိုပင်
ကန့်စင်အောင်
သူ တူးပြလိုက်ချင်ပါရဲ့...



## မြေသင်းခဲစားပြီး မွေးခဲ့သူများ

'…ဆိုတော့ကာ အခုဖြစ်ခဲ့တဲ့ မတော်တဆမှုမှာ နည်းပညာချို့တဲ့အားနည်းချက်နဲ့ စီမံခန့်ခွဲမှု မှားယွင်းချွတ်ချော်ချက် လုံးဝမရှိခဲ့ဘူးဆိုတာကို တာဝန်ခံအင်ဂျင်နီယာ တစ်ယောက်အနေနဲ့ တာဝန်ယူထွက်ဆိုပါတယ်'

သူက ရှည်လျားသော လျှောက်လဲချက်ကို အဆုံးသတ်လိုက်သည်။ 'ထွက်ဆိုပါတယ်' ဆိုလျှင် လုံလောက်ပါလျက် 'တာဝန်ယူ' ဆိုတဲ့ စကားကို ထည့်သွင်းလိုက်မိသည်။

'လူတစ်ယောက်လုံး အသက်ဆုံးရှုံးခဲ့ရတာတောင်မှ နည်းပညာချို့တဲ့အားနည်းချက်နဲ့ စီမံခန့်ခွဲမှု မှားယွင်းချွတ်ချော်ချက် လုံးဝမရှိခဲ့ဘူးတဲ့လား'

စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က မခိုးမခန့်မေးသည်။ ထောင်းခနဲထွက်သွားသော ဒေါသမျက်စိဖြင့် အဖွဲ့ခေါင်းဆောင်ကို သူစူးစူးရဲရဲ ကြည့်လိုက်သည်။ အဖွဲ့ခေါင်းဆောင်ကလည်း သူ့ကို ပြန်လည်စိုက်ကြည့်နေသည်။ မိနစ်အနည်းငယ်ကြာအောင် တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းဆိုင်ကာ ကြည့်နေကြသည်။

စကားလုံးများစွာ သူ့နှုတ်ဖျားဆီသို့ အစီအရီတက်လာသည်။ မျက်စိထဲမှာ အဖွဲ့ခေါင်းဆောင်၏ မျက်နှာကွယ်ပျောက်ကာ မြေအောက်သတ္တုတူးဖော်ရေးလုပ်ကွက်များကို မြင်ယောင်မိသည်။ လုပ်ငန်းသုံးပစ္စည်းကိရိယာ

နွမ်းပါးချို့တဲ့စွာဖြင့် ဖြစ်သလို ကြုံဖန်လည်ပတ်နေရသည့် အန္တရာယ်ထူပြော လှသော 'အ - သဘာဝ' လုပ်ကွက်များ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်း ကိရိယာများ ပြည့်ပြည့်စုံစုံ မရှိသကဲ့သို့ လိုအပ်သည့် ကျွမ်းကျင်လုပ်သား များလည်း လုံလုံလောက်လောက်မရှိ။ လုပ်နေရတာက မြေအောက် ပေငါးရာ ကျော်နက်သည့် သတ္တုတူးဖော်ရေးလုပ်ကွက်။ အန္တရာယ်က အပေါ်မှ၊ ဘေးမှ၊ ရှေ့မှ၊ နောက်မှ၊ အောက်မှ အချိန်မရွေး ကျရောက်နိုင်တဲ့နေရာ။ ပြီးတော့ တူးနေရတာကလည်း အသက်ကို ဖက်နဲ့ထုပ်ကာ လုပ်ကိုင်ရသည့် 'ပြိုလိုက်မြေ' ထဲမှာ။

အဖွဲ့ခေါင်းဆောင်၏ ဒိုဘီကျူအင်္ကျီခပ်လှလှကိုငေးရင်း သူ့မျက်ကြောများ တင်းလာသည်။ အသေအချာ အရောင်ဆိုး၊ ပုံသွင်း ဖြီးလိမ်းထားသည့် ခေတ်ဆန်ဆန် ဆံပင်ပုံစံကိုကြည့်ကာ သူ့နှုတ်ခမ်းများ တင်းတင်စေ့ သွားသည်။ ဘောလ်ပင်နီတစ်ချောင်းကို လှည့်ပတ်ကစားနေသည့် ရှည်သွယ် သော လက်ချောင်းများရှိ ပန်းနုရောင်ပြေးနေတဲ့ လက်သည်းများကို မြင်သော အခါ သူ့မေးရိုးများ ကားထွက်လာအောင် အံကြိတ်လိုက်သည်။ အနေအထိုင်၊ အပြောအဆို၊ အပြုအမူများက သည်လောကနှင့် အစိမ်းသက်သက်ဆိုတာ ပြသနေသည်။ ဘုရား၊ ဘုရား ...သတ္တုတူးဖော်ရေးလုပ်ငန်းကို လုံးဝကျွမ်းဝင် တွေ့ထိဖူးဟန်မရှိသည့် 'မိုးကျရွှေကိုယ်' တစ်ယောက်က သမာဓိလုပ်ကာ သူ့ကို ခုံတင်စစ်ဆေးနေပါလား။

အဖွဲ့ခေါင်းဆောင်နံဘေးမှ ပုဂ္ဂိုလ်များကို ကြည့်လိုက်သည်။ တစ်ယောက်က သူ့ဆရာ။ သူ စက်မှုသိပ္ပံမှ ဒီပလိုမာရပြီးခါစ သတ္တုတွင်း တစ်ခုမှာ အလုပ်ဝင်စဉ်က သူ့အထက်အရာရှိ၊ လက်တွေ့သတ္တုတူးဖော်ခြင်း ကို လက်ထပ်သင်ကြား ပြသပေးခဲ့သူ။ သတ္တုတူးဖော်သည့် ပညာမျှသာမကပါ။ လူ့လောကမှာ တွေ့ကြုံရင်ဆိုင်ရမည့် အခက်အခဲပြဿနာများကို ရင်ဆိုင် ကျော်လွှားနည်းများကိုပါ လမ်းညွှန်သွန်သင်ခဲ့သည့် လက်ဦးဆရာ။ ဆရာက သူ့မျက်နှာ မူရာအပြောင်းအလဲကို သတိထားမိကာ စိုးရိမ်စိတ်ဖြင့် သူ့ကို ကြည့်နေသည်။ သူပေါက်ကွဲ ပြောချလိုက်မှာ ပူပန်နေပုံရသည်။ အမှန်တော့ သူကိုယ်တိုင်က သည်မတော်တဆမှုအတွက် ရင်ထုမနာဖြစ်ကာ အလိုလို စိတ်တိုပြီးပေါက်ကွဲချင်နေသည်။

သူ့အကြည့်ကို အဖွဲ့ခေါင်းဆောင်၏ ညာဘက်မှာ ထိုင်နေသူထံပို့လိုက်သည်။ သူ့အောက် အသက်နည်းနည်းငယ်ပုံရသည်။ သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ထားသည်။ ရည်ရည်မွန်မွန် ဖော်ဖော်ရွေရွေ ပြောဆိုသည်။ မြင်ဖူးသလိုရှိသည်။ အသိအကျွမ်းထဲကများဖြစ်မလားဟု စဉ်းစားသည်။ မဟုတ်ပါ။ သို့ရာတွင် သူ့အကြည့်၊ သူ့အပြော၊ သူ့အမူအရာမှာ သူလည်း သတ္တုတူးဖော်ရေး လောကသားတစ်ယောက်ဆိုတာ ထင်ထင်ရှားရှား ပေါ်လွင်နေသည်။ စက်မှုတက္ကသိုလ်ဆင်း ဖြစ်နိုင်သည်။ စာနာ နားလည်သည့် အကြည့်ဖြင့် သူ့ကိုကြည့်နေသည်။

သူသက်ပြင်းချလိုက်သည်။ စိတ်တည်ငြိမ်အောင် ကြိုးစားစုစည်းထိန်းသိမ်းသည်။

'မြေအောက်လုပ်သက် အနှစ်နှစ်ဆယ်နီးပါးရှိတဲ့ ဝါရင့်အင်ဂျင်နီယာတစ်ယောက်ရဲ့ အတတ်ပညာနဲ့ လုပ်ငန်းအတွေ့အကြုံအရ ခိုင်ခိုင်မာမာ ပြောတာပါ။ ဟုတ်တယ်။ လူတစ်ယောက် အသက်ဆုံးရှုံးခဲ့ရပေမယ့် အဲဒီမတော်တဆမှုမှာ အင်ဂျင်နီယာရဲ့ နည်းပညာချို့တဲ့ အားနည်းချက်နဲ့ စီမံခန့်ခွဲမှု မှားယွင်းချွတ်ချော်ချက် လုံးဝမရှိဘူး'

သူ့စကားအဆုံးမှာ အားလုံးငြိမ်ကျသွားသည်။ အင်ဂျင်နီယာရဲ့ အားနည်းမှားယွင်းချက်မဟုတ်လျှင် ဘယ်သူ့အားနည်းမှားယွင်းချက်လဲ။ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ ငြိမ်သက်မှုကို ဖြိုခွင်းသူက အဖွဲ့ခေါင်းဆောင် . . .

'ကောင်းပြီလေ ကြည့်ကြသေးတာပေါ့။ အမှန်အတိုင်းတော့ ဖြစ်ရမှာပေါ့'

ဆွဲချတစ်ယောက်ရဲ့ လေသံမျိုးဖြင့် အဖွဲ့ခေါင်းဆောင်က အေးတိအေးစက် ပြောသည်။ တစ်စုံတစ်ခုပြန်ပြောရန် ပြင်ပြီးမှ သူစိတ်ကိုထိန်းလိုက်သည်။ အဖွဲ့ခေါင်းဆောင်ရဲ့ နံဘေးတစ်ဖက်တစ်ချက်စီမှာ ထိုင်နေသော သတ္တုတူးဖော်ရေး အင်ဂျင်နီယာနှစ်ယောက်၏ အကြည့်များကြောင့်ဖြစ်သည်။ သူ့နောက်ကွယ်မှာ အဖွဲ့ခေါင်းဆောင် နားလည်သဘောပေါက်အောင် သူ့ကိုယ်စား ရှင်းပြကောင်းရှင်းပြနိုင်သည်။ အကယ်၍ ရှင်းမပြခဲ့လျှင်လည်းကောင်း၊ သို့မဟုတ် ရှင်းပြသော်လည်း အဖွဲ့ခေါင်းဆောင်က နားမဝင်ခဲ့

လျှင်လည်းကောင်း ကိစ္စမရှိပါ။ သူသည် ဤအလုပ်ကို အလွန်အမင်း စိတ်ပျက်နေပြီ။

စားပွဲပေါ်တင်ထားသော သတ္တုတွင်းဦးထုပ်ကို ကောက်ဆောင်းပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ အခန်းတွင်းမှ သူထွက်လာခဲ့သည်။

× × ×

'ကလပ်' သို့ရောက်သောအခါ ထိုင်နေကျစားပွဲမှာ သူဝင်ထိုင်သည်။

ထုံးစံအတိုင်းပင် နေ့ခင်းနေ့လယ်ဆိုတော့ ကလပ်မှာ လူရှင်းသည်။ ကောင်တာမှာထိုင်ပြီး ဂျာနယ်သတင်းကို အမြည်းလုပ်နေသူတစ်ယောက်နှင့် ဘိလိယက်ခုံမှာ စိတ်မပါ့တပါဖြင့် ကစားနေသူနှစ်ယောက်သာရှိသည်။ နေညိုချိန်ရောက်လျှင်တော့ ကလပ်မှာ လူစုံတက်စုံဖြင့် ပွက်လောရိုက်နေမည်။ နံရံကပ် ရုပ်မြင်သံကြားစက်တွင် နိုင်ငံခြားရုပ်သံလိုင်းတစ်ခုမှ ဖက်ရှင်ပြပွဲ လာနေသည်။ ခဏနေတော့ စားပွဲထိုးက သူ့အတွက် ဝီစကီပုလင်းပြားနှင့် ဖန်ခွက်တစ်ခွက် လာချပေးသည်။

'မောင်စိုင်းရေ ဒီနေ့တော့ ပုလင်းကြီး ပေးကွာ။ ပြီးတော့ ရေနဲ့ အမြည်း ယူလာခဲ့။ ဘာအမြည်းရှိလဲ' မောင်စိုင်းက ကလပ်မှာရှိသည့် အမြည်းများကို ရွတ်ပြသည်။ သူနှာခေါင်းရှုံ့လိုက်သည်။

'ဆရာ သုံးဆောင်ချင်တာ ပြောလေ။ ကျွန်တော် အောက်ဆင်းဝယ်ပေးမယ်'

'အောက်' ဆိုတာ သတ္တုတွင်းမြို့လေးရဲ့ ဈေးတန်းလေးကို ဆိုလိုသည်။ အဲသည်မှာ စားသောက်ဆိုင်အချို့ရှိသည်။ သူက မောင်စိုးကို ကျေးဇူးတင်စွာ ပြုံးပြလိုက်သည်။ ပြီးတော့ ချိုသာကြင်နာစွာပြောသည်။

'ကျေးဇူးပါပဲသားရယ်။ ကလပ်မှာ ရှိတာပဲ ဆရာမြည်းပါမယ်။ တို့ဟူးခေါက်ကြော်နဲ့ ပဲပုပ်စေ့လှော်ယူခဲ့ကွာ'

မောင်စိုင်းထွက်သွားတော့ သူက ဖန်ခွက်ထဲသို့ ဝီစကီလက်နှစ်လုံးလောက် ထည့်သည်။ တစ်ခဏမျှတွေတွေဝေဝေ ဖြစ်ပြီးနောက် သူမော့ချလိုက်သည်။ အား . . . လည်ချောင်းတစ်လျှောက် ပူဆင်းသွားသည်။ မကြာမီ တစ်ကိုယ်လုံး နွေးထွေးလာသည်။

ဒုတိယခွက်ကိုတော့ ရေရောပြီး အချိန်ယူသောက်သည်။ အမြီးလည်း စားသည်။ စိတ်များပြေလျော့ကာ တဖြည်းဖြည်း နေသာထိုင်သာရှိလာသည်။

စိတ်မျက်စိထဲမှာ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်၏မျက်နှာ ပေါ်လာသည်။ ထိုလူ၏ အကြည့်များကို ပြန်လည်မြင်ယောင်ပြီး မခံချင်ဖြစ်မိသည်။ 'ဆွဲချ'က 'တရားခံ' ကို ကြည့်သည့်အကြည့်။ ထိုလူ၏ မခိုးမခန့် အသံများကိုလည်း ပြန်လည်ကြားယောင်လာသည်။ 'လူတစ်ယောက်လုံး အသက်ဆုံးရှုံးခဲ့ရတာတောင်မှ နည်းပညာချို့တဲ့အားနည်းချက်နဲ့ စီမံခန့်ခွဲမှုများယွင်းချွတ်ချော်ချက် လုံးဝမရှိခဲ့ဘူးတဲ့လား' တဲ့။ အင်းလေ မေးမယ်ဆိုလည်း မေးစရာပဲပေါ့။ သံသယဖြစ်မယ်ဆိုလည်း ဖြစ်ချင်စရာပဲပေါ့။ လူတစ်ယောက်လုံး အသက်ဆုံးရှုံးခဲ့ရတဲ့ ကိစ္စပဲလေ။

သို့သော် မြေအောက်သတ္တုတူးဖော်ရေး လုပ်ငန်းစဉ်များ၏ သဘောသဘာဝနှင့် လက်ရှိမြေအောက် လုပ်ကွက်များ၏ ပကတိအခြေအနေများကို ထဲထဲဝင်ဝင် တိတိကျကျသိရှိခဲ့ပါက သူ့လျှောက်လဲချက်များကို လက်မခံနိုင်စရာ အကြောင်းမရှိပါ။ ဥပမာ စစ်ဆေးရေးအဖွဲ့မှာ ပါလာသည့် ဝါရင့်သတ္တုတူးဖော်ရေး အင်ဂျင်နီယာနှစ်ယောက်လိုပေါ့။

အမှန်တော့ သည်သတ္တုတွင်းကို လွန်ခဲ့သည့် နှစ်အနည်းငယ်ကပင် ပိတ်ပစ်ကာ လုပ်ငန်းများကို ရပ်ဆိုင်းသင့်သည်။ သို့ရာတွင် ကမ္ဘာ့သယံဇာတ ရင်းမြစ်များ ရှားပါးကုန်ခန်းမှုနှင့် သတ္တုရိုင်းဈေးကွက် မြင့်တက်လာမှုကြောင့် သတ္တုတွင်းကို ပိတ်ပစ်ရန် တွေဝေတွန့်ဆုတ်နေခဲ့ကြသည်။ မူလ သတ္တု သိုက်၏ သုံးဆယ်ရာခိုင်နှုန်းမျှသာ သတ္တုရိုင်းများသည် မြေအောက်မှာ 'သဘာဝထောက်တိုင်များ' အဖြစ် ကျောက်မြေစာများအတွင်း၌ ကျန်ရစ်နေသေးသည်။ ယခင် နှစ်ပေါင်းများစွာကတော့ ထိုပမာဏကို အလေအလွင့် အဖြစ် အလွယ်တကူ စွန့်လွှတ်နိုင်ခဲ့ကြသည်။ ယနေ့ခေတ် ယနေ့အချိန်မှာတော့ 'ပစ်ရမှာလည်း အဆီနှင့်ဝင်းဝင်း' ဖြစ်နေသည်။ ဟုတ်သည်။ သတ္တုတွင်းတစ်ခုလုံးမှ ပြန်လည် 'လုယူတူးဖော်' နိုင်မည့် သတ္တုရိုင်းပမာဏသည် တော်တော်တန်တန် သတ္တုတွင်းအသစ်များမှ တူးဖော်ထုတ်လုပ်နိုင်မည့် သတ္တုရိုင်းပမာဏထက်များစွာ ပိုများနေသေးသည်။ ထိုပမာဏလောက် တူးဖော်ထုတ်ယူ

နိုင်မည့် သတ္တုရိုင်းသိုက် အသစ်များကိုလည်း ယခုအခါ ထပ်မံတွေ့နိုင်ဖို့ မလွယ်လှတော့ပါ။ လက်ရှိပေါက်ဈေးနှင့် တွက်ကြည့်ပါက သတ္တုတွင်း ဟောင်းမှ အကြွင်းအကျန်သတ္တုရိုင်းတန်ဖိုး စုစုပေါင်းသည် အဖိုးအနမတင္ဂ ထိုက်သည့် မက်မောစရာ ရတနာသိုက်တစ်ခုနှယ် ဖြစ်နေပါသေးသည်။

ထို့ကြောင့် ကုမ္ပဏီသည် သတ္တုတွင်းကို ပိတ်သင့်ချိန်တွင် မပိတ်ဘဲ ဆက်လက်တူးဖော်ရန် ဆုံးဖြတ်သည်။

စီးပွားရေးသမားကတော့ စီးပွားရေး မျက်စိတစ်ခုတည်းဖြင့်ကြည့် ကာ ဆက်လက်တူးဖော်ရန် ဆုံးဖြတ်ခဲ့သည်။ ပညာရှင်ကတော့ နည်းပညာ ရှုထောင့်မှကြည့်ကာ ဆက်လက်တူးဖော်ရန် တွေဝေတွန့်ဆုတ်ခဲ့ကြပါသည်။ မူလသတ္တုတူးဖော်စဉ်က ချန်ထားရစ်ခဲ့သော သဘာဝထောက်တိုင်များကို ပြန်လည်တူးဖော်၍ သတ္တုရိုင်းလုပယူသည့်နည်းစဉ်မှာ အပြောလွယ်သလောက် အလုပ်အင်မတန်ခက်ခဲသည်။ အဆင့်မြင့် နည်းပညာများနှင့် ခေတ်မီစက်ပစ္စည်း ကိရိယာများ အပြည့်အစုံလိုအပ်သည်။ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ စွာလိုအပ်သည်။ ပြီးတော့ အလွန်အမင်းလည်း စွန့်စားရမည်။

သတ္တုတူးဖော်ထုတ်ယူလိုက်သောအခါ သတ္တုရိုင်းများ ကိန်းအောင်း ရာ 'အိမ်သည်ကျောက်သား' တို့၏ နဂိုသဘာဝ ပျက်ယွင်းသွား၏။ ခိုင်ခန့်မှု စွမ်းရည် အကြီးအကျယ်ချို့ယွင်းအားနည်းသွား၏။ လူ့ပယောဂကြောင့် 'လိုဏ်ခေါင်း' ဖြစ်သွားသော နေရာလပ်ကို မူလအတိုင်းပြန်ပြည့်ရန် ပတ်ဝန်း ကျင်ကျောက်သားတို့က အမြဲထာဝရ ကြိုးစား၏။ မြေအောက်နက်လေ၊ ကျောက်သားတို့၏ ကြိုးစားအားထုတ်မှုက ပိုမိုပြင်းထန်ကာ အန္တရာယ်များ ပြားလေ။ အကယ်၍ မြေအောက်အနက်ပေငါးရာကျော်သောအခါ ကျောက် သည်ရေကဲ့သို့ပင် လုပ်ကွက်ဆီသို့ အလွန်ကြီးမားသော ဖိအားများကို လားရာ စုံမှ သက်ရောက်စေသည်။ ထိုနေရာမျိုးတွင် မမျှော်လင့်သည့် အန္တရာယ်ပေါင်းစုံ သည် အချိန်မရွေး ကျရောက်နိုင်သည်။

ထိုမျှအန္တရာယ်များသော နေရာမှ သတ္တုရိုင်းကို တူးထုတ်ရယူဖို့ ဆိုသည်မှာ 'စားရမှာလည်း သဲနှင့်ရှပ်ရှပ်' ဖြစ်နေသည်။ အတွေ့အကြုံများသည့် ဝါရင့်သတ္တုတူးဖော်ရေးအင်ဂျင်နီယာများပင် တွေဝေတွန့်ဆုတ်နေကြသည်။ အကျိုးအမြတ်နှင့်အန္တရာယ်ကို ချင့်တွက်နေကြသည်။ တူးရမှာကလည်း

ကြံ့ခိုင်အားနည်းသည့် 'ပြန်ဖြည့်မြေစာ' များ ကြားမှာ။

အခြေအနေအရပ်ရပ်ကို တွက်ဆကာ အင်ဂျင်နီယာချုပ်က အလုပ်မှ နုတ်ထွက်သွားသည်။ မသွားမီ စကားတစ်ခွန်း ပြောသွားသည်။

'ပေါက်ဖော်ကတော့ ကျားဖင်ထဲ လက်နှိုက်တော့မယ်။ ကိုယ့်အန္တရာယ်ကိုကြည့်ရှောင်ကြ။ အသက်ကို ဉာဏ်စောင့်တယ်'

အင်ဂျင်နီယာချုပ်အလုပ်မှ နုတ်ထွက်သောအခါ သတ္တုတွင်းလုပ်သား သုံးပုံတစ်ပုံလောက်လည်း အလုပ်မှ နုတ်ထွက်သွားကြသည်။ ဝါရင့်လုပ်သားများနှင့် ကျွမ်းကျင်ပညာရှင်များ အမြောက်အမြား လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ သတ္တုတွင်းအတွက် အလွန်ကြီးမားသော ဆုံးရှုံးမှုဖြစ်သလို ဆက်လက်လည်ပတ်ဖို့ရာ အခက်အခဲများစွာ တွေ့ခဲ့ပါသည်။

'ကစ်စ မတိဘူး။ နကန်းတေ နဆွေပေါ်မယ်'

မြန်မာရည်လည်လွန်းသော ကုမ္ပဏီပိုင်ရှင်က ထီမထင်သည့် 'စီန' လေသံဝဲဝဲဖြင့် မမှုသလို ပြောသည်။ ပြောပေမပေါ့၊ သတ္တုတူးဖော်တဲ့လုပ်ငန်းကို သူ့အသက်ရင်းပြီး လုပ်ရတာမှ မဟုတ်တာ။ တကယ် အသက်ကိုရင်းပြီး တူးဖော်လုပ်ကိုင်နေရတာက ဌာနေတိုင်းရင်းသားများနှင့် အနယ်နယ် အရပ်ရပ်က ရောက်လာကြသည့် ဆင်းရဲသား ကျောမွဲများ။

နိုင်ငံတော်ပိုင် သတ္တုတွင်းဖြစ်ခဲ့စဉ်က ထိုမျှ အန္တရာယ်မရှိ။ အစစအရာရာ စနစ်တကျရှိခဲ့သည်။ ဤသတ္တုတွင်းကို စတင်အကောင်အထည်ဖော်တူးယူခဲ့သည့် မူလပထမ အနောက်တိုင်းကုမ္ပဏီကြီးလက်ထက်က ကမ္ဘာမှာ စံထားရသည့် သတ္တုတွင်းများစာရင်းမှာ တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ အန္တရာယ်အနည်းဆုံးသတ္တုတွင်းအဖြစ် ဂုဏ်ယူနိုင်ခဲ့သည်။

အင်း…အခုတော့…။

သက်ပြင်းချလိုက်ပြီးနောက် ဒုတိယခွက်ကိုလည်း မြန်မြန်ထက်ထက်ပဲ သူရှင်းလိုက်သည်။ သူတို့သတ္တုတွင်းကို ပုဂ္ဂလိက ကုမ္ပဏီက လက်လွှဲယူကာ ဆက်လက်တူးဖော်မည်ဆိုသည့် သတင်းကြားစက အများနည်းတူ သူလည်းပျော်ခဲ့သည်။ ပိုမိုမြင့်မားစွာ ရရှိခံစားရမည်ဆိုသည့် လစာနှင့် အခွင့်အရေးများကို မက်မောသည်ထက် ဟိုးယခင်ကလိုပင် စည်းစနစ်ကျသည့် သတ္တုတူးဖော်ထုတ်လုပ်မှု ဖြစ်လာနိုင်လာသည်ဆိုသည့် မျှော်လင့်

ချက်ဖြင့် သူက ပျော်ခဲ့ခြင်းဖြစ်သည်။ ပညာသည်တစ်ယောက်သည် နည်းပညာကိုသာ လေးစားအားထားတတ်သည်လေ။

လက်တွေ့မှာ သူတွေးထင်သလို မဖြစ်ခဲ့ပါ။ နောက်ရောက်လာသည့် ကုမ္ပဏီမှာ အလွန်အားနည်းချို့တဲ့သည့် 'ဘုရားစူး' သတ္တုတူးဖော်ရေး ကုမ္ပဏီတစ်ခုသာ ဖြစ်နေပါသည်။ ရင်းနှီးမြှုပ်နှံသည့် ငွေကြေးပမာဏနှင့် ဆောင်ယူလာသည့် နည်းပညာများမှာ ဘာတစ်ခုမှ လောက်လောက်လားလား လေးစားဖွယ်ရာမရှိပါ။ မဖြစ်ညစ်ကျယ် ငွေလုံးငွေရင်းနှင့် ချို့ကျိုးနားရွက်ပဲ့ နည်းပညာမျှသာဖြစ်ပါသည်။ ထိုအတွက် ပေးဆပ်ရသည့်က သတ္တုတွင်းလုပ်သားတို့၏ ဘဝများ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ၊ အသက်ဝိညာဉ်များ . . .။

တတိယခွက်ကို ခွက်လုံးပြည့်မျှ အရက်ထည့်ကာ သူတစ်ရှိန်တည်းမော့ချလိုက်သည်။

×××

သူကလပ်က ပြန်ဆင်းလာတော့ သတ္တုတွင်းမြို့လေးသည် ' ဟိုတောင်ကြားက မီးထိန်ထိန်၊ သည်တောင်စောင်းက မီးထိန်ထိန်' ဖြစ်လို့နေပြီ။ ဒါပေါ့လေ။ သတ္တုတွင်းမြို့ဆိုတော့ မီးရသည်။ ရေရသည်။ လိုင်းခန်းရသည်။ ပြီးတော့ အလုပ်ရသည်။ ထိုမျှလောက်သော မက်လုံးလေးအတွက် များစွာသောလူတို့သည် အန္တရာယ် ထူပြောလှသော မြေအောက် အ-သဘာဝ လုပ်ကွက်များမှာ အရာအားလုံးကို ပြန်လည်ပေးဆပ်နေကြရသည်။

'အေးရဲ့အသိုင်းအဝိုင်းကို ကျောခိုင်းပြီး မိုင်းထဲလိုက်နေရမယ်တဲ့လား။ မောင်မို့ ပြောထွက်တယ်ကွယ်' မြို့ကြီးသူ ငယ်ချစ်ဦး၏ မျက်ရည်စမ်းစမ်းဖြင့် ပြောခဲ့တဲ့ တစ်ရံရောအခါက စကား ...။

'မောင်ဆုံးဖြတ်လေ။ အေးနဲ့ မောင့်အလုပ်။ ဘယ်ဟာရွေးမလဲ'

သူကအလုပ်ကို ရွေးချယ်ခဲ့သည်။ သူ့ပညာကိုသူ ဖက်တွယ်ခဲ့သည်။ အသည်းကွဲနေသော သတ္တုတွင်းအင်ဂျင်နီယာဘဝဖြင့် တောထဲတောင်ထဲမှာ မှုးမှုးရှူးရှူး ပေပေတေတေဖြင့် နှစ်ပေါင်းများစွာ တစ်ကိုယ်တော် လေလွင့်နေခဲ့သည်။ ရမ်းရမ်းကားကား စွန့်စားခန်းများ ဖွင့်ခဲ့သည်။ ရွှေမြို့တော်သူကြီးနှင့်အတူ ရွှေပြည်ဌာနကို စိတ်အနာကြီး နာခဲ့သည်။

ဖြစ်ချင်တိုင်းဖြစ်နေသည့် သူ့ကို မကြည့်ရက်နိုင်သည့် မိခင်က သူ့အတွက် ဇနီးတစ်ယောက်ဖွေရှာကာ လက်ဆက်ပေးခဲ့သည်။ သူ့ဇနီးသည် သူချစ်သူလို မြို့ကြီးသူမဟုတ်။ ပီဘိတောသူစစ်စစ်။ သို့ရာတွင် ထိုတောသူသည်ပင် သူကျင်လည်ရာ သတ္တုတွင်းမြို့လေးမှာ မပျော်နိုင်ခဲ့ပါ။ အတူလိုက်နေပြီး တစ်နှစ်မပြည့်မီမှာပင် သူ့ထံမှာ ခွင့်ပန်သည်။

'ကျွန်မ အမေတို့ဆီ ပြန်ပြီး မီးဖွားချင်တယ်'

ကလေးမျက်နှာမြင်သောအခါ ဇနီးသည်ဆီ သူလိုက်သွားသည်။ သူ့ခွင့်ရက်များ မကုန်ဆုံးမီမှာပဲ ဇနီးသည်က ပြတ်သားသော စကားကိုဆိုသည်။

'မိုင်းထဲကို ကျွန်မပြန်မလိုက်ဘူး။ ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ ဖြစ်သလို လုပ်စားနေရစ်တော့မယ်'

လင်မယားခွဲမနေကြဖို့ နှစ်ဖက်ဆွေမျိုးသားချင်းများက ဝိုင်းဝန်းဖျောင်းဖျနားချကြ၏။ မရ။ နောက်ဆုံးတော့ ဇနီးနှင့်သားကို မိခင်ထံအပ်နှံကာ သတ္တုတွင်းမြို့လေးသို့ သူတစ်ယောက်တည်း ပြန်လာခဲ့ရသည်။

ထိုအချိန်မှစ၍ သတ္တုတွင်းမြို့များက အိမ်ရှင်မ မရှိသည့် အိမ်များမှာ အရက်မျိုးစုံကို အဖော်ပြုကာ အထီးကျန်ညများကို သူဖြတ်သန်းခဲ့ရပါသည်။ အစတော့ ရင်ထဲမှာ ဟာတာတာ။ နောက်တော့လည်း နေသားကျသွားပါသည်။

ရေချိုးပြီးသောအခါ စစ်ဆေးရေးအဖွဲ့နှင့်အတူ ပါလာသည့် ဆရာသမားကို သတိရကာ တယ်လီဖုန်းကို ကောက်လှည့်သည်။

'ဘယ်ခေါ်ပေးရမလဲ ဆရာ'

အော်ပရေတာအသံ ထွက်လာ၏။ ဝေးသီခေါင်ဖျား တောအုံမျက်မည်းအတွင်းမှ သတ္တုတွင်းမြို့လေး၏ ဆက်သွယ်ရေးစနစ်တစ်ခုတည်းသာ နောက်ကျကျန်ရစ်ခဲ့သည်မဟုတ်ပါ။ အရာအားလုံးပဲ နောက်ကျ ကျန်ရစ်နေခဲ့ပါသည်။

'ဧည့်ရိပ်သာကိုပေးကွာ'

'ရိပ်သာက ဘယ်သူ့ကိုလို့ ပြောရမလဲ ဆရာ'

သူ့ဆရာအမည်ကို ပြောမိမလိုဖြစ်ပြီးမှ သူစိတ်ပြောင်းသွားသည်။

စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်၏ အကြည့်နှင့်အပြောကို ပြန်လည်မြင်ယောင်ကြားယောင်မိသောကြောင့်ဖြစ်သည်။ နေရင်းထိုင်ရင်း ဒေါသသူပုန်ထလာသည်။

'ဘယ်သူ့ကိုမှ မခေါ်နဲ့တော့ကွာ'

ပြောပြီးနောက် တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်သည်။

သတ္တုတွင်းအကြောင်း နကန်းတစ်လုံးမသိတဲ့သူက အဖွဲ့ခေါင်းဆောင်လုပ်ပြီး စစ်ဆေးရေးဝင်သတဲ့လား…။ မြေအောက်သတ္တုတွင်းဆိုတာကို 'အင်ဒီယာနာဂျုန်း' ရုပ်ရှင်ကားထဲမှာလောက်သာ မြင်ဖူးခဲ့တဲ့သူက ဒီလုပ်ငန်းမှာ နှစ်ပေါင်းများစွာ အရာရာစွန့်လွှတ်ပြီး ဘဝကို မြှုပ်နှံထားတဲ့သူတွေကို အပြစ်ရှိ၊ မရှိ စစ်ဆေးနေသတဲ့လား…။ ဩော်…ဖြစ်မှဖြစ်ရလေ…။

သူသည် ဖြစ်စဉ်များအားလုံးကို ပြန်လည်မြင်ယောင်သည်။ မြေအောက်လုပ်ကွက်တွေရဲ့ လုပ်ငန်းလိုအပ်ချက်များကို ဘာတစ်ခုမှ လောက်ငပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်းမရှိဘဲ သတ္တုကိုသာ မရရအောင် ဖြစ်သည့်နည်းဖြင့် အတင်းအဓမ္မ တူးဖော်ခိုင်းနေသည့် ကုမ္ပဏီ၏ မတော်လောဘများ…။ မလုံ့တလုံ နေစရာအတွက်၊ မဝရေစာ အစားအစာအတွက်၊ မလှမပ အဝတ်အစားအတွက် မြေအောက်မှာ သဘာဝနှင့် ဆန့်ကျင်ကာ အသက်ကို ထည့်မတွက်နိုင်ဘဲ လုပ်ကိုင်နေရသည့် သတ္တုမုဆိုးများ…။ သက်တမ်းကုန်နေသည့် သတ္တုတွင်းမှာ သုံးပြီးသား လုပ်ငန်းသုံးပစ္စည်း အဟောင်းအမြင်းများကို ပြန်လည်အသုံးပြုလို့ရအောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြံဖန်လုပ်ကိုင်နေရသည့် စိတ်ပျက်ဖွယ်ရာ လုပ်ငန်းခွင်အနေအထားများ…။ နိုင်ငံတကာ စံနှုန်းမဆိုထားနှင့်၊ ယခင်ခေတ်က စံနှုန်းမျှကိုပင် လိုက်မမီဘဲ 'အန္တရာယ်ကင်းရေးအဓိက' ဆိုတဲ့ စာတန်းများကို လူမြင်ကောင်းရုံ မြင်မြင်ထင်ထင် ကပ်လေ့ကပ်ထရှိသည့် ကုမ္ပဏီ၏ မလိမ့်တပတ်လုပ်ရပ်များ…။ အမြတ်အတွက် လူ့အသက်ကို မငဲ့ကွက်၊ မထည့်တွက်သည့် ငို့ဘစီးပွားစနစ်များ…။ ပကတိအခြေအနေကို မသိကျိုးကျွန်ပြုကာ နှာစေးနေသော တာဝန်ရှိသူများ…။ ကိုယ်ကျိုးသာကြည့်မြင်တတ်သည့် ထူးဆန်းသည့်မျက်လုံးကြောင်များ…။

မလွဲသာ၊ မရှောင်သာဘဲ အန္တရာယ်က တကယ်တမ်း ကျရောက်လာတဲ့အခါ…။

'တောက်'

သူ စိတ်တိုကာ တောက်ခေါက်လိုက်သည်။ အဆင့်အတန်းမီသည့် လုပ်ငန်းသုံးပစ္စည်းများကို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် အချိန်ကိုက် ရရှိကာ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများကိုလည်း လိုသလောက် အသုံးပြုခွင့်ရရှိပါက အန္တရာယ် လုံးဝမဖြစ်စေရဘဲ 'အဝီစိက သတ္တုသိုက်' ကိုပင် ကုန်စင်အောင် သူ တူးပြလိုက်ချင်ပါရဲ့…။

× × ×

အိပ်ရာမှ သူနိုးပြီး မရေးမနှောင်းမှာပင် မထမဥဩသံကို ကြားရသည်။ အလုပ်သမားများကို အိပ်ရာမှနိုးသည့် 'နိုးစက် ဥဩ'။ ထိုဥဩသံနှင့်အတူ သတ္တုတွင်းမြို့လေးသည် အသက်ဝင်ကာ လှုပ်ရှားလာသည်။

ထုံးစံအတိုင်း အိပ်ရာက လူးလဲထမိမလို ဖြစ်ပြီးမှ ညကချခဲ့သည့် သူ့ဆုံးဖြတ်ချက်ကို ပြန်သတိရကာ မျက်လုံးစုံမှိတ်ကာ ဆက်အိပ်ဖို့ ကြိုးစားသည်။ သည်နေ့ သူသတ္တုတွင်းအတွင်းသို့ ဆင်းမည်မဟုတ်။ နောင်လည်း ဘယ်တော့မှ၊ ဘယ်သတ္တုတွင်း အတွင်းကိုမှ၊ သူဆင်းတော့မည်မဟုတ်။

ဇနီးနှင့်သားထံ ပြန်တော့မည်။ ရုပ်ပုံလွှာများ ဝေဝါးနေသော်လည်း ဇနီးနှင့်သားထံ သူပြန်ပါတော့မည်။ နှစ်ပေါင်းများစွာ ဆုံးရှုံးနစ်နာမှုများစွာဖြင့် သူ့ဘဝတစ်ခုလုံးကို မြေအောက်ထဲမှာ စွန့်လွှတ်မြှုပ်နှံပေးဆပ်ခဲ့ပါသော်လည်း မြေအောက်မှ ပြန်လည်ရရှိခဲ့သော အကျိုးအမြတ် အသီးအပွင့်များက သူ့အတွက်မဟုတ်ခဲ့။ သူတို့တူးဖော်ထုတ်လုပ်ပေးခဲ့သည့် သတ္တုရိုင်းများ ဘာဖြစ်သွားသည်ဆိုတာလည်း သူမသိ။ အလွန်အဖိုးထိုက်တန်သည့် သတ္တုရိုင်းတန်ချိန် အမြောက်အမြားကို မြေအောက်အနက် ပေရာထောင်မှ အသက်စွန့်ဆံဖျား ခက်ခဲပင်ပန်းစွာ တူးဖော်ရသော်လည်း သူတို့ဘဝသည် မြင့်မားတိုးတက်လာခြင်း မရှိခဲ့။ သူတို့၏ ဘဝများသည် သူတို့တူးခဲ့သော သတ္တုတွင်းများလိုပင် အောက်သို့ နက်သထက် နက်ခဲ့သည်။ ခက်သထက်ခက်ခဲ့သည်။ သူတို့၏ အနာဂတ်သည် သူတို့၏ လုပ်ငန်းခွင်များလိုပဲ မှောင်ပိန်း၏။ မွန်းကျပ်၏။ မမြင်မတွေ့နိုင်သော အန္တရာယ်များက အချိန်မရွေး ကျရောက်နိုင်၏။

တွေးရင်းတွေးရင်း သူစိတ်နာလာသည်။ ကျွမ်းကျင်တတ်မြောက်ခဲ့သော ပညာရပ်တစ်ခုမှာ မွေ့လျော်ပေးဆပ်ချင်သည့် ဆန္ဒတစ်ခုတည်းဖြင့်

နှစ်ပေါင်းများစွာ မြေကြီးအောက်မှာ 'ကြွက်' တစ်ကောင်လို သူအလုပ်လုပ်ခဲ့သည်။ ထိုအတွက် ရလာသည့်ဆုလာဘ်က လုပ်ငန်းနားမလည်သည့် 'မိုးကျရွှေကိုယ်' တစ်ယောက်၏ ခုံဖွဲ့စစ်ဆေးခံရခြင်းတဲ့ . . .။

သူပြုံးလိုက်သည်။ ပြီးတော့ အူလှိုက် သည်းလှိုက် ရယ်နေမိသည်။ သူ့ကို ဘာလုပ်မှာလဲ။ ဘာလုပ်နိုင်သလဲ။ သူကတော့ ငရဲကလူမို့ ပြာပူလောက်ကို ရွံ့ကြောက်လိမ့်မည်မဟုတ်။

ထိုစဉ် ဒုတိယဥသြသံကို ကြားရသည်။ သတ္တုတွင်းလုပ်သားများကို အိမ်မှထွက်လာကြရန်ခေါ်သည့် 'အလုပ်ခေါ်ဥသြ'


ထိုဥသြသံကို ကြားသောအခါ သူမနေနိုင်တော့ပါ။ သူ့ကိုယ်သူ သတိမထားမိဘဲ အိပ်ရာမှ ကတိုက်ကရိုက်ထ၏။ အဝတ်အစားလဲ၏။ သတ္တုတွင်းစီးဖိနပ်ကို စွပ်၏။ မြေအောက်ဦးထုပ်ကို ဆောင်း၏။ အိမ်ပေါ်မှ ကပျာကယာ ခုန်ဆင်း၏။ ထို့နောက် မြေအောက်သတ္တုတွင်းတူးဖော်ရေး လုပ်ကွက်များဆီသို့ အဓိကဝင်ပေါက်ဖြစ်သည့် 'ပင်မစိုက်တွင်း' ရှိရာ တောင်ကုန်းလေးပေါ်သို့ အခြားသတ္တုတွင်းလုပ်သားများနှင့်အတူ အပြေးတစ်ပိုင်းတက်၏။ အနှစ်နှစ်ဆယ်နီးပါး စွဲမြဲလာခဲ့သည့် အမူအကျင့်။ ဖျောက်ဖျက်ရန် ခက်ခဲသည့် သတ္တုတွင်းလုပ်သားတို့ရဲ့ အရိုးစွဲနေသော အလေ့အကျင့်။

ဥသြသံသည် သူ့ကို မြေအောက်သတ္တုတွင်း လုပ်ကွက်များဆီသို့ 'ညို့' ခေါ်နေသည်။

ညို့မိနေသော သူသည် ခုံဖွဲ့စစ်ဆေးခံနေရမှုကို အမှတ်မရ။ စစ်မေးရသူများကိုလည်း အာရုံမရ။ ပြီးတော့ 'သတ္တုတွင်း အတွင်းသို့ ဘယ်တော့မှမဆင်းတော့' ဆိုသည့် သူ့ရဲ့ဆုံးဖြတ်ချက်ကိုလည်း စိုးစဉ်းမျှ သတိမရ။

ယခုအချိန်တွင် သူအတွေးရောက်နေသည်မှာ ယမန်နေ့က ယမ်းတစ်ကျင်း မပေါက်ကွဲဘဲကျန်ခဲ့သည့် လုပ်ကွက်အတွင်းဝင်ကာ အ-သွားသော ယမ်းဘီးလူးများကို အန္တရာယ်ကင်းရှင်းစွာ ဖယ်ရှားနိုင်ရေးပဲဖြစ်ပါသည်။

'မဟေသီ' ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၇၀၊ အောက်တိုဘာလ၊ ၂၀၁၅ ခုနှစ်။



---ထိုနယ်မြေမှာ

ကျွန်တော်သည်

“ဧဒင်ဥယျာဉ်အတွင်းမှ ပန်းသီး” ကို

ခူးစားသည်။


“သူယောင်မယ်များ” နှင့်

ပန်းနုရောင်ပင်လယ်မှာ

ရွက်လွှင့်စီးမျောသည်။

“တစ်ဆယ့်နှစ်ကြိုးအောင် ကဝေများ” နှင့်

သမင်လိုက်အက ကသည်။ ---



## လှောင်အိမ်ထဲက ငှက်

ကျဉ်းမြောင်းမွန်းကျပ်သည့် ရန်ကုန်မြို့၏ တိုက်ခန်းငယ်လေးအတွင်းမှာ မွေးဖွားကြီးပြင်းခဲ့ရသော ကျွန်တော်သည် လွင်ပြင်ကျယ်ကြီးများကို အင်မတန်သဘောကျသည်။ ခန္ဓာကိုယ်မှာ ကြွင်းကျန်ရစ်သော ဘိုးဘေးဘီဘင်တို့၏ မျိုးဆက်သွေးကြောင့်ထင်သည်။ ကျွန်တော်သည် လွင်ပြင်ကြီးများတွင် ကျယ်ပြောလွတ်လပ်စွာ နေထိုင်ရှင်သန်ချင်သည်။

ငယ်စဉ်က တွေ့မြင်ခဲ့ဖူးသည့် လယ်ကွင်းပြင်များကို ကျွန်တော် မကြာမကြာပြန်မြင်ယောင်ပြီး သတိရတမ်းတနေတတ်သည်။ ကောက်ပင်ပျိုများ လှိုင်းထနေသည့် တစ်မျှော်တစ်ခေါ် ကျယ်ပြောသော 'အစိမ်းရောင်လွင်ပြင်ကြီး'။ ထိုလွင်ပြင်ကြီးတွင် မြမြမောင်းအောင် စိမ်းညို့နေသည့် ကုက္ကိုပင်များက ဟိုနားတစ်ပင်၊ သည်နားတစ်ပင်ဖြင့် ခံ့ခံ့ညားညား မားမားမတ်မတ်ရပ်လို့နေကြသည်။ ငှေဖျိုင်းဖြူလေးများသည် ကောက်ပင်များကြားမှာ အစာရှာလိုက်၊ ရလာသောအစာကို ကိုက်ချီ၍ ကုက္ကိုပင်များထက်သို့ ပျံတက်လိုက်။ ခနော်ခနဲ့ လယ်တဲငယ်များကတော့ ရိုးစင်းသော ဘဝအဓိပ္ပာယ်ကို ကပိုကရိုလေး ဖော်ကျူးနေသည်။ ထိုအရာအားလုံးကို အပြာရောင်မိုးကောင်းကင်ကြီးက ငြိမ်းအေးစွာ အုပ်မိုးကာ ကလနားသတ်ပေးထားပါသည်။ နေရာတိုင်းမှာ အစိမ်းနှင့်အပြာ။

ပွင့်လင်းကျယ်ဝန်းသော လွင်ပြင်ကြီးများကို မြင်ရသောအခါ စိတ်သည် လွတ်လပ်ပေါ့ပါး၏။ မြူးထူးတက်ကြွ၏။ ကြည်နူးရွှင်ပျ၏။ လန်းဆန်း

ငြိမ်းအေး၏။

တကယ်တော့ မြေကမ္ဘာဆိုသည်မှာ ကျယ်ပြောလွတ်လပ်သည့် လွင်ပြင်ကျယ်များစွာရှိတဲ့ နေရာဒေသပါ။

သို့ရာတွင် ကျွန်တော်တို့မိဘများသည် မက်မောခံ့မင်ဖွယ်ကောင်းသည့် လွတ်လပ်လွင်ပြင်များကို ကျောခိုင်းစွန့်ခွာ၍ ကျဉ်းမြောင်းမွန်းကျပ်သည့် ရန်ကုန်မြို့လယ်က တိုက်ခန်းငယ်လေးအတွင်းသို့ ဖွတ်အတင်းတိုးဝင်ကာ သူတို့ဘဝများကို ပိတ်လှောင်အကျဉ်းချခဲ့ကြပါသည်။ ထိုမျှမကသေးပါ။ သူတို့၏ မျိုးဆက်များကိုလည်း ထိုကျဉ်းမြောင်းမွန်းကျပ်သည့် ရန်ကုန်မြို့လယ်က တိုက်ခန်းငယ်လေးအတွင်းမှာပဲ မွေးဖွားပွားများခဲ့ကြပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ကျဉ်းမြောင်းခြင်းနှင့်အတူ မွေးဖွားခဲ့သည်။ မွန်းကျပ်ခြင်းနှင့်အတူ ကြီးပြင်းခဲ့သည်။

× × ×

ကျဉ်းမြောင်းမွန်းကျပ်ခြင်းနှင့်အတူ ဖွားမြင်ရှင်သန်ခဲ့ရသော ကျွန်တော်သည် ပွင့်လင်းလွတ်လပ်မှုကို အထူးလိုလားသည်။

ငယ်ငယ်တုန်းကဆိုလျှင် ကျွန်တော်သည် ကျောင်းဆင်းပြီး တိုက်ခန်းပြန်ရောက်သည်နှင့် တစ်ပြိုင်နက် လွယ်အိတ်ကို 'ဖုန်းခနဲ' ပစ်ချကာ တိုက်ခန်းနားက ပန်းခြံငယ်လေးသို့ အပြေးသွားသည်။ ပန်းခြံငယ်လေးအတွင်းမှာ ကျွန်တော့်လိုပဲ တိုက်ခန်းငယ်များအသီးသီးမှ ထွက်လာကြသည့် ကလေးသူငယ်များစွာ အော်ဟစ်ပြေးလွှား ဆော့ကစားနေကြပါသည်။ အချို့မှာ ကျောင်းဝတ်စုံများကိုပင် မလဲမချွတ်ရသေး။ အချို့ကတော့ သူတို့တိုက်ခန်းများသို့ ပြန်ကာ ကျောင်းလွယ်အိတ်များကို မထားတော့ဘဲ စာသင်ကျောင်းမှသည် ပန်းခြံဆီသို့ တိုက်ရိုက်လာပြီး ဆော့ကစားနေကြပါသည်။

ကလေးသူငယ်များအဖို့ ကစားခုန်စားခွင့်ရရေးသာ အဓိက။ ကစားနေရမည်ဆိုလျှင် အစားမစားဘဲလည်း နေနိုင်သည်။ မအိပ်ဘဲလည်း နေနိုင်သည်။ ကစားနေရပါက အရာရာ ပြီးပြည့်စုံသည်။

တစ်ခုတော့ရှိသည်။ ကစားခုန်စားနိုင်ရန်အတွက် နေရာနည်းနည်းလိုအပ်သည်။ သို့သော် ထိုနေရာနည်းနည်းလေးမျှပင်လျှင် ကျဉ်းမြောင်းမွန်းကျပ်သည့် ကျွန်တော်တို့တိုက်ခန်းများမှာ မရှိပါ။ သည်ပန်းခြံငယ်လေး

အတွင်းမှာပဲရှိသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အချိန်အားရလျှင်ရခြင်း ပန်းခြံတွင်းသို့ အပြေးအလွှားသွားတတ်သည်။ မမောနိုင်မပန်းနိုင် လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားတတ်ကြသည်။ မိုးစုံးစုံးချုပ်၍ အိမ်ကလိုက်ခေါ်မှပင် မရပ်ချင်ရင်ချင်ဖြင့် ကစားတာကို ရပ်ရသည်။

ပန်းခြံတွင်းမှာ ကျွန်တော်တို့သည် လွတ်လပ်ပျော်ရွှင်သည်။ ပြေးနိုင်လွှားနိုင်သည်။ အော်နိုင်ဟစ်နိုင်သည်။ တွန်းနိုင်တိုက်နိုင်သည်။ လူးနိုင်လှိမ့်နိုင်သည်။ ကျွန်တော်တို့ တိုက်ခန်းငယ်လေးများအတွင်းမှာ မလုပ်နိုင်တာမှန်သမျှကို ပန်းခြံတွင်းမှာ လုပ်နိုင်သည်။ ဘောလုံးကန်ချင်သလား...ရသည်။ စက်ဘီးစီးချင်သလား...ဖြစ်သည်။

ကျွန်တော်တို့ ကန်သည့်ဘောလုံးသည် ဝေးဝေးမပြေသည့် 'ပလတ်စတစ်ဘောလုံး'ဖြစ်ပြီး ကျွန်တော်တို့စီးသည့် စက်ဘီးမှာလည်း မြန်မြန်မသွားသည့် 'သုံးဘီးစက်ဘီး'မျှသာဖြစ်သော်လည်း ကိစ္စမရှိပါ။

ကျွန်တော်တို့ တိုက်ခန်းငယ်လေးများတွင် မရနိုင်သည့် 'ကျယ်ပြောခြင်း'နှင့်အတူ 'လွတ်လပ်ခြင်း'ကိုပါ ပန်းခြံတွင်းမှာ ကျွန်တော်တို့ ရနေကြပါပြီ။ ထိုမျှမကသေး။ အတန်အသင့် လတ်ဆတ်သန့်ရှင်းသော လေနုအေးလေးများကိုလည်း အားပါးတရ ရှိုက်ရှူနိုင်ပါသေးသည်။

ပန်းခြံတွင်းမှာ ဆော့ကစားရင်း 'ကျယ်ပြောလွတ်လပ်စွာ ရှင်သန်ရခြင်း' ကို မြတ်နိုးခုံမင်တတ်ခဲ့သည်။

× × ×

ဆယ်ကျော်သက်ရွယ် ရောက်သောအခါ ကျွန်တော်သည် တိုက်ခန်းမှ တော်တော်လေးကွာလှမ်းသည့် 'တိရစ္ဆာန်ဥယျာဉ်' အတွင်းမှာ အချိန်ဖြုန်းတတ်လာပါသည်။

ထိုနေရာသည် သစ်ကြီးဝါးကြီးများဖြင့် ရိပ်ရိပ်ဆိုင်းဆိုင်းရှိသည်။ မြေအနေအထား ကျယ်ပြန့်သည်။ ဆိတ်ငြိမ်အေးချမ်းသည်။ ပြီးတော့ သာသာယာယာလည်း ရှိသည်။

ကျောင်းဖွင့်ရက်များ၏ ညနေခင်းတိုင်းကို ကျွန်တော်သည် တိရစ္ဆာန်ဥယျာဉ်အတွင်းမှာ ကုန်ဆုံးစေခဲ့သည်။ ကျောင်းပိတ်ရက်များဆိုလျှင်တော့ ကျွန်တော်သည် တိရစ္ဆာန်ဥယျာဉ်တွင်းမှာ နေကုန်နေခန်းရှိနေတတ်သည်။

အချိန်ပိုများစွာရှိခဲ့သော ကျွန်တော်၏ ဆယ်ကျော်သက်နေ့ရက်များကို တိရစ္ဆာန်ဉယျာဉ်က ဝါးမျိုသည်။

ကျွန်တော်သည် တိရစ္ဆာန်ဉယျာဉ်တစ်ခွင် ပြဲပြဲစင်အောင် ကိုးကုန်းကိုးကျင်း လျှောက်သွားသည်။ ချောင်ကြိုချောင်ကြားမှန်သမျှ အကုန်နှံ့သည်။ အမြင်မတော်တာတွေ့လျှင် လှောင်လိုက်၊ ပြောင်လိုက်၊ စလိုက်၊ နောက်လိုက်၊ ပြေးလိုက်၊ လွှားလိုက်။ မောပန်းလာလျှင် တွေ့ရာရေဘုံဘိုင်မှာ ရေးကို ပါးစပ်ထိုးခံကာ သောက်လိုက်သည်။ ပျင်းရိငြီးငွေ့လာလျှင် နီးရာသစ်ပင်ရိပ်အောက်ဝင်ကာ တစ်ရေးတစ်မော လှဲအိပ်လိုက်သည်။

တိရစ္ဆာန်ဉယျာဉ်တွင်းမှ အရိပ်အာဝါသကောင်းသည့် သစ်ပင်တိုင်းအောက်မှာ ကျွန်တော်အိပ်ဖူးသည်။ အိပ်စက်အနားယူရုံမျှသာမကပါ။ ကျွန်တော်သည် ထိုသစ်ပင်ရိပ်များအောက်မှာ စာအုပ်ဆိုင်မှ ငှားလာသော 'ရုပ်ပြများ'၊ 'ပုံပြင်များ'ကို မက်မက်မောမောဖတ်ခဲ့သည်။ နောက်တော့ 'ဝတ္ထုများ'၊ 'ကဗျာများ'။

တိရစ္ဆာန်ဉယျာဉ်သည် 'ဝင်ကြေး' ပေးရသော်လည်း ကျယ်ပြောခြင်း၊ လွတ်လပ်ခြင်းနှင့်အတူ အခြားအတွေ့အကြုံ ဗဟုသုတများစွာကို ရှာဖွေရယူနိုင်ခဲ့သောကြောင့် ကျွန်တော့်အတွက်တော့ တန်ဖိုးရှိသည့် 'ကွန်းရိပ်သာ' တစ်ခုဖြစ်ခဲ့ပါသည်။

× × ×

တက္ကသိုလ်ရောက်သောအခါ ကျွန်တော်သည် ပန်းခြံနှင့်ဉယျာဉ်တို့ကို မေ့သွားသည်။

တက္ကသိုလ်ဆိုသည့် 'မော်ရုံတော' နှင့် နှိုင်းယှဉ်လျှင် တစ်ခါက ပန်းခြံနှင့် ဉယျာဉ်တို့သည် 'နေမပွင့်မီက ကြွေသက်ခဲ့သည့် နှင်းစက်များ' သာ ဖြစ်သွားပါသည်။ တက္ကသိုလ်ဆိုသည့် နေမင်းကြီးအောက်မှာ အရာအားလုံးသည် နွေးနွေးထွေးထွေး၊ သာသာယာယာ။ ဘယ်ရပ်ဘယ်မြေမှ တက္ကသိုလ်နယ်မြေလောက် ကြည်နူးမွေ့ပျော်ဖွယ်မကောင်း။ ဆွတ်ပျံ့လွမ်းမောဖွယ်မကောင်း။ ရင်ခုန်လှိုက်ဖိုဖွယ်မကောင်း။

ထိုနယ်မြေမှာ ကျွန်တော်သည် 'ဧဒင်ဉယျာဉ်အတွင်းမှ ပန်းသီး' ကို ခူးစားသည်။ 'သူယောင်မယ်များ'နှင့် ပန်းနုရောင်ပင်လယ်မှာ ရှက်လွင့်

စီးမျောသည်။ 'တစ်ဆယ့်နှစ်ကြိုးအောင် ကဝေများ' နှင့် သမင်လိုက်အကကသည်။

တက္ကသိုလ်ကျောင်းသားဘဝမှာ ကျွန်တော်သည် အတန်းကိုသာမှန်မှန်မတက်သော်လည်း ကျောင်းကိုတော့ တစ်ရက်မပျက်သွားသည်။ ကျောင်းပိတ်ရက်များမှာလည်း ကျောင်းပရဝဏ်အတွင်းမှာ မိုးသောက်မှသည်နေဝင်သည်ထိ ကျွန်တော်ရှိသည်။ ခြေခင်းလက်ခင်းသာသည့် ညတိုင်းမှာအမျိုးသမီးဆောင်များရှေ့တွင် 'ညဥ့်လက်ဂီတ ဖျော်ဖြေရေးအဖွဲ့များ' နှင့်အတူ နောက်တစ်နေ့ မိုးသောက်တတ်သည်။

အချို့သော အဆောင်ကျောင်းသားများထက်ပို၍ နေ့ကျောင်းသားကျွန်တော်တို့ ကျောင်းဝန်းကျင်မှာ အချိန်ပြည့်တွေ့နိုင်ပါသည်။ ကျွန်တော်မှ'ကျောင်းအိပ်ကျောင်းစား' စစ်သည်။

တက္ကသိုလ်သည် ကျွန်တော့်ဘဝ၊ ကျွန်တော့်ဘဝသည် တက္ကသိုလ်ဟု ထပ်တူပြုကာ တွယ်ငြိခဲ့သော်လည်း ကျောင်းပြီးသောအခါ တက္ကသိုလ်နယ်မြေမှ မလွဲသာမရှောင်သာ ခွဲခွာခဲ့ရသည်သာ။

× × ×

ဘွဲ့ရပြီးစက တက္ကသိုလ်နယ်မြေသို့ မကြာခဏသွားကာ 'အလွမ်းဖြေ' ဖြစ်ခဲ့သော်လည်း ကြာလာသောအခါ အသွားအလာ ကျဲပါးပြတ်တောက်သွားပါသည်။

ယနေ့ တက္ကသိုလ်သည် ဟိုတုန်းက ကျွန်တော်တို့ရဲ့ တက္ကသိုလ်မဟုတ်။ ပန်းအသစ်တို့ပွင့်၍ စမ်းအသစ်တို့စီးနေသည်။ ကျွန်တော်တို့နမ်းခဲ့သည့် ပန်းများမဟုတ်တော့သလို ကျွန်တော်တို့လွမ်းခဲ့သည့် စမ်းများလည်းမဟုတ်တော့ပါ။ ရွေ့လျားပြောင်းလဲခြင်းများစွာဖြင့် တက္ကသိုလ်သည်ကျွန်တော်နှင့် 'သူစိမ်းပြင်ပြင်' ဖြစ်သွားသည်။

ထိုအခါ ကျွန်တော်သည် ရန်ကုန်မြို့၏ ပလက်ဖောင်းများထက်ကခုံပုလေးများပေါ်မှာ ကျောက်ချထိုင်ကာ ဘဝကို လက်ဖက်ရည်ချိုပေါ့ကျတစ်ခွက်နှင့်အတူ မျှောချနေခဲ့ပါသည်။

အိမ်ဟုဆိုသည့် တိုက်ခန်းငယ်လေးသည် ကျွန်တော့်အတွက် အိပ်ရန်၊ စားရန်၊ သန့်စင်ရန်နှင့် အဝတ်လဲရန်အတွက် သက်သက်။

× × ×

နောက်တော့ ကျွန်တော်လည်း ရန်ကုန်မြို့လယ်က ရုံးကြီးတစ်ရုံးမှာ အလုပ်ရခဲ့သည်။

ရုံးနှင့်အိမ်၊ အိမ်နှင့်လက်ဖက်ရည်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့်ရုံး စသည့် အချင်းဝက်တစ်မိုင်ထက်မပိုသော စက်ဝိုင်းငယ်အတွင်းမှာ ကျွန်တော့် ဘဝနေ့ရက်များကို ဖွဲ့ခြွေဆွေးမြည့်စေရပြန်သည်။

တစ်ခါတလေတော့လည်း ချစ်သူနှင့်အတူ ရုပ်ရှင်ကြည့်ဖြစ်သည်။ ဘုရားရင်ပြင်တော်ပေါ်တက်ဖြစ်သည်။ ဆိပ်ကမ်းမှာ လေညင်းခံဖြစ်သည်။

သို့ရာတွင် ထိုနေရာများအားလုံးသည် 'ကျွန်တော့်ရဲ့စက်ဝိုင်းလေး' အတွင်းမှာပဲ ရှိသေည်။ အချင်းဝက် တစ်မိုင်ထက်မပိုတဲ့ ရန်ကုန်မြို့က ကျွန်တော်ရဲ့ ဘဝစက်ဝိုင်းကလေး။

× × ×

အိမ်ထောင်ကျတော့ ဇနီးသည်ကို ကျွန်တော်တို့တိုက်ခန်းငယ်လေး သို့ပင် ခေါ်ခဲ့ရပါသည်။

ကျွန်တော်တို့တိုက်ခန်းလေးမှာ အိပ်ခန်းနှစ်ခန်းသာရှိသည်။ တစ်ခန်း ကို ကျွန်တော့်မိဘများက သုံး၍ ကျန်တစ်ခန်းကို ကျွန်တော့်နှမများက သုံး သည်။ ကျွန်တော်ကမူ ဘုရားခန်းလည်းဟုတ်၊ ဧည့်ခန်းလည်းဟုတ်သည့် အိမ်ရှေ့ခန်း၌သာ အိပ်စက်ခဲ့ရပါသည်။

ယခု ကျွန်တော်အိမ်ထောင်ကျသောအခါ မိဘများက သူတို့အိပ် ခန်းကို ကျွန်တော်တို့ဇနီးမောင်နှံအားပေးသည်။ သူတို့ကတော့ ကျွန်တော် အလျင်က အိပ်ခဲ့သည့် အိမ်ရှေ့ခန်းသို့ ထွက်အိပ်ပေးကြသည်။ သူတို့နှင့်အတူ သူတို့ရဲ့ အဝတ်စားဗီရိုနှင့် သေတ္တာအချို့လည်း အိမ်ရှေ့ခန်းသို့ ပါသွား သည်။

ထိုအခါ ကျွန်တော်တို့တိုက်ခန်းငယ်လေးသည် လူများ၊ ပစ္စည်းများ ဖြင့် မလုည့်သာ၊ မရှောင်သာဖြစ်ကာ ပိုမိုကျဉ်းမြောင်းမွန်းကျပ်သွားပါတော့ သည်။

× × ×

ထိုကျဉ်းမြောင်းမွန်းကျပ်လှသည့် တိုက်ခန်းငယ်လေးအတွင်းတွင် စတင်ဖြစ်တည်ခဲ့သော ကျွန်တော်၏ မင်္ဂလာဦးနေ့ရက်များမှာ လုံးဝ ကဗျာ

မဆန်နိုင်ခဲ့ပါ။ ကြည်နူးဆွတ်ပျံ့ဖွယ် မကောင်းခဲ့ပါ။ ရင်ဖိုလှိုက်မောစရာလည်း မဖြစ်ခဲ့ပါ။ သွေ့သွေ့ခြောက်ခြောက်နှင့် အရောင်အဆင်းမဲ့ကာ ဂီတသံစဉ်များ ကွယ်ပျောက်ခဲ့ပါသည်။

အသစ်စက်စက် ဇနီးမောင်နှံနှစ်ယောက်သည် တစ်ချိန်လုံး လူ အပြည့်ရှိနေသည့် တိုက်ခန်းငယ်လေးအတွင်းမှာ အသံမထွက်ဝံ့အောင် မလှုပ်သာမရှားသာ အနေကျုံ့ခဲ့ပါသည်။ ရှောင်၍မလွတ်သည့် မျက်လုံးများစွာ၏ ရှေ့မှောက်တွင် သူတော်စင်များပမာ ဣန္ဒြေထိန်းကာ 'ပဝါတစ်ကမ်း၊ လက်တစ်လှမ်း' အကွာမှာ အနေအထိုင် ဆင်ခြင်ထိန်းသိမ်းခဲ့ရပါသည်။

ကျွန်တော်သည် ဇနီးမယားအနီးအပါးမှာ ကယုကယင် ချစ်ရေးငင်ရမည့်အချိန်များကို လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်း အဓိပ္ပာယ်မဲ့ ငူငူငေါင်ငေါင်ထိုင်ရင်း အလဟဿ ကုန်လွန်ဆုံးပါးစေခဲ့ပါသည်။ ကျွန်တော်၏ ပျားရည်ဆမ်းနေ့ရက်များသည် ကသိကအောက်များစွာနှင့် အလွန်ပင် ခါးသက်သက်နိုင်ခဲ့သည်။

ပျားရည်မြစ်များ အငွေ့ပျံခန်းခြောက်ပြီးချိန်မှာ သားသမီးများ ပွားစီးလာသည်။

ထိုအခါ တိုက်ခန်းငယ်လေးအတွင်းမှာ ကျွန်တော့်အတွက် နေစရာနေရာ မရှိသလောက်ဖြစ်သွားသည်။ အိမ်ခွဲနေရန် ကြိမ်ဖန်များစွာကြိုးစား၏။ တစ်ကြိမ်တစ်ခါမှပင် ဖြစ်မြောက်အောင် မစွမ်းဆောင်နိုင်ခဲ့။ အကြောင်းပြချက် အမျိုးမျိုးပေးကာ နေ့ရွှေ့ညရွှေ့ လုပ်နေမိခဲ့သည်။ သားသမီးများသာ တဖြည်းဖြည်း ကြီးပြင်းလာ၏။ အိမ်မခွဲဖြစ်။

ကာလကြာလေ တိုက်ခန်းလေးတွင်းမှာ မှီတင်းနေထိုင်သူ တိုးပွားများပြားလာလေ။

ထိုအချိန်မှစ၍ ကျွန်တော်သည် ကျယ်ပြောလွတ်လပ်သည့် လွင်ပြင်ကြီးများကို ညစဉ်ညတိုင်း အိပ်မက်သည်။

× × ×

ကျွန်တော့် 'အိပ်မက်လွင်ပြင်' သည် ပူလောင်သွေ့ခြောက်သည့် ကန္တာရမဟုတ်။ အေးခဲမာကျောသည့် ရေခဲပြင်မဟုတ်။ အဖြူရောင်ဆီးနှင်းများ ထူထပ်စွာဖုံးလွှမ်းနေသည့် နှင်းတောကြီးမဟုတ်။

လင်းလက်တောက်ပသော နေရောင်အောက်တွင် ရောင်စုံပန်းတို့ ပွင့်ချပ်တိုင်းပွင့်နေသည့် စိုပြည်စိမ်းလန်းတဲ့ လွင်ပြင်မျိုးကိုသာ ကျွန်တော် အိပ်မက်လေ့ရှိပါသည်။ ထိုလွင်ပြင်ကြီးမှာ သန့်ရှင်းလတ်ဆတ်သည့် လေနုအေးလေးများက တောပန်းရနံ့များကို ထွေးပွေ့ဆောင်နှင်းကာ ဖြတ်သန်းတိုက်ခတ်နေမည်။ အရပ်ရှစ်မျက်နှာသို့ မျက်စိတဆုံး အဆီးအတားမဲ့ ကြည့်နိုင်မြင်နိုင်မည်။ သွားလိုရာသို့လည်း အနှောင်အတည်းမဲ့စွာ သွားနိုင်လာနိုင်မည်။ ဆာလောင်သည့်အခါ အလေ့ကျသစ်သီးများကို လွယ်လွယ်ကူကူ ခူးယူစားသုံးနိုင်မည်။ နေရာအနှံ့မှာရှိနေသည့် သဘာဝစိမ့်စမ်းရေးများကို အလိုရှိတိုင်း သောက်နိုင်သုံးနိုင်မည်။ မောပန်းသည့်အခါ နီးရာသစ်ပင်ရိပ်မှာ သောကကင်းစင်ငြိမ်းချမ်းစွာ အိပ်စက်နိုင်မည်။

ကျွန်တော့်အိပ်မက်လွင်ပြင်သည် ဘယ်လောက်လွတ်လပ်ပါသလဲ။ ဘယ်လောက် ပွင့်လင်းပါသလဲ။ ဘယ်လောက် ရိုးစင်းပါသလဲ။ ဘယ်လောက် ဖြူစင်ပါသလဲ။ ဘယ်လောက် ထင်သာမြင်သာရှိပါသလဲ။ လှည့်စားမှု မရှိ။ ညစ်ပတ်မှုမရှိ။ ကောက်ကျစ်မှုမရှိ။ ပိတ်ဆို့မှုမရှိ။ ကျပ်တည်းမှု မရှိ။ ချို့တဲ့မှု မရှိ။ ငတ်မွတ်မှု မရှိ။

ဘဝအဆင်သင့် လျှင်ဖြင့် အိပ်မက်လွင်ပြင်မှာ ရှင်သန်ချင်ပါသည်။

× × ×

'ဝန်ကြီးဌာနတွေအားလုံး နေပြည်တော်ကို ပြောင်းရမယ်'

ရန်ကုန်မြို့မှာ နေသားကျနေသော ဝန်ထမ်းများအတွက်တော့ ပေါက်ကွဲအားပြင်းသည့် ဗုံးတစ်လုံးကို အချိန်ကိုက် ဖောက်ခွဲလိုက်သလိုပါပဲ။ ဝန်ထမ်းတိုင်း တုန်လှုပ်ချောက်ချားကာ မျက်စိမျက်နှာ ပျက်နေခဲ့ကြသည်။

'နေပြည်တော်' သည် အုပ်ချုပ်ရေးမြို့တော်အဖြစ် ရည်ရွယ်ကာ စနစ်တကျ ဖန်တီးတည်ဆောက်ထားသော အလွန်ကျယ်ဝန်းကြီးမားသည့် မြို့သစ်ကြီးဖြစ်သည်။ အဝေးမှ တောင်ပြာတံတိုင်းများကို မှုန်မှုန်ရေးရေးလေးသာ မြင်နိုင်သည့် ပြန့်ပြူးကျယ်ဝန်းသော အစိမ်းရောင်လွင်ပြင်ကျယ်ကြီးရဲ့ အလယ်မှာ တည်ရှိပါသည်။

ထိုအစိမ်းရောင်လွင်ပြင်ကြီးသည် ကာလများစွာ ကျွန်တော်

မက်မောတောင့်တ ငတ်မွတ်နေခဲ့သည့် အိပ်မက်လွင်ပြင်ကြီးများ ဖြစ်နေလေ မလား…။

ရန်ကုန်မြို့၏ ကျဉ်းမြောင်းသည့် တိုက်ခန်းငယ်ရဲ့ မွန်းကျပ်မှုများကို လည်းကောင်း၊ အချင်းဝက်တစ်မိုင်ထက် မပိုသည့် ဘဝစက်ဝိုင်း၏ ကန့်သတ်မှုများကိုလည်းကောင်း ခါးသီးစွာ တွယ်တာမှုမရှိပါက ကျွန်တော် အင်မတန် လိုလားတောင့်တခဲ့သည့် အိပ်မက်လွင်ပြင်ကြီးမှာ ကျယ်ပြော လွတ်လပ်စွာ ရှင်သန်နိုင်ပါမည်။

နေပြည်တော်သည် ကာလများစွာ ကျွန်တော် မက်မောတောင့်တ ငတ်မွတ်နေခဲ့သည့် အိပ်မက်လွင်ပြင်ကြီး၏ အလယ်တွင် အမှန်တကယ် တည်ရှိနေသည်ဟု ယုံကြည်သည့်နေ့မှာ ကျွန်တော် နေပြည်တော်သို့ ပြောင်း ဖြစ်ပါလိမ့်မည်။

ယခုအထိတော့ လှောင်ချိုင့်အတွင်း မွေးဖွားကြီးပြင်းပြီး ကျဉ်းကျပ်မှုမှာ နေသားကျနေခဲ့သော အိမ်မွေးငှက်တစ်ကောင်ပမာ လှောင်ချိုင့်တံခါး ကို ဖွင့်ပေးထားသော်လည်း ကျွန်တော် အပြင်သို့ ပျံမထွက်နိုင်သေးပါ။ ။

...သမုဒယ သံယောဇဉ်များကြောင့်

လူ့လောကမှ မထွက်ခွာလိုသေးသော်လည်း

အမှန်တော့ "အေး" သည်

ထိုသမုဒယ သံယောဇဉ်များကြောင့်ပင်

လွန်ပင်ပန်းကာ အနားယူချင်နေပါပြီ။

သို့ရာတွင် အေးက လူ့ဘဝမှာ နေချင်ပါသေးသည်။

ဘယ်လောက်နည်းသည့်

အချိန်ကလေးပဲဖြစ်ပါစေ လူ့ဘဝမှာ

နေလို့ရသမျှ နေချင်ပါသေးသည်။

ဖြစ်နိုင်လျှင် "ပွဲသိမ်းစက္ကန့်များ" ကို

ဘဝ၏ ဟိုတစ်ဖက်ဆီသို့

စွန်းထွက်စေချင်သည်...



# ပွဲသိမ်းစက္ကန့်များ

ယခုတော့ တွေးပူကြောင့်ကြခဲ့သည်များမှာ တကယ်ဖြစ်၍ လာခဲ့ပြီ။

ခုခံအားကျဆင်းမှုရောဂါ ကိုယ်မှာ စွဲကပ်နေပြီဟု သိစက အေးသည် လိပ်ပြာလွင့်စဉ်မတတ် ခံစားရသည်။ တုန်လှုပ်ချောက်ချားခြင်းကြီးစွာဖြင့် ဆောက်တည်ရာမဲ့ခဲ့သည်။ ဘဝကို မက်မောတွယ်တာစိတ်ဖြင့် ဝမ်းနည်းကြေကွဲရသည်။ မကြာမီ ထိုဘဝကို စွန့်လွှတ်ရတော့မည်ဆိုသည့် အသိကြောင့် တုန်လှုပ်ချောက်ချားသည်။ နေလို့မှ မဝသေးသည့် လူ့ဘဝကို ဘုမသိဘမသိဖြင့် စွန့်ခွာရမှာမို့ ယူကျုံးမရဖြစ်ရသည်။

အေးသည် သေကောင်ပေါင်းလဲဖြစ်နေသော ခင်ပွန်းသည်ကိုကြည့်ကာ ကရုဏာသက်ရမည့်အစား ဒေါသများသာ လှိမ့်ထွက်နေပါသည်။ 'သင်းကြောင့် ငါလည်း သေရတော့မယ်'ဆိုတဲ့အသိဖြင့် ဖြေမဆည်နိုင်အောင် ပူပြင်းလောင်မြိုက်နေသည်။

အစကတော့ ခေါင်းတစ်ခြမ်း အလွန်အမင်းကိုက်သည်ဆိုပြီး သတိလစ်သွားတတ်သည့် ခင်ပွန်းသည်ကို စိုးရိမ်စိတ်ပိုခဲ့သည်။ မိသားစု စားဝတ်နေရေးအတွက် နိုင်ငံခြားမှာ အလုပ်သွားလုပ်စဉ်က ရခဲ့သော ရောဂါမို့လည်း သက်သာပျောက်ကင်းအောင် ကုသပေးဖို့ တာဝန်ရှိသည်ဟု ရိုးရိုးသားသား ယုံကြည်သည်။ စေတနာထက်သန်စွာဖြင့် ဂရုတစိုက် ကုသပေးခဲ့ပါသည်။ လိုလားကျေနပ်စွာ ဝတ်ကြီးဝတ်ငယ် ဖြည့်ဆည်းပေးခဲ့ပါသည်။

နိုင်ငံခြားသို့ နှစ်ကြိမ်တိုင်တိုင် အလုပ်ထွက်လုပ်ခဲ့သော်လည်း နှစ်ကြိမ်လုံးပင် မအောင်မမြင် တပ်ခေါက်ပြန်လာရသည့် ခင်ပွန်းသည်ကို အားမလို အားမရ ဖြစ်မိခဲ့သော်လည်း အရင်းခံ မေတ္တာစိတ်ဖြင့် နည်းနည်းလေးမှ မငြိုငြင်မိခဲ့။ အဦးအစက အများသူငါ နိုင်ငံခြားမှာ အလုပ်ထွက်လုပ်ပြီး အဆင်ပြေနေတာ မြင်သဖြင့် အားကျမိသည်။ နိုင်ငံခြားထွက် အလုပ်လုပ်ဖို့ စိတ်အားထက်သန်နေသည့် ခင်ပွန်းသည်ကို အေးကိုယ်တိုင်ကလည်း စိတ်တူလက်ညီ အားပေးအားမြှောက်လုပ်ခဲ့မိသည်။

ပထမအကြိမ်ထွက်စဉ်က သူ့မိဘတွေမှာ ရှိရှိသမျှ ငွေပိုငွေလျှံများ အားလုံးကုန်သွားသည်။

ထွက်သွားပြီးနောက် လအနည်းငယ်အကြာမှာ 'အဆင်မပြေ' ဟူသော စကားလေးတစ်ခွန်းဖြင့် သူက ကြော့ကြော့မော့မော့လေးပဲ ပြန်လာခဲ့သည်။ ထိုစဉ်က အေးတို့ပတ်ဝန်းကျင်၌ နိုင်ငံခြားမှာ အလုပ်အကိုင်အဆင်ပြေသူများစွာ ရှိနေတာမို့ 'ကိုရွှေအောင်ဖျာလိပ်ကြီး' မျက်နှာမငယ်၊ ဂုဏ်မပြယ်စေရန် 'ကျန်းမာရေးမကောင်းလို့ပါ'ဆိုတဲ့ မရေမရာအကြောင်းပြချက်လေးနဲ့ ဝိုင်းပြီး ဖုံးခဲ့ဖိခဲ့ ကာကွယ်ပေးခဲ့ရသေးသည်လေ။ တော်ပါသေးရဲ့။ ယောက္ခမပိုက်ဆံဖြင့် သွားခဲ့တာမို့ တပြုံစုစုဖြစ်နေမည့် အကြွေးပူက မရှိခဲ့။

မိသားစုသုံးယောက်အတွက် တစ်ဝမ်းတစ်ခါးလောက်ကတော့ ကိုယ့်ဆိုင်လေးမှာ အလိုက်သင့် ဈေးပြန်ရောင်းရုံဖြင့် အေးဆေးသက်သာစွာ ရှာဖွေနိုင်ပါသည်။ ဝမ်းဝရုံမျှသာ မကပါ။ ခါးလည်း လှပါသည်။ ရွှေတိုရွှေစလေးများပင် စုနိုင်ဆောင်းနိုင်သည်။ စုမိသမျှကိုလည်း နိုင်ငံခြားမှာ အဆင်မပြေဖြစ်ပြီး ပြန်လာခဲ့သော ခင်ပွန်းသည် မျက်နှာမငယ်အောင် 'ဖို့'ခဲ့သည်။ ယောကျ်ားတန်မယ့် ရွှေဆွဲကြိုးကို လူမြင်အောင်ဆွဲပြီး နဝရတ်ကိုးပါးလက်စွပ်ဝတ်ထားသည့် လက်ချောင်းထိပ်မှာ စီးကရက်ညှပ်ကာ ကောင်တာထိုင်နေသော ခင်ပွန်းသည်ကိုကြည့်လျက် အေး စိတ်ချမ်းသာခဲ့သည်။ ဘဝဆိုတာ သည်လိုရိုးစင်းစွာဖြင့် မိသားစု ဥမကွဲသိုက်မပျက် ရှာဖွေနေထိုင်လျှင်လည်း ဖြစ်သည်ပဲ မဟုတ်လား။

သို့သော် အေးရဲ့ခင်ပွန်းသည်က ထန်းရည်မူးတဲ့သူလို အမူးပြေသော

အခါ ထန်းပင်ကို မော့ကြည့်ပြန်သည်။ မိသားစု သိုက်သိုက်ဝန်းဝန်းဖြင့် ကိုယ့်စီးပွားနှင့်ကိုယ် နေနိုင်၊ စားနိုင်၊ ဝတ်နိုင်၊ သွားနိုင်သော်လည်း ဘဝကို မရောင့်ရဲမတင်းတိမ်နိုင်သူကြီးက စိတ်မကျေပွဲတစ်ချီ တစ်မောင်း ထပ်မံနွှဲချင်သည်။ နိုင်ငံခြားသို့ တစ်ပြန်တစ်ကျော့ပြန်ထွက်လိုသည်။ အကြောင်းပြချက်က တဖြည်းဖြည်း ကြီးပြင်းလာပြီဖြစ်တဲ့ 'သမီးလေးရဲ့ ပညာရေးအတွက်'…တဲ့။

ပညာခေတ်ကြီးမှာ ပညာဖြင့် ခေါင်းမော့နိုင်အောင် အဆင့်မြင့်ပညာတတ်ဖို့လိုသည်။ အဆင့်မြင့်ပညာတတ်ဖို့ လုံလောက်ပြည့်စုံသည့် ငွေကြေးပမာဏ လိုအပ်သည်။ ထိုငွေကို ယခု ရှာဖွေလုပ်ကိုင်စားသောက်နေသည့် မိသားစုပိုင် ချောက်ချီးချောက်ချက် စားသောက်ဆိုင်ကလေးမှ ဘယ်လိုမှ ရှာဖွေလို့မရနိုင်။ အချိန်တိုတိုမှာ ငွေများများရအောင် ရှာနိုင်မည့်တစ်ခုတည်းသောနည်းလမ်းက နိုင်ငံခြားမှာ သွားအလုပ်လုပ်ခြင်းပဲဖြစ်သည်…တဲ့။

အပြောကောင်းသော ခင်ပွန်းသည်၏ ဟုတ်တိဟုတ်ညားညား အကြောင်းပြချက်များအောက်မှာ အေးသည် နားဝေတိမ်တောင် ဖြစ်ရပြန်သည်။ ကိုယ့်ထက် နားမျက်စိကြီးသူရဲ့ စကားလုံးလှလှလေးများကို ယုံစားချင်ပြန်သည်။

တစ်ခါသေခဲ့ဖူးပြီမို့ ပျဉ်ဖိုးတော့ နားလည်ပါသည်။ သို့သော် ထပ်မံစွန့်စားကြည့်ချင်သေးသည်။ ဘဝဆိုတာ တစ်ခါချော်လဲရုံဖြင့် ပြန်မထဘဲ အပြီး ထိုင်နေလို့မှမဖြစ်တာ။ ဟိုဘက်လမ်းက 'တင့်တင့်' ယောက်ျားလည်းသည်လိုပဲ မဟုတ်လား။ ပထမတစ်ခေါက် စင်ကာပူသွားတာ ဘယ်မှာအဆင်ပြေခဲ့လို့လဲ။ ပြန်လာပြီး နောက်တစ်ခေါက် ကိုရီးယားထပ်ထွက်လိုက်မှ အဆင်ပြေသွားတာလေ။ အခုဆို ဟိုမှာ 'ဆရာကြီး' ဖြစ်နေပြီဆိုလား။ သူကတောင် လူအခေါ်အထုတ် လုပ်နေသည်ဆိုပဲ။ တင့်တင့်တို့ကတော့ ပြောင်လို့၊ ရောင်လို့၊ ခေါင်းကို မော့လို့။ ဘယ်…ဟိုတုန်းက အခုလို ဟုတ်လိမ့်မတုန်း။ အကြွေးနွံထဲမှာ လည်ပင်းနစ်မြုပ်နေခဲ့ကြတာလေ။ အေးတို့လည်း သူတို့လို အဆင်ပြေမလာနိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။

အားကျစိတ်တစ်ဝက်၊ တွေဝေစိတ်တစ်ဝက်ဖြင့် အေးက တွေးဆနေခဲ့သည်။

'သွားတာတော့ ဟုတ်ပါပြီ။ ဘယ်မလဲငွေအရင်းအနှီး'

အေးက မေးတော့ ခင်ပွန်းသည်က ခပ်ပေါ့ပေါ့ပဲ ပြန်ပြောသည်။

'ဒီတစ်ခေါက်တော့ မင်းအမေဆီက လှည့်လိုက်ပေါ့'

အေး သက်ပြင်းချလိုက်သည်။ နောက်ဆုံးတော့လည်း သည်ဘူတာ ဆိုက်သည်ပဲ။

× × ×

အေးက အမေ့ကို တဖြည်းဖြည်းချင်း နားသွင်းသည်။

ငိုတစ်လှည့် ရယ်တစ်ခါဖြင့် မိခင်မုဆိုးမကြီး၏ အိုစာ နာစာလေးကို ခြွေယူနိုင်ခဲ့သည်။ 'ဟိုမှာ အဆင်ပြေတာနဲ့ ယူထားတာကို အတိုးရော အရင်းပါ ချက်ချင်းပြန်ဆပ်ပါ့မယ်' ဟုလည်း အပျော့ဆွဲလေး ဆွဲလိုက်သေးသည်။ သမီးရဲ့ နွေ့စဉ်ရက်ဆက် အသနားခံတောင်းပန်တိုးလျှိုးမှုအောက်မှာ အမေ့အသည်းက ကြာကြာမမာနိုင်ရှာ။ နောက်ဆုံးမှာတော့ အမေ့သေတ္တာထဲက အထုပ်ကလေးသည် အေးရဲ့လက်ထဲသို့ရောက်ခဲ့သည်။

မောင်နှမတွေက သိပ်မကျေနပ်ကြ။

သည်တစ်ခေါက် အေးရဲ့ ခင်ပွန်းတစ်ယောက် ဟိုမှာ နည်းနည်းပိုကြာသည်။ 'လောလောဆယ် အလုပ်လွယ်တဲ့ ယိုးဒယားကုမ္ပဏီတစ်ခုမှာ သင်္ဘောလိုက်နေတယ်'…တဲ့။ 'ယပက်လက်လိုင်းဆိုတော့ လစာသိပ်မကောင်းဘူး' …တဲ့။ ကိစ္စမရှိပါ။ 'ကိုယ်သာ အဲဟိုမှာ အဆင်ပြေအောင်လုပ်ပါ။ သည်မှာ အေးတို့သားအမိ ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်တယ်' ဟု အေးက ခဲမှန်ဖူးသည့် စာသူငယ်ပီပီ စိတ်တထင့်ထင့်နှင့် အားပေးနေမိသည်။ ငွေတစ်ပြားမှ ပြန်ပို့မလာသော်လည်း ခင်ပွန်းသည်တစ်ယောက် 'သင်္ဘောပေါ်ရောက်နေပြီ' ဆိုတဲ့စကားကို အရပ်ထဲလည်ကြွားရသည်မှာ အရသာ။

ထိုအရသာလေးကိုပင် ကြာရှည်မခံစားလိုက်ရ။

ခြောက်လမပြည့်မီမှာပင် သတင်းဆိုးက အေးထံ ရောက်လာသည်။ အေးရဲ့ခင်ပွန်း 'သင်္ဘောပေါ်မှာ အလုပ်လုပ်ရင်း လဲကျပြီး သတိလစ်သွားလို့ နီးရာဆိပ်ကမ်းတစ်ခုက ဆေးရုံမှာ တင်ထားရတယ်'တဲ့။ အေးတစ်ယောက် အရပ်ကြိုးပြတ်ရုံမက မျက်ရည်နှင့်မျက်ခွက်ဖြစ်ရပြီ။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ဘုရားစင်ရှေ့မှာ အချိန်ကုန်ရပြန်သည်။

သို့သော် ကံကြမ္မာက မညှာတာပါ။ တစ်လမပြည့်ခင်မှာပဲ ခင်ပွန်းသည် ပြန်ရောက်လာသည်။

ဝေဒနာဖြင့် ပိန်ချုံးပြီး ပြန်ရောက်လာသည့် ခင်ပွန်းသည်ကို မရှိရှိတာလေးနှင့် ဆေးကုပေးရသည်။ အရပ်ဆေးခန်းမှာ ကုသလို့ မသက်သာသောအခါ သမားတော်ထံပြရသည်။ ထုံးစံအတိုင်း ဆေးစစ်လိုက်တော့ ခင်ပွန်းသည်ရဲ့ရောဂါက တုန်လှုပ်ချောက်ချားစရာ 'ဘူးပေါ်သလို' ပေါ်လာပါသည်။ ခုခံအား ကျဆင်းမှုရောဂါတဲ့။ အေ၊အိုင်၊ဒီ၊အက်စ်…တဲ့။

ထိုရောဂါကို ကိုယ်ကျင့်တရားနှင့်ဆက်စပ်၍ လူအများက တွေးမြင်တတ်ကြသည်။ ထို့ကြောင့် အေးတို့ တတ်နိုင်သမျှ 'ဆင်သေကို ဆိတ်ရေနှင့်ဖုံး' ကြရသည်။ အေးလည်း စိုးတထိတ်ထိတ်နှင့် သွေးစစ်ကြည့်ရသည်။ ဘုရားရေ . . .အေးမှာလည်း 'အိတ်ချ်အိုင်ဗီ ပေါ့စတစ်' တဲ့။

အေးကမ္ဘာ ချာချာလည်ရသည်။

ကုသ၍မပျောက်နိုင်သည့်ရောဂါ ကိုယ့်မှာ စွဲကပ်နေပြီဟု သိရသည့်အခါ အေးသည် ရှူးသွပ်မတတ်ခံစားရသည်။ ဆိုးရွားလွန်းသည့် ကံကြမ္မာကြောင့်လည်း ဆောက်တည်ရာမဲ့ခဲ့သည်။ ဘာမဆိုင် ညာမဆိုင် ရခဲ့သည့် ရောဂါအတွက် ဒေါသထွက်သည်။ အချိန်မတိုင်မီ ကြွေရမည်မို့ ကြောက်ရွံ့ထိတ်လန့်သည်။

ဩော်…ဘယ်လောက် ဆိုးရွားလှတဲ့ ဝဋ်ကြွေးကြမ္မာများပါလဲ။

သို့ရာတွင် သမီးလေးမှာတော့ ကံအားလျော်စွာ ထိုရောဂါ စွဲကပ်မနေဘူးဆိုတာ သိရသောအခါ အေး၏ဒေါသများ လျော့ပါးခဲ့သည်။ ကြောက်ရွံ့ထိတ်လန့်မှုများ လွင့်ပြယ်သွားသည်။ ကြိုးစားအားတင်းကာ စိတ်ကို တဖြည်းဖြည်းနှင့် စုစည်းထိန်းသိမ်းနိုင်ခဲ့သည်။

ဘဝဟာ မပြီးဆုံးသေး။ သက်တမ်းကို အကန့်သတ်ခံလိုက်ရသည့်တိုင်အောင် အခုချိန်မှာ ဘဝဟာ မပြီးဆုံးသေးပါ။ ပြီးတော့ ရောဂါကင်းစင်သည့် သမီးလေးကို ဆက်လက်ပြုစုပျိုးထောင်နိုင်ဖို့အတွက်လည်း အေးရဲ့ဘဝဟာ လုံးဝမပြီးဆုံးသေးပါ။

ခင်ပွန်းသည်ကို သင်္ဂြိုဟ်ပြီးချိန်မှာတော့ တစ်ဦးတည်းသော သမီးအပေါ်ထားရှိသည့် မိခင်စိတ်ကြောင့်လည်းကောင်း၊ ဘဝကို မက်မောခုံမင်

သည့် ဗီဇစိတ်ကြောင့်လည်းကောင်း အေးသည် ဆက်လက်အသက်ရှင်ရန် အသင့်ဖြစ်နေပါသည်။

× × ×

အေးကသာ ဘဝကို မက်မောခုံမင်စွာ ဖက်တွယ်ရှင်သန်ချင်သော်လည်း လွယ်ကူသက်သာစွာ ရှင်သန်ခွင့်တော့ မရခဲ့ပါ။ အလွန်အမင်း ခက်ခဲကြမ်းတမ်းစွာဖြင့် ရင်ဆိုင်ဖြတ်သန်းနေခဲ့ရပါသည်။ ဆင့်ကဲ ဆင့်ကဲ ရိုက်ပုတ်လာသော လောကဓံလှိုင်းတံပိုးများအောက်မှာ အေးရဲ့ဘဝဟာ ဖရိုဖရဲ အလဲလဲ အပြိုပြို ဖြစ်ခဲ့ရပါသည်။

ဦးစွာ ဌာနဆိုင်ရာမြေပေါ်မှာ ဖွင့်ထားသည့် အေးရဲ့ဆိုင်ကလေး ဖယ်ပေးရသည်။ ထို့နောက် ယောက္ခမအိမ်ပေါ်မှ လက်ချည်းသက်သက် ဆင်းခဲ့ရသည်။

ခင်ပွန်းသည် မရှိတော့သောအခါ ယောက္ခမအိမ်မှာ ဆက်ပြီး ကုတ်ကတ်နေဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါ။ ပထမအချက်က အေးသည် ယခင်ကတည်းက ယောက္ခမများနှင့် သိပ်အဆင်မပြေခဲ့။ ဒုတိယအချက်က ယောက္ခမအိမ်မှာ အေးနှင့် သက်တူရွယ်တူ လူပျိုလူလွတ် မတ်လေး တစ်ယောက်ရှိနေသည်။ တစ်မိုးတည်းအောက်မှာ ရေရှည်အတူနေဖို့ မသင့်လျော်ပါ။ အေးတို့အရပ်ရဲ့ ပါးစပ်သေနတ်များကထွက်သော အတင်းအဖျင်းကျည်ဆန်များသည် ကျောက်ဆောင်ကျောက်သားများကိုပင် ထွင်းဖောက်နိုင်သည်အထိ ပြင်းထန်သည်။

'သမီးလေးရဲ့ တာဝန်အားလုံးကို အစအဆုံး သူတို့ယူမယ်' ဆိုသည့် ကတိစကား တစ်ခွန်းတည်းကို ရယူလျက် အေးသည် ခင်ပွန်းသည်ထားရစ်ခဲ့သည့် ရောဂါဆိုးကို အမွေအဖြစ် ရင်မှာပိုက်ကာ မုဆိုးမဘဝဖြင့် ခြေမဲ့လက်မဲ့ဖြစ်ကျန်ရစ်ခဲ့သည်။

'ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်' ဆိုသောစကားကို ကြားဖူးသော်လည်း နားမဝင်ခဲ့သော အေးသည် 'အသက်ပေးပြီး ချစ်ရသည်' ဆိုသည့်စကားကိုတော့ နားကလောစွာ အကြိမ်ကြိမ်ကြားယောင်ရင်း ဘဝဟောင်းထံပြန်လာခဲ့ရသည်။

ဘဝဟောင်းကို ပြန်ရောက်စကတော့ မောင်နှမဆွေမျိုးများက သနား

ကြင်နာစွာ ဆီးကြိုခဲ့ကြပါသည်။ သို့သော် အေးမှာ စွဲကပ်ပါလာသော ရောဂါဆိုးအကြောင်းကို ကြားသိကြသောအခါ နောက်တွန့်သွားကြသည်။ အေးကိုလည်း ရောဂါဖြန့်ချိနိုင်သူတစ်ဦးအဖြစ် အထူးသတိထားကာ ဆက်ဆံလာကြသည်။ အေးက ချစ်လို့ ကိုယ့်တူ၊ တူမလေးများကို လက်ပွန်းတတီး နေမိပြုမိလျှင် မျက်စိမျက်နှာပျက်ကာ အေး လက်တွင်းမှ ကလေးများကို ပြန်လည်ဆွဲခေါ်သွားတတ်သည်။ ထိုအခါ အေးရင်မှာ နာကျင်ထိရှခံစားရသည်။ သို့ရာတွင် အေးသည် သူတို့ကို အပြစ်မမြင်ဘဲ ရင်နင့်စွာ နားလည်ခွင့်လွှတ်နိုင်ခဲ့ပါသည်။ အေးလေ ကိုယ်ဆိုလည်း သူတို့လိုနေမှာပဲ။

ဤနည်းဖြင့် အေးသည် မောင်နှမဆွေမျိုးများအလယ်မှာ အထီးကျန်နေခဲ့ပါသည်။

× × ×

မောင်နှမဆွေမျိုး အသိုင်းအဝိုင်းထံ ပြန်ရောက်စက အေးသည် လူကောင်းပကတိလို သွားနိုင်၊ လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်မို့ ကိုယ်ကျွမ်းကျင်သည့် အရောင်းအဝယ်လုပ်ငန်းများကို ဟိုစပ်စပ်သည်စပ်စပ် လုပ်ကိုင်ကာ ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ပါသည်။ 'နေရမယ့်အချိန် သိပ်မကျန်တော့ဘူး' ဆိုသည့် အသိဖြင့် အလုပ်ကို အစွမ်းကုန် ကြိုးစားလုပ်သည်။ မကြာခင်မှာ ရောက်လာတော့မည့် ဘဝနေဝင်ချိန်အတွက်လည်း တတ်နိုင်သမျှ ပြင်ဆင်သည်။

ကံအကျိုးပေး မကောင်းခဲ့ပါ။ လုပ်သမျှကိုင်သမျှမှာ အလွဲလွဲအချော်ချော်နှင့် သဲထဲရေသွန်သလို အရာမထင်သည်ကသာ များခဲ့ပါသည်။ အေးကိုယ်တိုင်က အာရုံကို စုစုစည်းစည်း တည်တည်ငြိမ်ငြိမ် မထားနိုင်ခဲ့တာလည်း ပါမည်။ ထာဝစဉ် လွင့်ပျံ့နေသော စိတ်အစဉ်အောက်မှာ စက်ရုပ်ပမာ ယောင်ချာချာဖြစ်နေချိန်က များခဲ့သည် မဟုတ်လား။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုသည့် စကားလုံးများက အေးရဲ့ ရုပ်ကိုသာမက စိတ်ဓာတ်ကိုပါ အမှုန့်ခြေ ခြေနေပါသည်။ 'မထူးတော့ပါဘူး' ဆိုသည့် စိတ်အတွေးဖြင့် အလွယ်တကူ အလျှော့ပေးမိခဲ့သည့် အကြိမ်များစွာ ရှိခဲ့တာလည်း ဝန်ခံရပါမည်။

ငယ်ငယ်ကတည်းက အဘိုးအဘွားတို့ဆီမှာ 'လက်သာ' ခဲ့သည့်

သမီးက အေးကို 'အမေ…' ဟုခေါ်သည် ဆိုရုံမျှသာ။ ကိုယ့်အလုပ်နှင့်ကိုယ်မို့ အေးကလည်း သမီးနှင့် ငယ်စဉ်ကတည်းက လက်ပွန်းတတီး ရင်းရင်းနှီးနှီးမနေမိခဲ့။ အနေစိမ်းခဲ့သည့်သမီးက အေးအပေါ်မှာ သိပ်ပြီး တွယ်တွယ်တာတာမရှိလှ။ အေးရဲ့အနီးအနားမှာ ရှိမနေတတ်တာများပါသည်။

အေးတိအေးစက်ဖြစ်နေသည့် မောင်နှမဆွေမျိုးများနှင့် ရှောင်ဖယ်ဖယ်လုပ်လေ့ရှိသော တစ်ဦးတည်းသော သမီးလေးကြောင့်လည်း အေးဘဝမှာ ပိုမိုအထီးကျန်ပြီး ငြီးငွေ့စရာကောင်းလွန်းနေသည်။ တရားဓမ္မဘက် လှည့်ကြည့်ပါသေးသည်။ ပါရမီနည်းလှသော အေးသည် ပျံ့လွင့်သည့်စိတ်ကို တည်ငြိမ်အောင် ဘယ်လိုမှ မစုစည်း၊ မထိန်းချုပ်နိုင်ခဲ့။

သို့ဖြင့် အေးသည် မရေရာသည့် လက်ကျန်ဘဝခရီးကို စိတ်နှလုံး ညှိုးချုံးအားငယ်စွာဖြင့် တစ်ကိုယ်တော် ဖြတ်သန်းခဲ့ပါသည်။

× × ×

သောက်လက်စ 'အေအာရ်တီ-ထရိုင်အိုမြူးန်း သုံးဆယ်'ဆေးက မတိုးတော့။ 'စီဒီဖိုးကောင့်'က တစ်ရာအောက် ကျဆင်းလာ၏။ တီဘီကဲ့သို့ နောက်ဆက်တွဲရောဂါများ ပြင်းထန်ဆိုးရွားလာ၏။ ပါးစပ်မှာ မှက္ခရုနာများ ပေါက်လာ၏။ မရဏမင်း၏ ခြေသံကို ကြားနေရပြီ။ မကြာမီ အေး အလွန် စိုးရိမ်ကြောက်ရွံ့ခဲ့သည့် ဘဝနေဝင်ချိန်သည် အမှန်တကယ်ပဲရောက်လာတော့မည်။

'နောက်တစ်ဆင့်တော့ ကျန်ပါသေးတယ်လေ။ ခက်တာက အဲဒီအတွက် ဆေးဖိုးက တစ်လကို နှစ်သိန်းလောက် ကုန်ကျမှာဆိုတော့ တတ်နိုင်ပါ့မလား'

ဆရာဝန်က စိတ်မသက်မသာနှင့်မေးသည်။

'တစ်လ နှစ်သိန်း' ဟူသော ငွေကြေးပမာဏသည် ကိုယ်ပိုင်ဝင်ငွေမရှိသော အေးလို မုဆိုးမတစ်ယောက်အတွက် အလွန်ခက်ပါသည်။ ထိုထက်နည်းသော ငွေပမာဏကိုပင် မတတ်နိုင်ခဲ့သည့် ကာလများရှိသဖြင့် ဆေးမှန်မှန် ဝယ်မသောက်ဖြစ်ဘဲ အချိန်ကျော် ရက်လွန်ဖြစ်ကာ အာနိသင်အလျဉ်မမီဘဲ သောက်နေကျဆေးများ ယဉ်သွားခဲ့ရသည် မဟုတ်လား။

ရောဂါရှိမှန်းသိစက အေးသည် ကိုယ့်ဘဝ ကိုယ့်အခြေအနေကို

တွက်ချင့်ကာ 'သဇင်' လို ဆေးခန်းမျိုးမှာ ပေါ်ပေါ်ထင်ထင် ပြသကုသခံရန် ပြင်ဆင်သည်။ ထိုအခါ ကိုယ့်သွေးသားထဲမှာ ထိုရောဂါရနေသူတစ်ယောက် ရှိနေသည်ကို ရှက်စရာဟု ယူဆကြသည့် မောင်နှမများက ဆေးဖိုးကို သူတို့ပေးမည်ဟုဆိုက လူမသိအောင် အပြင်ဆေးခန်းမှာပဲ တိုးတိုးတိတ်တိတ် ကျိတ်ပြီး ကုသစေခဲ့သည်။ မောင်နှမတွေရဲ့စကားကို ယုံစားနားဝင်မိခဲ့တာ အေးရဲ့ မဟာအမှားဖြစ်ခဲ့ပါသည်။ သွေးပူနေစကာလတုန်းကတော့ ကတိအတိုင်း ဆေးဖိုးကို ဝိုင်းဝန်းထောက်ပံ့ခဲ့ကြသည်။ နောက်ပိုင်း သွေးအေးသွားသောအခါ ဆေးဖိုးကို မေ့ချင်ယောင်ဆောင်ကာ မသိကျိုးကျွန်ပြုထားကြပါသည်။

ကိစ္စမရှိပါ။ ထိုစဉ်က ဆေးဖိုးမှာ တစ်လသုံးသောင်းလောက်သာမို့ရှာဖွေနိုင်သေးသော အေးအတွက် အခက်အခဲ သိပ်မရှိခဲ့။ နောက်ပိုင်းမှာတော့ 'ရောဂါရင့်လေ ဆေးဖိုးမြင့်လေ' မို့ အေးအတွက် ခက်ခဲလာသည်။ ငွေလွယ်သည့်အခါ ဆေးမှန်မှန် ဝယ်သောက်နိုင်သော်လည်း ငွေအဆင်မပြေသည့်အခါ ဆေးပတ်လည်အောင် အချိန်မီ ဆေးဝယ်မသောက်နိုင်ခဲ့ပါ။ တစ်ပတ်ကျော်လိုက်၊ တစ်လကျော်လိုက်ဖြင့် မဖြစ်သင့်တာ ဖြစ်ခဲ့ရပြီ။ သည်အချိန်မှ 'သဇင်'ဆေးခန်းကို သွားပြလျှင်လည်း ဆေးရဖို့ အချိန်ပေးရဦးမည်ထင်သည်။ ဟိုတုန်းကသာ ဘယ်သူ့စကားကိုမှ နားမထောင်ဘဲ ဆေးမှန်မှန်ရနိုင်သောနေရာမှာ မရှက်မကြောက် ကုသမိခဲ့ပါက သည်လိုအဖြစ်ဆိုးမျိုး ကြုံတွေ့စရာအကြောင်းမရှိပါ။

အခုတော့...

ဆရာဝန်ကို အေး ဘာပြန်ပြောမိခဲ့သည် မသိပါ။ ပြီးတော့ အိမ်ကို ဘယ်လိုပြန်ရောက်လာသည်ဆိုတာကိုလည်း မမှတ်မိတော့ပါ။ တစ်လောကလုံး မှောင်ပိန်းမွန်းကျပ်နေသည်။ ဟုတ်သည်။ သိပ်သည်းလွန်းသည့် အမှောင်။ ပိန်းပိတ်လွန်းသည့် အမှောင်။ ဖိစီးလွန်းသည့် အမှောင်။ ထိုအမှောင်ထုအောက်မှာ မျှော်လင့်ချက်ဟူသမျှ ပျောက်ရှရသည်။ အမှောင်ထုအတွင်းမှာ ကြေကွဲဝမ်းနည်းစွာ သည်းသည်းထန်ထန် ငိုကြွေးခဲ့ရသည်။

ငိုလို့အားရသောအခါ အေးသည် အမှောင်ထုအတွင်းမှ ကြည်လင်လန်းဆန်းစွာ နိုးထလာသည်။

ယခုတော့ အေးသည် အရာရာကို ခွင့်လွှတ်နိုင်ပြီး လူသစ်၊ စိတ်သစ် ဖြစ်နေသည်။ ပျော့ပျောင်းနူးညံ့ချိုသာနေသည်။ ယဉ်ကျေးသိမ်မွေ့ ဖော်ရွေနေသည်။ ပြီးတော့ ညင်သာအေးဆေးတည်ငြိမ်နေပါသည်။

ရှောင်လွှဲ၍မရသော အရာကို အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်ခြင်းသည်သာ အကောင်းဆုံး မဟုတ်ပါလား။

အသက်လေးဆယ်ဆိုတာ လူ့လောကမှထွက်ခွာရန် အတော်လေး စောသေးသော အရွယ်ဖြစ်ပါသည်။ အေးကတော့ အသက်လေးဆယ် မပြည့်မီမှာဘဲ လူ့လောကမှ ထွက်ခွာရပါတော့မည်။

သေခြင်းတရားသည် အေး၏ လက်တစ်ကမ်းအကွာမှာ ရောက်နေပြီ။

သို့သော် မယုံချင်စရာကောင်းအောင်ပင် အေးသည် အေးဆေးတည်ငြိမ်နေသည်။ သေခြင်းတရားကို နားလည်လက်ခံလိုက်သောအခါ အရာရာသည် ရှင်းလင်းလွယ်ကူသွားပါသည်။ တကယ်တော့ ဘဝဆိုတာ 'သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ' ပါပဲလေ။ ဘာမှ မပြောပလောက်တဲ့ အခိုက်အတန့်လေးပါပဲလေ။

သို့ရာတွင် ထိုအခိုက်အတန့်လေးက အင်မတန်ခက်ခဲကြမ်းတမ်းခဲ့သည်။

ခက်ထန်ကြမ်းတမ်းလွန်းသည့် ဘဝခရီးကို ဖြတ်သန်းခဲ့ရသော ခန္ဓာကိုယ်ကြီးသည် အလွန်အမင်း ပင်ပန်းနွမ်းနယ်နေပြီ။ အေးဆေးဆိတ်ငြိမ်သည့် နေရာလေးတစ်ခုမှာ လဲလျောင်းကာ ကြာရှည်ကြာညောင်း နှစ်ခြိုက်စွာ အိပ်စက်အနားယူချင်နေပြီ။

အေးသည် ငယ်စဉ်က မောင်နှမများနှင့်အတူ ကျိုက္ခမီမှာနေထိုင်သည့် ဆွေမျိုးသားချင်းများထံ အလည်ပြန်သောအခါ ကြုံတွေ့ဖူးသော အပျော်လွန်နေ့ရက်များကို မကြာမကြာ ပြန်သတိရနေသည်။ ထိုစဉ်က စိတ်တူကိုယ်တူ မောင်နှမသားချင်း တစ်သိုက် ပင်လယ်ကမ်းစပ်မှာ နေကုန်နေခန်း ရေကူးလိုက်၊ လှေစီးလိုက်၊ အုန်းသီးစားလိုက်၊ ခရုကောက်လိုက်ဖြင့် ထမင်းမေ့ ဟင်းမေ့ ဆော့ကစား ပျော်ပါးခဲ့ကြသည်။ ညရောက်တော့လည်း လရောင်ဆမ်းသည့် အုန်းပင်တန်းများအောက်မှာ ကစားနည်း စုံလင်ကုန်စင်အောင်

ဆော့ခဲ့၊ ကစားခဲ့၊ မြူးခဲ့၊ ပျော်ခဲ့ကြသည်။ ညဥ့်နက်၍ အိမ်က အော်ခေါ်သော်လည်း ဘယ်သူမှမပြန်ကြ။ အကြိမ်ကြိမ်ခေါ်၍ မရနိုင်သည့်အဆုံးမှာ စိတ်မရှည်နိုင်တော့သော ဦးကြီးက တုတ်ဆွဲပြီး လိုက်ရိုက်မှ ကြောက်ချင်ဟန်ဆောင်ကာ ပျော်ရွှင်စွာ အော်ဟစ်ပြီး အိမ်ပေါ်သို့ တက်ပြေးခဲ့ကြသည်။ အိမ်ပေါ်ရောက်တော့လည်း လူစုမခွဲနိုင်သေး။ လူကြီးများနှင့် အလှမ်းဝေးရာ အခန်းထောင့်တစ်ခုမှာ ခေါင်းချင်းဆိုင်ပြီး စကားတွတ်ထိုးနေကြပြန်သည်။

ထိုစဥ်က အငယ်ဆုံးဖြစ်သည့် အေးသည် တစ်နေကုန် တစ်ချက်လေးမှ မနားဘဲ လက်လက်ထအောင် ဆော့ကစားခဲ့သဖြင့် အလွန်အမင်း ပင်ပန်းနွမ်းနယ်ကာ အိပ်စက်အနားယူချင်နေပြီ။ သို့သော် စကားဝိုင်းမှ တစ်ဖဝါးမျှမခွာနိုင်။ အစ်မကြီးများ ပြောနေသည့် စကားများကို သိပ်ပြီး နားမလည်သည့်တိုင် တစ်လုံးမကျန် ကြားချင်နေသေးသည်လေ။ ထိုအချိန်မှာ အမေက အိပ်ဖို့လာခေါ်သည်။ မျက်တောင်များ လေးစင်းကာ မျက်လုံးပင် မဖွင့်နိုင်တော့သော အေးက "မအိပ်ချင်သေးဘူး" ဟု ခွတ်အတင်း ငြင်းဆန်နေရင်းမှာပဲ အိပ်ပျော်သွားခဲ့ပါသည်။

ယခုလည်း ထိုသို့ပင် . . .

"သမုဒယသံယောဇဉ်"များကြောင့် လူ့လောကမှ မထွက်ခွာလိုသေးသော်လည်း အမှန်တော့ အေးသည် ထို "သမုဒယသံယောဇဉ်" များကြောင့်ပင် အလွန်ပင်ပန်းကာ အနားယူချင်နေပါပြီ။ သို့ရာတွင် အေးက လူ့ဘဝမှာ နေချင်ပါသေးသည်။ ဘယ်လောက်နည်းသည့်အချိန်လေးပဲဖြစ်ပါစေ လူ့ဘဝမှာ နေလို့ရသမျှ နေချင်ပါသေးသည်။

ဖြစ်နိုင်လျှင် "ပွဲသိမ်းစက္ကန့်များ" ကို ဘဝ၏ ဟိုတစ်ဖက်ဆီသို့ စွန်းထွက်စေချင်သည်။ ။

"မဟေသီ" မဂ္ဂဇင်း
အမှတ် ၃၆၁၊ ဇန်နဝါရီလ၊ ၂၀၁၅ ခုနှစ်။

...အောက်ချင်းငှက်မောင်နှံတို့သည်

တစ်ကောင်နှင့်တစ်ကောင်

အလွန်ချစ်ကြ၏။

အကြောင်းတစ်ခုခုဖြင့်

ငှက်မကလေး သေဆုံးသွားခဲ့သော်

ကျန်ရစ်သည့် ငှက်ဖိုသည်

မိုးမြင့်ထက်ဆီသို့

ပျံတက်သွားကာ


တောင်ပံအစုံကို

ကိုယ်မှာကပ်လျက်

ဝေဟင်မှသည် မြေပြင်ဆီသို့

ဦးစိုက်ဆင်းကာ

သေပွဲဝင်လေ့ရှိသည်။...



# စကားလေမှာလျှောတော့သည်

အောက်ချင်းငှက်မောင်နှံတို့သည် တစ်ကောင်နှင့်တစ်ကောင် အလွန်ချစ်ကြ၏။ အကြောင်းတစ်ခုခုဖြင့် ငှက်မလေး သေဆုံးသွားခဲ့သော် ကျန်ရစ်သည့်ငှက်ဖိုသည် မိုးမြင့်ထက်ဆီသို့ ပျံတက်သွားသော တောင်ပံအစုံကို ကိုယ်မှာကပ်လျက် ဝေဟင်မှသည် မြေပြင်ဆီသို့ ဦးစိုက်ဆင်းကာ သေပွဲဝင်လေ့ရှိသည်။

× × ×

'တိတ်ပါနှင်းရယ်။ ဒီ အက်စတီမိတ်ကို နှင်းတစ်ယောက်တည်း မဖြေနိုင်ခဲ့တာမှ မဟုတ်တာ။ ကျောင်းသားတိုင်းလိုလိုက မဖြေနိုင်ခဲ့ကြဘူးလေ'

မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်ကာ တသိမ့်သိမ့်ကျိတ်ငိုနေသော နှင်းကို ကျော်ကျော်က ကြင်နာယုယစွာနှစ်သိမ့်နေသည်။ ကျော်ကျော်၏ နှစ်သိမ့်စကားများကို ကြားရသောအခါ နှင်းသည် ပိုမိုကြေကွဲ ဝမ်းနည်းသွားပုံရသည်။ ရှိုက်သံသဲ့သဲ့ထွက်လာသည်။

'သူများတွေ မဖြစ်နိုင်တာက ဒီတစ်ဘာသာတည်းပါ။ နှင်းကသာ မနေ့က ဖြေပြီးသွားတဲ့ 'ဆာလ်ဖေး' ရော၊ ဟိုတစ်နေ့က ဖြေပြီးတဲ့ 'စထရက်ခ်ျာ' ရော မဖြေနိုင်ခဲ့တာလေ။ စာမေးပွဲက ဘယ်လိုလုပ်ပြီး အောင်တော့မှာလဲ။ တော်ပြီ။ မနက်ဖြန်မှာ ဖြေရမယ့် 'ဒရော်ဝီင်း' ကို သွားမဖြေတော့ဘူး'

နှင်းက နောက်ဆုံးနှစ်၊ နောက်ဆုံးစာမေးပွဲ၏ နောက်ဆုံး ဘာသာရပ်ကို သွားမဖြေတော့ဘူးဆို၍ ကျော်ကျော် မျက်လုံးပြူးသွားသည်။ စာမေးပွဲဆိုတာ 'မဖြေနိုင်' ဟု ထင်သော်လည်း ကံအားလျော်စွာ အောင်ချင်လည်း အောင်တတ်သည်။ ဖြေနိုင်ပါသည်ဟု မှတ်ယူကာ 'အောင်ရမည်' ဟု ကျိန်းသေတွက်ထားသော်လည်း အောင်ချင်မှ အောင်တတ်သည်။ စင်စစ် စာမေးပွဲဆိုသည်မှာ လှေနံဓားထစ် တွက်ယူလို့ရတဲ့အရာမျိုးမဟုတ်။

'အို…မဟုတ်တာ နှင်းရယ်။ အောင်…အောင်၊ ရှုံး…ရှုံး စာမေးပွဲကိုတော့ ပြီးဆုံးတဲ့အထိ ဝင်ဖြေရမှာပေါ့။ ပြီးတော့ ဒရော်ဝီင်းဆိုတာ နှင်းအပိုင်ဆုံး ဘာသာရပ်လေ။ ဂုဏ်ထူးတောင်ရနိုင်တဲ့ ဘာသာရပ်ပါ'

နှင်းက မျက်နှာထက်မှ လက်ဖဝါးနှစ်ဖက်ကိုဖယ်လျက် မျက်ရည်များကို လက်ဖမိုးများဖြင့် ဖြစ်သလိုသုတ်လိုက်သည်။ ပြီးတော့ သူမရဲ့ ဆုံးဖြတ်ချက်ကို ခိုင်မာပြတ်သားစွာပြောသည်။

'ဖြေသိမ့်ပေးမနေပါနဲ့တော့ မောင်ရယ်။ နှင်းက တစ်ဘာသာလောက် ခြေချော် လက်ချော်နဲ့ မဖြေနိုင်ခဲ့တာ မဟုတ်ဘူးလေ။ သုံးဘာသာတောင်မှ မဖြေနိုင်ခဲ့တာ။ ဘယ်လိုနည်းနဲ့မှ မအောင်နိုင်တော့ပါဘူးကွယ်။ အောင်မှာ မဟုတ်တဲ့ စာမေးပွဲမှာ ဘာလို့ဆက်ဖြေနေရမှာလဲ မောင်။ မနက်ဖြန် စာမေးပွဲကို မောင်ပဲသွားဖြေပါ။ နှင်းကတော့ နောက်နှစ်မှပဲ ဖြေပါတော့မယ်'

နှင်းပြောတာကလည်း ယုတ္တိရှိသည်။ သုံးဘာသာလောက် မဖြေနိုင်သူတစ်ယောက် စာမေးပွဲအောင်ဖို့ဆိုတာ ဖြစ်နိုင်ခြေ အလွန်အမင်းနည်းပါးပါသည်။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ အခြေအနေမျိုးပါ။

နှင်းအကြောင်းကို ကောင်းစွာသိနေသော ကျော်ကျော်က ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေသည်။ နှင်းသည် လူကသာ ဖြူဖြူနွဲ့နွဲ့နှင့် အေးဆေးပျော့ပျောင်းပုံရသော်လည်း အင်မတန်ခေါင်းမာသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ လွယ်လင့်တကူ မဆုံးဖြတ်တတ်သကဲ့သို့ ဆုံးဖြတ်ပြီးပါကလည်း ဘယ်သောအခါမှ ပြန်ပြီး ပြင်လေ့ပြင်ထမရှိ။

နောက်ဆုံးမှာ ကျော်ကျော်ကလည်း ခိုင်မာပြတ်သားစွာ ပြောလိုက်ပါသည်။

'ကောင်းပြီလေ။ မနက်ဖြန် စာမေးပွဲကို နှင်းမဖြေရင် မောင်လည်း

မဖြေတော့ဘူး'

'အို …မဟုတ်တာ။ မောင်တော့ ဖြေပါ။ သေချာပေါက်အောင်မယ့် စာမေးပွဲပဲဟာ'

နှင်းရဲ့ ချစ်သူကလည်း နှင်းလိုပဲ ခေါင်းမာသည်။

'ဒီနှစ် ဆက်မဖြေတော့ဘူး နှင်း။ နောက်နှစ်ရောက်မှပဲ နှင်းနဲ့အတူတူ ပြန်ဖြေမယ်။ မောင် နှင်းကို စိတ်မချဘူး။ စာမေးပွဲကျရင် အဆောင်က ထွက်ရမယ်လေ။ အပြင်မှာ ဖြစ်သလိုနေရမှာ။ ကျောင်းဖွင့်ရင် ပြန်လာခဲ့ နှင်း။ မောင်တို့နှစ်ယောက် မြို့ထဲမှာ အိမ်ခန်းလေးတစ်ခန်းငှားနေပြီး အတူတူ ကျောင်းပြန်တက်ကြမယ်'

သည်တစ်ခါ တွေဝေရသူက နှင်း။ ကိုယ့်အတွက်ဖြင့် ကိုယ်ချစ်သူကို မနစ်နာစေချင်။ နှင်း မဖြေမည့်စာမေးပွဲကို မောင်တစ်ယောက်တည်း ဘယ်သောအခါမှ သွားဖြေမှာမဟုတ်။ ဒါဆို မနက်ဖြန်စာမေးပွဲကို မောင့်အတွက် နှင်းလိုက်ဖြေပေးရမလား။ ဟင့်အင်း … ဟင့်အင်း နှင်းမှာ စာမေးပွဲအခန်းဆီသို့ အရောက်လှမ်းနိုင်လောက်သည့် အင်အားတွေမှ မကျန်ရစ်တော့တာလေ။

ပြီးတော့ မောင်ပြောသည့်စကားကိုလည်း နှင်းသဘောကျသည်။ 'မောင်တို့နှစ်ယောက် မြို့ထဲမှာ အိမ်ခန်းလေးတစ်ခန်းငှားနေပြီး အတူတူ ကျောင်းပြန်တက်ကြမယ်' တဲ့။ သိပ်ကောင်းတဲ့ အတွေးပဲကွယ်။ နှင်းလည်း မောင်နဲ့ခွဲပြီး တစ်ယောက်တည်း ကျောင်းပြန်မတက်ချင်ပါဘူး။

သူတို့နှစ်ယောက်သည် အတွေးကိုယ်စီဖြင့် ငြိမ်သက်တိတ်ဆိတ်စွာ ဆက်ထိုင်နေကြသည်။ အဆောင်ဧည့်ချိန် ကုန်လုနီးမှ ကျော်ကျော်က မထချင်ထချင်ဖြင့် ထရပ်ပြီး လေသံတိုးတိုးဖြင့်ပြောသည်။

'မနက်ဖြန် စာမေးပွဲဖြေနေချိန်မှာ မောင် သိမ်တောင်ပေါ်မှာ ရှိနေမယ် နှင်း'

'နှင်း လာခဲ့မယ် မောင်'

× × ×

'ဆရာမ…ဆရာမ။ မမနှင်းလေ စာမေးပွဲကို ဆက်မဖြေတော့ဘူး ဆိုပြီး အဆောင်မှာ တစ်ယောက်တည်းငိုပြီး ကျန်နေရစ်တယ်'

ကျောင်းအုပ်ကြီးရုံးခန်းအတွင်းသို့ ဝင်ရန်ပြုနေသော အဆောင်မှူး ဆရာမကြီး၏ ခြေလှမ်းများ တန့်သွားသည်။ သတင်းလာပေးသည့် သီတာနှင့် ညိုညိုကို အကျိုးအကြောင်းမေးသည်။ နောက်ဆုံးစာမေးပွဲကို နှင်း လာမဖြေဘဲ နေသည့်အကြောင်းကို သိသွားသည်။ ဆရာမကြီးက လက်မှနာရီကို ကြည့်သည်။ စာမေးပွဲစတင်ရန် မိနစ်အနည်းငယ်မျှသာ လိုတော့သည်လေ။

အဆောင်မှူးက ကျောင်းအုပ်ဆရာကြီးကို ဖြစ်စဉ်အကျဉ်းအား ရှင်းပြပြီးနောက် အဆောင်သို့ အပြေးတစ်ပိုင်း ပြန်လာသည်။ တော်ပါသေးရဲ့။ ကျောင်းနှင့်အဆောင်က မနီးမဝေးမှာ တည်ရှိနေကြသည်မို့ ခဏလေးနှင့် ရောက်သွားသည်။

"နှင်းဆီလွင် ထစမ်း။ ဘာ စာမေးပွဲမဖြေဘဲ နေရမှာလဲ။ လာ အခု လိုက်ဖြေ"

အဆောင်မှူး၏ ဒေါသသံကြောင့် နှင်းတုန်သွားသည်။ ဆရာမလို တစ်မျိုး၊ အုပ်ထိန်းသူလို တစ်သွယ်၊ မိခင်လိုတစ်နည်း၊ အစ်မကြီးလိုတစ်ထွေ ချစ်ကြောက်ရိုသေလေးစားခဲ့ရသည့် အဆောင်မှူးရှေ့မှာ နေစရာမရှိအောင် ပင် နှင်း တုန်လှုပ်ကြောက်ရွံ့နေသည်။ မယ်သစ်လွင်ဘဝမှ ယခု နောက်ဆုံး နှစ်ရောက်သည်အထိ သည်အဆောင်မှူး ဆရာမကြီးထံမှာ ရိုကျိုးသေဝပ်စွာ နေထိုင်ခဲ့ရသည်။ ငယ်ကြောက် ဆရာမကြီးလေ။

စိတ်မြန်လက်မြန်သူပီပီ အဆောင်မှူးက နှင်း၏ လက်ကို အတင်းဆွဲ ခေါ်သည်။

နှင်းသည် ကတုန်ကယင်ဖြင့် စားပွဲပေါ်မှ သူမ၏ ပုံဆွဲ ကိရိယာများ ကို သိမ်းကျုံးကောက်ထည့်ကာ အဆောင်မှူးဆွဲခေါ်ရာနောက်သို့ ဆုတ်ကန် ဆုတ်ကန်ဖြင့် ပါလာသည်။

စာမေးပွဲအခန်းတွင်းသို့ နှင်းရောက်သွားသောအခါ စာမေးပွဲစတင်ခဲ့ သည်မှာ တစ်ဆယ့်ငါးမိနစ်ခန့်ပင် ကြာခဲ့ပြီ။

× × ×

သူများတွေစာမေးပွဲဖြေဖို့ အဆောင်မှ ထွက်လာကြတော့ ကျော်ကျော် လည်း ရောယောင်ကာ လိုက်ထွက်လာသည်။ သို့ရာတွင် သူ့ခြေလှမ်းများ က ကျောင်းဆီသို့ ဦးမတည်။ ကျောင်းနှင့်ဆန့်ကျင်ရာ အရပ်မှာရှိသည့်

သိမ်တောင်ဆီသို့သာ ခေါင်းငိုက်စိုက်ချကာ လျှောက်သွားသည်။

ချစ်သူရှေ့မှာ ရင်ကိုကော့၊ ခေါင်းကိုမော့ပြီး ရဲရင့်ပြတ်သားသည့် မဟာအချစ်သူရဲကောင်းပုံစံဖြင့် 'စာမေးပွဲကို နှင်း မဖြေရင်၊ မောင်လည်း မဖြေဘူး' ဟု ခံ့ခံ့ညားညား ထည်ထည်ဝါဝါပြောရသည်မှာ အင်မတန် အရသာရှိလှပါသည်။ သို့ရာတွင် ထိုအရသာသည် အရှည်အကြာ မတည်တံ့ခဲ့ပါ။ နေမြင့်သည့်အခါ ပျောက်ကွယ်သွားသည့် နှင်းစက်များကဲ့သို့ တဒင်္ဂ တစ်ခဏမျှသာ ကြာမြင့်ပါသည်။

ထို့နောက်မှာတော့ ပူပန်စိုးရိမ်မှုများ ဖိစီးလာသည်။ သေချာပေါက် အောင်မြင်မည့် စာမေးပွဲကို အပြီးတိုင်မဖြေဆိုဘဲ တမင်သက်သက် ကျရှုံးခံရမှာမို့လည်း မချိတင်ကဲ ဖြစ်နေမိသည်။ နောက်ဆက်တွဲ ကပ်ပါလာမည့် ပြဿနာများစွာ၏ အရွယ်အစားပမာဏကို အမှန်အတိုင်း သိမြင်လာသည့် အတွက်လည်း စိတ်ညစ်သည်။

အမှန်တော့ ကျော်ကျော်သည် ဆွေမျိုးအသိုင်းအဝိုင်း၏ ပံ့ပိုး ထောက်ကူမှုဖြင့် ချို့တဲ့သိမ်ငယ်စွာ ပညာဆည်းပူးနေရသူ တစ်ဦးသာဖြစ် သည်။ စာမေးပွဲတစ်နှစ်ကျခြင်းသည် ကျော်ကျော့်အတွက်တော့ 'ရေလယ် မှာ ဖောင်ပျက်ခြင်း' ပင် ဖြစ်ပါသည်။

သို့သော် နှင်း၏ မျက်နှာကို မြင်ယောင်မိသောအခါ သူ့ဆုံးဖြတ်ချက် မှန်ကန်သည်ကို ခိုင်မာစွာယုံကြည်မိပြန်သည်။ အရာအားလုံးကို မျှဝေခံစားဖို့ အတွက် သူတို့ချစ်ခဲ့ကြသည်မဟုတ်လား။ နှင်း မအောင်လျှင် သူလည်း မအောင်ချင်။ နှင်းရဲ့အရှုံးဟာ သူ့ရဲ့အရှုံး။ နှင်းနှင့် ကျော်ကျော်ဟာ နှစ် ယောက်ပေါင်းမှတစ်ဘဝပါ။

နှင်းလာမယ့်လမ်းဆီသို့ ကျော်ကျော်သည် ရင်ဖိုလှိုက်မောစွာ ငေးမောစောင့်မျှော်နေသည်။

× × ×

မျှော်လင့်ထားသည့်အချိန်ထက် လေးနာရီလောက် နောက်ကျပြီးမှ နှင်းက ရောက်လာသည်။

ရောက်လျှင်ရောက်ချင်း ကျော်ကျော့်ကိုဖက်ပြီး နှင်းက ရှိုက်ကြီး တငင်ငို၏။ ငိုရင်း ရှိုက်ရင်း ဖြစ်ကြောင်းကုန်စင်ရှင်းပြသည်။ ကျော်ကျော့်ကို

လည်း အနူးအညွတ် တတွတ်တွတ် တောင်းပန်နေသည်။

နှင်း၏ ရှင်းပြတောင်းပန်သံများကို ကြားရသောအခါ ကျော်ကျော်လည်း ယောကျ်ားတန်မဲ့ မျက်ရည်ကျမိသည်။

ကျော်ကျော်၏ မျက်ရည်စကို မြင်ရသောအခါ နှင်းသည် သည်းအူပြတ်ကျလုမတတ် ခံစားရသည်။

'သူမကြောင့်' ဟူသော အသိဖြင့် ယူကျုံးမရဖြစ်ကာ ပူပြင်းလောင်မြိုက်နေ၏။

'ဘယ်လို လုပ်ရမလဲ' ဟူသည့် မေးခွန်းများက နှင်းရဲ့ ဦးနှောက်ထဲမှာ ဟိန်းဟိန်းညံနေပါသည်။

'အချိန်မီသေးတယ် မောင်။ ထ…နှင်းတို့ တရားရုံးသွားစို့'

'ဘာလုပ်ဖို့လဲ နှင်း'

'နှင်းကို စိတ်မချတဲ့အခါတိုင်း တိတ်တိတ်လေးလက်ထပ်ထားရအောင်လို့ မောင် အမြဲပြောတယ်လေ။ မောင်ရဲ့ အဲဒီဆန္ဒကို နှင်း အခု လိုက်လျောပေးဆပ်မယ်'

လက်မှတ်ရေးထိုးပြီးသည့် လက်ထပ်စာချုပ်များကို ကိုယ်စီကိုင်လျက် တရားရုံးမှ ပြန်ထွက်အလာမှာ နှင်းက ကြည်နူးရွှင်မြူးစွာ ကယုကယင်လေးပြောသည်။

'ကျောင်းပြန်ဖွင့်တဲ့အခါ သိမ်တောင်ပေါ်က အဲဒီနေရာလေးမှာပဲ စောင့်နေသိလား။ နှင်း ပြန်လာခဲ့မယ် မောင်'

× × ×

အောင်စာရင်းများထွက်သောအခါ အလွန်ထူးဆန်းစွာ နှင်းက စာမေးပွဲအောင်မြင်ခဲ့ပြီး မည်သို့မျှ မထူးဆန်းစွာ ကျော်ကျော်က စာမေးပွဲကျသည်။

စာမေးပွဲကျသည့်အကြောင်းကို မိဘဆွေမျိုးများအား ကျော်ကျော်မပြောရဲပါ။ အောင်သည်ဟု ညာပြောသည်။ ကျောင်းဖွင့်ချိန်ရောက်တော့ 'လုပ်ငန်းခွင်ဝင်မည်' ဟု အကြောင်းပြကာ ကျောင်းရှိရာမြို့သို့ ကျော်ကျော်ပြန်လာခဲ့သည်။

ပြီးတော့ သိမ်တောင်ပေါ်က နှင်းပြောထားခဲ့သော နေရာလေးမှာ

ထိုင်ကာ နှင်းပြန်အလာကို နေ့စဉ်ရက်ဆက်စောင့်သည်။ ထိုနေရာလေးသည် မြို့လေးတစ်မြို့လုံးကို စီးမိုးမြင်ရသည်။ စိန်ပန်းပြာတို့နှင့် ဝေဆာနေသည့် အနောက်တိုင်း ဗိသုကာဟန်အတိုင်း ဆောက်လုပ်ထားသော ဘုတာရုံကလေး ကိုလည်း လှမ်းမြင်နိုင်သည်။ ချယ်ရီပင်တန်းတို့နှင့် မိန်းမူးစရာ လှပနေသည့် မြို့လယ်လမ်းကိုလည်း လှမ်းမြင်နိုင်သည်။ ကျော်ကျော်နှင့် နှင်းတို့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခဲ့ကြသည့် တရားရုံးကလေးကိုပင် ထင်းရှူးပင်များ အကြားမှာ တစ်စွန်းတစ်စ လှမ်းမြင်နိုင်ပါသေးသည်။

နေ့များသာ တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားခဲ့သည်။ နှင်းတစ်ယောက်ကဖြင့် ပေါ်လို့မလာ။ အဆက်အသွယ်လုပ်ရအောင်ကလည်း ထိုစဉ်က စာ သို့မဟုတ် ကြေးနန်းသာရှိသည်။ တယ်လီဖုန်းဆိုသည်မှာ အော်ပရေတာမှတစ်ဆင့်ခေါ်နေရသေးသည့်အရာ။ နှင်းပေးထားသည့် လိပ်စာအတိုင်း ကျော်ကျော်က နှင်းထံသို့ စာ တစ်နေ့တစ်စောင် မှန်မှန်ထည့်သည်။ နှင်းကတော့ စာမပြန်၊ သတင်းမပါး။

ဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားသို့လည်း နှင်း မတက်ရောက်။ အဆက်အသွယ်ဟူသမျှ လုံးဝပြတ်တောက်နေသည်။

× × ×

နှစ်ဝက်စာမေးပွဲဖြေပြီးသောအခါ နှင်းတို့မြို့သို့ ကျော်ကျော်လိုက်သွားသည်။

နှင်းတို့မြို့သို့ရောက်မှ နှင်းတို့၏ ကြွယ်ဝချမ်းသာမှုနှင့် ဂုဏ်အရှိန်အဝါကို မျက်ဝါးထင်ထင်တွေ့မြင်ရသည်။ ဩော်…မိုးနှင့်မြေလို ဘဝမျိုးပါလား။

နှင်းတို့မြို့က သူ့ငယ်ချင်းအိမ်မှာ တည်းခိုပြီး နှင်းနှင့် တွေ့ခွင့်ရရန် ကျော်ကျော် လုံးပန်းသည်။ မအောင်မြင်။ နှင်းတို့အိမ်ရဲ့ အတွင်းသတင်းအချို့ကိုသာ မစို့မပို့ရခဲ့သည်။

စာမေးပွဲပြီး၍ အိမ်ပြန်ရောက်ပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် ကျော်ကျော်နှင့် နှင်းတို့၏ လက်ထပ်စာချုပ်ကို နှင်းတို့အိမ်မှ တွေ့သွားကြသည်။ နှင်းမိဘများက 'ယမ်းပုံမီးကျ' သလို ဒေါသပေါက်ကွဲကြသည်။ နှင်းကိုလည်း အဝေးတစ်နေရာသို့ ပို့လိုက်ကြသည်။ ယခုတိုင် မြို့မှာ

ပြန်မမြင်ကြရ။ ဘယ်အရပ်၊ ဘယ်ဒေသမှာ နှင်း ရောက်နေသည်ဆိုတာ နှင်း မိဘများမှအပ ဘယ်သူမှ မသိကြ။

'သတင်းစာထဲထည့် ကြေညာကွာ။ ဒါမှမဟုတ် မယားခေါ်လိုမှုနဲ့ တရားစွဲ။ မင်းမှာ တရားဝင်လက်ထပ်ထားတဲ့ စာချုပ်ရှိနေတာပဲ'

ကျော်ကျော့်သောကကို မမြင်ရက်သည့် သူငယ်ချင်းက မခံချင်စိတ်နှင့်အကြံပေးသည်။ ကျော်ကျော် ခေါင်းခါသည်။ သူ၏ လက်ရှိအခြေအနေက ကျောင်းမြို့လေးမှာ ကြုံရာ၊ ရရာ အလုပ်များကို ပျံကျဝင်လုပ်ကာ ဖြစ်သလိုနေပြီး ထမင်းနပ်ကျော်စားလျက် ကျောင်းပြီးအောင် မနိုင်ရင်ကန်ရုန်းကန်နေရသည်လေ။ တရားနည်းလမ်းအရ နှင်းတို့မိဘများနှင့် ရင်ဆိုင် ယှဉ်ပြိုင်ဖို့ဆိုသည်မှာ အုတ်နံရံကို ဦးခေါင်းနှင့်တိုက်ကာ ဖြိုချဖို့ ကြိုးစားသလိုသာ ဖြစ်နေမှာ သေချာသည်။

'ဒါဆို မင်းကျောင်းမပြီးခင် နှင်းဆီလွှင်ကို တခြားတစ်ယောက်နဲ့ ပေးစားလိုက်ရင် မင်း ဘယ်လိုလုပ်မလဲ'

ကျော်ကျော် သက်ပြင်းချသည်။ ပြီးမှ အင်အားမဲ့စွာ တိုးတိုးဖျော့ဖျော့ပြောသည်။

'သူတို့အဲဒီလို စီစဉ်ရင်လည်း နှင်းက လက်ခံမှာမဟုတ်ပါဘူးကွာ။ သူ ဆက်ဆက်ပြန်လာခဲ့မယ်လို့ ငါ့ကို သေသေချာချာ ကတိပေးသွားခဲ့တာပါ။ နှင်း သေချာပေါက်ပြန်လာမှာပေါ့။ ငါ နှင်းကို နှင်းပြောခဲ့တဲ့ သိမ်တောင်ပေါ်က နေရာကလေးကပဲ ပြန်ပြီး စောင့်နေလိုက်တော့မယ်ကွာ'

× × ×

နှင်းတို့မြို့သို့ ကျော်ကျော်သွားနေစဉ်မှာ နှင်း၏ ဖခင်ကိုယ်တိုင် ကျောင်းကိုလာပြီး ကျောင်းအုပ်ကြီးထံတွင် လက်မှတ်ထိုးကာ နှင်းရဲ့ ဒီပလိုမာအောင်လက်မှတ်ကို ထုတ်ယူသွားသည်။

ထိုသတင်းဆိုးကြောင့် ကျော်ကျော် ခေါင်းငိုက်စိုက်ကျသွားသည်။ အောင်လက်မှတ်လာထုတ်သည့်အခါ မဖြစ်မနေ ပြန်လည်ဆုံတွေ့နိုင်မည်ဟု တွေးထင်မျှော်မှန်းထားခဲ့သည်။ ယခုတော့ ထိုမျှော်လင့်ချက်သည်လည်း ရေပြင်ထက်မှာ ရေးဆွဲမိသည့် ပန်းချီကားပမာ အရာမထင်ဖြစ်ခဲ့ရပြန်ပြီ။

အခုတော့ ကျော်ကျော့်မှာ အားထားစရာဆိုလို့ တစ်ခါက နှင်းပေး

ထားခဲ့သည့် ကတိစကားတစ်ခွန်းသာ ကျန်ရစ်ပါတော့သည်။

'နှင်း ပြန်လာခဲ့မယ် မောင်' တဲ့။

ထင်းရှူးတောကိုဖြတ်၍ သိမ်တောင်ပေါ်သို့ ကျော်ကျော် တက်ခဲ့သည်။ ထို့နောက် ထိုင်နေကျ နေရာလေးမှာထိုင်ကာ နှင်းပြန်အလာကို ထုံးစံအတိုင်း စိတ်ရှည်လက်ရှည် စောင့်မျှော်နေသည်။ နားထဲမှာလည်း နှင်းပေးခဲ့သည့် ကတိစကားကို အဖန်ဖန်အထပ်ထပ် ပြန်လည်ကြားယောင်နေမိသည်။ 'နှင်း ပြန်လာခဲ့မယ် မောင်'…တဲ့။ 'နှင်း ပြန်လာခဲ့မယ် မောင်' …တဲ့လေ။

လှမ်းမြင်နေရသည့် ဘူတာလေးဆီသို့ မြေပြန့်မှအတက် ရထားတစ်စီးဝင်လာသည်။ ကျော်ကျော့်ရင်တွေ တဒိတ်ဒိတ် အသံထွက်လာအောင် ပင် လျှင်လျှင်မြန်မြန် ခုန်လာသည်။ မျှော်လင့်ချက်တို့ နိုးထရှင်သန်လာသည်။ သည်ရထားနှင့် နှင်း လိုက်ပါလာလေမလား။ ကတိစကားအတိုင်း ဘူတာမှ သည် သိမ်တောင်ဆီသို့ နှင်း တန်းပြီး လာလေမလား။

ကျော်ကျော်သည် နှင်းလာမယ့်လမ်းဆီသို့ မျှော်လင့်ချက်ကြီးစွာဖြင့် ငေးမောစောင့်မျှော်နေသည်။

နေသာဝင်သွားသည်။ နှင်းက ပေါ်မလာ။ ကတိကဝတ် ဟူသည် မှိုင်းလုံးတောင်ထိပ်မှာ စုဖွဲ့တတ်သည့် တိမ်ဆိုင် တိမ်လိပ်များလို လေသည်းသည်းထန်ထန် တိုက်ခတ်လျှင် အဝေးရပ်ဆီသို့ လွယ်လင့်တကူ လွင့်ပါးပျောက်ကွယ်သွားတတ်သည့်၊ ယုံကြည်စိတ်ချရန် မဖြစ်နိုင်သည့် မရေရာမသေချာသော 'လေလွင့်မိုးတိမ်' များလိုပဲလား။ ရွာတော့မလို၊ ဖြိုတော့မယောင်ပြုကာ လေသယ်ဆောင်ရာနောက်သို့ လိုက်ပါလွင့်ပါး ပျောက်ကွယ်သွားတတ်သည့် 'လေလွင့်မိုးတိမ်' များလိုပဲလား။

နောက်ဆုံးတွင် ကျော်ကျော်သည် ထိုင်ရာမှ လေးလံတွန့်ဆုတ်စွာ ထရပ်ကာ အမှောင်ရိပ်တို့ စိုးမိုးစပြုပြီဖြစ်သည့် ထင်းရှူးတောဆီသို့ ဦးခေါင်းငိုက်စိုက်ချပြီး မလှမ်းချင်လှမ်းချင် လျှောက်သွားပါသည်။

ထင်းရှူးတောအတွင်းသို့မရောက်မီ မှိုင်းညို့ဆည်းဆာရဲ့ တိမ်မည်းညိုတွေကြားမှာ ခပ်သေးသေးအရာတစ်ခု မြေပြင်ဆီသို့ဦးစိုက်ကျလာသည်။

× × ×

အောက်ချင်းငှက်မောင်နှံတို့သည် တစ်ကောင်နှင့်တစ်ကောင် အလွန်ချစ်ကြ၏။ အကြောင်းတစ်ခုခုဖြင့် ငှက်မလေး သေဆုံးသွားခဲ့သော် ကျန်ရစ်သည့်ငှက်ဖိုသည် မိုးမြင့်ထက်ဆီသို့ ပျံတက်သွားကာ တောင်ပံအစုံကို ကိုယ်မှာကပ်လျက် ဝေဟင်မှသည် မြေပြင်ဆီသို့ ဦးစိုက်ဆင်းကာ သေပွဲဝင်လေ့ရှိသည်။

ထိုနည်းဖြင့် သေပွဲဝင်ခဲ့သော အောက်ချင်းငှက်ဖိုလေး၏ ရင်ကို ခွဲကြည့်မည်ဆိုပါက အသည်းနှလုံးတို့ ကြေကွဲနေသည်ကို တွေ့မြင်ရပါမည်။ ။

'မဟေသီ' ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၇၇၊ မေလ၊ ၂၀၁၆ ခုနှစ်။

...တကယ်တော့

လောကမှာ ထိုးနှင့်ဖိနှိပ်မပါဘဲ

နွေရာသီတွင် ကန္တာရ၌

ခရီးသွားရသူများသာ

ရေငတ်တတ်ကြသည် မဟုတ်ပါ။

ပင်လယ်ထဲမှာ ဖောင်စီးနေရသူများလည်း

ရေငတ်တတ်ပါသည်...



# ရေငတ်သူများ

ညခုနစ်နာရီကျော်ကတည်းက သူ့ရဲ့စိတ်အာရုံများက ကြည့်နေဆဲ ရုပ်မြင်သံကြားဆီမှာ မရှိတော့။ သမီး ပြန်လာမည့် အိမ်တံခါးပေါက်ဆီသို့သာ ခဏခဏ အကြည့်ရောက်နေမိသည်။ မကြာမကြာလည်း ဝရန်တာသို့ထွက်ကာ အညောင်းဆန့်သလိုလို၊ တံတွေးထွေးသလိုလိုနှင့် သမီး ပြန်လာမယ့် လမ်းဆီ ငေးမျှော်နေတတ်သေးသည်။

ညနေငါးနာရီ ရုံးဆင်းသော သမီးက အခု ညခုနစ်နာရီကျော်သည့်တိုင် အိမ်ပြန်မရောက်သေး။ ရုံးနှင့်အိမ် ဝေးတာကိုလည်း သူသိပါသည်။ အပြန်လမ်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့ကာ မလိုအပ်ဘဲ လမ်းပေါ်မှာ နာရီများစွာ အချည်းနှီးကုန်ဆုံးနေရသည့် ရန်ကုန်မြို့ရဲ့ လက်ရှိသွားလာရေး စနစ်ကိုလည်း သူသိပါသည်။ ပြီးတော့…သမီးဖြစ်သူမှာလည်း ကိုယ့်ကိုယ်ကိုယ် ချင့်ချိန်ထိန်းကျောင်းနိုင်သည့်အရွယ်ရောက်ပြီး ခေတ်ပညာတတ် တစ်ဦးဆိုတာကိုလည်း သူမမေ့ပါ။ ထို့ပြင် သမီးသည် ရံဖန်ရံခါ မိတ်ဆွေ အပေါင်းအသင်းများနှင့် ညနေခင်းအချိန်များကို ကုန်လွန်စေပြီးမှ အိမ်ကို အေးအေးလူလူပြန်လာတတ်လေ့ရှိကြောင်းကိုလည်း သူ အမှတ်မရတာ မဟုတ်။

သို့သော် မိဘဆိုတော့ အချိန်တန်လို့မှ အိမ်ပြန်မရောက်သော သားသမီးများအတွက် စိုးရိမ်ပူပင်သည်။

'အို…ဖေကြီးကလည်း ညရှစ်နာရီ၊ ကိုးနာရီဆိုတာ လမ်းပေါ်မှာ

လူတွေ သွားလို့လာလို့ ကောင်းတုန်း။ ကြက်ပျံမကျ တိုးဝှေ့စည်ကားနေတုန်း။ ဘာအန္တရာယ်မှ မရှိဘူး။ စိတ်မပူပါနဲ့'

အိမ်ပြန်နောက်ကျလို့ ပူပင်မိတိုင်း သူ့ကို သမီးဖြစ်သူက စိတ်မရှည်သလို ငေါက်ဆတ်ဆတ် ပြန်ပြောတတ်သည်။ ကမ္ဘာဦး လူသားတစ်ယောက်ကိုကြည့်သည့် အကြည့်မျိုးဖြင့်လည်း ခပ်စိမ်းစိမ်းကြည့်တတ်သည်။ ရင်ထဲမှာ နင့်ခနဲဖြစ်သွားပြီး နှုတ်ဖျားမှ စကားအချို့ ပွင့်အန်ကျလာသည်။

'ဩော်…သမီးရယ် မိဘဆိုတာက…'

သားသမီးတို့အပေါ် မိဘတို့၏ စိုးရိမ်ပူပန်တတ်သည့် သဘောသဘာဝကို နားလည်သဘောပေါက်အောင် ဥပမာ၊ ဥပမည်းများဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြရန် စကားအစပျိုးရုံရှိသေးသည်။ သမီးက သူ့အခန်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်လို့သွားပြီ။ စကားငုတ်တုတ်နှင့် တိုးလိုးတန်းလန်းဖြစ်ကျန်ခဲ့သော သူ့မှာ နဂိုနေရာမှာပဲ ရပ်တန့်ကျန်ရစ်ခဲ့ရမည်လား…၊ သမီးနောက်လိုက်ကာ အခန်းအပြင်မှ စကားလက်တံဆက်ရမလား…မဝေခွဲတတ်စွာဖြင့် ငူတူတူငေါင်တောင်တောင်ဖြစ်ကာ ကျန်ရစ်သည်။

ချက်ချင်းဆိုသလိုပဲ သမီးအခန်းဆီမှ တေးသီချင်းသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

'မင်းကလည်း တစ်ချိန်လုံး ဒီကိုရီးယားဇာတ်လမ်းတွဲပဲကြည့်နေ'

သမီးဖြစ်သူရဲ့ ပမာမခန့်ပြုခြင်းခံရသဖြင့် ထွက်ပြူလာသော ဒေါသတို့ကို ဖနီးသည်ထံ ပေါက်ကွဲပွင့်အန်ရန် အားထုတ်မိသည်။

'အလိုတော်…ကြွက်မနိုင် ကျီမီးရှို့။ ကိုယ့်ဟာကိုယ် နေသာသလိုနေပါ။ ဆူးလှည်းမဖောင်းနဲ့'

'ဘာကွ'

သူ့ဒေါသများ အထွတ်အထိပ်သို့ရောက်သွားသည်။ နှုတ်ဖျားမှ အသံကျယ်ကျယ် ထွက်သွားသည်။

အခန်းထဲမှ သမီးက ဖွင့်လက်စ သီချင်းသံကို ထပ်မြှင့်လိုက်သည်။ နားပူသည်ဆိုသည့်အဓိပ္ပာယ်။

'တောက်'

သူ တောက်ခေါက်လိုက်သည်။ ဟိုတုန်းက စိတ်မျိုးနဲ့သာဆိုရင်…

ဟင်း။

အခုတော့ ဟိုတုန်းကလို စိတ်မျိုးထားလို့မဖြစ်တော့။ စိတ်လျှော့ကာ ဝရန်တာသို့ထွက်လိုက်သည်။ အမှန်တော့ အခန်းတံခါးဖွင့်ကာ တိုက်အောက်ဆင်းပြီး ရောက်တတ်ရာရာ လျှောက်သွားလိုက်ချင်သည်။ သို့ရာတွင် ငါးလွှာမှာနေသော အသက်ခြောက်ဆယ်ကျော် အဘိုးအိုတစ်ယောက်အတွက် အောက်တစ်ခါဆင်းဖို့ဆိုတာ တော်တော်ပင်ချင့်ချိန်ရပါသည်။ အကြောင်းကိစ္စ မည်မည်ရရမရှိဘဲ တိုက်ခန်းပေါ်မှ အောက်သို့ ဆင်းချည်တက်ချည် မလုပ်နိုင်။ တစ်နေ့တစ်ခေါက်၊ နှစ်ခေါက်လောက်သာ အဆင်းအတက် အနိုင်နိုင်လုပ်နေရသည်။

အခုနောက်ပိုင်းမှာတော့ အကြောင်းကိစ္စ သုံးလေးခုလောက်ရှိမှသာ သူ အောက်ဆင်းဖြစ်သည်။ ဆင်းပြီးလျှင်လည်း တော်တော်နဲ့ ပြန်မတက်။ လုပ်ဆောင်ဖွယ်ရာကိစ္စအဝဝကို စိမ်ပြေနပြေ စဉ်းစားဆောင်ရွက်ပြီးမှ အပေါ်ပြန်တက်သည်။ အပေါ်ရောက်ပြီးသည့်အခါ တစ်ခေါက်ထပ်မဆင်းနိုင်တော့ပါ။

ဓာတ်လှေကားရှိရင်တော့ အထပ်မြင့်မှာနေရတာ မဆိုးဘူးပေါ့။ မဟုတ်လျှင်တော့ . . .

ရောက်တတ်ရာရာ အတွေးပျံ့လွင့်သွားတော့လည်း စိတ်က အနည်းငယ် ပြေလျော့သွားသည်။

ဒီဝရန်တာလေးက သူ့ရဲ့ဝပ်ကျင်း။ ဒဏ်ရာအနာတရဖြစ်လာသော သားကောင်သည် မိမိ၏ဝပ်ကျင်းရှိရာသို့ မရောက်အရောက် ပြန်ပြေးကာ ကြောက်ရွံ့စိတ်ဖြင့် သိုသိပ်စွာနေသကဲ့သို့ သူလည်း စိတ်အနာတရဖြစ်သည့်အခါတိုင်း ဤဝရန်တာလေးသို့ ထွက်ကာ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေတတ်သည်။ သူ့စိတ်ထဲ နောက်ထပ် ဒဏ်ရာ ဒဏ်ချက်များ ထပ်မံကျရောက်လာမှာ တွေးတောကြောက်ရွံ့နေမိသည်။

အသက်ကြီးလာတော့ ဘာမဟုတ်သည့် အကြောင်းအရာ အသေးအဖွဲလေးများကြောင့်လည်း စိတ်မှာ အနာတရဖြစ်တတ်သည်။ ငယ်စဉ်ကတော့ အဲဒီထက်မက ကြီးမားသည့် စိတ်နှလုံးတုန်လှုပ်ချောက်ချားပြီး သွေးပျက်ဖွယ်ရာ အရေးကိစ္စ ကြီးကြီးမားမားများကိုပင် အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်

ကျော်လွှားခဲ့သည့် အကြိမ်ပေါင်းများစွာ ရှိခဲ့ပါသည်။ အခုတော့ 'အထိမခံ ကြွေပန်းကန်'။ စိတ်သာမဟုတ်၊ ရုပ်ကလည်း အထိမခံ ကြွေပန်းကန်။ အနေအစား နည်းနည်းလေးမှ မှားလို့မရ။ သရီးသရီဖြစ်ချင်တတ်သည်။ နေမကောင်း ထိုင်မသာ ဖြစ်ချင်တတ်သည်။

ခန္ဓာကိုယ်အကြောင်းတွေးမိကာမှ သမီးထံ စိတ်ရောက်နေသဖြင့် ဒီည သောက်ရမည့်ဆေးများကို မသောက်ရသေးကြောင်း သတိရသည်။ ဩော်…စိတ်တွေ၊ စိတ်တွေ။

အခန်းအတွင်း ပြန်ဝင်လာပြီး ဗီရိုလေးပေါ်မှ စီရရီရှိနေသော ဆေးပုလင်းများထံ လက်လှမ်းလိုက်သည်။ သွေးချိုကျစေတဲ့ဆေး၊ အင်ဆူလင် တက်စေတဲ့ဆေး၊ သွေးကျဲစေတဲ့ဆေး၊ သွေးတိုးကျတဲ့ဆေး၊ နှလုံးဆေး၊ အကြောဆေး၊ သောက်နေကျ အားဆေးနှင့် ထပ်ဆောင်းဗီတာမင်ဆေးများ။ လက်ထဲမှာ တစ်ဆုပ်ကြီးပါလာသည်။ ဒါတွေက ပုံမှန်သောက်နေကျဆေး များ။ အာဂန္တုရောဂါများအတွက် အခါအားလျော်စွာ သောက်ရတတ်သည့် ဆေးများလည်း ရှိသေးသည်။ ရောဂါအချို့ကတော့ အာဂန္တုအဆင့်မျှသာ မကတော့ပါ။ ပုံမှန်လာနေကျ 'ရောဂါဖောက်သည်' များပင် ဖြစ်၍နေလေပြီ။

လက်ထဲမှာ ဆေးတစ်ဆုပ်နှင့် ထမင်းစားခန်းအတွင်းသို့ သူဝင်လာသောအခါ ထဘီရင်ရှားဖြင့် သမီးက ရေချိုးခန်းအတွင်းဝင်သွားသည်။ အကျင့်ပါနေသည့် မျက်လုံးက နံရံထက်မှ နာရီထံရောက်သွားသည်။ အို… ညကိုးနာရီတောင် ထိုးလုပြီ။ သည်အချိန်မှ သမီးက အချိန်မတော်အခါမဟုတ် ရေချိုးခေါင်းလျှော် လုပ်ဦးမည်။

လက်ထဲမှ ဆေးလုံးများကို ပါးစပ်အတွင်း ပစ်ထည့်ကာ ရေဖြင့် မျှောချလိုက်သည်။ ပြီးနောက် အိမ်ရှေ့ခန်းသို့ ကပျာကသီ ပြန်ထွက်လာ သည်။

'ဟော့…ညကိုးနာရီထိုးတော့မယ်။ မင့်သမီးက အခုမှ ခေါင်းလျှော် ရေချိုးလုပ်မလို့တဲ့။ ကြည့်ပြောဦး။ အချိန်လွန်နေပြီ'

သမီးကို တိုက်ရိုက်မပြောရဲတော့ တီဗီကြည့်နေသော ဇနီးသည်ကိုပဲ နားပူသံကျပ်လုပ်လိုက်သည်။ နေ့စဉ်ကြုံနေကျဖြစ်စဉ်မို့ ဇနီးသည်က တီဗီ

အကြည့်မပျက်ဘဲ အမှုမဲ့အမှတ်မဲ့ ပြန်ပြောသည်။

'တစ်နေကုန် ငြီးစီစီဖြစ်လာတာ ချူးမှာပေါ့တော်။ နေ့တိုင်းလည်း ချူးနေကျပဲ'

'ရာသီအကူးအပြောင်းမို့ ဖျားနေပြုနေမှာစိုးလို့ ပြောတာဟေ့။ အခု ဆောင်းဝင်နေပြီ။ ရေချိုးရုံတင်မကဘူး။ နေ့တိုင်း လျှော်လိုက်ရတဲ့ခေါင်း'

ယောကျ်ားတန်မယ့် တဖျစ်တောက်တောက် ပြောနေသော သူ့ကို ဇနီးသည်က အမြင်ကတ်လာဟန်တူသည်။ 'ကောက်ပင်ရိတ်လှီး' စကားကြီး ကို ဆိုလိုက်သည်။

'မဖျားမနာဘဲ အချိန်ရာသီမရွေး ရေချိုးနိုင်အောင်လို့ ရေပူရေအေးစက် ဝယ်ပြီး တပ်ပေးလိုက်ပေါ့ရှင်။ တကတဲ စကားကို များတယ်'

× × ×

စကာကိုများတယ်...တဲ့။

သူ့အပေါ်ချစ်တဲ့ ဇနီးသည်ရဲ့ မှတ်ချက်စကား။ စိတ်ဆိုးစရာမဟုတ် သော်လည်း စိတ်ကသိကအောက်ဖြစ်ရသည်။ အမှန်တော့ သူသည် နှုတ်ဖွာကာ စကားကြွယ်ဝသူတစ်ယောက်မဟုတ်ပါ။ စကားနည်းသူ ဟုပင် ဆိုချင်ဆို နိုင်သည်။ အလုပ်လုပ်စဉ်က စကားနည်းလွန်းသည့် သူ့အကျင့်စရိုက်ကြောင့် ရသင့်ရထိုက်သည့် အခွင့်အရေးအချို့လက်လွှတ်အဆုံးရှုံးခံခဲ့ရဖူးသည်။ သူ နောင်တမရခဲ့။ သူ့အကျင့်စရိုက်ကိုလည်း မပြင်ဆင်ခဲ့။ စကားနည်းသူတစ် ယောက်၏ ဓလေ့သဘာဝမှာ သူ မွေ့ပျော်ခဲ့ပါသည်။

စကားနည်းသောကြောင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ဆုံးရှုံးရုံမျှမက တက်လမ်းအချို့ကိုပါ အဆီးအတားဖြစ်လာသောအခါ ဇနီး သည်က ငြိုငြင်လာသည်။

'အခုခေတ်မှာ စကားနည်းပြီး အေးအေးဆေးဆေး ဘာသိဘာသာ နေတာ ကောင်းတာ မဟုတ်ဘူး တော်ရေ့။ ပြောတတ် ဆိုတတ်၊ ဝင်တတ် ထွက်တတ်၊ ပေးတတ်ယူတတ်မှ တန်ကာကျတာ။ ဒီလိုမှမဟုတ်လို့ကတော့ ထမင်းကြမ်း ယပ်ခတ်စားပေါ့ရှင်'

သူ့ဝန်ထမ်းသက်တမ်းတစ်လျှောက်မှာ ထမင်းကြမ်းယပ်ခတ် မစားရရုံအဆင့်လောက်ဖြင့်သာ ပြီးမြောက်ခဲ့ရသည်။ အကယ်၍ သူသာ

စကားပိုပိုသာသောပြောကာ နေရာတကာ ဝင်ပါခဲ့ပါလျှင် သူ့ဘဝ သူ့အခြေအနေမှာ ယခုထက် များစွာသာလွန်ကောင်းမွန်နေမှာ သေချာသည်။ ခေတ်က သွက်လက်ရှုပ်ထွေးစီညံသည်။ သူက အေးဆေးငြိမ်သက် နှုတ်နည်းသည်။ သို့ဖြင့် သူသည် တိုးတက်ပြောင်းလဲနေသော ခေတ်သစ်နှင့် အံမဝင် ခွင်မကျသည့် နုံအအလူသားတစ်ယောက်အဖြစ် ရင့်မှည့်ခဲ့ရသည်။

အမှည့်လွန်ကာ ကြွေလုနီးခါမှ စရိုက်သဘာဝများ အပြောင်းအလဲဖြစ်သွားခဲ့ရပြီလား။ စကားနည်းသူအဖြစ်မှ စကားများသူအဖြစ်သို့ ရွေ့လျားပြောင်းလဲသွားပြီလား။ ထိုအရွေ့ ဘာကြောင့်ဖြစ်ရသည်ဆိုတာ သူသိပါသည်။ 'ဇရာ'။ ပြီးတော့ 'အထီးကျန်မှု'။

အသက်အရွယ် အိုမင်းကြီးရင့်လာသူများ စကားများတတ်လာသည်မှာ အဆန်းမဟုတ်ပါ။ ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝမို့ ခွင့်လွှတ်ချင်က ခွင့်လွှတ်လို့ရသည်။ သို့ရာတွင် အထီးကျန်ဆန်မှုကြောင့် စကားများများပြောဖြစ်သည့် သဘာဝစရိုက်ကတော့ အနည်းငယ် ထူးဆန်းသလိုရှိမည်။ အမှန်ပင် အထီးကျန်ဆန်လွန်းသည့်အတွက် သူစကားများများပြောဖြစ်နေခြင်း ဖြစ်ပါသည်။

ဇနီးရော သမီးပါ ပြည့်စုံစွာ ပေါင်းစည်းထားသည့် မိသားစုနှင့် အတူတကွနေထိုင်နေသော သူတစ်ယောက် 'အထီးကျန်ဆန်သည်'… ဆိုသည်မှာ ယုံမှားသံသယဖြစ်ဖွယ် များစွာရှိပါသည်။ ထိုမျှသာမကပါ။ သူနေထိုင်ရာ လူမှုရပ်ဝန်းသည် ရန်ကုန်မြို့၏ လူနေထူထပ်သော၊ တစ်နေ့လျှင် နာရီနှစ်ဆယ်လောက် လူသံကားသံ စီစီညံနေသည့် လူနေသိပ်သည်းသော ရပ်ကွက်တစ်ခုလည်း ဖြစ်နေပါသေးသည်။ သူ့ထံတွင် တယ်လီဖုန်း၊ ကွန်ပျူတာ၊ အင်တာနက် အစရှိသော ခေတ်မီဆက်သွယ်ရေးကိရိယာများ၊ ရုပ်မြင်သံကြား၊ ဂြိုဟ်တုရုပ်သံလိုင်းများ၊ အီးဗွီဒီ စသော ဆိုရှယ်မီဒီယာများလည်း ရှိနေပါသေးသည်။ ထို့အပြင် သူသည် လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ အလှူမင်္ဂလာဧည့်ခံပွဲများနှင့် မိတ်ဆုံစားသောက်ပွဲများသို့လည်း အခါအားလျော်စွာ သွားလေ့သွားထရှိပါသည်။ ဆိုလိုသည်မှာ သင့်တင့်လျောက်ပတ်သည့် လူမှုဆက်ဆံရေးဝန်းကျင်အတွင်းမှာ သူကျင်လည်နေဆဲ ရှိပါသေးသည်။

ထိုကဲ့သို့သော အခြေအနေများနှင့် ပြည့်စုံသူတစ်ယောက်ကို

အထီးကျန်ဆန်သည်ဟု သတ်မှတ်ရန် အင်မတန် ခက်ခဲပါသည်။ သို့သော် သူသည် သူ့ကိုယ်သူ အထီးကျန်ဆန်သူတစ်ယောက်ဟု တိကျပြတ်သားစွာ သတ်မှတ်သည်။ ခံစားချက်အရ သူ့သတ်မှတ်ချက် မှန်သည်ဟုလည်း သူက မြဲမြဲမြံမြံ ခိုင်ခိုင်မာမာ ယုံကြည်သည်။

တကယ်တော့ လောကမှာ ထီးနှင့်ဖိနပ် မပါဘဲ နွေရာသီဒဏ်ကန္တာရ တွင် ခရီးသွားရသူများသာ ရေငတ်တတ်ကြသည် မဟုတ်ပါ။ ပင်လယ်ထဲ မှာ ဖောင်စီးနေရသူများလည်း ရေငတ်တတ်ပါသည်။

× × ×

ပင်စင်ယူသောအခါ သူ ဦးစွာတွေးမိတာက ဇာတိမြေသို့ ပြန်ကာ အခြေချနေထိုင်ရန် ဖြစ်သည်။

သူ့ဇာတိသည် ပြည်နယ်တစ်ခု၏ မြို့လေးတစ်မြို့မှ ဆယ်မိုင် လောက်ဝေးသော ရွာငယ်လေးတစ်ရွာဖြစ်ပါသည်။ ထိုရွာလေးမှာ သူချက် မြှုပ်ခဲ့သည်။ ငယ်ဘဝနေ့ရက်အချို့ ကုန်လွန်ခဲ့သည်။ မြန်မာ့ကျေးလက်တိုင်း မှာ ချစ်ခင်ရိုင်းပင်းသော ပတ်ဝန်းကျင်ဓလေ့စရိုက်များအားလုံး သူ့ရွာလေး မှာလည်း ရှိမည်ဟု သူ ထင်သည်။

ထင်သည်ဟု ဆိုရခြင်းမှာ ထိုပတ်ဝန်းကျင်ဓလေ့စရိုက်များ သူ့ရွာ လေးမှာ ရှိ/မရှိ သေချာစွာ မသိနိုင်သည့် အရွယ်ကပင် သူသည် သူ့ဇာတိရွာ ကလေးကို စွန့်ခွာခဲ့ရသောကြောင့်ဖြစ်ပါသည်။ စွန့်ခွာပြီးသည့်နောက် ပိုင်းမှာလည်း ရွာသို့ တစ်ခါတစ်ခေါက်မှ ပြန်မရောက်တော့ပါ။ ရွာမှ သွေးသားတော်စပ်သူ အားလုံးနီးပါးနှင့် ရင်းနှီးခင်မင်သူ များစွာတို့သည် လည်း သူတို့မိသားစုကဲ့သို့ပင် သူတို့ရွာကို စွန့်ခွာခဲ့ကြပြီးဖြစ်သည်။ ရွာ လေးနှင့် သူသည် လျင်မြန်စွာပင် သူစိမ်းပြင်ပြင်ဖြစ်ခဲ့သည်။ ရွာလေးကို ခင်တွယ်စွာ ဖက်တွယ် နေထိုင်ခဲ့သည့် ဆွေမျိုးရင်းချာ လူကြီးသူမများလည်း အသက်အရွယ်အရ တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်တိမ်းပါးကုန်ခဲ့ ကြပြီ။

ရွာကလေးမှာ သူ နေထိုင်ခဲ့ရသော ကာလသည် မွေးကင်းစမှ လူမှန်းမသိတသိ အရွယ်အထိသာဖြစ်၍ ရွာလေးနှင့် သူသည် လက်ပွန်းတတီး မဖြစ်ခဲ့။ စွန့်ခွာပြီးသည့်နောက်ပိုင်းမှာလည်း ရွာလေးထံ အလည်အပတ်

ပြန်လှေ့ပြန်ထမရှိခဲ့သည်မို့လည်း ရင်းနှီးကျွမ်းဝင်ခွင့်မရခဲ့။ သို့ရာတွင် ဇာတိမြေမှာ ဇာတိမြေသာဖြစ်ပါသည်။ သူ့မသိစိတ်မှာ အစဉ်ထာဝရ လွမ်းမိုးကြီးစိုးထားခဲ့သည်ဟု ထင်ပါသည်။ တမ်းတမ်းတတ စွဲစွဲလမ်းလမ်း သိပ်မရှိလှသော်ငြားလည်း မကြာခဏဆိုသလို သူ့ဇာတိရွာကလေးကို အိပ်မက်မက်လေ့ရှိသည်။ အထူးသဖြင့် မြို့ပြ၏လူမှုဘဝမှာ ကျပ်တည်းမွန်းအိုက်လာသောအခါမျိုးတွင် ဖြစ်ပါသည်။

'ပင်စင်ယူပြီးရင်တော့ ရွာပြန်ပြီး အခြေချနေထိုင်ရအောင်ကွာ'

ဇာတိမြေမှ ခွဲခွာပြီး မြို့ကြီးပြကြီးများမှာ ကျင်လည်နေထိုင် တာဝန်ထမ်းဆောင်ခဲ့သူများ အငြိမ်းစားယူသောအခါ ကိုယ့်ဇာတိရပ်ရွာသို့ ပြန်လည် အခြေချကာ ဘဝနေဝင်ချိန်ကို အေးချမ်းစွာ ကုန်လွန်စေတတ်သည့် တိုင်းတစ်ပါးမှဓလေ့ကို သူ ရှင်းပြသည်။ ရှင်းပြနေစဉ် သူ့အာရုံမှာ အေးချမ်းသာယာလှသည့် ကျေးလက်သဘာဝပတ်ဝန်းကျင်နှင့် ခံ့မင်နှစ်လိုဖွယ်ကောင်းလှသည့် ကျေးလက်လူမှုစရိုက်များကို မြင်ယောင်နေမိသည်။

'အို…သွားမနေနိုင်ပါဘူးတော်။ ရေမရှိ၊ မီးမရှိ၊ လမ်းမရှိ၊ ဆေးရုံမရှိ။ အသက်ကြီးမှ ဆင်းရဲတွင်းထဲ မဆင်းခိုင်းချင်နဲ့'

ဇနီးသည်က တူးတူးခါးခါး ကန့်ကွက်သည်။ သူ့ဇာတိရွာလေးသည် သူစိတ်ကူးယဉ်ခဲ့သည့် နိုင်ငံရပ်ခြားမှ ကျေးရွာလေးများ လို ဖွံ့ဖြိုးတိုးတက်မှုကို လက်လှမ်းမီကာ ပြီးပြည့်စုံသည့် အေးချမ်းလှပ ငြိမ်သက်တိတ်ဆိတ်သောနေရာဒေသတစ်ခု ယနေ့အထိ ဖြစ်မလာသေးပါ။ ဟိုးလွန်ခဲ့သည့် နှစ်ငါးဆယ်လောက်တုန်းကလိုပဲ လမ်းများက ဖုန်ထူဗွက်ထနေဆဲ။ လျှပ်စစ်မီးမရှိဘဲ ညအခါ ဘက်ထရီမီးကိုသာ အားကိုးအားထား ပြုနေရဆဲ။ ဆရာဝန်မရှိ၊ ကျန်းမာရေးမှူး မရှိ၊ ဒေါက်တာရမ်းကုကိုသာ ရိုကျိုးခယ အားကိုးအားထားလုပ်နေရဆဲ။ ခေတ်နှင့်အညီ အသင့်တိုးတက် ဖွံ့ဖြိုးလာသောကျေးရွာအချို့ရှိပါသည်။ သို့ရာတွင် ထိုကံကောင်းသော ကျေးရွာအချို့ စာရင်းထဲမှာ သူ့ဇာတိကျေးရွာ မပါဝင်သေးပါ။

သူကိုယ်တိုင်ကလည်း မြို့ကြီးပြကြီးများနှင့်သာ နေသားကျလာသဖြင့် နှစ်ပေါင်းများစွာ ခေတ်နောက်ကျကျန်ရစ်ခဲ့သော သူ့ဇာတိကိုတွယ်တာသံယောဇဉ်ရှိသော်လည်း မပြည့်စုံမှုနှင့် ချို့တဲ့မှုများထံ ပြန်သွားရန်

ဆန္ဒပြင်းပြင်းပြပြမရှိလှ။

သို့ဖြင့် ပင်စင်ယူသောအခါ ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ အခြေချနေထိုင်ဖြစ်ခဲ့ပါသည်။ စိတ်ထဲကတော့ တေးထားခဲ့သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဇာတိကျေးရွာသည် သူလိုလားသည့် အခြေခံဘဝလိုအပ်ချက်များ ပြည့်စုံလာလိမ့်မည်။ ထိုအခါ ဇာတိရွာလေးထံသို့ ရွှေ့ပြောင်းကာ ခြေချနေထိုင်ဖြစ်အောင် နေထိုင်လိုက်ဦးမည်…ဟု။

× × ×

ထုံးစံအတိုင်း နံနက်လေးနာရီသာသာလောက်မှာ သူ အိပ်ပျော်နေရာမှ နိုးလာသည်။

နိုးလျှင်နိုးချင်း ဦးစွာတွေးမိသည်က အကယ်၍သာ သူ့ရွာလေးမှာ အခြေချနေထိုင်ဖြစ်ခဲ့မည်ဆိုပါက သည်အချိန်လောက်ဆို လင်းကြက်တွန်သံကို သူကြားရလိမ့်မည်။ ထိုအခါ ကြည်လင်လန်းဆန်းစွာ နိုးထလာပြီးနောက် တက်ကြွဖျတ်လတ်စွာ မျက်နှာသစ်မည်။ ပြီးလျှင် မီးမွှေးကာ ရေနွေးတစ်အိုးတည်မည်။ ရေနွေးကြိုထားစဉ် အိမ်ဦးခန်းက ဘုရားစင်မှာ ဆီမီးပူဇော်မည်။ ရေချမ်းဆက်ကပ်မည်။ ထို့နောက် ဘုရားဝတ်ပြုမည်။

သူ ဘုရားဝတ်တက်နေစဉ် သူ့ဇနီးသည် နိုးထလာမည်။ မျက်နှာသစ်မည်။ ပြီးလျှင် ဆန်ဆေးမည်။ ရေနွေးဆူသောအခါ တစ်ဝက်ကို ရေနွေးကြမ်းအိုးထဲထည့်ကာ လက်ဖက်ခြောက်ခတ်မည်။ ကျန်တစ်ဝက်ထဲသို့ ဆေးထားသော ဆန်များထည့်ပြီး ထမင်းတစ်အိုးတည်မည်။ မရှေးမနှောင်းမှာ သူလည်း ဘုရားဝတ်တက်ပြီးစီးသဖြင့် အမျှအတန်းဝေကာ ကြေးစည်ထုမည်။ ထို့နောက် ဇနီးသည် ပြင်ဆင်ထားသော ရေနွေးကြမ်းကို တစ်ခွက်ပြီး တစ်ခွက် ငုံ့သောက်ရင်း လယ်ယာလုပ်ငန်းခွင်ဝင်ရန် မှောင်ရီပိုးဝါးမှာ ရွာလယ်လမ်းမှ ထွက်ခွာသွားသူတို့၏ အသံများကို နားစွင့်နေလိုက်မည်။ ထမင်းအိုးကျလျှင် ဇနီးသည်က ဦးစွာဘုရားတင်ရန် ဆွမ်းခူးမည်။ ပြီးလျှင် သံဃာတော်များကို လောင်းလှူရန် ဆွမ်းအုပ်အတွင်းသို့ ဆွမ်းခူးထည့်မည်။

ဇနီးသည် ဘုရားဆွမ်းတော်ကပ်လျှင် သူလည်း စီတန်းကြွချီလာသော သံဃာတော်များကို ဆွမ်းလောင်းရန် အိမ်ပေါ်မှဆင်းမည်။ ထိုအချိန်တွင် ရောင်နီပို့ကာ အလင်းဖြာစပြုနေမည်။ ကျေးငှက်သံများကို ကျည်ကျည်ကျာ

ကျော ကြားနေရမည်။ မကြာမီမှာ ထွန်းသစ်စနေရောင်ခြည်နှင့်အတူ ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို သဒ္ဒါယိုဖိတ် ပီတိစိတ်ဖြင့် ဆွမ်းလောင်းလှူမည်။

နေ့တစ်နေ့၏ အဦးအစကို ဤသို့လျှင် ကျက်သရေမင်္ဂလာပြည့်ဝစွာဖြင့် စလိုက်မည်။ ဘယ်လောက် ကြည်နူးစရာကောင်းလိုက်ပါမည်နည်း။ ဘယ်လောက် မင်္ဂလာရှိလိုက်ပါမည်နည်း။

အခုတော့...

သူသည် ထုံးစံအတိုင်း ဝရန်တာမှာ ထွက်ရပ်လိုက်သည်။ အလင်းပျပျလာနေပြီ။ သို့ရာတွင် ကွန်ကရီတောအုပ်အတွင်းမှ ဝန်းရံပိတ်ဆို့ထားသည့် အထပ်မြင့်အဆောက်အအုံအလယ်မှာ 'ဘယ်ဆီရှေ့နောက်၊ ဘယ်တောင်မြောက်' ဟု သူ ခွဲခြားမသိနိုင်။ နေမင်းကြီးကို မွန်းတည့်ချိန်နီးမှသာ သူ မြင်တွေ့နိုင်ပါမည်။ ထိုအချိန်မှာ နေမင်းသည် ဒေါမာန်ဟုန်ပြင်းစွာ အပူနှင့် အလင်းရောင်ဖြင့် ကမ္ဘာလောကကို ရက်စက်စွာ တိုက်စစ်ဆင်နေလိမ့်မည်။ ထိုအခါ သစ်ရိပ်ဝါးရိပ် ကင်းမဲ့နေသော ကွန်ကရီအဆောက်အအုံများသာ ကြီးစိုးလွှမ်းမိုးရာ မြေကမ္ဘာသည် နေပျော်စရာ နေရာတစ်ခု မဖြစ်နိုင်တော့ပါ။

မြို့ပြ၏အရုဏ်ဦးမှာ သူ့စိတ်အာရုံများက လန်းဆန်းကြည်လင်ခြင်းမရှိ။ ယာဉ်ပေါင်းစုံ၏ စူးစူးဝါးဝါးအသံများက လမ်းမထက်မှ ပျံ့လွင့်လာနေသည်။ ကျောပေးထားသော်လည်း အိမ်ခန်းအတွင်းမှ လျှံကျလာသော မီးရောင်များ သူ့ထံရောက်လာသည်။ အသံဗလံများလည်းထွက်ပေါ်လာသည်။ ဇနီးသည်က ချက်ဖို့ပြုတ်ဖို့ စတင်လုပ်ကိုင်နေပြီ။ သမီးကလည်း အလုပ်သွားဖို့ နိုးထလှုပ်ရှားပြင်ဆင်ပြီ။

သူကတော့ ဝရန်တာမှာ တမေ့တမောရပ်ကာ တစ်စတစ်စ ထင်ရှားလာသော မြင်ကွင်းကိုသာ ငေးမောနေမိသည်။ သူ့မျက်လုံးမှာ မြင်နေမိတာက ကွန်ကရီအထပ်မြင့် အဆောက်အအုံများမဟုတ်။ သူ့နားမှာ ကြားနေမိတာက ယာဉ်ပေါင်းစုံရဲ့ အသံများမဟုတ်။ သူ မြင်ယောင်ကြားယောင်နေသည်က ငယ်စဉ်က သူပိုင်ဆိုင်ခဲ့ဖူးသော စွဲမက်ဖွယ်ရာ ကျေးလက်နံနက်ခင်းလေးများကိုသာ ဖြစ်ပါသည်။

ထိုနံနက်ခင်းများဖြင့် နေ့သစ်ကို စတင်နိုင်ခွင့် သူရနိုင်ပါဦးမည်လား။

သူ့ရင်သည် တင်းကျပ်လာသည်။ အလိုလိုနေရင်း မောပန်းလာသည်။ အခန်းအတွင်းပြန်ဝင်ကာ ရေခဲသေတ္တာအတွင်းမှ အေးစက်နေသော ရေတစ်ပုလင်းကို ထုတ်ယူကာ စားပွဲပေါ်က ဖန်ခွက်အတွင်းသို့အပြည့် လောင်းထည့်ပြီး တစ်ရှိန်ထိုးမော့သောက်လိုက်သည်။

နံနက်ခင်း ရေခဲရေသည် သူ့လည်ချောင်းတစ်လျှောက်မှာ ပူလောင်စွာ ဖြတ်စီးသွားပါသည်။ ။

'မဟေသီ' ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၆၆၊ ဇွန်လ၊ ၂၀၁၅ ခုနှစ်။

...အစာပြတ်နေသော

သူတို့ခန္ဓာကိုယ်မှာ အင်အားများ

မရှိသလောက်ဖြစ်နေပြီ။

စကားလည်း မပြောနိုင်ကြတော့။

သမ္ဗုဗင်း ကြမ်းခင်းပေါ်မှာ

ဖြစ်သလို ခွေခေါက်လဲအိပ်နေကြသည်။

သည်ပုံအတိုင်းဆိုလျှင်

နောက်ထပ်နာရီအနည်းငယ်လောက်သာ

သူတို့ အသက်မသေဘဲ

တောင့်ခံရှင်သန်နိုင်ကြတော့မည် ထင်သည်။ ...



# သေဖော်ရှင်ဖက်

သတ္တုတွင်းမြေပြိုပြီး သူတို့နှစ်ယောက် မြေအောက်မှာ လှောင်ပိတ်မိနေသည်မှာ သုံးဆယ့်ခြောက်နာရီခန့်ရှိပြီ။ တစ်ရက်ခွဲမျှသော အချိန်အပိုင်းအခြားသည် သဘာဝအတိုင်း နေရိုးနေစဉ် နေထိုင်ကျင်လည်နေသူများအဖို့ အမှုမဲ့၊ အမှတ်မဲ့ဖြင့် မသိမသာ ကုန်ဆုံးသွားနိုင်သော်လည်း သူတို့ကဲ့သို့ အသက်အန္တရာယ်နှင့် မျက်နှာချင်းအပ်ကာ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်နေရသူများအတွက်တော့ ထိုသုံးဆယ့်ခြောက်နာရီသည် သုံးဆယ့်ခြောက်ကမ္ဘာထက်မက ရှည်လျားကြာမြင့်သည်ဟု ထင်နေမိသည်။

ရှည်လျားကြာမြင့်ရုံသက်သက်မျှ မဟုတ်ပါ။ ထိုသုံးဆယ့်ခြောက်နာရီ၏ မိနစ်တိုင်း၊ စက္ကန့်တိုင်းသည် အလွန်အမင်း တုန်လှုပ်ချောက်ချားဖွယ်ကောင်းလှသည်။ သည်းထိတ်ရင်ဖိုဖြင့် အသက်ကို ဖက်နှင့်ထုပ်ထားရသလို ခံစားရသည်။ ဘယ်အချိန်မှာများ ဝုန်းခနဲ အသံကြီးတစ်ချက်ကြားပြီးနောက် အမှောင်ထုကြီး ကျရောက်ကြီးစိုးကာ အသက်ဇီဝ အပြီးအပိုင် ငြိမ်းချုပ်ကွယ်ပျောက်သွားမည်လဲဟု ကြောင့်ကြပူပင်လောင်မြိုက်နေရသည်လေ။

မြေအောက်သတ္တုတွင်းဆိုသည်မှာ ကျန်းမာကြံ့ခိုင်သည့် အားကောင်းမောင်းသန် အရွယ်ကောင်း ယောကျ်ားရင့်မာကြီးများပင် တစ်နေ့လျှင် ရှစ်နာရီထက်ပို၍ နေထိုင်အလုပ်လုပ်နိုင်သည့် အရပ်မဟုတ်။ ပူရှိန်မြင့် ‘မြေအောင်းအပူ’ က ဆီးကင်းသီးလောက်ရှိသော ချွေးပေါက်ချွေးသီးများကို ခန္ဓာကိုယ်အနံ့အပြားမှ စိမ့်ထွက်စေသည်။ ထိုချွေးစေးများက ကိုယ်ခန္ဓာ

အကြိုအကြားမှန်သမျှသို့ လမ်းကြောင်းရှာကာ စီးဆင်းနေပါသည်။ 'နဖူးကချွေး ခြေမကျသည်' ဆိုသော စကားသည် မြေအောက်သတ္တုတူးဖော်ရေး လုပ် သားများအတွက်တော့ ပြက်ရယ်ပြုဖွယ် စကားတစ်ခွန်းမျှသာ။ သူတို့သည် မြေအောက်သတ္တုလုပ်ကွက်များမှာ 'နဖူးကချွေး အဝီစိကျသည်' အထိ ဆင်းရဲ ပင်ပန်းစွာ အလုပ်လုပ်ကြရသည်လေ။

လူတစ်ယောက် ထိုမျှလောက်အထိ ချွေးထွက်ခံကာ ရှစ်နာရီလုံးလုံး အလုပ်လုပ်ရလျှင် ရေဓာတ်ခန်းခြောက်ကာ သေဖွယ်ရာသာရှိပါမည်။ ထိုသို့ မဖြစ်အောင် ကယ်မပေးသည့်အရာကတော့ လွန်တူးစက်များအတွက် သွယ် တန်းရယူထားသည့် 'ဖိသိပ်လေ' များဖြစ်ပါသည်။ ထိုလေများက အတော်ပင် အေးသည်။ ပူပြင်းလောင်မြိုက်သည့် မြေအောက်လုပ်ကွက်များကို အတန် အသင့် နေသာထိုင်သာ ဖြစ်စေပါသည်။

မြေအောက် သဘာဝကလည်း ဆန်းကြယ်သည်။ သည်နေရာမှာ ချွေးပြိုက်ပြိုက်ကျအောင် ပူလောင်သော်လည်း ရှေ့ကို မီတာအနည်းငယ်မျှ ဆက်လျှောက်သွားလျှင် ခိုက်ခိုက်တုန်အောင် ချမ်းအေးသည့်နေရာ ဖြစ်ချင် လည်း ဖြစ်သွားတတ်ပြန်သည်။ အပြောင်းအလဲမြန်လွန်းသောသဘာဝ…။ အစိုးမရနိုင်လွန်းသော သဘာဝ…။

ထိုသဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ကြံဖန်နေထိုင်ရင်း တန်ဖိုးမဖြတ်နိုင်သည့် အဖိုးတန်သယံဇာတများကို မြေအောက်သတ္တုတူးဖော် ရေးလုပ်သားများက သူတို့၏ အသက်၊ သွေး၊ ချွေးများနှင့် ရင်းနှီးကာ ဖွေရှာ တူးဖော်ထုတ်ယူနေကြရပါသည်။

ယခုလည်း မြေအောက်ပေခြောက်ရာကျော်အနက်မှာရှိသည့် သတ္တု တွင်းလုပ်ကွက်တစ်ခုမှာ ယမ်းခွဲရန် ပြင်ဆင်နေစဉ် သတ္တုတွင်းမြေပြိုကျကာ ယမ်းထွန်းခင်မောင်နှင့် လက်ထောက်ကျော်သောင်းတို့ မြေအောက်မှာ ပိတ်မိ နေကြခြင်းဖြစ်ပါသည်။

× × ×

လွန်ခဲ့သည့် သုံးဆယ့်ခြောက်နာရီလောက်ကတော့ သူတို့နှစ် ယောက်သည် သည်လုပ်ကွက်ကို ယမ်းခွဲရန်အတွက် အသင့်ပြင်ဆင်ပြီး ယမ်း ကျင်းများနှင့် ယမ်းကြိုးများကို ကာဘိုက်မီးရောင်အကူအညီဖြင့် ဂရုတစိုက်

စစ်ဆေးနေကြသည်။ တစ်ယောက်ကိုတစ်ယောက်ပင် စကားမပြောဆိုမိ။ အတွေ့အကြုံရင့်ကျက်သည့် မြေအောက်သတ္တုတွင်း လုပ်သားကြီးများပီပီ ကိုယ့်အလုပ်ကိုယ် လျှင်လျှင်မြန်မြန်ဖြင့် ဖယ်ဆက်သလို တွင်ကျယ်သေသပ်စွာ လုပ်ကိုင်နေကြသည်။ ကျန်လုပ်သားများကတော့ လုပ်ကွက်ကို ရှင်းလင်းပြီးနောက် ဘေးကင်းလုံခြုံစွာ အချိုးအကွေ့တစ်ခုဆီသို့ ထွက်ခွာသွားနှင့်ကြပြီ။ တာဝန်ခံ 'လယ်ဗယ်ဘောစ်' ကလည်း လုပ်ကွက်မျက်နှာပြင်နှင့် ယမ်းကြိုးတပ်ဆင်ထားသည့် ယမ်းကျင်းများကို စစ်ဆေးပြီး စိတ်ကျေနပ်သဖြင့် ယမ်းခွဲခွင့်ပြုကာ ထွက်ခွာသွားပြီ။ ယခုနောက်ဆုံးအကြိမ် စစ်ဆေးပြီးပါက ယမ်းဖောက်ခွဲရန်ပင်။

ထိုစဉ် သူတို့နောက်နားဆီမှ 'ဝုန်း' ဆိုသည့် အသံကျယ်ကြီးကို ကြားပြီးနောက် သူတို့သည် အရှေ့နံရံဆီသို့ လွင့်စဉ်သွားသည်။ ကိုယ်စီလုပ်သက်ဆယ်နှစ်အထက်ရှိကြသော ဝါရင့်သတ္တုတွင်း လုပ်သားကြီးများပီပီ သူတို့သည် သတိနှင့်ကိုယ် လျင်မြန်စွာကပ်အောင် ပြုလုပ်နိုင်ကြသည်။

ဦးစွာ အမှောင်ထုထဲမှာ တလက်လက်လင်းနေသည့် ကာဘိုက်မီးရောင်ဆီ သူတို့စမ်းသွားကြသည်။ ကာဘိုက်မီးခွက်ကို သတ္တုတွင်းဆောင်းဦးထုပ်အမာမှာ တပ်ဆင်ထားသည်။ မြေအောက်မှာတော့ ကာဘိုက်မီးခွက်သည် သတ္တုတွင်းလုပ်သားတို့၏ မျက်လုံးပင်ဖြစ်သည်။ အမှောင်ထုတို့စိုးမိုးနေသော မြေအောက်သတ္တုတွင်းထဲမှာ ကာဘိုက်မီးခွက်မှထွက်သည့် မှိန်ပျပျ အလင်းတန်းများသည်သာ အရာရာကို အဆုံးအဖြတ်ပေးတတ်ပါသည်။

အစပထမတော့ သူတို့သည် အလွန်သိပ်သည်းထူထပ်စွာ ကျဆင်းနေသော မြူနှင်းထုကြီးအတွင်းမှာ ရောက်နေကြသည်ဟုထင်လိုက်မိသည်။ ကာဘိုက်မီးရောင်အောက်မှာ အရာရာသည် မပီပိုးတဝါးနှင့် မှုန်ရီဝေသီနေသည်။ အမှန်စင်စစ် သူတို့ဝန်းကျင်မှာ ထူထပ်သိပ်သည်းစွာ လွင့်ပျံနေသောအရာများမှာ မြူနှင်းများမဟုတ်။ မြေပြိုရာမှ လွင့်ပျံထွက်ပေါ်လာသော မြေမှုန်ကျောက်မှုန်များသာဖြစ်ပါသည်။ လုပ်ကွက် မျက်နှာပြင်ကို ယမ်းဘီးလူးဖောက်ခွဲလျှင်လည်း ယခုကဲ့သို့ပင် ပြင်းထန်သော လေဖိအားနှင့်အတူ သိပ်သည်းထူထပ်သော မြေမှုန်ကျောက်မှုန်တို့ လွင့်ပျံထွက်ပေါ်လာစမြဲ။

သူတို့ ချောင်းတဟွတ်ဟွတ်ဆိုးနေကြသည်။ အသက်ရှူလိုက်တိုင်းလည်း မြေမှုန်ကျောက်မှုန်တို့က နှာခေါင်းအတွင်းသို့ အလုံးအရင်းနှင့်ဝင်ရောက်လာတတ်သဖြင့် အသက်ကိုမျှင်းကာ ရှူနေကြရသည်။

'ဟိုက်…သောက်ကျိုးနဲ့၊ မိုင်းပြိုပြီ ထင်တယ်'

ပိမိုသတိကောင်းသော ယမ်းထွန်းခင်မောင်ထံမှ အခြေအနေကိုသုံးသပ်သံထွက်လာသည်။ အမှန်စင်စစ် သူတို့လုပ်ကွက်အတွင်းသို့ လေထုဖိအားနှင့် ကျောက်မှုန်ကျောက်စများ အနောက်ဘက်မှ ဝင်လာစရာအကြောင်းမရှိ။ လာချင်းလာ သူတို့ယမ်းဘီးလူးဖောက်ခွဲရန် ပြင်ဆင်နေသည့် ရှေ့တူရူအရပ်ဆီမှသာ လာရမည်။ ဒါကလည်း ယမ်းဖောက်ခွဲပြီးမှ လာရမည်။ အခုသူတို့ ယမ်းမဖောက်ခွဲရသေး။ အန္တရာယ်ကင်းလွတ်ရာနေရာဆီသို့ မရှောင်တိမ်း မထွက်ခွာရသေး။ ထိုသို့သော အခြေအနေမှာ မမျှော်လင့်ဘဲ ယခုလိုအဖြစ်မျိုးနှင့် ကြုံဆုံရခြင်းအတွက် ဖြစ်နိုင်ခြေမှာတစ်ခုတည်း။ ယမ်းထွန်းခင်မောင်သုံးသပ်သလို…'သတ္တုတွင်း မြေပြိုခြင်း'

ထိုအတွေး၊ ထိုအသိ ခေါင်းထဲဝင်လာသည်နှင့် သူတို့သည် ကျောထဲမှာ 'စိမ့်' သွားကာ ကတုန်ကယင်ဖြစ်လာသည်။ အသက်အန္တရာယ်သည်လှမ်းကိုင်ထိတွေ့လို့ရသည့် အကွာအဝေးအထိ နီးကပ်လို့နေပြီ။ အချိန်မရွေးသူတို့ကို ခုန်အုပ်ဝါးမျိုလိုက်နိုင်သည်။ မှန်သည်။ သူတို့ ယခုမသေသေးသော်လည်း အချိန်မရွေး သေနိုင်သည်။ မြေပြိုခြင်းဟူသည် တစ်နေရာတည်းကွက်ပြိုနိုင်သကဲ့သို့ နေရာအနှံ့အပြားမှာ ဆက်ကာဆက်ကာ ပြိုနိုင်သည်။

သူတို့သည် အန္တရာယ်နည်းရာနည်းကြောင်းအဖြစ် တပ်ဆင်ပြီးသည့် အမိုးပန်းပြားများအောက်သို့ အလုအယက်ခိုဝင်ကြသည်။ မြေအောက်သတ္တုတွင်းများမှာတော့ မြေပြိုခြင်းအန္တရာယ်ကင်းဝေးအောင် သစ်သားထောက်တိုင်များ၊ အမိုးနှင့်အကာ ပန်းပြားများကို တပ်ဆင်ထားလေ့ရှိသည်။

သို့ရာတွင် တကယ်တမ်း မြေပြိုပြီဆိုသောအခါ ထိုထောက်တိုင်များသည် ရာနှုန်းပြည့် အာမခံချက်မပေးနိုင်ဘူးဆိုတာ ယခုအဖြစ်ကလက်တွေ့သက်သေပြလိုက်ပြီ။ ဟိုတုန်းကတော့ သက်မှတ်စံချိန်စံညွှန်းနှင့်အညီ မြေအောက်ထောက်တိုင်များကို စနစ်တကျ ထည့်သွင်းတပ်ဆင်နိုင်ခဲ့သဖြင့် မြေအောက်သတ္တုတွင်းများသည် အတန်အသင့် အန္တရာယ်ကင်းစွာ

အလုပ်လုပ်နိုင်ခဲ့ကြပါသည်။ ယခုမူ…

အမိုးပန်းအောက်ရောက်ပြီး မိနစ် အနည်းငယ်ကြာသည့်တိုင်အောင် နောက်ထပ်မြေမပြိုသဖြင့် သူတို့ အနည်းငယ်စိတ်အေးသွားသည်။ မြေအောက် သတ္တုတွင်းဟူသည် ရံဖန်ရံခါ သဘာဝမျှခြေကို သူ့အလိုအလျောက် ဖန်တီး သွားတတ်သည်။ ထောက်ကန်အားနည်း၍ မြေပြိုသည်။ မြေပြိုလိုက်သည့် အတွက် ပိုမိုခိုင်ခန့် တည်ငြိမ်သွားသည်။ ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝ တရား၏ အံ့မခန်း ဆန်းကြယ်ခြင်းများ…။ သို့သော် အခါခပ်သိမ်းတော့ မဟုတ်။

သူတို့သည် နာရီအနည်းငယ်ကြာသည်အထိ တစ်ယောက်ကို တစ်ယောက် စကားမပြော အသံမပြုဘဲ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေမိကြ သည်။ စိတ်ဓာတ်တို့သည် အောက်ဆုံးနားအထိ ကျဆင်းကာ၊ ရင်မှာ ပူပြင်း လောင်မြိုက်လျက် ဇလောင်ဆန်နေသည်။ အားငယ်လိုက်သည်မှာလည်း ပြော စရာမရှိ။ စိတ်ကြမ်း၊ လူကြမ်း၊ ဘဝကြမ်းသည့် ဝါရင့်မြေအောက် သတ္တု တွင်းလုပ်သားများမို့ သူတို့ကိုယ်သူတို့ သူတို့တူးဖော်နေသည့် သတ္တုသားကဲ့သို့ မာကျောလှပြီထင်ထားခဲ့ကြသော်လည်း သေဘေးနှင့် နဖူးတွေ့၊ ဒူးတွေ့ကြုံရ သည့်အခါ အသက်ကိုခင်တွယ်တတ်သည့် လူသားများပီပီ ဆောက်တည်ရာ မရအောင် ချောက်ချားတုန်လှုပ်နေမိကြပါသည်။

မြေအောက်တွင် တွင်းပြိုပြီး ပိတ်မိနေသော သတ္တုတွင်းလုပ်သား တို့၏ ရှင်သန်လွတ်မြောက်မှုဆိုသည်မှာ ရာနှုန်းအနည်းငယ်မျှသာရှိပါသည်။ ကံကောင်းထောက်မစွာ အကြောင်းတရားပေါင်းစုံ တိုက်ဆိုင်ပါမှ မြေပြိုကာ လှောင်ပိတ်မိနေသည့် အနည်းငယ်မျှသော သတ္တုတွင်းလုပ်သားများကို သေမင်း၏အာခံတွင်းမှ ဆွဲထုတ်ကယ်တင်နိုင်ခဲ့ဖူးသည်။

နောက်ထပ်နာရီအနည်းငယ်အကြာမှာ သူတို့ အတန်အသင့် တည်ငြိမ်လာသည်။ ယခုဆိုလျှင် သတ္တုတွင်းအတွင်းမှာ မြေပြိုပြီး ပိတ်လှောင် မိနေသည်မှာ လေးနာရီကျော်ကျော်ခန့်တော့ ရှိရော့မည်။ သူတို့၏ မနက် ဆိုင်းပင် အလုပ်ဆင်းပြီး၍ နေ့ဆိုင်းမှ လုပ်သားများ မြေအောက်လုပ်ကွက်များ ဆီသို့ ဝင်ရောက်ပြီး ဖြစ်နေလောက်ပြီ။

သတ္တုတွင်းတာဝန်ရှိသူများနှင့် အထူးလေ့ကျင့်ထားသည့်

ကယ်ဆယ်ရေးအဖွဲ့ဝင်များကတော့ သူတို့အတွက် ဒေါင်းတောက်နေရော့မည်။ သူတို့ကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားကြမှာလည်း သေချာသည်။ မိုင်းမြို့အတွင်းမှ ဘဝတူ သတ္တုတွင်းလုပ်သားများကလည်း သူတို့ အသက်ရှင်ရေးအတွက် ဘာမဆို ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးရန် အသင့်ဖြစ်နေကြမည်။ ယခုချိန်လောက်ဆို မြေအောက်သို့ဆင်းသည့် ပင်မစိုက်တွင်းတစ်ဝိုက်မှာ လူများ ဖွေးဖွေးလှုပ်နေကြရော့မည်။ အားလုံးကလည်း သူတို့နှစ်ယောက်အတွက် ပူပန်စိုးရိမ်စွာ ဆုတောင်းမေတ္တာပို့သနေကြမည်။

ထိုအတွေးဝင်လာသည့်အခါ သူတို့ အားတက်လာကြသည်။ လွယ်ကူစွာ အရှုံးမပေးဘဲ အသက်ရှင်သန်ရေးအတွက် နောက်ဆုံးအချိန်အထိ ကြံ့ကြံ့ခံတိုက်ပွဲဝင်သွားရန် ဆုံးဖြတ်မိကြသည်။

× × ×

လိုဏ်နံရံကို ကျောမှီထိုင်နေရာမှ ခင်မောင်က ထရပ်လိုက်သည်။ ထို့နောက် ကာဘိုက်မီးရောင်အကူအညီဖြင့် မြေပြိုရာအရပ်ဆီသို့ ဦးတည်လျှောက်သွားသည်။ ကျော်သောင်းကလည်း သူ့နောက်မှ ကပ်လိုက်လာသည်။ အခုတော့ မြေမှုန်ကျောက်မှုန်များ အတန်အသင့် ကျဲပါးသွားကာ ပတ်ဝန်းကျင်ကြည်လင်လာပြီ။

တွေးထင်ထားသည့်အတိုင်းပါပဲ။ နံပါတ်ခြောက်ပင်မလိုဏ်မှ ခွဲထွက်လာပြီး သူတို့လုပ်ကွက်နှင့် ဆက်သွယ်ထားသော 'တစ်ဖက်ပိတ်လိုဏ်' မှ မြေပြိုခြင်းဖြစ်သည်။ မြေပြိုသည့်ပမာဏ မည်မျှ များပြားပါသလဲ။ မည်မျှရှည်လျားပါသလဲ။ ပြိုကျထားသည့် မြေစာ ဘယ်လောက်များများ ထုတ်နုတ်ဖယ်ရှားနိုင်ပါမှ သူတို့သည် အပြင်လောကနှင့် အဆက်အသွယ်ပြန်ရကာ အသက်ရှင်သန်နိုင်ပါမည်လဲ။

သူတို့သည် ဂေါ်ပြားတစ်ချောင်းတလေလောက် တွေ့လိမ့်နိုးဖြင့် ပတ်ဝန်းကျင်မှာ လှည့်ပတ်ရှာဖွေသည်။ မတွေ့။ ပြိုကျနေသည့် ကျောက်ဆိုင်ကျောက်ခဲများကို ဖယ်ထုတ်ရာတွင် အထောက်အကူရနိုင်မည့် မည်သည့်ပစ္စည်းပစ္စယမျှမတွေ့ရ။ ထိုအခါ သူတို့နှစ်ယောက်သည် အရူးများလို ပြိုကျနေသော ကျောက်တုံးကျောက်ခဲများကို လက်ဖြင့် ကမူးရှူးထိုးဖယ်ရှားနေမိ

သည်။ မကြာမီ သူတို့၏ လက်ဖဝါးအစုံမှ သွေးချင်းချင်းနီရဲ စီးကျလာသည်။ ခန္ဓာကိုယ်ပေါ်မှ ချွေးစီးချောင်းများက 'မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ အလား' တဒီးဒီး စီးဆင်းနေသည်။ အလုံပိတ်လိုဏ်တိုလေးအတွင်းမှာ မောပန်းလှိုက်ဖိုမှုကြောင့် ထွက်ပေါ်လာသော အသက်ရှုသံပြင်းပြင်းများက အင်အားကောင်းသည့် လေမုန်တိုင်းတစ်ခုအလား။

နောက်ဆုံးမှာ သူတို့ လက်လျှော့လိုက်ရသည်။ သူတို့လက်များမှာ ဘာကိုမှ ထိလို့ ကိုင်လို့မရအောင် နာကျင်ရောင်ရမ်းကာ သွေးအလိမ်းလိမ်း ဖြစ်နေပြီ။ သူတို့ခြေထောက်များမှာ မတ်တတ်ရပ်လို့မရအောင် ပျော့ညွတ်ခွေ ယိုင်ကျနေပြီ။ သူတို့သည် သတ္တုတွင်းကြမ်းပြင်မှာ စိတ်ပျက်အားငယ်စွာ လှဲအိပ်လိုက်ကြသည်။

ထို့နောက် ယောကျ်ားရင့်မာကြီးများ ဖြစ်ကြပါလျက် အားကိုးရာမဲ့ ကလေးသူငယ်များသဖွယ် ဝမ်းနည်းကြေကွဲစွာ အူလိုက်သည်းလိုက် ရှိုက် ကြီးတငင် ဟစ်အော် ငိုကြွေးလိုက်ကြပါတော့သည်။

× × ×

'ငါ့မီးခွက် ငြိမ်းလိုက်မယ်။ မင်းမီးခွက်လည်း ရေလျှော့လိုက်ကွာ။ ကာဘိုက် ချွေတာရအောင်။ ကယ်ဆယ်ရေးအဖွဲ့တွေ မရောက်လာခင် ဘယ် လောက်ကြာတဲ့အထိ ငါတို့ ဒီမှာ ပိတ်မိနေကြဦးမလဲ မပြောနိုင်ဘူး'

ခင်မောင့်စကားအဆုံးမှာ အလင်းရောင် မှိန်ကျသွားသည်။ ခင်မောင့် မီးခွက်ငြိမ်းလိုက်ပြီ။ ကျော်သောင်းကလည်း သူ့မီးခွက်၏ ရေဗားကို တစ်ဝက် လောက် လျှော့လိုက်သည်။ အခုတော့ လိုဏ်ခေါင်းကလေးမှာ အလင်းရောင် ရှိသည်ဆိုရုံမျှသာ။

'အေးကွာ။ မြေပြိုတုန်းက လေပိုက်တွေ၊ ရေပိုက်တွေ ကျိုးကွဲမသွား တာကိုဘဲ ကျေးဇူးတင်ရသေးတယ်။ အဲဒီလိုမဟုတ်ရင် ဒီအချိန်လောက်ဆို ငါတို့နှစ်ယောက်...' ကျော်သောင်းက စကားမဆက်ရဲသလို ငြိမ်ကျသွား သည်။

မှန်သည်။ လိုဏ်ပြိုစဉ်က လုပ်ကွက်ဆီသို့ သွယ်တန်းထားသည့် လေပိုက်၊ ရေပိုက်များသည် ကံထောင်းထောက်မစွာ မယုံနိုင်ဖွယ် အကောင်း ပကတိကျန်ရစ်သည်။ ထိုလေပိုက်၊ ရေပိုက်များမှ အဆက်မပြတ် ထွက်နေ

သည့် လေများ၊ ရေများကြောင့်သာ သူတို့သည် အခုအချိန်အထိ အသက်ရှင်သန်နေနိုင်ခြင်းဖြစ်သည်။ ပို၍ကံကောင်းသည်မှာ ထိုပိုက်များသည် အလွန်ခိုင်ခန့်သည့် မူလလက်ဟောင်း သတ္တုတွင်းသုံး သံပိုက်များ ဖြစ်နေခြင်းပင်။

လုပ်သက်ပိုရင့်ပြီး ပိုမိုတည်ငြိမ်သော ခင်မောင်က လှဲနေရာမှထပြီး လေပိုက်၊ ရေပိုက်များဆီသို့ လျှောက်သွားသည်။ ထို့နောက် ပဲ့ကျနေသော သတ္တုရိုင်းတစ်စကို ကောက်ကိုင်ကာ ပိုက်လုံးတစ်လုံးကို လေးလေးမှန်မှန် ထုရိုက်နေပါသည်။

ယခုအချိန်အထိ ပိုက်များက လေများ၊ ရေများ၊ ထွက်နေခြင်းမှာ ပြိုကျနေသော ကျောက်မြေစာပုံ၏ အခြားတစ်ဖက်မှာ ရှိနေသူများ (ကယ်ဆယ်ရေးအဖွဲ့သားများ ဖြစ်နိုင်သည်)က သူတို့ အသက်ရှင်ကောင်းရှင်နေနိုင်သေးသည်ဆိုသော မျှော်လင့်ချက်ဖြင့် ပိုက်များမှတစ်ဆင့် ဖိသိပ်လေများ၊ ရေများကို အဆက်မပြတ် ပို့လွှတ်ပေးနေခြင်းဖြစ်မည်။ မိမိတို့ အသက်ရှင်နေသေးကြောင်းကို ကယ်ဆယ်ရေးအဖွဲ့က သိရန်လိုသည်။ သို့မှသာ ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ကြမည်။

ခင်မောင် မောသောအခါ ကျော်သောင်းက သံပိုက်ကို သတ္တုခဲနှင့် ဆက်ထုသည်။ အလွန်ရှေးရိုးဆန်သော အချက်ပေးနည်းစနစ်ဖြစ်သော်လည်း မြေအောက်သတ္တုတွင်းများမှာတော့ သည်နည်းစနစ်ကို လိုအပ်သည့်အခါတိုင်း အသုံးပြုကြမြဲ။

တစ်ယောက်တစ်လှည့်ဖြင့် သံပိုက်ကို ထုရိုက်အချက်ပေးနေကြသော်လည်း တစ်ဖက်မှ မည်သည့်တုံ့ပြန်အချက်ပေးသံမှ ထွက်ပေါ်မလာခဲ့။

ဤသို့ဖြင့် သူတို့နှစ်ယောက် မြေအောက်မှာ ပိတ်လှောင်မိနေကြသည်မှာ သုံးဆယ့်ခြောက်နာရီခန့် ကြာမြင့်လာခဲ့ပြီ။ အင်အားများ လျော့ပါးခန်းခြောက်လာသည်။ စိတ်ဓာတ်များ ယိမ်းယိုင်လဲပြိုလာသည်။

'တောက်…တောက်…တောက်…တောက်'

ကြားလိုက်ရသောအသံကြောင့် သူတို့ ဆံပင်မွေးညင်းများ ထောင်ထ

သွားသည်။ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်။ ကြက်သီးဖြန်းဖြန်း ထသွားသည်။

'ဟေး ...' ခနဲ အော်ဟစ်လိုက်ကြပြီး အလိုလို ထခုန်မိကြသည်။ တစ်ယောက်ကိုတစ်ယောက် တဒင်္ဂမျှ ငေးစိုက်ကြည့်နေမိကြပြီးနောက်မှာတော့ တင်းကျပ်စွာ ပွေ့ဖက်လိုက်မိကြပါသည်။

'တောက်...တောက်...တောက်...တောက်'

မင်္ဂလာရှိလိုက်တဲ့ အသံ၊ ကျက်သရေရှိလိုက်တဲ့အသံ... သူတို့နှင့် ပြင်ပလောကကြီးကို အဆက်အသွယ်ပြုပေးသော တစ်ခုတည်းသောအသံ။ သူတို့အသက်ကို ကယ်တင်ပေးမည့်သူတို့ထံမှလာသော အသံ။

သူတို့နှစ်ယောက်သည် လက်ထဲ ရောက်လာသမျှ အရာဝတ္ထုများနှင့် သံပိုက်များကို အားပါးတရထုရိုက်နေကြသည်။

'တောက်...တောက်...တောက်...တောက်'

× × ×

နောက်ထပ် ဆယ့်နှစ်နာရီလောက် ကြာသွားသည်။ ဘာမှ ထူးခြားမလာသေး။ ကျော်သောင်း၏ မီးခွက်မှ ကာဘိုက်များ ကုန်သွားပြီ။ အလုံပိတ် လိုဏ်ထဲမှာ လေနဲ့ ရေမှအပ မည်သည့်အစာအာဟာရမှ မမှီဝဲရဘဲ လေးဆယ့် ရှစ်နာရီလုံးလုံး ရှင်သန်နေနိုင်ခြင်းမှာ သတ္တုတွင်းလုပ်သားတို့၏ သံမဏိကဲ့သို့ ကြံ့ခိုင်သော ကာယအင်အား၊ စိတ်ဓာတ်အင်အားများကြောင့်ပင် ဖြစ်ပါသည်။ စိုထိုင်းဆများပြီး ပူလောင်အိုက်စပ်သည့် မြေအောက်သတ္တုတွင်းမှာ အလိုလိုနေရင်းမှပင် အင်အားများ ဆုတ်ယုတ်ကုန်ခန်းတတ်သည်လေ။

ရံဖန်ရံခါ ကြားနေရသည့် ပိုက်လုံးမှလာသည့် ဆက်သွယ်ရေးအသံ တတောက်တောက်ကြောင့်သာ မျှော်လင့်ချက်ကို မစွန့်လွှတ်ကြသေးခြင်းဖြစ် သည်။

အစာပြတ်နေသော သူတို့ခန္ဓာကိုယ်မှာ အင်အားများ မရှိသလောက် ဖြစ်နေပြီ။ စကားလည်း မပြောနိုင်ကြတော့။ သတ္တုတွင်း ကြမ်းခင်းပေါ်မှာ ဖြစ်သလို ခွေခေါက်လှဲအိပ်နေကြသည်။ သည်ပုံအတိုင်းဆိုလျှင် နောက်ထပ် နာရီအနည်းငယ်လောက်သာ သူတို့ အသက်မသေဘဲ ရှင်သန်တောင့်ခံနိုင်ကြ တော့မည်ထင်သည်။

ထိုအချိန်မှာ ပြိုကျထားသော ကျောက်စာ၊ မြေစာများကြားမှ သုံးမတ်လုံးလောက်ရှိသော တစ်ဖက်ချွန်သံပိုက်လေးထွက်လာသည်ကို လက်ကျန်ကာဘိုက်မီး အလင်းရောင်ဖြင့် သူတို့တွေ့လိုက်ရသည်။ 'မေခလာနတ်သမီး' ကို တွေ့သောအခါ 'ဇနက္ကမင်းသား' ခံစားရသလိုမျိုး သူတို့ခံစားလိုက်ရသည်။ ကယ်ဆယ်ရေးအဖွဲ့သားများသည် သူတို့ထံသို့ ဆက်သွယ်ရေးပိုက်တစ်ချောင်းကို အောင်မြင်စွာ ရိုက်သွင်းလိုက်နိုင်ကြပြီ။ ထို့မျှမကသေး။ ထိုပိုက်ဆီမှ အလွန်သာယာ နာပျော်ဖွယ်ကောင်းသည့် အသံလည်း ထွက်ပေါ်နေပါသေးသည်။

'တောက်...တောက်...တောက်...တောက်'

သူတို့ကလည်း ထိုပိုက်ကို လက်ကျန်အင်အားလေးဖြင့် ပြန်ထုလိုက်သည်။

'တောက်...တောက်...တောက်...တောက်'

မကြာမီ ထိုပိုက်မှ ရေများကျလာသည်။ ဓာတ်ဆားရည်များ။ အားဆေးများလည်း ဖြည့်ထည့်ထားသေးသည် ထင်သည်။ သူတို့နှစ်ယောက် တစ်ယောက်တစ်လှည့် ပါးစပ်ထိုးခံကာ သောက်လိုက်ကြသည်။ ခဏကြာတော့ ပိုက်ထဲမှ နွားနို့များ ထွက်ကျလာသည်။ ရေပိုက်ကို ပါးစပ်အပ်ကာ တစ်ယောက်တစ်လှည့် အငမ်းမရ သောက်လိုက်ကြသည်မှာ နို့မျက်သည့် ကလေးက မိခင်၏နို့ပျဉ်းကို မလွှတ်တမ်းဆွဲကာ သောက်စို့နေသည့်ပမာ။

နို့အတန်အသင့်သောက်ပြီးချိန်မှာ သူတို့သည် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်ကာ အူလှိုက်သည်းလှိုက် ဟက်ဟက်ပက်ပက် ရယ်မောနေလိုက်ကြပါသည်။

× × ×

နောက်ထပ် ခုနစ်ဆယ့်နှစ်နာရီကြာမှ 'ကယ်ဆယ်ရေးလိုဏ်' က သူတို့ထံပွင့်သည်။

ထိုအချိန်မှာ သူတို့သည် သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေကြပြီ။

ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က အသက်ပိုကြီးကာ အင်အားပိုချည့်နဲ့ပုံရသည့် ယမ်းထွန်းခင်မောင်ကို ဦးစွာကယ်ထုတ်ရန်လုပ်သည်။

ယမ်းထွန်းကလက်မခံ။ လက်ကျန်အင်အားဖြင့် ခေါင်းခါယမ်းပြပြီး သူ့လက်ထောက်ကို လက်ညှိုးထိုးပြသည်။

'ကျောင်းသောင်းကိုသာ ဦးစွာကယ်ထုတ်သွား' ဆိုသည့်သဘော။

ကယ်ဆယ်ရေးအဖွဲ့က ကျော်သောင်းထံ ရောက်သွားကာ အပြင်သယ်ထုတ်ရန်ပြင်ဆင်သည်။ ကျော်သောင်းကလည်း လက်မခံ။ ပါးစပ်ဖျားမှ စကားလုံး မသဲကွဲသည့် လေသံယဲ့ယဲ့ဖြင့် အကြောက်အကန် ငြင်းဆန်နေပြီး ခင်မောင်ကိုသာ လက်ညှိုးထိုးပြနေပြန်သည်။

'ခင်မောင်ကိုသာ အလျင်ကယ်တင်ပါ' ဆိုသည့်အဓိပ္ပာယ်။

အချိန်မရွေး မြေထပ်မံပြိုကျနိုင်ပြီး အသက်ဘေးနှင့် အင်မတန်နီးကပ်နေသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်လုလုပ်နေရစဉ်၌ သူတို့နှစ်ယောက်၏ အပြုအမူမှာ စိတ်မရှည်စွာ ဖြစ်နေပါသည်။

သို့ရာတွင် မြေအောက်မှာ ငါးရက်လုံးလုံး အတူတကွ ပိတ်လှောင်မိကာ သစ္စာရှိစွာ 'သေဖော်ရှင်ဖက်' ဖြစ်ခဲ့သူနှစ်ဦးသည် အသက်ဘေးမှ လွတ်ရာလွတ်ကြောင်းဖြစ်လာသောအခါ တစ်ကိုယ်ကောင်းဆန်စွာ အခွင့်အရေးကို ဦးစွာရယူလိုက်ရမှာကို အသက်သေရမှာထက်ပို၍ ရှက်ကြောက်နေကြသည်လေ။ ။

'မဟေသီ' ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၇၈၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်။

...ဖြေဆိုတာ

ငွေပေးဝယ်မှ ပိုင်တာလား။

ချွေးနဲ့သွေးနဲ့ လုပ်အားနဲ့

ရင်းနှီးပျိုးထောင်ခဲ့ပြီး

မျိုးရိုးစဉ်ဆက်

နှစ်ပေါင်းများစွာ နေလာခဲ့ကြတဲ့

ငွေနဲ့ဝယ်ထားတာမဟုတ်လို့

စာရွက်စာတမ်းမရှိတဲ့

နိုင်ငံသားအစစ်တွေကရော

မပိုင်ဆိုင်နိုင်ဘူးလား ...



## အခမ္မရပ်ကွက်သားများ

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတော့ သည်နေရာကို တော်ရုံတန်ရုံလူ မသွားရဲ၊ မလာရဲ။

သည်နေရာသို့ရောက်ရန် ဘာသာစုံသုသာန်သုံးခုကို ဖြတ်ကျော်ရသည်။ ဟိုယခင်က အသုဘချသောအခါ ယခုလို မီးသင်္ဂြိုဟ်ခြင်း မပြုနိုင်သေးပါ။ မြေမြှုပ်၍သာ သင်္ဂြိုဟ်လေ့ရှိသည်။ တတ်နိုင်သူများကတော့ အုတ်ဂူလေးများကို လှလှပပ အမှတ်တရလုပ်ကြသည်။ မတတ်နိုင်သူများကတော့ အလောင်းကို မြေဖို့ပြီးသောအခါ ခေါင်းရင်းမှာ မှတ်တိုင်လေးတစ်တိုင် စိုက်တတ်သည်။ အများစုကတော့ မြေဖို့ပြီးလျှင် ပြီးချင်း နောက်ပြန်လှည့်မကြည့်တော့ဘဲ တစ်ကြိုးတည်း ပြန်လည်ထွက်ခွာသွားတတ်သည်။ (သွားလေသူကိုတရားနာဖိတ်ဖို့ တာဝန်ကျသူတစ်ယောက်က လွဲလို့ပေါ့။)

အခြားဘာသာဝင်နှစ်ခု၏ သုသာန်များမှာ ထိုက်သင့်သည့် ပြုပြင်ထိန်းသိမ်းမှုရှိသဖြင့် အတော်လေးသပ်ရပ်သည်။ နှစ်ပတ်လည် ဝတ်ပြုဆုတောင်းပွဲများ ကျင်းပကြတာလည်း တွေ့ရသည်။ ဝတ်ပြုဆုတောင်းပြီးသောအခါ သွားလေသူ၏ နေရာလေးကို သန့်ရှင်းသပ်ရပ်အောင် လုပ်ပေးလေ့ရှိသည်။ ထို့ကြောင့် ပြုပြုပြင်ပြင် ထိန်းထိန်းသိမ်းသိမ်းရှိသော သူတို့၏သုသာန်သည် လူအများစုအသုံးပြုသော သုသာန်ထက် များစွာသန့်ရှင်းသပ်ရပ်သည်။

လူအများစု အသုံးပြုလေ့ရှိသော သုသာန်ကတော့ မသပ်မရပ်နှင့်

ဖြုတ်စဖျင်းတောင်းဖြစ်နေသည်။

လူကုံထံများကို မြုပ်နှံလေ့ရှိသည့် အုတ်ဂူများရှိရာ (မြေဈေးမြင့်သည့် အဝင်ဝက) နေရာကတော့ အတန်အသင့် သန့်ရှင်းသပ်ရပ်သည်ဟု ဆို၍ဖြစ်ရုံ တော့ရှိ၏။ သိတဲ့အတိုင်းပဲလေ…။ လူအများစုမှာ သွားလေသူရဲ့နေရာကို တစ်နှစ်တစ်ခါ အမှတ်တရ သွားရောက်ဂါရဝပြုတဲ့ အလေ့အထက တိတိ ကျကျမရှိပါ။ သွားချင်သူသွား၍ မသွားသူက များ၏။ ထို့ကြောင့် သုသာန် အဝင်က လူကုံထံတို့၏ အုတ်ဂူများရှိရာ တစ်ပိုက်မှာပင် စိတ်လိုလက်ရ ထုံး သုတ်သန့်ရှင်းထားသည့် အုတ်ဂူအနည်းငယ်မျှသာ တွေ့ရတတ်ပြီး အုတ်ဂူ အများစုကိုတော့ နှစ်ပေါင်းများစွာ မထိန်းမသိမ်း မပြုမပြင် လျစ်လျူရှုကာ ပစ်ထားကြသည်။ အရောင်းအဆင်းမဲ့ကာ ယိုယွင်းပျက်စီးလျက်ရှိသည်။ ကြောက်ဖွယ်လန့်ဖွယ် အသွင်ကိုဆောင်နေသည်။

အနည်းငယ်မျှသာ လူကုံထံများ မြုပ်နှံရာ နေရာသည်ပင် ထိုသို့ဖြစ် သည်ဆိုလျှင် လူအများစု သာမန်လက်လုပ်လက်စား ဆင်းရဲသားများ မြုပ်နှံ ရာ နေရာလေးကတော့ ပြောစရာမလိုပါ။ ထိုးထိုးထောင်ထောင် မို့မို့မောက် မောက်နှင့် ပရမ်းပတာဖြစ်နေပါသည်။ မြို့လေးမှာ လူနေကျဲပါး၍ သေဆုံးသူ ဦးရေ နည်းပါးစဉ်က ကိစ္စမရှိလှ။ နောက်ပိုင်း မြို့ကွက်များချဲ့ထွင်ကာ မှီတင်း နေထိုင်သူဦးရေ သိပ်သည်းများပြားလာသောအခါ ပြဿနာဖြစ်လာပါသည်။ နေသူများလျှင် သေသူများသည်မှာ သဘာဝ။ သို့ရာတွင် သေသူများကို မြုပ် နှံသင်္ဂြိုဟ်ရန် သုသာန်မြေကို လုံလောက်သည့် အကျယ်အဝန်းရရှိသည်အထိ မချဲ့မထွင်နိုင်ခြင်းမှာ ပြဿနာအဓိက။ မြို့က ကြီးသထက်ကြီးလာပြီး လူဦး ရေက များသထက်များလာသော်လည်း မြို့၏ သုသာန်လေးမှာ နဂိုနေအတိုင်း သာ။

မြို့နေလူများကလည်း မသေဘဲ မနေကြ။ နေ့စဉ် အချိုးအစားအတိုင်း မှန်မှန်ကြီး သေနေကြသည်။ မြို့၏လိုအပ်ချက်နှင့်အညီ ဝန်ဆောင်မှုပြည့်မီ အောင် မပေးနိုင်သောအခါ သူ့နည်းသူ့ဟန်ဖြင့် ဖြစ်သလို ကြံဖန်ဖြည့်ဆည်း ရတော့သည်။ ထိုအခါ မြေပုံများ တဖြည်းဖြည်း ကပ်လာသည်။ တိမ်လည်း တိမ်လာသည်။ နောက်တော့ ထပ်လာသည်။ ဟိုတစ်ယောက်တုန်းကလည်း သည်နေရာ၊ နောက်တစ်ယောက်ကျတော့လည်း သည်နေရာဖြစ်လာသည်။

အစကတော့ 'ရက်ခြာ' တာ တော်တော်လေးကွာသည်မို့ 'ရိုးမြေကျချိန်' လုံလောက်စွာ ရခဲ့သည်။ နောက်ပိုင်းမှာတော့…

လူအများကတော့ သည်ကိစ္စကို တရားသဘော နှလုံးသွင်းကာ စိတ်အာရုံမှ ဖျောက်ဖျက်ထားကြသည်။ သို့ရာတွင် လွယ်ကူစွာ ပျောက်ပျက်မသွားတတ်သည့် အရိုးများကတော့ ဝဖီးနေသော ချေးအလေအလွင့်များကြောင့် သင်္ချိုင်းမြေမှာ ဖွေးဖွေးလှုပ်နေပါသည်။ ထို့ကြောင့် သုသာန်သို့ နေ့လယ်နေ့ခင်းမှာ မလွဲသာမရှောင်သာ အသုဘပို့ သွားရတာကိုပင် စိတ်ထဲမှာ ချောက်ချောက်ချားချားရှိသည်။ ကျန်အချိန်များဆိုလျှင် အနားသို့ ယောင်လို့ပင် မသီချင်…။ ဖြတ်သွားဖြတ်လာလုပ်ဖို့ကတော့ ဝေးစွခြောက်ပါးပေါ့…။

သူတို့နေထိုင်ရာ အစုလေးမှာ ထိုသုသာန်များ၏ အနောက်ဘက်နားမှာ ရှိပါသည်။

× × ×

ရှေးမိနောက်မီများ ပြောပြသည်မှာ ထိုနေရာလေးသည် ဟိုးယခင်ကတည်းက 'သားသတ်ကုန်း' ဖြစ်ခဲ့သည်…တဲ့။ ဂျာပန်ခေတ်က သူခိုးဓားပြများကို ထိုနေရာမှာပဲ ကွပ်မျက်လေ့ရှိသည်…တဲ့။ တော်လှန်ရေးသမားအချို့လည်း ထိုနေရာမှာပဲ လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ရသည်…တဲ့။

လူသွားလူလာမရှိသော ထိုနေရာလေးမှာ လက်ရဲဇက်ရဲရှိသူတို့က အသားခိုးပေါ်လေ့ရှိသည်။ အစကတော့ သိုသိုသိပ်သိပ် နည်းနည်းပါးပါး။ နောက်တော့ နေ့စဉ်ရက်ဆက် များများစားစား။ မကြာမီ သားသတ်တဲများ အစီအရီပေါ်လာသည်။

အရင်ကတော့ ထိုနေရာကို လုပ်ငန်းအတွက်သာ သုံးခဲ့သည်။ နောက်ပိုင်းမှာတော့ သွားလိုက်ပြန်လိုက် လုပ်မနေကြတော့ဘဲ ထိုနေရာလေးမှာပဲ ညဥ့်အိပ်ညဥ့်နေ နေလိုက်ကြတော့သည်။ ဤသို့ဖြင့် လူနေတဲကလေးများ ဟိုနားတစ်စု သည်နားတစ်စု ပေါ်လာသည်။ အစတွင် တဲလေးများတွင် အလုပ်လုပ်သူများသာ စုနေကြသော်လည်း နောက်တော့ မိသားစုဝင်များပါ လာရောက်နေထိုင်ကြသည်။ တဲအိမ်လေးများ တဖြည်းဖြည်း များပြားလာသည်။ မှီတင်းနေထိုင်သူများလည်း တစ်စတစ်စ တိုးပွားလာသည်။ ထိုအခါ

ဈေးဆိုင်လေးများ တစ်ဆိုင်ပြီးတစ်ဆိုင် ပေါ်လာသည်။

အဦးဆုံး စထွက်သည့်ဆိုင်က 'အရက်ဆိုင်'။ ဝက်ဝက်ကွဲအောင် ရောင်းကောင်းသည်။ ထိုအခါ စီးပွားပြိုင်များပေါ်လာသည်။ 'သေတင်းကုပ်' များ ဟိုမှာတစ်စု၊ သည်မှာတစ်စု အပြိုင်းအရိုင်းပေါ်လာသည်။ ပေါ်စကတော့ သူတို့သည် 'သေရည်' ကို ရောင်းရုံသာရောင်းကြသည်။ နောက်တော့ လုပ်ငန်း လိုအပ်ချက်နှင့် ပတ်ဝန်းကျင်အခြေအနေပေးမှုအရ သူတို့လုပ်ငန်းများကို ချဲ့ ထွင်လိုက်ကြသည်။ ကျွမ်းကျင်သူများ ငှားကာ ကိုယ်တိုင် အရက်ချက်ကြ သည်။

လုပ်ငန်းက ကောင်းသည်။ မြို့လေးကိုသာမက အနီးအနားမြို့များ နှင့်တကွ မြို့တော်သို့ပါ အသားနှင့်အရက်များကို အဓိက ဖြန့်ချိနိုင်ခဲ့သည်။ လုပ်ငန်းကောင်းတော့ ငွေရှင်သည်။ ငွေရှင်တော့ နေရာလေးက စည်ပင်လာ သည်။

ဝေလီဝေလင်း နံနက်ခင်းများတွင် မြေပုံများ၊ အုတ်ဂူများကြားမှ တစ်စီးပြီးတစ်စီး အဆက်မပြတ် ထွက်လာသော 'ကုန်တင်စက်ဘီးများ' ပေါ်မှာ သွေးသံရဲရဲ ဝက်သားတွဲများကို တွေ့ရသည်။ အရက်ပုန်းထည့်သည့် ပလတ်စတစ်ပုံးကြီးများကိုလည်း စီရရီတွေ့ရသည်။ ထိုကုန်စည်များသည် သုသာန်လမ်းပေါ်မှာ အသင့်စောင့်ဆိုင်းနေသော ကားကြီးကားငယ်များပေါ် သို့ ရောက်သွားသည်။ သူတို့ရပ်ကွက်ထွက်ကုန်များသည် ဈေးကွက်အသီးသီး သို့ အရုဏ်မတက်မီ မှောင်ရီပိုးတဝါးမှာပဲ တိတ်တိတ်ဆိတ်ဆိတ် စီးဆင်း ပျောက်ကွယ်သွားလေ့ရှိသည်။

× × ×

သူတို့သည် ပညာမဲ့သည့် ရပ်ကြမ်းသမားများဖြစ်ကြသည်။ သူတို့ ၏ လိုအင်ဆန္ဒများကို လက်ရုံးရည်အားဖြင့်သာ ဖြေရှင်းလေ့ရှိသည်။ နှိုင်းနှိုင်း ချိန်ချိန်၊ တွေးတွေးဆဆ လုပ်လေ့လုပ်ထမရှိကြ။ ရုတ်ခြည်း ခံစားတတ်ပြီး ချက်ချင်း လက်ကပါသွားတတ်သည်။ သူတို့ကိုယ်သူတို့ ပြန်လည်သတိပြုမိ ချိန်မှာ ခြေလွန်လက်လွန်ဖြစ်ပြီးနေပြီ…။ အရာရာမှာ ဦးနှောက်က နောက်၊ လက်က အလျင်…။ လက်လည်း ယဉ်ကြသည်။

တော်ရုံတန်ရုံ ခြေလွန်လက်လွန်မှုများကိုတော့ သူတို့အစုရဲ့ တောင်

ဘက်က ရေတက်ရေကျကြမ်းသည့် ဒီရောက်ချောင်းလေးအတွင်းမှာပဲ လူ မသိသူမသိ ဖြေရှင်းလိုက်ကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူတို့အစုအတွင်း မှာ တညီတညွတ်တည်း လိုက်နာကျင့်သုံးလေ့ရှိသည့် အလေ့အထရှိသည်။ ကိုယ့်ကိစ္စမဟုတ်လျှင် မသိကျိုးကျွန်နေတတ်ရသည်။ သို့မဟုတ်က နောက် ရက်မှာ ရေတက်ရေကျနှင့်အတူ စီးမျောနေသည့် ခန္ဓာတစ်ခုကို ဒီရောက် ချောင်းအတွင်းမှာ ထပ်မံမြင်တွေ့ရမည်။

သူတို့အစုတွင် ကိုယ်ပိုင်သီးခြားဓလေ့စရိုက်များရှိသည်။ ထိုဓလေ့ စရိုက်များနှင့် ကိုက်ညီသူများက သူတို့အစုလေးထဲသို့ ခိုဝင်လာကြသည်။ မူလက အသားခိုးပေါ်တာ၊ အရက်ပုန်းချက်တာလောက်သာရှိသော သူတို့ အစုလေးမှာ နောက်ပိုင်းမှာတော့ အလုပ်စုံလာသည်။ ဈေးကွက်စီးပွားရေးအသွင် ပီပြင်ခဲ့သည်။ 'ဘာအလုပ်များလဲ' …ဟု မမေးပါနှင့်။ အလုပ်အားလုံးသည် ပြဋ္ဌာန်းထားသည့် တည်ဆဲတရားဥပဒေများနှင့် လွတ်တာကင်းတာ တစ်ခု မှမရှိပါ။ လောင်ကစား၊ မိန်းမ၊ မူးယစ်ဆေးဝါး…စသည်များ။ သူတို့နေရာ လေးသည် မာဖီးယားနယ်မြေ၊ မက္ကရာနယ်မြေ။

အလွန်လျင်မြန်သော ကာလအတွင်းမှာပဲ ထိုအစုလေးသည် ရပ်ကွက်တစ်ခုနီးပါး ဖွံ့ထွားကျယ်ပြန့်လာသည်။

ထိုအခါ ရပ်ကွက်သားများထဲတွင် ဦးနှောက်ကို အနည်းငယ်အသုံး ချတတ်သူများ ပါလာသည်။ ယခင်က ဥပဒေဘက်တော်သားများနှင့် ကဏ္ဍာ ကောစလုပ်ကာ 'မိုက်မလင်း'သည့် ဂုဏ်တစ်ခုတည်းဖြင့် ရပ်တည်ခဲ့သော အစုလေးမှာ နောက်ပိုင်းမှာတော့ အာဏာပိုင်များနှင့် အပေးအယူလုပ်ကာ နားလည်မှုဖြင့် ရှင်သန်နေသော ရပ်ကွက်လေးဖြစ်လာသည်။ အနေနှံ့သော်လည်း အစစအရာရာ ပေါကြွယ်ဝသော ရပ်ကွက်လေးသည် သက်ဆိုင်သူတို့ ကျေ နပ်အောင် ဖြည့်တင်းပံ့ပိုးနိုင်သည်။ သူတို့ ပြန်လည်တောင်းဆိုတာကလည်း များများစားစားမဟုတ်ပါ။ တော်တော်တန်တန်ကိစ္စများကို မျက်စိမှိတ်နားပိတ် နေပေးရုံမျှသာ…။ တော်တော်တန်တန်ဆိုတဲ့ ပမာဏအတိုင်းအဆကိုတော့ ကာယကံရှင်နဲ့ ဆက်ညှိကြပေါ့။

ထိုရပ်ကွက်လေး၏ ဓလေ့စရိုက်များသည် မြို့လေး၏ ဓလေ့စရိုက် များနှင့် လုံးလုံးလျားလျား ဆန့်ကျင်ကွဲပြားသည်။ မြို့လေးက ထိုရပ်ကွက်

လေး၏ အမူအကျင့်များကို အော့နှလုံးနာသည်။ မြို့လေး၏ မျက်ရှုရွှေသွေး အမျိုးကောင်းသားအချို့သည် ထိုရပ်ကွက်ဆီသို့ ခိုးကြောင်ခိုးဝှက် ဝင်ထွက်တတ်သည်။ အရွယ်ရောက်စ လူပျိုပေါက်များလည်း ပါသည်။ အရွယ်လွန်ပြီး လူပျိုကြီးများလည်းပါသည်။ အိမ်ထောင်ပျက်များလည်းသွားသည်။ အိမ်ထောင်သည်များလည်းသွားသည်။ နောက်ပိုင်းမှာ ဘယ်လိုကဘယ်လို သတင်းရသွားသည်မသိပါ။ သက်ကြားအိုများပင် ထိုရပ်ကွက်သို့ ဝင်ထွက်သွားလာ လုပ်လာကြသည်။ အချို့မှာ 'မြို့မျက်နှာဖုံး' ဆိုသူများ…။ ဂုဏ်နှင့်သိက္ခာနှင့်ဟု သတ်မှတ်ခံရသူများ…။

ထိုအခါ မြို့လေးက ထိုရပ်ကွက်ကို 'အခမ္ဘရပ်ကွက်'…ဟု စိတ်နာနာနှင့် အမည်သမုတ်သည်။

× × ×

ရှစ်လေးလုံးအရေးတော်ပုံ မတိုင်မီထိ အခမ္ဘရပ်ကွက်သည် မြို့လေးနှင့် ခိုးကြောင်ခိုးဝှက် ဆက်ဆံရေးမျှသာရှိသည်။ အရေးတော်ပုံကာလမှာတော့ မြို့လေးနှင့် တစ်သွေးတည်း ပေါင်းစည်းသွားသည်။

အရဏ်ကျင်း၍ အလင်းရောက်သည်နှင့် အခမ္ဘရပ်ကွက်သားများသည် 'အရေးတော်ပုံတပ်သားများ' အဖြစ် ပုစုခရုလေးများပါမကျန် ထွက်လာကာ ရဲရင့်တက်ကြွစွာဖြင့် တပ်ဦးမှ ရဲအောင်လံဝင့်ကာ ချီတက်လေ့ရှိသည်။ သူတို့၏ သတ္တိသွေးများသည် မြို့သူမြို့သားများထံ စီးကူးသွားသည်။ ထိုအခါ တွေးတွေးဆဆ၊ တွေတွေဝေဝေရှိနေသော မြို့သူမြို့သားများလည်း ရဲရင့်တက်ကြွလာကာ 'အရေးတော်ပုံအလံတော်' အောက်သို့ ခိုဝင်လာကြသည်။ ထိုနည်းဖြင့် မြို့လေးသည် ရှစ်လေးလုံးသမိုင်းတွင် ဂုဏ်ယူဖွယ်ရာ မော်ကွန်းမှတ်တိုင်တစ်တိုင် စိုက်ထူနိုင်ခဲ့သည်။

အခမ္ဘရပ်ကွက်သားများသည် ဦးဆောင်နိုင်သူများ မဟုတ်ကြပါ။ သို့သော် ဦးဆောင်သူတို့ ဖြစ်စေချင်တာမှန်သမျှ အကောင်အထည်ပေါ်အောင် ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား ရှက်ဆောင်ပေးကြသည်။ ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာ သူတို့မစဉ်းစား…။ ဖြစ်သင့်တာ၊ မဖြစ်သင့်တာလည်း သူတို့ အမှုမထား…။ သူတို့လေးစားကြည်ညိုသည့် ခေါင်းဆောင်က 'ဒါလုပ်'…ဟု ဆိုလျှင် ရှပ်ရှပ်ချုံချုံဖြင့် မဖြစ် ဖြစ်အောင် လုပ်သည်။ အကြောင်းပြချက်များပေးကာ

'ဆင်ဝှေ့ရန်ရှောင်' မလုပ်တတ်ကြပါ။ တကယ့်နောက်လိုက်ကောင်းများဖြစ်သည်။ ပြောရမည်ဆိုလျှင် အရေးတော်ပုံသည် သူတို့ကြောင့်ပင် အစမှာ အောင်မြင်ခဲ့သည်။

နောက်ပိုင်းမှာတော့ သူတို့လုပ်ဆောင်ချက်များတွင် မေးခွန်းထုတ်စရာများဖြစ်လာပါသည်။

အရေးတော်ပုံ တစ်ဝက်တစ်ပျက်အောင်မြင်ပြီး အာဏာရှင်တစ်ယောက် ပြုတ်ကျကာ အုပ်ချုပ်ရေး ကစဥ့်ကလျားဖြစ်နေခိုက်မှာ အဓမ္မသားတို့၏ ပင်ကိုမူလ အကျင့်စရိုက်များ ပေါ်လွင်လာသည်။ အစက အလွန်ကောင်းသော နောက်လိုက်များအဖြစ် ချီးမွမ်းခံရသူများမှာ အုပ်ချုပ်ရေးပျက်ပြားနေစဥ်ကာလမှာ 'သူတစ်လူငါတစ်မင်း' တက်လုပ်ကာ ထင်တိုင်းကြဲလာကြလေသည်။ အခြေအနေနှင့် အချိန်အခါသည်လည်း သူတို့သဘာဝ 'မင်းမဲ့စရိုက်' နှင့် ကိုက်ညီနေသည်။ သူတို့၏ မတွေးမဆ၊ မဆင်မခြင် လုပ်ရပ်များသည် အရေးတော်ပုံကို အမည်းစက်စွန်းထင်း သိမ်ဖျင်းစေသည်။

ကိုယ့်လုံခြုံရေး ကိုယ်ယူထားရသော စပ်ကူးမပ်ကူးကာလမှာ မြို့လေးသည် 'အဓမ္မသားတွေ လာပြီဟေ့'…ဟု ဆိုသံကြားလျှင် သွေးပျက်ချောက်ချားကာ တုတ်ဆွဲဓားဆွဲလုပ်ကြရတော့သည်။ ကိုယ့်အန္တရာယ် ကိုယ်ကာကွယ်ကြရသည်။

အရေးတော်ပုံပြီးသောအခါ မြို့လေးသည် အဓမ္မရပ်ကွက်သားများကို ဟိုတုန်းကလိုပင် ဖယ်ကြဉ်ကြဉ်။

× × ×

အရေးတော်ပုံ ကျဆုံးပြီးနောက် အာဏာရှင်အသစ်တစ်ယောက် တက်လာသောအခါ အဓမ္မရပ်ကွက်သည် စည်ပင်လာသည်။ နဂိုတဲအိမ်များကြားတွင် ပျဥ်ထောင်အိမ်များစွာ စီကာရီကာ ပေါ်လာသည်။ တိုက်အိမ်တစ်လုံးစ နှစ်လုံးစကိုလည်း ကြိုကြိုကြားကြား တွေ့ရသည်။

ထူးဆန်းတာက အုပ်ချုပ်ရေးအသစ်ကာလမှာ သုသာန်မြေကိုဖြတ်လျက် အဓမ္မရပ်ကွက်သို့ အဝင်လမ်းတစ်လမ်းပေါ်လာသည်။ ကိုယ်ထူကိုယ်ထမီးတိုင်များစိုက်ထူကာ လျှပ်စစ်မီးကို သွယ်တန်းရယူနိုင်ခဲ့သည်။

မူလက နေထိုင်သူမဲ့ လတာပြင်ထက်က လမုတော၊ ဓနိတော၊ ခရာ

တောအတွင်းမှာ တဲတစ်လုံးစာ နေရာရအောင် ရှင်းတန်တာရှင်း ဖို့တန်တာဖို့ လုပ်ခဲ့ရသည်။ ရေတစ်ဝက် ကုန်းတစ်ဝက်မှာ ခဲခဲကတ်ကတ်နေခဲ့ရသည်။ ရနိုင်သမျှ နေရာများမှာ မြေစာများရယူကာ ကိုယ်ထူကိုယ်ထ ဖို့ခဲ့ရသည်။ သွားရေးလာရေးကလည်း ခက်ခဲခဲ့ပါပေ့…။ အာဏာရှင်အသစ်လက်ထက်မှာ လမ်းနှင့်၊ မီးနှင့်၊ ဘီယာစတေရှင်နှင့်၊ ကာရာအိုကေနှင့် လူနေရပ်ကွက် အသွင် ပီပြင်လာသည်။

သို့ရာတွင် ထိုရွှေရောင်ကာလလေးမှာ နှစ်အနည်းငယ်မျှသာ…။

ကျူးကျော်ရပ်ကွက်များကို စီမံကိန်းဖြင့် စနစ်တကျ ဖျက်သိမ်းသော အခါ ပထမဆုံးစာရင်းပေါက်သည့် ရပ်ကွက်များတွင် အဓမ္မရပ်ကွက်ပါခဲ့သည်။ တော်တော်လေး ခက်ခက်ခဲခဲ ဖယ်ရှားခဲ့ရသည်။ စစ်အာဏာစက် ထက်မြက်ချိန်မို့သာ ဖယ်ရှားနိုင်သည်။ အဓမ္မရပ်ကွက်သားများက သူတို့မြေကို 'တစ်လက်မ အထိမခံ'…ဟုဆိုကာ တင်းခံခဲ့ကြသဖြင့် အင်အားသုံးခဲ့ကြသည်။ အဝေးဆုံးသို့ လူခွဲပို့လိုက်သည်။ အပြောင်းအရွှေ့ခံများက မူလ နေရာမှာ ပြန်လည်ခြေချနိုင်ရန် အကြိမ်ကြိမ်အဖန်ဖန် သွေးတိုးစမ်း ကြိုးပမ်းသည်။ လက်နက်ကိုင် အင်အားစုတစ်စုကို ထိုနေရာမှာ အချိန်ပြည့်ချထားကာ ပစ်မိန့်လည်း ပေးထားသည်။ ထိုအခါမှ အားမတန်၍မာန်လျှော့သွားရလေသည်။

အဓမ္မရပ်ကွက်သားများက သူတို့နေရာကို နမြောမည်ဆိုလည်း နမြောချင်စရာ။ ခေတ်ကာလအပြောင်းမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုသာန်များကို ရွှေ့ပြောင်းသည်။ ထိုအခါ အဓမ္မရပ်ကွက်သို့သွားရန် သုသာန်များကိုဖြတ်ရန် မလိုတော့ပါ။ သုသာန်မြေပေါ်မှာ ဆောက်ထားသော ဝန်ထမ်းအိမ်ရာများကြားမှ နေ့နေ့ညည အေးချမ်းစွာ သွားလာနိုင်ကြပြီ။ ထိုသို့ သွားလာနိုင်ရန်အတွက် အဓမ္မရပ်ကွက်အဝင်လမ်းကို ကွန်ကရီခင်းလိုက်ကြသည်။

သွားလမ်းလာလမ်း သာခဲ့သော်လည်း အဓမ္မရပ်ကွက်ဟောင်းနေရာမှာ 'မကျူးကျော်ရ၊ အရေးယူမည်' ဆိုသည့် ဆိုင်းဘုတ်များသာ ကာလရှည်ကြာ နေရာယူထားသည်။ သက်မဲ့ဆိုင်းဘုတ်များကိုပင် ခန့်ညားရွံ့ကြောက်ရသည့် သမယမို့ ထိုနေရာသို့ မည်သူမျှ တစ်ဖန်ပြန်လည် ဝင်ရောက်နေထိုင်ခြင်း

မပြုရဲကြ။

ရှင်းလင်းလိုက်မှ အဓမ္မရပ်ကွက်သည် မြစ်ရိုးတစ်လျှောက်မှာ အတော်လေးရှည်လျားကျယ်ပြန့်သည့် ဧကများစွာရှိသောနေရာ ဖြစ်နေတာ တွေ့ရသည်။ ထိုနေရာလေးကို ဘာလုပ်မည်၊ ညာလုပ်မည်…ဟု သတင်း အမျိုးမျိုး ထွက်ခဲ့သော်လည်း ကာလရှည်ကြာအောင် ဘာတစ်ခုမှ အကောင် အထည်မပေါ်လာခဲ့။ ပိုင်ဆိုင်မှုသာ အဆင့်ဆင့်ပြောင်းခဲ့သည်။

နောက်ဆုံးမှာတော့ ထိုနေရာကို သွပ်ပြားများဖြင့် ပိုင်းပတ်ကာရံ လိုက်သည်။ ကြီးမားသော ဆိုင်းဘုတ်တစ်ခုလည်း တင်ထားသည်။

'ဟာရီတိတ် အဆင့်မြင့်အိမ်ရာ စီမံကိန်း'…ဟူ၍ ဖြစ်သည်။

× × ×

တစ်နေ့တော့ 'ရိုးမတောင်ခြေ' သို့ ဖယ်ရှားခံထားရသော အဓမ္မ ရပ်ကွက်သားနှစ်ယောက် ထိုနေရာသို့ ရောက်လာသည်။ သူတို့သည် ဖွံ့ဖြိုး စည်ပင်နေသော သူတို့နေရာဟောင်းကိုကြည့်ကာ နမြောတသစိတ်ဖြင့် မျက် ရည်ဝဲသည်။

သည်နေရာသည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက သူတို့ဘိုးဘွားမိဘ များက 'ဓားမဦးချ' ခုတ်ထွင်ရှင်းလင်းမြေဖို့ကာ နေထိုင်လာခဲ့ကြသည့် နေရာ…။ သည့်အလျင်ကတော့ ထိုနေရာသည် ရွှံ့တော…၊ နွံတော…၊ ခရာတော…။ လူနေလို့မရတဲ့ ထိုနေရာလေးကို လူနေလို့ဖြစ်အောင် သူတို့ သည် မျိုးဆက်သုံးခုလောက် အမျိုးမျိုး ကြံဆအားထုတ်လုပ်ကိုင်ခဲ့ကြရသည်။ ချွေးနှင့်လုပ်အားများစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်။ နေလို့ဖြစ်သောအခါ သူတို့ဖယ်ရှားပေးရသည်။

စင်စစ် သူတို့အားလုံးသည် သည်မြေမှာဖွားသည့် သည်မြေသား စစ်စစ်များ…။

'တောက်'

တစ်ယောက်က နားကြည်းခံပြင်းစွာ တောက်ခေါက်သည်၊

'ဘယ်တတ်နိုင်မလဲကွာ။ ဒီနေရာမှာ တို့နေခဲ့ကြတယ်ဆိုပေမယ့် ဒီမြေကို တို့မှမပိုင်ခဲ့တာ'

'မြေဆိုတာ ငွေပေးဝယ်မှ ပိုင်တာလား။ ချွေးနဲ့သွေးနဲ့ လုပ်အားနဲ့

ရင်းနှီးပျိုးထောင်ခဲ့ပြီး မျိုးရိုးစဉ်ဆက် နှစ်ပေါင်းများစွာ နေလာခဲ့ကြတဲ့၊ ငွေနဲ့ဝယ်ထားတာမဟုတ်လို့ စာရွက်စာတမ်းမရှိတဲ့ နိုင်ငံသားအစစ်တွေကရော မပိုင်ဆိုင်ဘူးလား။ ဒီနေရာဟာ အရင်က လူနေလို့မရတဲ့ ရွံ့တောချုံတောကြီးပါကွာ။ နေလို့ဖြစ်အောင် တို့တွေ ဘယ်လောက်လုပ်ခဲ့ရသလဲ'

ပြောရင်း သူ့အသံ အက်ကွဲတိမ်ဝင်သွားသည်။ အတော်လေး စိတ်ထိခိုက်ပုံရသည်။

'အေးကွာ။ အခု ဒီနေရာကိုပိုင်သွားတဲ့ ပိုင်ရှင်က ဘယ်သူလဲ၊ ဘယ်ကရောက်လာတာလဲ၊ ဘာကြောင့်ပိုင်သွားရတာလဲ...။ ပြီးတော့ အဲဒီနာမည်ကြီးက ဘာတဲ့လဲ...'

ကိုယ်စီ သက်ပြင်းချသံများရဲ့အဆုံးမှာ နောက်ထပ် ဘာသံမှ ထွက်ပေါ်မလာတော့ပါ။

အကယ်၍ 'ဟာရီတိတ်' ဆိုတာ 'အမွေ' ဟု အဓိပ္ပာယ်ရကြောင်းနှင့် လက်ရှိပိုင်ဆိုင်သူ(အစစ်)မှာ စိနတိုင်းသား တစ်ယောက်ဆိုတာ သူတို့သိခဲ့ပါက...။ ။

...သူဆိုတာ တစ်ခါက ကျွန်တော် ...။

ကျွန်တော်သည်လည်း ဟိုတုန်းက သူပါပဲ ...ဆိုတာ


ဟုတ်ရဲ့လား ...။

နှစ်ပေါင်းသုံးဆယ်ကျော် ကြာမြင့်ခဲ့သည့်တိုင်

သူနှင့်ကျွန်တော်ဟာ တစ်ယောက်တည်းပဲဆိုတာ

တကယ်တမ်း ဟုတ်မှဟုတ်ရဲ့လား ...။

ဟုတ်ခဲ့ရော ဟုတ်နိုင်ပါသေးရဲ့လား ...။



## ပွင့်လင်းလရိပ်အောက်မှာ

မနေ့တစ်နေ့ကဟု ထင်ရသော်လည်း သေချာတွက်ကြည့်လျှင် သူနှင့်ကွဲကွာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ပင်ကျော်ခဲ့ပြီ။

သည်မျှ 'ကြာညောင်းနှစ်ရှည်' ကာလများအတွင်းမှာ ကျွန်တော် သူ့ကို လုံးလုံးလျားလျား မေ့လျော့ထားသည်တော့ မဟုတ်ပါ။ အကြောင်းတိုက်ဆိုင်သည့် ရံဖန်ရံခါများမှာ သတိရတတ်ပါသည်။

ကျွန်တော် သူ့ကို သတိရပုံက နည်းနည်းတော့ ဆန်းသည်။

အင်မတန် လွမ်းဆွတ်တမ်းတဖွယ်ကောင်းသည့် ခွဲခွာပြီးစ ပူပူနွေးနွေးကာလတုန်းက သူ့ကို ကျွန်တော် နည်းနည်းလေးမှ သတိမရ။

ဆယ်နှစ်လောက်ကြာတော့မှ တစ်ခါတလေ သတိရသည်။ သတိရသည်ဆိုသော်လည်း 'မျက်စိတစ်မှိတ် လျှပ်တစ်ပြက်' ကာလငယ်လေးအတွင်းမှာ အာရုံထင်သည် ဆိုရုံမျှသာ။

အနှစ်နှစ်ဆယ်လောက်ကြာလာသောအခါ သူ့ကို ကျွန်တော် ကြိမ်ဖန်များစွာ သတိရနေတတ်ပါသည်။ အခါအခွင့်သင့်လျှင် သူနှင့်တစ်ဖန် ပြန်လည်ဆုံစည်းချင်သည်။

နောက်ဆယ်နှစ်လောက် ထပ်ကြာသွားသည့်အခါ၌မူ သူ့ကိုမတွေ့ရလျှင် မနေနိုင်လောက်အောင်ပင် တွေ့ချင်သည့် အာသာဆန္ဒများ ကျွန်တော့်ရင်မှာ အလွန်ပြင်းပြစွာဖြစ်ပေါ်လာပါသည်။ သူ့မြို့လေးထံသို့ အလျင်အမြန်အပြေးအလွှားသွားကာ သူ့ကို အခုပင် တွေ့လိုက်ချင်သည်။

'မျက်ကဲခတ်' ရင်း သူနှင့်စကားပြောရလျှင် ဟိုးယခင်တုန်းကလို ပဲ သူ့မျက်လုံးများမှတစ်ဆင့် သူ့ရင်တွင်းသို့ ထွင်းဖောက်ဝင်ရောက်ကာ သူ့ ခံစားချက်အစစ်အမှန်များကို ဖွေရှာဖော်ထုတ်နိုင်ဦးမည်လား...။ သူကလည်း သူ့အတွေးအခေါ်၊ သူ့အယူအဆများကို ဟိုတုန်းကလိုပဲ မကွယ်မဝှက်၊ မခြွင်း မချန် ပြောပြပါဦးမည်လား...။

ကျွန်တော်ကမူ သူနှင့်ခွဲခွာပြီးသည့်နောက်ပိုင်းမှာ ဖြစ်ပျက်ခဲ့သမျှ ကျွန်တော့်ဘဝ ဇာတ်ကြောင်းကုန်စင်ကို သူထင်သာမြင်သာအောင် 'အိတ်သွန် ဖာမှောက်' ပြောပြချင်ပါသည်။ အောင်မြင်မှုဆီသို့ ကျားကုတ်ကျားခဲ ခဲခဲ ကတ်ကတ် လျှောက်လှမ်းစဉ်က ကြုံတွေ့ခဲ့ရသည့် စတေးပေးဆပ်မှုများ...။ ရက်စက်ကြမ်းကြုတ်မှုများ...။ ပြီးတော့...ရယူပိုင်ဆိုင်နိုင်မှုများ...။

အထူးသဖြင့် ကျွန်တော့်အပေါ် လူအများစွဲချက်တင်ကာ တလွဲထင် နေသည့် အမြင်တိမ်းစောင်းနေမှုများကို သူတစ်ယောက် နားလည်သဘော ပေါက်အောင် ကွက်ကွက်ကွင်းကွင်းရှင်းပြချင်သည်။

ထိုအခါ သူသည် ကျွန်တော့်ကို ဟိုတုန်းကလိုပဲ စာနာခွင့်လွှတ်နိုင် မည်ထင်သည်။

× × ×

မမျှော်လင့်ဘဲ တာဝန်ဝတ္တရားများ ပျောက်ရှဆုံးပါးသွားသောအခါ ပထမဆုံး ကျွန်တော်လုပ်မိသည်မှာ သူရှိရာမြို့လေးဆီသို့ အူယားဖားယား သွားခြင်းသာဖြစ်ပါသည်။ မသွား၍မဖြစ်ပါ။ သူ့ကို ကျွန်တော် အလွန်အမင်း တွေ့ချင်နေသည်။ အထူးသဖြင့် ဘဝမှာ လုံးဝမျှော်လင့်မထားသော အလွန် ကြီးမားသည့် သွေးပျက်ချောက်ချားဖွယ် ပျက်စီးဆုံးရှုံးမှုမျိုးနှင့် ကြုံတွေ့ကာ ခြေမဲ့လက်မဲ့ဖြစ်နေသည့် ယခုလိုအချိန်မျိုးမှာဖြစ်ပါသည်။

သူ့ကို ကျွန်တော် မဖြစ်မနေ တွေ့ကိုတွေ့ရမှဖြစ်ပါမည်။ သို့မဟုတ် ပါက ကျွန်တော့်ရင်သည် တစ်ခုစီ၊ တစ်စစီ ပေါက်ကွဲလွင့်စဉ်သွားလိမ့်မည်။ မှန်သည်။ ကျွန်တော့်မှာ သူ့ထံ ဖွင့်ဟစရာများစွာ ရင်နှင့်မဆံ့အောင် ရှိနေပါ သည်။ အချိန်မီ မဖွင့်ဟရလျှင် ကျွန်တော် ဘယ်လိုမှ ဆက်လက်ရှင်သန် ရပ် တည်နိုင်မည်မထင်။ ပြီးတော့ အခုချိန်မှာ ကျွန်တော် ရင်ဖွင့်ပြချင်သူမှာလည်း တစ်လောကလုံးမှာ သူတစ်ယောက်တည်းသာရှိပါသည်။

ရထားဘီးများ မရပ်တန့်မီမှာပင် ကျွန်တော်သည် ကိုယ့်အသက်၊ ကိုယ့်အရွယ်ကို မေ့လျော့ကာ ရထားပေါ်မှ ခုန်ဆင်းမိခဲ့သည်။ ဘူတာတွင်းမှ ကသောကမျော အပြေးတစ်ပိုင်းထွက်ကာ တွေ့ရာ ဆိုင်ကယ်ကယ်ရီတစ်စီးကို အလောတကြီးတက်စီးလိုက်သည်။ ထိုနောက် သူရှိရာမြို့ပတ်လမ်း၏ ချောင်းကျကျနေရာလေးသို့ မြားတစ်စင်လို ချက်ချင်းထွက်လာခဲ့သည်။

ယခင်က မျက်စိမှိတ်သွားလျှင်ပင် အခက်အခဲမရှိသော သူ့အိမ်ဝန်းကျင်မှာ ကျွန်တော် မျက်စိလည်နေပါသည်။ အရာအားလုံးသည် မမှတ်မိနိုင်လောက်အောင် ပြောင်းလဲခဲ့ပြီကော…။ အေးလေ…နှစ်ပေါင်းသုံးဆယ်ပင် ကျော်ခဲ့ပြီပဲ။

အိမ်များမှာ ကျွန်တော်ယဉ်ပါးခဲ့သည့် ရှေးအိမ်းအိုအိမ်ဟောင်းများ မဟုတ်တော့…။ ထည်ဝါခမ်းနား သစ်လွင်တောက်ပသော ခေတ်မီအိမ်ကြီးအိမ်ကောင်းများ ဖြစ်၍နေကြပြီ။ ခြံစည်းရိုးများက မြင့်မားခံ့ညား၍ ဝန်းတံခါးများက ခိုင်ခန့်ကြီးမားသည်။ ယခင်ကလို ဘိုကတော်မျက်ခုံးပင် ခြံစည်းရိုးနှင့် ကြသောင်းဝါးတံခါးများ မဟုတ်တော့ပါ။

ပါးကွက်ကျားလေးနှင့် ကပိုကရိုလှသည့် ကျေးတောသူမလေး မြို့တက်ကာ မလိမ်းတတ် မခြယ်တတ်ဖြင့် မိတ်ကပ်အဖွေးသား လိမ်းခြယ်သထားသည့်နှယ် ထင်မိသည်။ အဆီအငေါ် အစပ်ဟပ်မတည့်ဖြစ်ကာ အမြင်ရိုင်းနေသည်။ တောနေတောစား ပုံစံလည်းမပျောက်၊ မြို့သူမြို့သား သဏ္ဌာန်လည်း မရောက်ဘဲ 'ဇော်ကန့်လန့်' ဖြစ်နေသည်။

နေရာများစွာမှာ မြင်တွေ့နေရသလို အဟောင်းနှင့်အသစ် အားပြိုင်မှုများကို သည်ချောင်လေးမှာလည်း တွေ့ရသည်။ အဟောင်းတွေကလည်း အကုန်အစင်မပျောက်သေး…။ အသစ်တွေကလည်း စုံစုံလင်လင် မရောက်သေး…။

တောမကျ၊ မြို့မကျ စကောစက နေရာလေးကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ တစ်ခုခုဆုံးရှုံးသွားသည့်နှယ် ထင်မိသည်။ တန်ဖိုးထားသည့်အရာတစ်ခု ပျောက်ရှသွားသည့်အခါ ရင်ထဲမှာ လစ်ဟာဟင်းလင်းဖြစ်သွားသလိုမျိုးလည်း ခံစားရသည်။ ဝန်ခံရမည်ဆိုလျှင် 'ရာဇဝင်ထဲတွင် ချန်ရစ်နေချင်သော' ကျွန်တော်သည် ပျက်ယွင်းပျောက်ကွယ်သွားသည့် နှောင်းအတိတ်က

ပုံရိပ်များကို ပြန်မြင်ယောင်ရင်း အောက်မေ့တမ်းတ လွမ်းဆွတ်နေမိသည်။

တစ်နာရီနီးပါးမျှ ထိုနေရာလေးမှာ ယောင်ချာချာဖြစ်နေသောအခါ 'ဆိုင်ကယ်ကယ်ရီကို ပြန်လွှတ်လိုက်မိတာမှားပြီ' ...ဟု နောင်တရသည်။ နဂိုမူလကပင် လူနေကျဲပါးပြတ်တောက်သော ထင်းရှူးတောအတွင်းမှာ ကျွန်တော်တစ်ယောက်တည်း ဘာဆက်လုပ်ရမည်မသိ။ တံခါးပိတ်ထားသော ခြံကျယ်ကြီးများအနီးတွင် မေးမြန်းစရာလူလည်း တစ်ယောက်မှမတွေ့။

ထိုစဉ် အသံတစ်သံကို ကြားလိုက်သည်။

မနီးမဝေးမှ ထွက်ပေါ်လာသော ထိုအသံကို ကြားစက ထင်းရှူးတော လေတိုးသံဟု ထင်မိသည်။ ယခု ကျွန်တော်ရောက်နေသည့် 'အနောက်မြို့ ပတ်လမ်း' တစ်လျှောက်မှာ နှစ်ချို့ ထင်းရှူးပင်ကြီးများစွာဖြင့် ညို့မှိုင်းအုံ့ ဆိုင်းနေသည်။

အသံကို ပိုမိုနီးကပ်စွာ ထပ်မံကြားရပြန်သည်။

သေချာပြီ။ ထင်ရှူးတောကို လေတိုးသည့်အသံမဟုတ်။ တစ်စုံ တစ်ယောက်၏ ရယ်မောသံ...။

ကျွန်တော့်ရင်သည် 'ဒိတ်ခနဲ' ခုန်သွားသည်။ မှတ်မိလိုက်သည်။ အသံမှာ တိုးတိုးညင်းညင်းမျှသာ ဖြစ်သော်လည်း ထိုအသံကို ကျွန်တော် ကောင်းစွာမှတ်မိလိုက်ပါသည်။ သူ့အသံ...။ သူ ရယ်လေ့ရယ်ထရှိသည့် တစ်မူထူးခြားသည့် သူ့ရဲ့ မခိုးမခန့်ရယ်သံ...။

'ကျီးကန်းတောင်းမှောက်' အကြည့်များဖြင့် ထင်းရှူးပင်များကြား မှာ သူ့ကို ကျွန်တော်ရှာသည်။ မတွေ့။ အချိန်အတော်ကြာအောင် သူ့ကို ကျွန်တော် စေ့စေ့စပ်စပ် သေသေချာချာ ထပ်ကာထပ်ကာ ဖွေရှာသည်။ မတွေ့။

ညို့မှိုင်းအုံ့ဆိုင်းသည့် ထင်းရှူးတောကြီးအလယ်မှာ ကျွန်တော်တစ် ယောက်တည်း...။

× × ×

နောက်သုံးရက်လုံးလုံး မြို့တွင်းမြို့ပြင်အနှံ့ 'ပိုက်စိပ်တိုက်'ကာ သူ့ကို ကျွန်တော်ရှာသည်။

သူ့အကြောင်းကို ဟိုနားကနည်းနည်း၊ သည်နားကနည်းနည်း မစို့

မပို့ကြားရသည်။ ကြားရသမျှကလည်း ကပေါက်တိကပေါက်ချာ။ တစ်ခုနှင့် တစ်ခုလည်း အမြီးအမောက်မတည့်ပါ။ ရှေ့လွဲနောက်ကွဲဖြစ်နေသည်။ ပြန်စိစစ်ကြည့်တော့လည်း ကြားရသမျှ သတင်းအပိုင်းအစများသည် မရေရာမသေချာသည့် 'တောရမ်းပယ်ဖွဲ့' များသာဖြစ်နေတာ တွေ့ရသည်။

စင်စစ် ဤမြို့သားများသည် အချင်းချင်း တစ်ဦးအကြောင်းကို တစ်ဦးက သိလိုက်ကြသည်မှာ 'ခရေစေ့တွင်းကျ'။ တစ်ဦးချင်းတစ်ယောက်ချင်း အကြောင်းမျှသာမကပါ။ ဆွေစဉ်မျိုးဆက် ရာဇဝင်များကိုပင် နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင်သိကြပါသည်။ ထိုသို့ သိနိုင်အောင်လည်း မြို့ကလေးမှာ သေးငယ်ကာ မြို့သူမြို့သားနည်းပါးသည်။ ရှိရှိသမျှ မြို့သူမြို့သားများကလည်း တစ်ယောက်နှင့်တစ်ယောက် နီးနီးကပ်ကပ် စပ်စပ်ယှက်ယှက်ရှိကြသည်။ တစ်ဦးကိုတစ်ဦး စိတ်ဝင်စားကာ စပ်စုတတ်ကြသည်မှာ သည်မြို့လေး၏ မလေ့သဘာဝ။ မေးခွန်းတစ်ခုအတွက် အဖြေများစွာပေးရန် သူတို့ အသင့်ရှိနေတတ်သည်။ အထူးသဖြင့် သူတို့မြို့သူမြို့သားများအကြောင်းဆိုလျှင် ထမင်းမေ့ဟင်းမေ့ဖြင့် ရေပက်မဝင်အောင် ပြောပြချင်တတ်သည်။

သို့ရာတွင် သူ့အကြောင်းကျတော့မှသာ မယုံချင်စရာ သိသူ အလွန်အမင်း ရှားပါးနေသည်။ ပြောချင်၊ ဖြေချင်သူ ခေါင်းပါးနေသည်။ စကားစပ်လိုက်လျှင်ပင် ဝေ့လည်ကြောင်ပက်လုပ်ကာ သိသိသာသာပင် ရှောင်ထွက်သွားတတ်သည်။ မတတ်သာ၍ ပြောရလျှင်လည်း စိတ်မပါ့တပါ တုံ့ပြန်ကြသည်။ အရေးတယူ ပြောချင်ဆိုချင်ပုံမရ။ ဘူးခံငြင်းဆန်ကာ မြန်မြန်ထက်ထက် စကားစ ဖြတ်တတ်ကြသည်။

လှိုက်လှဲဖော်ရွေသော၊ ပျူငှာနွေးထွေးသော တောင်ပေါ်တောမြို့လေးသည် သူ့အမည်ကြားလျှင် အေးတိအေးစက် ဖြစ်သွားသည်။ မျက်နှာကြောတင်းကာ အံကြိတ်သည်။ လက်သီးကို ကျစ်ကျစ်မာအောင်ဆုပ်သည်။

ဘယ်လိုဖြစ်တာပါလိမ့်…။

ကျွန်တော်တွေးထင်ခဲ့သည်က သူသည် မြို့လေးအတွက် ဂုဏ်ယူစရာ သင်္ကေတတစ်ခု…။ သူ့နာမည်ကြားလျှင် မြို့သူမြို့သားများသည် သူ့အတွက် ဂုဏ်တက်ကာ မာန်ဝင့်ကြမည်ထင်ခဲ့သည်။

သို့သော် တကယ်ဖြစ်နေသည်က သူသည် မြို့လေးအတွက် မျက်နှာ

ပျက်အရှက်ရစရာ အမှတ်လက္ခဏာ…။ သူ့အမည်မှုပင် ကြားချင်ပုံမရသော မြို့သူမြို့သားများသည် သူ့ကို မေ့ပင်အောက်တွင် ဖုတ်ကြည်းသင်္ဂြိုဟ်ထား ခဲ့ပုံရသည်။

အလွန်ကြီးမားသည့် အမှားယွင်းတစ်ခုတော့ရှိနေပြီ။

× × ×

သူ့ကို ဘယ်လိုရှာရှာ မတွေ့သည့်နောက်ဆုံးမှာ ကျွန်တော် လက်လျှော့လိုက်ရပါသည်။

ကျွန်တော်ပြန်ပါတော့မည်။

မပြန်မီည၌ မြို့၏လမ်းများထက်မှာ ကျွန်တော်တစ်ယောက်တည်း ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။ စိတ်အစဉ်က အတိတ်လွင်ပြင်ကို ဖြတ်သန်းခရီးနှင်သည်။ တစ်ရံရောအခါက အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်သည်။

လျှောက်ရင်းလျှောက်ရင်း လရိပ်တို့ ပြောက်တိပြောက်ကျား ကျရောက်နေသော 'အရှေ့တက္ကသိုလ်လမ်း' သို့ ရောက်ခဲ့သည်။ ကျွန်တော် အနှစ်သက်ဆုံး လမ်းကလေး…။ ဆွတ်ပျံ့လွမ်းမောဖွယ် အတိတ်များစွာဖြင့် ကျွန်တော့်နှလုံးသားထဲက လမ်းကလေး…။ ဘဝမှာ ဘယ်လိုမှ မေ့ဖျောက်မရနိုင်သည့် မှတ်မှတ်ရရလမ်းကလေး…။

သည်လမ်းထက်မှာ ကျွန်တော်တို့သည် ရေထွက်လုအောင် ခေါက်တုံ့ခေါက်ပြန် အကြိမ်ပေါင်းများစွာ လျှောက်ဖူးခဲ့ပါသည်။ ဝမ်းသာပျော်ရွှင်စွာ၊ ဝမ်းနည်းကြေကွဲစွာ…။ ပေါ့ပါးလန်းဆန်းစွာ၊ လေးလံထိုင်းမှိုင်းစွာ…။ နိုင်မာပြတ်သားစွာ၊ တွေဝေတွန့်ဆုတ်စွာ…။ ရဲရင့်တက်ကြွစွာ၊ ကြောက်ရွံ့တွန့်ဆုတ်စွာ…။

ဘဝ၏ ညပေါင်းများစွာကိုလည်း သည်လမ်းလေးမှာပဲ ကျွန်တော်တို့ ကုန်လွန်ဖူးပါသည်။

မမြင်မတွေ့နိုင်တော့သော်လည်း သည်လမ်းထက်မှာ ကျွန်တော်တို့ရဲ့ ခြေရာများစွာ ကြွင်းကျန်ရစ်နေဆဲ…။ ဝေဒနာများစွာ စွန်းထင်းရစ်နေဆဲ…။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း ကျွန်တော့်အတွက်တော့

'အရှေ့တက္ကသိုလ်' လမ်းသည် ရင်ခုန်လှိုက်မောဖွယ်ရာဖြစ်နေဆဲပါ …။

ဝင်းဝင်းပပ ရွှန်းရွှန်းမြမြသာနေသော လမင်းကို အလွန်ကြီးမားသည့် တိမ်ညိုတစ်တိုက်က ဖုံးလွှမ်းထားသည်။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ရုတ်ခြည်း မှောင်အတိကျသွားသည်။ ပိန်းပိတ်သည့် အမှောင် …။ သိပ်သည်းသည့်အမှောင် …။ အထီးတည်းဖြစ်စေသည့် အမှောင် …။

အမှောင်ထုအတွင်းမှာ ဘာကိုမှ ကျွန်တော်မမြင်ရ။ ကျွန်တော့်ကိုလည်း ဘယ်သူမှမမြင်ကြ။ အမှောင်တံတိုင်းဖြင့် ပိုင်းကန့်ကာရံထားသည့် သီးသန့်ကမ္ဘာလေးအတွင်းမှာ ကျွန်တော်တစ်ယောက်တည်း …။

ထင်းရှူးရနံ့က မိန်းမူးဖွယ်ရာ သင်းပျံ့နေသည်။ တောင်ပေါ်လေက နှစ်မြို့စရာ အေးမြနေသည်။ ပတ်ဝန်းကျင်ရှိ အရာအားလုံးသည် သိပ်သည်းသော အမှောင်ထုအောက်မှာ နစ်မြုပ်ပျောက်ကွယ်နေသည်။

မခံစားရသည်မှာ ကြာခဲ့ပြီဖြစ်သော စိတ်၏ လွတ်လပ်ပေါ့ပါးခြင်းကို ကျွန်တော်ခံစားရသည်။ ကျွန်တော် ပျော်ရွှင်လာသည်။ နှုတ်ဖျားသို့ အလိုအလျောက်ရောက်လာသော တေးတစ်ပိုင်းတစ်စကို အသံထွက်ကာ အမှုမဲ့အမှတ်မဲ့ သီဆိုလိုက်မိပါသည်။

*'ခြေအစုံကိုရပ်လို့ × တွေဝေနေဆဲကွယ် ××× နောက်ဆုတ်ရမှာကိုတွေးလည်း ××× မပြတ်သားသေးပါ × ငေးပါရစေဦး'*

ဆိုရင်းဆိုရင်း စိတ်ပါသည်ထက် ပါလာသည်။ အသံလည်း ကျယ်သည်ထက်ကျယ်လာသည်။ ဟိုတုန်းကလည်း အခုလိုပဲ သည်လမ်းထက်မှာ သည်သီချင်းကို စိတ်ပါလက်ပါ အားပါးတရ အော်ဟစ်သီဆိုခဲ့ဖူးသည်။

ဒုတိယအပိုဒ်ကို သီဆိုသောအခါ တစ်စုံတစ်ယောက်သည် ကျွန်တော်နှင့်အတူ လိုက်ဆိုသည်။ အမှောင်ထဲမှာမို့ ဘယ်သူမှန်း ကျွန်တော် မသိ။ အသံကိုတော့ ကြားဖူးသလိုလိုရှိသည်။

သံပြိုင်ပိုဒ်ရောက်သောအခါ ကျွန်တော့်သီချင်းဆိုဖော်သည် ကျွန်တော်နံဘေး ရောက်လာသည်။ ရင်ပေါင်တန်းလျှောက်ရင်း ကျွန်တော်တို့နှစ်ယောက်သည် စိတ်ရောကိုယ်ပါ တက်ကြွစွာ သီချင်းကို အော်ဟစ်သီကျူးနေကြသည်။

ကျွန်တော်တို့နှစ်ယောက်၏ တေးသံသည် အမှောင်ထုအတွင်းမှာ

ကျယ်လောင်မြိုင်ဆိုင်စွာ ထွက်ပေါ်နေသည်။ အမှောင်ထုနှင့်တေးသံ…။ တေးသံနှင့်အမှောင်ထု…။ အမှောင်နှင့်တေး…။ အချင်းချင်း သဟဇာတဖြစ်ကာ ထွေးရောယှက်တင်ဖြစ်နေသည်။

*"ဒီက ချစ်လိုက်ရတာ ××× မင်းအသိဆုံးပါ ××× မောင့်ရင်ထဲက လမင်းငယ်"*

လမင်းကြားအောင် သီဆိုမိလို့လား မသိပါ။ လမင်းသည် တိမ်ညစ်ညိုကြားမှ လွတ်မြောက်ထွက်ပြူလာသည်။ အခုတော့ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးသည် "ပွင့်လင်းလရိပ်အောက်မှာ" အပ်ပျောက်လျှင်ပင် ပြန်ရှာတွေ့နိုင်သည်ထိ လင်းလင်းကျင်းကျင်းဖြစ်လာသည်။

မှောင်နေစဉ်က မမြင်ခဲ့ရသော အရာအားလုံးကို ယခုအခါ ထင်ရှားပြတ်သားစွာ မြင်ရပြီ။ ပတ်ဝန်းကျင်လည်း လှုပ်ရှားသက်ဝင်ကာ အသံဗလံများကို တိုးတိုးသဲ့သဲ့ကြားလာရသည်။ အမှောင်တွင်းမှာ လူတိုင်း အိပ်ပျော်နေသည်ထင်ရသော်လည်း မဟုတ်ပါ။ ရွေးချယ်စရာမရှိ၍ အိပ်ပျော်အောင် ကြိုးစားနေခြင်းမျှသာဖြစ်ပါသည်။

ကျွန်တော့်နှုတ်ဖျားမှ တေးသံများ တိမ်ဝင်တိုးတိတ်သွား၏။ အော်ဟစ်သီဆိုရန်မဆိုထားနှင့်။ အသံကျယ်ကျယ်ထွက်ရန်ပင် စိတ်မရှိ။

ကျွန်တော့်သီချင်းဆိုဖော်ကမူ ကျွန်တော့်လိုမဟုတ်ပါ။ အမှောင်ထုကိုလည်း အကွယ်အကာယူမထား…။ အလင်းရောင်ကိုလည်း အမှုမထား…။ ဆိုလက်စသီချင်းကိုသာ ရင်ခေါင်းသံကြီးဖြင့် တုန်ယင်လှိုက်လှဲစွာ ဆက်လက်အော်ဟစ်သီဆိုနေပါသည်။ တစ်လောကလုံးမှာ သူတစ်ယောက်တည်းရှိနေသည့်ပမာ…။

သူ့ကိုကြည့်၍ ကျွန်တော် အံ့ဩမှင်တက်မိသည်။

တွေ့ချင်လွန်း၍ အငမ်းမရ ရှာခဲ့ရသူ…။ အခုတော့ မမျှော်လင့်တဲ့အချိန်၊ မမျှော်လင့်တဲ့နေရာမှာ ကျွန်တော့်ထံပါးသို့ မယုံချင်စရာ သူရောက်ရှိနေပါပကောလား…။

× × ×

"ပွင့်လင်းလရိပ်အောက်မှာ" မြင်ရသော သူ့မျက်နှာသည် ဟိုတုန်းကလိုပင် ပျိုမျစ်နုသစ်နေဆဲ…။ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်၍

ဝင်းလက်ကြည်လင် တောက်ပနေဆဲ…။ ရိုးသားဖြောင့်စင်း ဖြူစင်မှုဖြင့် နှစ်လိုဖွယ်ကောင်းနေဆဲ…။

သူ့မျက်လုံးအစုံမှ မေတ္တာများ ယိုဖိတ်နေသည်။ နှုတ်ခမ်းဖျားမှာ ကရုဏာများ တွဲခိုနေသည်။ သေချာသည်။ သူ့ရင်ထဲမှာ မုဒိတာနှလုံးသားက တဆတ်ဆတ်ခုန်နေမည်။

ကျွန်တော် သူ့ကို အားပါးတရ ပွေ့ဖက်လိုက်ချင်သည်။

သူ့ကို ကျွန်တော်ချစ်သည်မှာ အဲသည် ကိုယ်ရည်ကိုယ်သွေးတွေကြောင့်ပါပဲ…။ ကျွန်တော် သူ့ကို တွေ့ချင်သည်မှာလည်း အဲသည် အချစ်ကြောင့်ပါပဲ…။

ကျွန်တော့်ထံမှာ လုံးလုံးလျားလျား ပျောက်ဆုံးသွားခဲ့ပြီဖြစ်သော ကိုယ်ရည်ကိုယ်သွေးများ အားလုံးသည် သူ့ဆီမှာ မပျက်မယွင်း မလျော့မပါး မူလပကတိအတိုင်း ရှိနေပါသည်။ ယခုအခါ ကျွန်တော်သည် သူနှင့် လုံးလုံးလျားလျား ဆန့်ကျင်ကွဲပြား ခြားနားနေပါပြီ။

ပွင့်လင်းလရိပ်အောက်မှာ တေးမသီနိုင်သော၊ တေးမသီရဲသော ကျွန်တော့်ကို သူက ငုံ့စောင်းကြည့်သည်။

အို…သည်အကြည့်ကို ကျွန်တော် ကောင်းကောင်းသိသည်ပေါ့…။ ဘဝင်မကျသည့်အခါတိုင်း သူကြည့်လေ့ကြည့်ထရှိသည့်အကြည့်…။ မထီတရီအကြည့်…။ မလေးမခန့်အကြည့်…။ တစ်ဖက်လူကို နေမထိထိုင်မသာဖြစ်စေသည့်အကြည့်…။ မြားလိုအကြည့်…။ ဓားလိုအကြည့်…။

သူ့အကြည့်မှာ ကျွန်တော် မလုံမလဲဖြစ်ရသည်။ မဝံ့မရဲဖြစ်ရသည်။

သူ့ကို ကျွန်တော် ဘာတစ်ခုမှ လိမ်ညာဖုံးကွယ်၍ရမည်မဟုတ်ပါ။ နှစ်ပေါင်းများစွာ အရစ်ရစ်အထပ်ထပ်ဆင်မြန်းထားခဲ့သည့် ကျွန်တော့် 'မျက်နှာဖုံး' များသည် သူ့ရှေ့မှာ တစ်လွှာပြီးတစ်လွှာ ကွာကျနေသည်။ ပါးစပ်မဟမီကပင် ဝမ်းတွင်းမှာ အူဘယ်နှစ်ခွေရှိနေတာ တိတိကျကျ သိနေသူကို လီဆယ်လှည့်ဖြားဖို့ရာ မဖြစ်နိုင်ပါ။

သို့သော် အကျင့်ပါနေသည့်အတိုင်း 'မိုးကြိုးပစ် ထန်းလက်ကာ' ဟောက်စားလုပ်လိုက်ပါသည်။

'မင်း ငါ့ကို အဲသည်လို မကြည့်နဲ့။ ငါ့ဘဝ ရှင်သန်ရပ်တည်နိုင်ဖို့ အောင်မြင်ကြီးပွားဖို့အတွက် ငါ ဘာမဟုတ်တာမှ မလုပ်ခဲ့ဘူး။ မင်းတို့သိနေတယ်ဆိုတဲ့ ရက်စက်စုတ်ပွဲမှုဆိုတာတွေကလည်း တာဝန်နဲ့ဝတ္တရားအရ..'

'တော်စမ်းပါ'

ကျားဟိန်းသံလို ပေါက်ကွဲမြည်ဟည်း ထွက်ပေါ်လာသော သူ့ရဲ့ 'စကားတော်လဲသံ' ကြောင့် ပေးနေကျ ကျွန်တော့်ဆင်ခြေများမှာ အလွန်ပူပြင်းခြောက်သွေ့နေသည့် သဲကန္တာရသို့ ကျရောက်သွားသည့် ရေစက်ရေပေါက်ပမာ...။

'နူရင်ဘတ်မှာ နာဇီဗိုလ်ချုပ်ကြီးတွေလည်း အဲသည်လို ပြောခဲ့တာပဲ'

သူ့စကားက ကျွန်တော့်ခန္ဓာကို ဗိုအားမြင့်လျှပ်စီးကြောင်း ဖြတ်စီးသလိုဖြစ်စေသည်။

မတတ်နိုင်တော့ပါ။ နောက်ဆုံးကျည်ဆန်ကို ထုတ်သုံးရပါတော့မည်။

'ဒီလောက်တောင် မင်းငါ့ကို မပြောနဲ့။ လူတိုင်း ပြောချင်ပြောပါစေ။ မင်းတော့မပြောနဲ့။ တကယ်တော့ တို့နှစ်ယောက်ဟာ တစ်ယောက်တည်းကွ'

ကျွန်တော့်စကားအဆုံးမှာ သူရယ်ပါသည်။

အစမှာ တိုးတိုးသာသာ...။ နောက်တော့ အသံက ကျယ်သထက်ကျယ်လာသည်။ အဆုံးမှာတော့ အူတက်မတတ် အားပါးတရ 'ခွက်ထိုးခွက်လန်' ဟစ်ကာအော်ကာ မျက်ရည်စက်စက်ထွက်အောင် ရယ်သွမ်းသွေးနေပါတော့သည်။

ဟိုတုန်းကလိုပါပဲ။ သူသည် သူ့ရင်တွင်းမှာ ရှိတာကို ထိန်ချန်တတ်သူမဟုတ်။ သိုဝှက်တတ်သူမဟုတ်။ မျိုသိပ်တတ်သူမဟုတ်။ စိတ်ရင်းအတိုင်းပြုတတ်သူ။ ဟောဟောဒိုင်းဒိုင်း ပြောတတ်သူ။ ရှုးရှုးရှားရှားလုပ်တတ်သူ။ အလွန်အမင်း မသိသားဆိုးရွား ရိုးစင်းလွန်းတဲ့သူ။

ရယ်လို့အားရတော့မှ 'ဟုတ်ရဲ့လား'...ဟု ပြုံးထေ့ထေ့နှင့် သူကမေးသည်။

ဟုတ်ရဲ့လား…တဲ့။

သူဆိုတာ တစ်ခါက ကျွန်တော်…။ ကျွန်တော်သည်လည်း ဟိုတုန်းက သူပါပဲ…ဆိုတာ ဟုတ်ရဲ့လား။


နှစ်ပေါင်းသုံးဆယ်ကျော် ကြာမြင့်ခဲ့သည့်တိုင်အောင် သူနှင့် ကျွန်တော်ဟာ တစ်ယောက်တည်းပဲဆိုတာ တကယ်တမ်း ဟုတ်မှဟုတ်ရဲ့လား…။ ဟုတ်ရော ဟုတ်နိုင်ပါသေးရဲ့လား…။

× × ×

သူကတော့ 'ပွင့်လင်းလရိပ်အောက်မှာ' တေးသီမြဲသီလျက် ကျွန်တော့်ကို ဖယ်ခွာပြီး ဥပေက္ခာခြေလှမ်းများဖြင့် ထင်းရှူးတောအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက မေ့ပင်အောက်မှာ မြို့လေးက ခါးသီးမုန်းတီးစွာ ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းခံရသူမှာ သူမဟုတ်တာတော့ သေချာသည်။

တိုးသဲ့သော်လည်း သူ့တေးသံသည် ထင်းရှူးတောအတွင်းမှ လျှံထွက်ကာ မြို့လေးထံသို့ လွင့်ပျံနေသည်။ ။



. . . ဝသန်မိုးနှောင်း


ဟေမန်ပြောင်းရစ်

မှိန်တွေသစ်လည်း . . .

အလွမ်းမိုးတိမ်

နှလုံးအိမ်ထက်

နေနိုင်ရက်စွာ . . .



# နေနိုင်ရက်စွာ

ကလောချောင်းပေါ် ဖြတ်ဆောက်ထားသည့် သစ်သားတံတားမှ ဆင်းပြီး ရထားလမ်းကို ကျော်လိုက်လျှင် အရှေ့ဘိုကုန်းသို့သွားသော မြေနီလမ်းလေးရှိသည်။ ထိုလမ်းကလေးသည် နှစ်ချို့ထင်းရှူးပင်ကြီးများဖြင့် မှိုင်းညို့အုံ့ဆိုင်းနေသည့် တောင်စောင်းလေးပေါ်သို့ ကွေ့ကွေ့ကောက်ကောက် တက်သွားသည်။ ထင်းရှူးပင်တို့အလယ်မှာ လူနှစ်ဖက်စာလောက် လုံးပတ်ရှိသည့် အလွန်ကြီးမားဖြောင့်စင်းသော ယူကလစ်ပင်ကြီးတစ်ပင်အထီးတည်း ရှိသည်။

အပင်ရင်းမှာ ထိုင်၍ကြည့်လျှင် ထင်ရှူးပင်များကြားမှ ကွေ့ကာဝိုက်ကာ တက်လာသော ရထားလမ်းကိုလည်းကောင်း၊ အေးငြိမ့်ညင်သာစီးဆင်းနေသော ကလောချောင်းကိုလည်းကောင်း၊ တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းဝပ်စင်းနေသည့် အရှေ့တက္ကသိုလ်လမ်းကိုလည်းကောင်း ကဗျာဆန်ဆန် တွေ့မြင်နိုင်ပါသည်။

ယင်းယူကလစ်ပင်ကြီးကို မိုးနှင့် ကျော်စွာတို့ အလွန်သဘောကျ၏။ မကြာမကြာ လာရောက်ကာ နာရီအတော်ကြာအောင် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်ငေးနေတတ်သည်။ တစ်ခါတလေတော့လည်း သူတို့နှစ်ယောက်သည် ယူကလစ်ပင်ရင်းမှာ တစ်နေကုန် စကားဖောင်ဖွဲ့နေတတ်သည်။ တစ်ကြိမ် တစ်ခါမှာတော့ 'ဆရာမောင်သာနိုး' ဘာသာပြန်ထားသော 'ဝီလျံဘလိတ်' ရဲ့ အလွန်နာမည်ကြီးသည့် 'ဖျားတဲ့နှင်းဆီ' ကဗျာကို ထိုယူကလစ်ပင်ကြီး

အောက်မှာပဲ မိုးက ကျော်စွာ့ကို ရွတ်ဆိုပြခဲ့ဖူးသည်။

ထိုအချိန်မှစ၍ ကျော်စွာက ထိုယူကလစ်ပင်ကြီးကို 'ကဗျာပင်' …ဟု အမည်ပေးခဲ့သည်။

× × ×

'ဖော်တီဆယ်လ်ဘင်း'

'ပရင်န်ဆင့်'

'ဖော်တီအိပ်'

'ပရင်န်ဆင့်'

'ဖော်တီနိုင်းလ်'

'ပရင်န်ဆင့်'

ရိုးလ်ကောခေါ်နေသော ဆရာချစ်၏ အသံရပ်သွားသည်။ ထိုနောက် မျက်မှောင်ကြုတ်လိုက်သည်။ ဆရာကျောင်းခေါ်ချိန် ယူနေခိုက်မှာ လေသံသဲ့သဲ့ဖြင့် တီးတိုးတီးတိုး တွတ်ထိုးနေသည့်အသံများ လျော့နည်းသွားသည်။

'ဖော်တီနိုင်းလ်'

ဆရာချစ်က နောက်တစ်ကြိမ်ထပ်ခေါ်သည်။ ထူးသံမကြားရ။ အခုတော့ တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်နေပြီ။

'ရိုးလ်ဖော်တီနိုင်းလ်ကို ခုနက ဘယ်သူထူးလိုက်တာလဲ'

ဆရာချစ်က မေးသည်။ ဘယ်သူမှ မဖြေကြ။ ဆရာချစ် အနည်းငယ်ဒေါသထွက်လာဟန်တူသည်။ အသံမာလာသည်။

'မေးနေတယ်လေ၊ ရိုးလ်ဖော်တီနိုင်းလ်ကို ဘယ်သူထူးလိုက်တာလဲ'

'ကျွန်မ ထူးတာပါ'

မိုးက မတ်တတ်ရပ်ပြီး ခေါင်းငုံ့ကာ အသံတုန်တုန်နှင့် မပွင့်တပွင့်ဖြေသည်။ ရှက်စိတ်၊ ကြောက်စိတ်ကြောင့်လည်း မျက်ရည်များ ရစ်ဝဲနေသည်။

အမှန်တော့ ကျောင်းသူ၊ ကျောင်းသားများ ရိုးလ်ကောခိုးထူးကြသည်မှာ ထူးဆန်းသည့်ကိစ္စတော့မဟုတ်ပါ။ သည်လိုပဲ သူသူငါငါ

ချောင်လျှင်ချောင်သလို၊ လစ်လျှင် လစ်သလို ထူးပေးနေကြသည်။ သို့ သော် ဆရာချစ်ကဲ့သို့ အလွန်စေ့စပ်သေချာပြီး စာအုပ်ကြီးအတိုင်း ပြုမူဆောင်ရွက်တတ်သူတို့၏ အချိန်မျိုးမှာတော့ ရိုးလ်ကောခိုးထူးသူ မရှိသလောက်ရှားသည်။ ရှိခဲ့လျှင်လည်း ဝါရင့်၊ သမ္ဘာရင့် ဆရာချစ်က သူ့နည်းသူ့ဟန်ဖြင့် အလွယ်တကူ သိရှိဖော်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် ဆရာချစ်အချိန်ဆိုလျှင် ကျောင်းသားအချင်းချင်းပင် ရိုးလ်ကောခိုးမထူးပေးကြ။ အခုတော့ ယောကျ်ားလေးတစ်ယောက်၏ ခုံနံပါတ်ကို မိန်းကလေးတစ်ယောက်က မိုက်မဲစွန့်စားစွာ ခိုးထူးပေးလိုက်ပါပြီ . . .။

နဂိုက ငြိမ်သက်တိတ်ဆိတ်နေသော အခန်းသည် ယခုအခါ အပ်ကျလျှင်ပင် ကြားရမည်ထင်ရသည်။ အခန်းတွင်းမှာရှိသည့် ကျောင်းသူ၊ ကျောင်းသားများအားလုံးက အသက်ပြင်းပြင်းမရှူမိဘဲ ဆရာချစ်နှင့် မိုးကို ရင်တမမဖြင့်ငေးကြည့်နေကြသည်။

မတ်တတ်ရပ်နေသော မိုးသည် လက်ထဲမှ လက်ကိုင်ပဝါလေးကို လိမ်ကျစ်လုံးခြေနေသည်။ အံကိုလည်း မသိမသာကြိတ်ထားသည်။ ရိုးလ်ကောခိုးထူးတာ လူမိရသည့်အဖြစ်သည် အခမ်းအနားမှာ စင်ပေါ်တက်ပြီး ဆုယူရသလို ဝမ်းသာပျော်ရွှင်စရာ မဟုတ်ပါ။

ဆရာချစ်ကိုယ်တိုင်လည်း မိုးကိုကြည့်ပြီး အံ့ဩတွေဝေသွားသည်။ သူဘာယ်လိုမှ မျှော်လင့်ထားပုံမရ။ စင်စစ် မိုးသည် သူအလွန်သဘောတွေ့ အားထားခဲ့သော သူ၏ ဂုဏ်ယူစရာ တပည့်ကျော်တစ်ယောက်။ စာ အလွန်တော်ပြီး အင်မတန် ယဉ်ကျေးသိမ်မွေ့ကာ လိမ္မာရေးခြားရှိလွန်းသဖြင့် 'ငါ့သမီးလေးဖြစ်ရင် ဘယ်လောက်ကောင်းမလဲ' ဟုပင် မကြာခဏတွေးမိသည့် အချစ်ဆုံး တပည့်တစ်ယောက် . . .။ အခုတော့ ဘယ်သူမှ ထင်မှတ်မထားတာ လုပ်ချလိုက်ပြီ။

'အတန်းပြီးရင် ဆရာ့အခန်းကို လာတွေ့ပါ'

ဆရာချစ်ကပြောသည်။ 'ပညာရှိအမျက် အပြင်မထွက်' အောင် ထိန်းနိုင်သည်။ ပြီးတော့ ဣန္ဒြေရစွာ ခေါင်းညိတ်ပြသည်။ 'ထိုင်တော့' ဆိုသည့်သဘော။ ထို့နောက် ဘာမှမဖြစ်ခဲ့ဟန်ဖြင့် ကျန်နေသည့် ခုံနံပါတ်များကို ခပ်အေးအေးဆက်ခေါ်သွားသည်။

ဆရာချစ်၏ အေးစက်စက်ဟန်ပန်ကပင် ကျောင်းသူကျောင်းသား များကို ပိုမိုစိုးထိတ်ပူပန်စေသည်။ ကျောင်း၏ ဂုဏ်ထူးဆောင် စံပြကျောင်းသူ တစ်ယောက်ကို အလွန်စည်းကမ်းကြီးသည့် ဆရာချစ်က ဘယ်လိုအပြစ်မျိုး ချမှတ်စီရင်မည်ဆိုတာ အတန်းတွင်းရှိ ကျောင်းသူ၊ ကျောင်းသားတိုင်း အလွန် စိတ်ဝင်စားကာ သိချင်နေကြပါသည်။

မိုးက သူ့ထိုင်ခုံမှာ ခေါင်းငိုက်စိုက်ချ၍ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေသည်။ ဆရာချစ် ဘာတွေသင်ပြီး ဘယ်အချိန်က အတန်းထဲမှ ပြန် ထွက်သွားသည်ကိုပင် မသိလိုက်။

× × ×

'ဘယ်လိုလုပ်လိုက်တာလဲ မိုးရယ်။ ဆရာချစ်အချိန်ကိုမှ သွားလုပ် ရတယ်လို့'

သတင်းကြားလျှင်ကြားချင်း ကျော့်စွာက မိုးထံ အပြေးသွားကာ ညည်းညူသံတစ်ဝက်၊ အပြစ်တင်သံတစ်ဝက်ဖြင့် ပြောလိုက်သည်။

မိုးက ဘာမှပြန်မပြော။ ရံဖန်ရံခါ တွေ့ရတတ်သည့် ဘာကိုမှ ထီမထင်သည့် ဟန်မျိုးဖြင့် အေးတိအေးစက်လုပ်နေသည်။ လွယ်အိတ်ကိုလည်း စလွယ်သိုင်းပြင်လွယ်လိုက်သေးသည်။ ဘာရယ်ကြောင့်မသိ။ မိုး၏ သည်လို ဟန်ပန်မျိုးကို မြင်ရလျှင် ကျော့်စွာလန့်သည်။ လုပ်ချင်ရာကို 'တုံးတိုက်တိုက် ကမ်းတိုက်တိုက်' လုပ်မည်ဆိုသည့်သဘော...။ မိုးမှာလည်း သည်လို တခေါက်ကန်း ခလေ့စရိုက်မျိုးရှိတာကို ကျော့်စွာမှလွဲ၍ မိုးမိဘများပင် မသိကြ။ ကျော့်စွာတစ်ယောက်သာ ငယ်စဉ်ကတည်းက မိုးနှင့် အလွန်နီး ကပ်ကျွမ်းဝင်စွာ ဆက်ဆံပေါင်းသင်းရင်း အတူတကွ ကြီးပြင်းခဲ့ကြရသည် မို့ မိုး၏အတွင်းစိတ်ကို ထဲထဲဝင်ဝင်သိသည်။

မိုးက ဘာမှမပြောဘဲ လွယ်အိတ်ထဲမှ ကြုံရာစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ အပြင်ရောက်တော့လည်း ဘာစာအုပ်လဲဆိုတာ ငုံ့စောင်း ၍ ပင်မကြည့်ပါ။ စာအုပ်နောက်ကျောဖုံးကိုဖွင့်လျက် စာအုပ်ကို ကျော့်စွာ့ထံ ထိုးပေးလိုက်သည်။

ကျော့်စွာယူကြည့်လိုက်သောအခါ မိုး ပြုစုထားသည့် သူ့ရဲ့ကျောင်း တက်ချိန်မှတ်တမ်းကို တွေ့ရသည်။ ကျောင်းဘယ်နှချိန်တက်၍ ဘယ်နှချိန်

ပျက်ထားသည်။ ကျောင်းတက်သည့်ရာခိုင်နှုန်းက ဘယ်လောက်။ ကျောင်းမပိတ်မီထိတက်ရန် ကျန်နေသည့် စာသင်ချိန်က ဘယ်လောက်။ နောက်ပိုင်းဘယ်နှချိန်တက်ပါမှ လိုအပ်နေသည့် ကျောင်းခေါ်ချိန် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကို ပြည့်မီမည်ဆိုသည်များကို စနစ်တကျပြုစုထားသည်။

ကျော်စွာက စာအုပ်ကိုပိတ်ပြီး မျက်နှာဖုံးကိုကြည့်သည်။ အက်စ်စတီမိတ် (Estimate) ဟု ရေးထားသည်။ ခုနတွေ့ရသည့် ကျောင်းတက်ချိန်မှတ်တမ်းမှာ အက်စ်စတီမိတ်ဘာသာရပ်အတွက်ဖြစ်ကြောင်း ကျော်စွာသဘောပေါက်သွားသည်။ ဒါဆို တခြားဘာသာရပ်များအတွက်လည်း သက်ဆိုင်ရာဘာသာရပ် စာအုပ်နောက်ကျောများမှာ ကျော်စွာ၏ ကျောင်းတက်ချိန်မှတ်တမ်းများကို မိုးက အလားတူ စနစ်တကျပြုစုထားမှာ သေချာသည်။

ဆရာချစ်ဘာသာမှာ ကျော်စွာ့ကျောင်းခေါ်ချိန်က စိုးရိမ်ရေမှတ်သို့ရောက်လို့နေပြီ။ နည်းနည်းလေးမှ အတိမ်းအစောင်းမခံတော့…။ အမှန်တော့ကျော်စွာ ပျက်ကွက်ခဲ့သည့် ကျောင်းချိန်များမှာ ဆရာချစ်တစ်ယောက်တည်း၏ အချိန်မှမဟုတ်ပါ။ အခြား ဆရာ၊ ဆရာမများ၏ အချိန်များကိုလည်းကျော်စွာက အလားတူပျက်ကွက်ထားသည်။ သို့ရာတွင် အခြား ဆရာ၊ ဆရာမများ၏ အချိန်များမှာ တင်းကျပ်မှုသိပ်မရှိသဖြင့် ကျော်စွာ့သူငယ်ချင်းများသည် အလျဉ်းသင့်သလို ရှိုးလ်ကောကို ခိုးထူးပေးခဲ့ကြသဖြင့် အခြေအနေကသိပ်မဆိုးရွားလှ။ ဆရာချစ်အချိန်ကိုသာ ဘယ်သူမှ ခိုးမထူးပေးရဲသဖြင့်ကျောင်းခေါ်ချိန် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းပြည့်မီရန် ခက်ခဲနေရခြင်းဖြစ်သည်။

ထိုအခက်အခဲကို မိုးက သူ့နည်းသူ့ဟန်ဖြင့် ဝင်ရောက်ဖြေရှင်းပေးခြင်းဖြစ်သည်။ စေတနာမှန်သော်လည်း လုပ်နည်းလုပ်ဟန်မမှန်။ မိုက်မဲလွန်းသည် ပြောရမလား။ ရူးသွပ်လွန်းသည် ဆိုရမလား။ မသင့်တော်တာတော့ ကေန်။ ဒါကို မိုးကိုယ်တိုင်ကလည်းသိသည်။ သိသိကြီးနှင့် တမင်လုပ်ခဲ့သည်မို့ ဖြစ်သမျှအကျိုးဆက်များကို ကျေကျေနပ်နပ်ခံယူမည်ဆိုသည့် အသွင်ကို အထင်အရှားပြနေသည်။ လိုအပ်လျှင် နောက်တစ်ကြိမ်ထပ်လုပ်ရန်လည်း ဝန်လေးပုံမရ။ ကျော်စွာ သက်ပြင်းချသည်။ ထိုနောက် အသံတိုးတိုးဖြင့်

မိုးကို မချင့်မရဲ ပြောလိုက်သည်။

'မိုးရယ်၊ ငါ ယောကျ်ားပါကွာ။ ကိုယ်လုပ်တာ ကိုယ်ခံမှာပေါ့။ နင်ဝင်ပါစရာ မလိုပါဘူး'

ကျော်စွာ့စကားအဆုံးမှာ မိုးက မဲ့ပြုံး ပြုံးသည်။

'ကျောင်းခေါ်ချိန် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းမပြည့်လို့ နင်စာမေးပွဲ မဖြေရမှာကို ငါ တွေးပူလို့ နင့်ရိုးလ်ကောကို ငါခိုးထူးပေးတာ မဟုတ်ဘူး ကျော်စွာ။ အန်တီ့မျက်နှာကြောင့် လုပ်ပေးတာ။ အန်တီက နင့်ကို ငါ့ဆီအပ် ထားတာလေ'

မိုး၏စကားသည် တစ်ဝက်သာမှန်ကြောင်း မိုးလည်းသိသည်။ ကျော်စွာလည်း သိသည်။ မမှန်ကန်သော ကျန်တစ်ဝက်မှာ ဘာလဲဆိုတာ သူတို့ဆက်မတွေးကြပါ။ ဘာမှမဖြစ်ခဲ့သလို ရောက်တတ်ရာရာ စကား များကိုသာ ပြောနေကြသည်။

မပြန်ခင် ကျော်စွာက သူ့လွယ်အိတ်တွင်းမှ အပြာရောင်စာအိတ်လေး ကို ထုတ်၍ မိုးကိုပေးသည်။

'ရော့…။ ဒီစာ စက္ကင်းန်ရီယားက နန်းကလျာဦးကိုပေးလိုက်'

ကျော်စွာ့ကို မိုးက မျက်လွှာလှန်၍ တစ်ချက်ကြည့်သည်။ ဘာမှ တော့မပြော…။ သည်လိုပါပဲ။ ကျော်စွာ၏ ချစ်သဝဏ်လွှာများစွာသည် မိုး၏ထံမှတဆင့် သက်ဆိုင်သူများဆီသို့ ရောက်ခဲ့ရသည့် အကြိမ်ပေါင်းမှာ ရေတွက်၍ပင်ရနိုင်မည်မထင်ပါ။ ကျော်စွာရေးခဲ့သမျှ ချစ်သဝဏ်လွှာများ၏ ငါးဆယ်ရာခိုင်နှုန်းမက ရှိမှာသေချာသည်။

ရည်းစားစာ လူကြုံပါးရတာလောက်တော့ မိုးအတွက် ဘာမှမထူး ဆန်း။ ရံဖန်ရံခါ ကျော်စွာ့ချစ်သူများ ကျော်စွာနှင့်ချိန်းတွေ့နိုင်အောင် မိုး ကိုယ်တိုင် အဆောင်မှ ခေါ်ထုတ်ပေးခဲ့ဖူးသည်လေ။

မိုးက ကျော်စွာ့လက်ထဲမှစာကို လှမ်းယူသည်။ ပြီးတော့ လွယ်အိတ် ထဲသို့ အေးအေးဆေးဆေးပဲထည့်လိုက်သည်။ လွယ်အိတ်ထဲသို့ စာကိုထည့် နေစဉ် သက်ပြင်းတစ်ချက်တော့ အမှတ်မထင် မှုတ်ချလိုက်မိသည်။

× × ×

ကျော်စွာ့ရိုးလ်ကောကို မိုးခိုးထူးပေးတာ ဆရာချစ်မိသွားသည်

ဆိုသည့်သတင်းသည် အလွန်တိုတောင်းသည့်အချိန်တွင်းမှာပဲ တစ်ကျောင်းလုံးသို့ ပျံ့နှံ့သွားသည်။ အလွန်အမင်း ထူးဆန်းအံ့ဩဖွယ် သတင်းမဟုတ်သော်လည်း ကျောင်း၏ 'အိုင်ကွန်' (Icon) နှင့် 'ဆယ်လီဗရိတီ' (Celebrity) တို့ရဲ့ သတင်းဆိုတော့ ကြားရသူများ စိတ်ဝင်စားကြသည်။

စင်စစ် ကျော်စွာရော မိုးပါ ကျောင်းမှာ သူ့နည်းသူ့ဟန်ဖြင့် ထင်ရှားကျော်ကြားကြသည်။ ရုပ်ရည်က သာမန်မျှသာဖြစ်သော်လည်း ပညာရေးမှာ အလွန်ထူးချွန်ထက်မြက်သော မိုးသည် ကျောင်းဂုဏ်ဆောင် အမှတ်သင်္ကေတအဖြစ် ထင်ရှားသည်။ ထို့အတူ ယောကျ်ားလေးဖြစ်သော်လည်း ရုပ်ရည်ထူးထူးခြားခြား ချောမောလှပကာ ဆွဲဆောင်ရည်ရှိသဖြင့် အချစ်ရေးမှာ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်သော ကျော်စွာသည်လည်း ကျောင်း၌ သာမက ကလောမြို့တွင်းမှာပါ 'ရွှေမင်းသားလေး' ဟု ကျော်ကြားသည်။

သူတို့နှစ်ယောက်သည် 'နေနှင့်လ'၊ 'အရှေ့နှင့်အနောက်' ကဲ့သို့ မထူးခြားနား ဆန့်ကျင်ကွဲပြားသော်လည်း အလွန်အမင်း နီးနီးကပ်ကပ်ရှိသည်။ အချို့က သွေးသားတော်စပ်သည်ဟုထင်ကြသည်။ အချို့ကတော့ တစ်မြို့တည်းကနေ ငယ်သူငယ်ချင်းတွေဟုသာ မှတ်ချက်ချသည်။ အနည်းငယ်ကမူ သူတို့နှစ်ယောက်ကို 'ရင်ထဲကချစ်သူများ' (Plutonic Lovers) ဟု ဆိုကြသော်လည်း အများစုကမူ ထိုအဆိုကို ဆန့်ကျင်ငြင်းဆန်ကာ မိုးသည်ကျော်စွာ၏ 'အကောင်းဆုံး အောင်သွယ်တော်' (Best Matchmaker) အဖြစ်သာ သတ်မှတ်ကြပါသည်။ ကျော်စွာ၏ ချစ်သူတိုင်းသည် မိုးနှင့်လည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိကြသည်မဟုတ်လား။

သူတို့ကို မေးတော့လည်း ဘယ်သူမှ ပွင့်ပွင့်လင်းလင်းမပြောကြ။ ပြုံးကာရယ်ကာ ပခုံးတွန့်လိုက်၊ ခေါင်းယမ်းလိုက် လုပ်လျက်သာ နေကြသည်။ ထင်ချင်သလို ထင်နိုင်သည်ဆိုသည့်သဘော။ တကယ်တော့ သူတို့နှစ်ယောက်အတွက် ထိုမေးခွန်းသည် အပျိုဖော်၊ လူပျိုဖော်ဝင်စ ကာလမှသည် ယခုတိုင်ထိ ကြိမ်ဖန်များစွာ အမေးခံခဲ့ရသည်မို့ အရေးတယူပြန်ဖြေစရာမလိုတော့ဟု ယူဆထားသည့် ငြီးငွေ့စိတ်ပျက်စရာ မေးခွန်းတစ်ခုမျှသာ...။

မိုး၏ကိစ္စကိုလည်း ဘယ်သူမှ ဂဃနဏ မသိလိုက်ကြ။ ဆရာချစ်နှင့်အတူ ကျောင်းအုပ်ကြီးရုံးခန်းတွင်းသို့ မိုးဝင်သွားသည်ကို မြင်သူများက

မြင်ကြသည်။ ဆယ့်ငါးမိနစ်လောက်ကြာသောအခါ မိုးတစ်ယောက်တည်း မျက်နှာကြီးနီလျက် ကျောင်းအုပ်ကြီးရုံးခန်းမှပြန်ထွက်လာ၏။ ဘာဖြစ်ခဲ့သည် ဆိုတာ ဘယ်သူမှမေးလို့မရ။ အနည်းဆုံးပြစ်ဒဏ်က 'နောက်ဆုံးအကြိမ် ပြင်းထန်စွာ သတိပေးခြင်း' ဖြစ်နိုင်သည်ဟုသာ မှန်းဆကြသည်။ အခန့် မသင့်လျှင် ဝန်ခံကတိလက်မှတ်ရေးထိုးရနိုင်သည်။ ထိုထက်ပို၍ မိဘများထံ တိုင်ကြားစာပေးပို့ကောင်း ပေးပို့နိုင်သည်။ တစ်ခုတည်းလည်း ဖြစ်နိုင်သည်။ အားလုံးလည်း ဖြစ်နိုင်သည်။ မိုးမှအပ ဘယ်သူမှမသိကြ။ ကျော်စွာပင်လျှင် မေးလို့မရ။ မိုးက ထိုမျှထိလျှို့ဝှက်သည်။

မိုကတော့ ဘာမှမဖြစ်ခဲ့သလို ဣန္ဒြေမပျက်လှ။ သို့သော် ကျော်စွာက ထူးထူးခြားခြား ကျောင်းတက်ချိန်မှန်လာသည်။ သူ့ကျောင်းခေါ်ချိန် မပြည့်မီ ပါက မိုးသည် ယခင်ကလိုပင် ထပ်လုပ်ဦးမှာ စိုးရိမ်၍ဖြစ်သည်။

တကယ်တော့ မိုးရဲ့စိတ်ကို ကျော်စွာကသာ အသိဆုံး…။

× × ×

အရှေ့ဘိုကုန်းမှ စိတ်ပျက်လက်ပျက် ပြန်လာသော ကျော်စွာသည် ကလောချောင်းနံဘေးမှာ မိုးနှင့်ဆုံသည်။ အရှေ့ဘိုကုန်းမှာ နေထိုင်သော ရည်းစားတစ်ယောက်နှင့် ကတောက်ကဆတ်ဖြစ်သဖြင့် ဈေးထဲက နောက် ရည်းစားတစ်ယောက်ထံသွားမည်ဟု ရည်ရွယ်ကာ မြေနီလမ်းလေးအတိုင်း ထင်းရှူးတောကိုဖြတ်၍ တောင်စောင်းလေးပေါ်မှ ဆင်းခဲ့ခြင်းဖြစ်သည်။ စိတ်ပါလက်ပါတော့မဟုတ်။ မလွှဲမရှောင်သာ လုပ်ဆောင်ရသည့် ဝတ္တရား တစ်ခုပမာ ပျင်းရိငြီးငွေ့စွာ…။

ထိုသို့ဖြစ်နေသည်မှာ ကြာပြီ။ မှတ်မှတ်ရရ နောက်ဆုံးနှစ်ရောက် ကတည်းက ယခင်ကလို မိန်းကလေးများနှင့် ပရောပရည်နေရတာ မပျော်ရွှင် တော့ပါ။ အလိုလိုနေရင်း စိတ်ပျက်နေတတ်သည်။ ကင်းကင်းပြတ်ပြတ် တော့လည်း မနေနိုင်။ တစ်သက်လုံး ယဉ်ပါးခဲ့သည့် အကျင့်စရိုက်ကို ရုတ်တရက် ဖြတ်တောက်ဖို့ဆိုတာ အလွယ်နှင့်မဖြစ်နိုင်ပါ။ သို့ဖြင့် ကျော်စွာ သည် ချစ်သူဟောင်းများထံ စက်ရုပ်တစ်ရုပ်လို ပုံမှန်သွားလာနေသည်။ ယခင်ကလို ပျော်ရွှင်တက်ကြွခြင်းများ မရှိတော့ပါ။ အသက်အရွယ်အရ ရင့်ကျက်တည်ငြိမ်စပြုခြင်းလည်းဖြစ်နိုင်သည်။

မိုးကိုတွေ့သောအခါ ကျော်စွာရည်ရွယ်ချက် ပြောင်းသွားသည်။

မိုးလက်ကိုဆွဲကာ မြေနီလမ်းလေးအတိုင်း ထင်းရှူးတောကိုဖြတ်၍ တောင်စောင်းလေးပေါ်သို့ ပြန်တက်ခဲ့၏။ မိုးက ဘုမသိဘမသိဘဲ ကျော်စွာဆွဲခေါ်ရာနောက်သို့ ဆုတ်ကန်ဆုတ်ကန်နှင့် ပါလာသည်။ 'ဟဲ့ ဘာဖြစ်နေတာလဲ' ဟုတော့မေးသည်။

ကျော်စွာက ဘာမှပြန်မပြော။ 'ကဗျာပင်' ဟု သူအမည်ပေးထားသည့် ယူကလစ်ပင်ကြီးဆီသို့သာ မိုးကိုဆွဲခေါ်သွားသည်။ ရောက်သောအခါ အပင်းရင်းမှာ အတူထိုင်ကြသည်။

ထင်းရှူးတောကို ဖြတ်သန်းတိုက်ခတ်လာသောလေသည် အေးမြနေသည်။ မြေပေါ်ကြွေကျနေသော ယူလစ်ရွက်ခြောက်များထံမှ သင်းပျံ့သောရနံ့ကိုရသည်။ ဘာကြောင့်မှန်းမသိဘဲ ကျော်စွာ့စိတ်သည် လေးလံထိုင်းမှိုင်းကာ ဝမ်းနည်းကြေကွဲလာသည်။

စိတ်မပါ့တပါဖြင့် ထားခဲ့ရသည့် ရည်းစားပေါင်းများစွာနှင့် ရင်ခုန်ခြင်းကင်းမဲ့စွာ ဖြုန်းတီးခဲ့ရသည့် အချိန်ပေါင်းများစွာကို 'အချည်းနှီးပဲ' လို့တွေးကာ စိတ်ပျက်နေသည်။ တကယ်တော့ သူ့ဘဝသည် မွေးရာပါရုပ်ရည်လေးကို အကြောင်းပြု၍ မိန်းကလေးပေါင်းများစွာကို ညို့ယူဖမ်းစားကာ အပျော်ရှာခဲ့သော်လည်း တကယ်လက်တွေ့မှာ စစ်မှန်သောပျော်ရွှင်မှုကို တစ်ကြိမ်တစ်ခါမှ သူမရ။

မရေတွက်နိုင်အောင် များပြားလှသော ချစ်သူများထဲမှာ သူ့အသည်းနှလုံးကို အမှန်တကယ်သိမ်းပိုက်နိုင်သူတစ်ယောက်မှ မရှိခဲ့ဘူးဆိုတာ အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။ စင်စစ် သူသည် ဖောင်စီးရင်းရေငတ်နေသူတစ်ဦး…။ ရောင်စုံပန်းခင်းကြီးအလယ်မှာ အတောင်ညှောင်းနေသည့် ပိတုန်းတစ်ကောင်…။

ကျော်စွာသည် မိုးနံဘေးမှာ ဘာမှမပြောဘဲ နာရီပေါင်းများစွာထိုင်နေသည်။ ကျော်စွာရဲ့ ထူးခြားတဲ့အမူအရာကြောင့် မိုးက မျက်မှောင်လေးမသိမသာကြုတ်ကာ အကဲခတ်နေသည်။ အစဉ်တက်ကြွလန်းရွှင်နေတတ်သည့် ကျော်စွာ့မျက်နှာသည် သည်နေ့မှာတော့ ထူးထူးခြားခြား ညို့မှိုင်းအုံ့ဆိုင်းကာ နွမ်းနွမ်းလျလျဖြစ်နေသည်။ တစ်စုံတစ်ခုကိုလည်း လှိုက်လှဲကြေကွဲစွာ

ခံစားနေရပုံရသည်။ တစ်သက်နှင့်တစ်ကိုယ် ကျော်စွာ သည်လောက်ဝမ်းနည်းကြေကွဲနေတာ တစ်ခါမှ မိုးမမြင်ခဲ့ရ။ ဧကန္တ တစ်စုံတစ်ယောက်က ကျော်စွာ့အသည်းကို ခွဲလိုက်နိုင်ပြီထင်သည်။

'ပြောစမ်းကျော်စွာ၊ ဘယ်ကောင်မက နင့်အသည်းကို ခွဲလိုက်သလဲ။ ငါ ပါးသွားရိုက်မယ်'

မိုးက ရယ်သွမ်းသွေးလျက် ကျော်စွာ့ကို နောက်ပြောင်ကျီစယ်သည်။

ကျော်စွာ့ထံမှ ဘာစကားမှပြန်မရ။ သူ့အတွေးနှင့်သူသာ ကြာရှည်ကြာညောင်း ငေးမောတွေဝေနေသည်။ စိတ်မရှည်တော့သော မိုးက ပြန်မည်ပြုသောအခါမှ ကျော်စွာ့ထံမှ စကားသံထွက်ပေါ်လာသည်။

'အေးဟာ…တစ်ယောက်ယောက်က ငါ့အသည်းကို တကယ်ကွဲသွားအောင် ခွဲသွားနိုင်ရင်လည်း အကောင်းသား။ ဒါမှမဟုတ် ငါ့မှာ ကွဲတတ်တဲ့အသည်းရှိခဲ့ရင်လည်း ကောင်းမှာပဲ။ အခုတော့ ငါ့မှာ ဘယ်လိုခွဲခွဲ မကွဲနိုင်တဲ့အသည်းရှိနေတဲ့အတွက်ပဲ အသည်းကွဲနေရတယ်'

ကျော်စွာ့အသံမှာ တုန်ယင်ခြောက်ကပ်နေသည်။

ထို့နောက်မှာတော့ မမျှော်လင့်ဘဲ ကျော်စွာက စကားများစွာပြောပါသည်။ သူ လူပျိုမဖြစ်မီကတည်းက သူ့အပါးမှာ မိန်းကလေးများ ဝိုင်းဝိုင်းလည်ခဲ့သည့်အကြောင်း၊ အရွယ်ရောက်တော့လည်း 'မင်းသည်ည ဘယ်သူ့အသည်းခွဲဦးမလဲ' ဆိုသည့် အင်္ဂလိပ်သီချင်းလေးလိုပဲ မိန်းကလေးများရဲ့အသည်းကို ထည်လဲလှည့်လည်ခွဲခဲ့သည့်အကြောင်း၊ အစပထမှာတော့ အလွန်ပျော်ရွှင်မိခဲ့သည့်အကြောင်း။ ကြာတော့ငြီးငွေ့စိတ်ပျက်လာသည့်အကြောင်း၊ ကိုယ့်ကိုယ်ကိုယ်လည်း 'လူ့ပေါက်ပန်း' လို့ ထင်လာမိသည့်အကြောင်း၊ ဘဝကိုလည်း အဓိပ္ပာယ်မဲ့သလို ခံစားဝမ်းနည်းနေမိသည့်အကြောင်းများကို တတွတ်တွတ်နှင့် ရေပက်မဝင်အောင်ပြောသည်။

ကျော်စွာ သည်လောက်စကားများများပြောသည်ကို မိုး တစ်ခါမှ မကြားဖူးခဲ့။ သြော် ကျော်စွာ့မှာလည်း ရင်နှင့်မဆံ့အောင် ပြောစရာများရှိနေပုံရသည်။ မိုးက ကျော်စွာပြောသမျှကို တစ်ခွန်းမကျန် စိတ်ရှည်စွာနားထောင်ပေးသည်။ သူ့ငယ်သူငယ်ချင်းသည် သူနှင့် ယခုလောက်

ဘယ်တုန်းကမှ နီးနီးစပ်စပ်မရှိခဲ့ဟု ခံစားရသည်။

ကရားရေလွှတ်သလို စကားစဉ်ဆက် မပြတ် ပြောနေရာမှ ရုတ်ခြည်း ကျော်စွာ စကားပြတ်သွားသည်။ အတော်ကြာအောင် ကျော်စွာ့ထံက ဘာ စကားမှ ထွက်ပေါ်မလာသောအခါ မိုးသည် ကျော်စွာ့ကို လှည့်ကြည့်လိုက် သည်။

ထိုအခါ ကျော်စွာက မိုးကို တရှိုက်မက်မက်စိုက်ကြည့်နေသည်ကို တွေ့ရသည်။ ကျော်စွာ့မျက်နှာသည် အလွန်အမင်း လေးနက်တည်ကြည် နေသည်။ နူးညံ့သိမ်မွေ့နေသည်။ အေးမြချိုသာနေသည်။ လျှို့ဝှက်နက်နဲနေ သည်။ ပြီးတော့...လှဲ့ရွှန်းတောက်ပနေသည်။

မိုးသည် ကျော်စွာနှင့် မျက်လုံးဆုံမိုက်မှာ ထူးထူးခြားခြား ရင်တွေ ခုန်လာသဖြင့် မျက်လွှာချလိုက်သည်။

ကျော်စွာလည်း ကတုန်ကယင်ဖြစ်လာသည်။ သူ့မျက်လုံးထဲမှာ ဘယ်တုန်းကမှ အချိုးမကျ၊ မလှပခဲ့သော ညိုတိုတို ပိန်တိန်တိန် ကောင်မလေး သည် သည်ကနေ့မှာတော့ အလှကြီးလှလို့နေပါသည်။

ကျော်စွာသည် မိုးလက်နှစ်ဖက်ကို ရုတ်တရက်ဆွဲယူကာ သူ့ရင်မှာ ကပ်လိုက်သည်။ ထို့နောက် တုန်ယင်လှိုက်လှဲသော အသံဖြင့် လေးလေးနက်နက် ပြောလိုက်သည်။

"ဒီနှစ် ကျောင်းပြီးရင် တို့နှစ်ယောက် လက်ထပ်ကြမယ် မိုး"

မိုး၏ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ ကြားလိုက်ရသည့် စကားကို မယုံနိုင်။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် ကျော်စွာ့ကို အံ့သြတကြီးငေးကြည့်နေသည်။

အချိန်ကြာလာတော့ ကျော်စွာပင် အနေခက်လာသည်။ မိုးမျက်နှာ ပေါ်မှာ အံ့သြခြင်းမှအပ ဘာခံစားချက်မှမမြင်မတွေ့ရ။ သူ ချစ်ရေးဆိုတိုင်း မြင်တွေ့ရလေ့ရှိသည့် ကြည်နူးပီတိဖြစ်သည့် အရိပ်လက္ခဏာမျိုးကို မိုးမျက်နှာ ပေါ်မှာ မမြင်ရ။ ကျော်စွာ၏ "အငိုမာန" များ လွန့်လူးရှင်သန်လာ၏။ တကယ် တော့ သူချစ်ခွင့်ပန်လိုက်လျှင် မပျော်ရွှင်သည့်မိန်းကလေးမရှိ။ ဝမ်းမသာ သည့်မိန်းကလေးမရှိ။ မကျေနပ်သည့်မိန်းကလေးမရှိ။ သူ့ကို လက်မခံနိုင် သည့် မိန်းကလေးများပင်လျှင် သူ့ချစ်စကားကို နှစ်လိုခုံမင်တတ်သည်။ မိုးလို

စာတော်သည်မှအပ ရုပ်ရည်မလှပသည့် မိန်းကလေးတစ်ယောက် သူ့ကို မတုန်မလှုပ်ဖြစ်နေတာ တွေ့သောအခါ ကျော်စွာ နေမထိထိုင်မသာဖြစ်လာသည်။ သူ့ပင်ကိုသဘာဝအတိုင်း စကားကို ခပ်သွက်သွက် ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

'ဘာဖြစ်လို့လဲ မိုးရယ်။ နင် ငါ့ကို မယုံလို့လား။ တကယ်တော့ ငါလေ နင့်ကို…'

'တော်စမ်းကျော်စွာ။ နင်အသည်းခွဲဖို့မိန်းမ ဒီလောက်တောင် ရှားနေပြီလား'

မိုးက သူ့လက်နှစ်ဖက်ကို ကျော်စွာ့လက်အတွင်းမှ ဆောင့်ရုန်းကာ ဒေါသဖြင့်မေးလိုက်သည်။ မိုးမျက်လုံးများကို ကြည့်လိုက်တော့လည်း မာနမီးလျှံတရဲရဲ…။

ဘာမှားသွားသလဲ…ဟု ကျော်စွာ အပြေးအလွှားစဉ်းစားသည်။ သူ့အမြင်မှာတော့ ဘာတစ်ခုမှ အမှားအယွင်းမရှိ။ ရင်တွင်းက စကားကို ရိုးစင်းစွာ ဖွင့်ဟခြင်းသာ…။

'ဘဝမှာ ငါလက်ထပ်ချင်တဲ့ တစ်ယောက်တည်းသော မိန်းကလေးဟာ နင်ပဲ မိုး'

ကျော်စွာ့စကားအဆုံးမှာ မိုးငြိမ်ကျသွားသည်။ နောက်မှ မပွင့်တပွင့်မေးသည်။

'ဘာဖြစ်လို့လဲ'

မိုးက ကျော်စွာ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ မျက်လုံးမှသည် ရင်တွင်းဆီသို့…။

သည်အချိန်သည် အရေးကြီးဆုံးအချိန်ဖြစ်ပြီး နည်းနည်းလေးမှ အမှားအယွင်း အတိမ်းအစောင်းခံ၍မဖြစ်ကြောင်း အတွေ့အကြုံများသည့် ကျော်စွာက ကောင်းကောင်းသိသည်။ ထို့ကြောင့် အလွန်သတိထားပြီး ပြောလိုက်သည်။

'ချစ်လို့'

အခုတော့ မိုးမျက်နှာပေါ်မှ ဟန်ဆောင်မျက်နှာဖုံးတို့ ကွာကျသွားပြီ။ ကျော်စွာ အလွန်မြင်ချင်ခဲ့သည့် ကြည်နူးပီတိပန်းများ မိုးမျက်နှာထက်မှာ

လန်းပွင့်လာသည်။ သို့သော် တစ်ခဏလေးသာ...။

မိုးက မျက်လွှာချလိုက်သည်။ တစ်ဆက်တည်း လေးပင်သော သက်ပြင်းကိုလည်းချသည်။ ပြီးတော့ တောင်နိုးဝေဝေ မြူခြေဆိုင်းဆိုင်းနှင့် ဝေသီမှိုင်းပြာနေသော မှိုင်းလုံးတောင်ကြီးကို ငေးကြည့်ရင်း ကြေကွဲစွာ စကားဆိုရာသည်။

'အင်္ဂလိမာလကတော့ လက်ညှိုးတစ်ထောင်ပြည့်အောင် ဖြတ်မယ် လို့ သတ်မှတ်ထားတဲ့နေ့မှာ တွေ့တဲ့အမေရင်းကိုတောင် အလွတ်မပေးခဲ့ဘူး ...တဲ့။ ကျော်စွာရယ်...။ ဒီနေ့ဟာ နင် မိန်းကလေးတွေရဲ့အသည်း တစ်ထောင်ပြည့်အောင်ခွဲမယ်လို့ သတ်မှတ်ထားတဲ့ နေ့လားဟင်'

မိုးရဲ့ဆိုလိုရင်းကို သိလိုက်သည့်ကျော်စွာက ရင်နင့်သွားသည်။ ဘာ တစ်ခွန်းမှမပြောနိုင်ဘဲ မိုးကိုသာ စိတ်မကောင်းစွာ ငေးကြည့်နေသည်။

ထိုစဉ် မိုးထံမှ ကဗျာရွတ်သံ ထွက်ပေါ်လာသည်။

'အို နှင်းဆီ၊ မင်းဖျားနေပါကလား<br>
ညည်းညူညူနဲ့ မှန်တိုင်းထန်စဉ်<br>
ညအခါမှာ ပျံသန်းလာသူ<br>
မမြင်ရတဲ့ ပိုးကောင်ဟာ<br>
နီတျာတျာ ပျော်ရွှင်မှုနဲ့ပြီးတဲ့<br>
မင့်စက်ရာကို တွေ့သွားလေတော့<br>
သူ့ရဲ့ မည်းမှောင်လျှို့ဝှက်တဲ့ အချစ်က<br>
မင်းဘဝကို ဖျက်ဆီးခဲ့လေပေါ့'

ကဗျာအဆုံးမှာ မိုးအသံသည် တုန်ယင်အက်ကွဲလျက် ရှိုက်သံတစ်ချက် ထွက်လာသည်။ မျက်ရည်နှစ်စက်လည်း ပါးပြင်ဆီသို့ လိမ့်စီးလာသည်။ သို့သော် မိုးက ပြုံးလိုက်သည်။ အတောက်ပဆုံး အပြုံး...။ အလှဆုံးအပြုံး ...။ တစ်သက်မှာ တစ်ကြိမ်တစ်ခါသာဖြစ်တဲ့ အချစ်ရဲ့အပြုံး...။

ပြီးမှ လေသံသဲ့သဲ့ဖြင့် သနားစဖွယ် ပြောရာသည်။

'ငါ ဝီလျံဘလိတ်ကဗျာထဲကလို 'ဖျားတဲ့နှင်းဆီ' မဖြစ်ချင်ဘူး ကျော်စွာရယ်'

× × ×

မိုးရဲ့ဆန္ဒမှာ မပြည့်ဝပါ။

ကျော်စွာသည် မိုးကို ချစ်ခွင့်ပန်ပြီး နောက်နှစ်ရက်အကြာမှာပင် အခြားမိန်းကလေးတစ်ယောက်ကို ကောက်ကာငင်ကာ လက်ထပ်လိုက်ပါသည်။ 'အောင်ပန်း'ကဟု ဆိုကြသည်။ ကျော်စွာ နယ်စည်းမခြားဘဲ ပွေထားရှုပ်ထားသည့် မိန်းကလေးများစွာအနက်မှ တစ်ယောက်ဖြစ်ပါလိမ့်မည်။ လက်မထပ်ခင်တစ်နေ့က မိန်းကလေးတစ်ယောက်နှင့် လူအချို့တို့ ကျော်စွာနေထိုင်သည့် 'ကနောင်ဆောင်' သို့ ရောက်လာကာ အဆောင်မှူးအိမ်ထဲဝင်သွားသည်။ ထို့နောက် အဆောင်မှူးနှင့်အတူ ကျောင်းအုပ်ကြီးထံသွားကြသည်။ တစ်ခဏနေတော့ ကျောင်းအုပ်ကြီးက ကျော်စွာ့ကို ရုံးခန်းသို့လာရန် ဆင့်ခေါ်လိုက်သည်။

နောက်တစ်နေ့မှာ ကျောင်းအုပ်ကြီးနှင့် အဆောင်မှူးကို အကြီးအမှူးပြုကာ ကျော်စွာသည် ထိုမိန်းကလေးနှင့် တရားဝင်လက်ထပ်စာချုပ် ချုပ်ဆိုလိုက်ပါသည်။

ကျော်စွာ ရုတ်တရက် လက်ထပ်လိုက်ရသည့်သတင်းသည် စက်မှုသိပ္ပံမှသည် မြို့တွင်းဆီသို့ တောမီးပမာ ချက်ချင်းပျံ့နှံ့သွားပါသည်။ ကြားရသူအချို့က 'ကောင်းတယ်။ မြွေပွေးပိုးထိတာပေါ့' ဟု ဝမ်းသာအားရပြောသလို အချို့ကလည်း 'သနားပါတယ်။ ခမျာ ဆွမ်းခံရင်း ငှက်သင့်ရှာတယ်' ...လို့ ကရုဏာသက်ကြသည်။ ပထမအုပ်စုမှာ ယောက်ျားလေးက အများစုဖြစ်ပြီး ဒုတိယအုပ်စုမှာတော့ မိန်းကလေးက အများစုဖြစ်ပါသည်။

အတည်ပြုလို့မရသည့် အရပ်သတင်းအချို့ကမူ များစွာသော မိန်းကလေးတို့သည် ကျော်စွာ လက်ထပ်လိုက်သည်ဆို၍ ကြေကွဲဝမ်းနည်းစွာ ကျိတ်ငိုကြသည်...တဲ့။ အနည်းငယ်သော ယောက်ျားလေးများကမူ ဝမ်းသာပျော်ရွှင်စွာ အောင်ပွဲခံ သောက်စားပျော်ပါးကြသည်...တဲ့။

ကျော်စွာ့သတင်းကို စိတ်ဝင်တစားဖြင့် အုတ်အုတ်ကျက်ကျက်ထင်ရာမြင်ရာ မြိန်ရေရှက်ရေ ဝေဖန်ပြောဆိုနေစဉ်ခိုက်မှာ လူအများမေ့လျော့နေသူတစ်ယောက်ရှိပါသည်။ ထိုသူကတော့ မိုးဖြစ်ပါသည်။

မိုးကို လူအများ ပြန်လည်သတိရချိန်မှာတော့ မိုးသည် 'သဇင်ဆောင်' မှာလည်း မရှိတော့။ ကလောတစ်မြို့လုံးမှာလည်း ရှာမတွေ့တော့

. . .။

မည်သူမျှမသိအောင် တိတ်ဆိတ်လျှို့ဝှက်စွာ ပျောက်ကွယ်သွားပါသည်။

အင်းစိန်ကျောင်းသို့ ပြောင်းသွားသည်ဟု ဆိုသူကဆို၍ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ အပြီးထွက်သွားသည်ဟု ပြောသူကပြောသည်။ တစ်ဦးစနှစ်ဦးစကမူ မိုးသည် လောကကြီးကို နာကြည်းစိတ်ကုန်ကာ သာသနာ့ဘောင်သို့ ခိုဝင်သွားသည်တဲ့။ မိုးကို စစ်ကိုင်းချောင်မှာပဲ မြင်ခဲ့သလိုလို၊ ပုပ္ပားတောင်မှာပဲ တွေ့ခဲ့သလိုလို ထင်ရာမြင်ရာ ကပေါက်တိကပေါက်ချာ ပြောချင်ရာပြောနေကြသည်။

ထူးချွန်ထက်မြက်သည့် အင်ဂျင်နီယာအဖြစ်သို့ ရည်မှန်းချက်ကြီးကြီးထားကာ စာအလွန်ကြိုးစားခဲ့သော မိုးတစ်ယောက် ကျောင်းမြေမှ မမျှော်လင့်ဘဲ စုံးစုံးမြုပ် ကွယ်ပျောက်သွားရသည့် အရင်းခံအကြောင်းရင်းကို လူတိုင်းက သိချင်နေကြသည်။ သို့သော် ဘယ်သူမှမသိကြ။ ပြီးတော့ ယခုအချိန်ထိလည်း မိုးသတင်းကို ဘယ်သူမှ မကြားကြရ။

ကျော်စွာ့သတင်းကိုတော့ မကြာခဏ နားစွန်နားဖျား ကြားရလေ့ရှိပါသည်။

အလျှင်စလို စီစဉ်လိုက်ရသော ကျော်စွာ၏ အိမ်ထောင်ရေးမှာ အစမကောင်းသလို အနှောင်းလည်း မသေချာခဲ့ပါ။ သူတို့အိမ်ထောင်သည် 'စလယ်ဝင် ဖင်မမည်း' ခင်မှာပဲ စိတ်သဘောထားကွဲကာ ကွာရှင်းပြတ်စဲခဲ့ကြသည်ဟုဆိုသည်။

ကျော်စွာကိုတော့ ရံဖန်ရံခါ အရှေ့ဘိုကုန်းက ထင်းရှူးတောအတွင်းမှာ တစ်ယောက်တည်းလျှောက်သွားနေတာ မြင်သူက မြင်ကြသည်။ ထင်းရှူးတောအလယ်က အထီးတည်းဖြစ်နေသော ယူကလစ်ပင်ရင်းမှာ ကျော်စွာတစ်ယောက်တည်း ငူငူငေါင်ငေါင်ထိုင်နေတာလည်း တွေ့သူက တွေ့ကြသည်။ ထိုအချိန်မျိုးတွင် ကျော်စွာသည် အဝေးကိုငေးသည့်အခါငေး၍၊ ခေါင်းငိုက်စိုက်ကျသည့်အခါ ကျနေတတ်ပါသည်။ တစ်ခါတလေ၌မူ လက်ထဲက ရှမ်းဓားမြှောင်ဖြင့် ယူကလသစ်ပင်စည် ဖြူဖွေးဖွေးထက်မှာ တစ်စုံတစ်ခု ထွင်းခြစ်နေသည်။

လူရိပ်လူယောင်မြင်လျှင်တော့ ကျော်စွာသည် ယူကလစ်ပင်ရင်းမှ လှစ်ခနဲပျောက်ကွယ်သွားတတ်ပါသည်။

× × ×

ကျွန်တော် ကလောစက်မှုသိပ္ပံမှာ တာဝန်ထမ်းဆောင်စဉ်က သိကျွမ်းရင်းနှီးနေသော ရှေးမီနောက်မီပုဂ္ဂိုလ်များဆီမှ ကျောင်းနှင့် နှီးနွှယ်ပတ်သက်ခဲ့သည့် ဆွတ်ပျံ့လွမ်းမောဖွယ်ရာ အချစ်ဇာတ်လမ်းများစွာကို 'ပါးစပ်ရာဇဝင်' အဖြစ် ကြားခဲ့ရသည်။ ထိုဇာတ်လမ်းများသည် သူ့ခေတ်သူ့အခါကတော့ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့သော ဇာတ်လမ်းများ ဖြစ်ကောင်းဖြစ်ခဲ့ပါလိမ့်မည်။ ကာလရှည်ကြာလာသောအခါ ဇာတ်လမ်းများစွာသည် မထင်မရှား မှေးမှိန်မှုန်ဝါး ပျောက်ကွယ်သွားကြသည်။ အချိန်နှင့်အမျှ အသစ်အသစ်ထပ်မံတိုးပွားနေသော အချစ်ဇာတ်လမ်းသစ်များကို လူအများ ပိုမို စိတ်ဝင်စားတတ်သောကြောင့်ဖြစ်ပါသည်။ ဇာတ်လမ်းအချို့ကမူ ကာလရှည်ကြာလာသော်လည်း မေ့လျော့ပျောက်ပျက်မသွားဘဲ ယနေ့ထက်တိုင် လူအများက အမှတ်တရအဖြစ် တသသပြောကျန်ရစ်နေဆဲ…။ သို့ရာတွင် မူရင်းဇာတ်သည် လက်ဆင့်ကမ်းသူတို့၏ ဖန်တီးဖြည့်စွက်ချက်များကြောင့် 'အရိုးပေါ် အရွက်ဖုံး' ကာ တကယ့်အဖြစ်မှန်နှင့် ကွဲပြားခြားနားသွားသည်။ ဒဏ္ဍာရီဆန်ဆန် မယုံချင်စရာ အချစ်ပုံပြင်များ ဖြစ်သွားတတ်ပါသည်။

ထိုအထဲမှာ ကျော်စွာနှင့် မိုးတို့၏ ဇာတ်လမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

ကျွန်တော်သည် ကျော်စွာနှင့်မိုးတို့၏ ဇာတ်လမ်းကို ကြားစကသိပ်ပြီး စိတ်ဝင်တစားမရှိလှ။ မျက်ရည်တောက်တောက်ကျလောက်အောင် နင့်နင့်နဲနဲ ခံစားရလောက်သည့် (ဖန်တီးဖြည့်စွက်ထားခြင်းလည်း ဖြစ်နိုင်သည်) ဂန္ထဝင်အချစ်ဇာတ်လမ်းများနှင့် နှိုင်းယှဉ်လျှင် မိုးတို့ဇာတ်လမ်းမှာ 'တစ်ခြမ်းပဲ့' ဖြစ်နေပါသည်။ ဇာတ်ကြောင်း တစ်ခြမ်းပဲ့…။ ခံစားချက်တစ်ခြမ်းပဲ့…။ ဆက်စပ်တွေးတောစရာများစွာနှင့် ပဟေဠိတစ်ပုဒ်ထက်ဘာမှမပိုခဲ့…။

တစ်နေ့မှာတော့ ပင်မကုန်းမှာနေထိုင်သော အစ်မကြီးတစ်ယောက်ထံမှ 'တစ်ခါက ရွှေမင်းသားလေး' အကြောင်းကို တစ်စွန်းတစ်စ ကြားခဲ့

ရသည်။ ကျောင်းရောက်တော့လည်း ထူးချွန်ကျောင်းသူ၊ ကျောင်းသားများကို မှတ်တမ်းတင်ထားသည့် ကမ္ပည်းမော်ကွန်းကိုကြည့်မိသည်။ အများအားဖြင့် ကျောင်းမှာ ကမ္ပည်းထိုး၍ မော်ကွန်းတင်လောက်အောင် ထက်မြက်ထူးချွန်ခဲ့သူများသည် တန်းစဉ်တစ်လျှောက် ထွန်းတောက်ခဲ့သူများ ဖြစ်ကြ၏။ ခြွင်းချက်တော့ရှိပါသည်။ အချို့က ထူးချွန်ထက်မြက်သူအဖြစ် နှစ်စဉ် ကမ္ပည်းမတင်နိုင်ကြ…။

ထိုအထဲမှာ မိုးလည်းပါသည်။ သုံးနှစ်တက်ရသော သင်တန်းမှာ မိုးသည် နှစ်နှစ်သာ ထူးချွန်ထက်မြက်သူအဖြစ် မော်ကွန်းတင်နိုင်ခဲ့သည်။ နောက်ဆုံးနှစ်မှာတော့ မိုးနေရာမှာ တခြားသူတစ်ယောက်ဖြစ်နေတာ တွေ့ရပါသည်။

ထိုနေ့မှာပဲ ကျွန်တော်သည် အရှေ့ဘိုကုန်းသွားရန် အကြောင်းကိစ္စတစ်ခု တိုက်တိုက်ဆိုင်ဆိုင်ပေါ်လာသည်။ ဟိုတယ်လမ်းဆုံသို့ရောက်သောအခါ ကျွန်တော်သည် အရှေ့တက္ကသိုလ်လမ်းမှ ခွဲထွက်ကာ ကလောချောင်းဆီသို့လျှောက်ခဲ့သည်။

ကလောချောင်းပေါ် ဖြတ်ဆောက်ထားသော သစ်သားတံတားမှဆင်းပြီး ရထားလမ်းကို ကျော်လိုက်လျှင် အရှေ့ဘိုကုန်းသို့သွားသော မြေနီလမ်းလေးရှိသည်။ ထိုလမ်းကလေးသည် နှစ်ချို့ထင်းရှူးပင်ကြီးများဖြင့် မှိုင်းညို့အုံ့ဆိုင်းနေသည့် တောင်စောင်းလေးပေါ်သို့ ကွေ့ကွေ့ကောက်ကောက်တက်သွားသည်။

ထင်းရှူးတောအတွင်းသို့ ရောက်သည့်အခါ ကျွန်တော်သည် ညက ပြန်လည်ဖတ်ခဲ့သည့် "ဆရာမောင်သာနိုး" ၏ "ထင်းရှူးပင်ရိပ်" နိုင်ငံတကာကဗျာများကို သတိရကာ မြေနီလမ်းမှ ဖယ်ခွာပြီး ထင်းရှူးတောအတွင်းမှာ လျှောက်သွားမိပါသည်။ ထင်းရှူးရွက်ချောင်းများကြား ဖြတ်သန်းတိုက်ခတ်နေသောလေသည် တဝီးဝီး၊ တရှီးရှီး အော်မြည်နေသည်။ မြေပြင်ပေါ် ကြွေကျနေသည့် ထင်ရှူးရွက်ခြောက်များသည် သဘာဝသင်ဖျူးတစ်ချပ်သဖွယ် ထိုင်ချင်စရာ၊ လှဲချင်စရာ ရှင်းသန့်မွေးပျံ့နေသည်။

ထင်းရှူးပင်တို့အလယ်မှာ လူနှစ်ဖက်စာလောက် လုံးပတ်ရှိသည့် အလွန်ကြီးမားဖြောင့်စင်းသော ယူကလစ်ပင်ကြီးတစ်ပင် အထီးတည်းရှိသည်။

ထိုယူကလစ်ပင်ကို တွေ့သောအခါ ကျွန်တော်သည် ကြားခဲ့ဖူးသည့် 'ကျော်စွာနှင့် မိုး' တို့၏ ဇာတ်လမ်းလေးကို ပြန်သတိရသည်။

'ဖျားတဲ့နှင်းဆီ' ကဗျာကို ကျော်စွာ့အား မိုးရွတ်ပြခဲ့ရာ ယူကလစ်ပင်မှာ ယခု ကျွန်တော်မြင်နေရသည့် ယူကလစ်ပင်များ ဖြစ်နေမလား…။ 'ကဗျာပင်' ဟု ကျော်စွာ ကင်ပွန်းတပ်ခဲ့သည့်အပင်မှာ ဤအပင်ပဲလား…။ မိုးပျောက်ကွယ်သွားပြီးနောက် ကျော်စွာတစ်ယောက်တည်း ကြေကွဲစွာလာထိုင်နေတတ်သည်ဆိုသော ဂန္ဓဝင်အချစ်သစ်ပင်လား…စသည့် အတွေးများစွာဖြင့်ကျွန်တော်သည် ယူကလစ်ပင်ကြီးဆီလျှောက်သွားမိသည်။

အလွန်ကြီးမားသော အဖြူရောင် ယူကလစ်ပင်စည်မှ ပါးလွှာသောအခေါက်အချို့ အက်ကွဲကွာကျနေသည်။ ထိုအက်ကွဲကွာကျနေသော အခေါက်ကြားမှာ ဓားဖြင့်ထွင်းခြစ်ထားသော စာများ၊ ပုံများနှင့် အခြားသင်္ကေတများစွာကို တွေ့ရပါသည်။ ဤသစ်ပင်အောက်သို့ ဝင်ရောက်ခိုနားခဲ့သူများ၏ ခေတ်အဆက်ဆက်က အမှတ်တရလက်ရာများ…။

ကျွန်တော်သည် ဘာရယ်မဟုတ်ဘဲ စာများ၊ ပုံများ၊ သင်္ကေတများကို လိုက်ကြည့်နေမိသည်။ တစ်နေရာသို့ မျက်လုံးအရောက်မှာ ကျွန်တော့်ရင်သည် ဒိတ်ခနဲခုန်သွားပါသည်။

ကာလများစွာကြာခဲ့ပြီဖြစ်သောကြောင့် အပွေးတက်ကာ မှုန်မှုန်ရီရီဖြစ်နေသော်လည်း ဂရုစိုက်လျှင် ကောင်းစွာဖတ်၍ရနေသေးသည့် အမည်မသိသူတစ်ယောက် ရေထွင်းထားရစ်ခဲ့သည့် ကဗျာတစ်ပိုင်းတစ်စကို မြင်လိုက်မိ၍ဖြစ်သည်။

'ဝသန် မိုးနှောင်း
ဟေမန် ပြောင်းရစ်
မိန် နွေသစ်လည်း…
နှောင်တ မိုးတိမ်…
နှလုံးအိမ် ထက်
နေနိုင်ရက်စွာ…' တဲ့။

တိုတောင်းထိမိသည့် ကဗျာအပိုင်းအစလေးက ကျွန်တော့်ရင်ကို နာကျင်ထိရှစေသည်။ ကဗျာကို နောက်တစ်ကြိမ် ထပ်မံဖတ်ရှုခံစားမိသည်။

နောင်တမိုးတိမ်၊ နှလုံးအိမ်ထက်၊ နေနိုင်ရက်စွာ…တဲ့။ ဪ…‘နေနိုင်ရက်စွာ’…တဲ့။

ကဗျာရှင်သည် ဘာကြောင့်များ သည်လောက်ကြီးမားတဲ့ ‘နောင်တသောက’ ဖြစ်ခဲ့ရပါသလဲ…။ မည်းမှောင်လျှို့ဝှက်တဲ့ အချစ်ကြောင့် နီတျာတျာပျော်ရွှင်မှုတွေ ပျောက်ဆုံးရှာတဲ့ ‘ဖျားတဲ့နှင်းဆီ’ ကြောင့်လား…။

အတွေးပေါင်းများစွာဖြင့် ယူကလစ်ပင်ကြီးအောက်မှာ ကျွန်တော်လည်း ထိုင်ခဲ့မိပါသည်။ ။

‘မဟေသီ’ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၅၇၊ စက်တင်ဘာလ၊ ၂၀၁၄ ခုနှစ်။

မရေရာ . . . မသေချာ . . .

နေသာရုံနဲ့ ယွင်းပျက်ကြွေ

ကြော် . . .

ရေခဲကိုဆစ်ထုတဲ့ ပန်းပုလေးတွေ

# ရေခဲကိုဆစ်ထုတဲ့ပန်းပုလေးတွေ

ဝတ္ထုတိုများ

## ခွန်း

(စက်မှုတက္ကသိုလ်)






designed by pyae pyae tun